
# ရဲမာန်စေအောင်

## မြကျောက်ရှင်နှင့်လျှပ်စီးသက်တန့်သိုင်း



စာမူ ခွင့်ပြုချက်အမှတ် ၂၉၀/၉၀ (၆)
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၂၇၅/၉၀ (၆)

ထုတ်ဝေခြင်း

ပထမအကြိမ်

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ

အုပ်ရေ

၅၀၀

တန်ဖိုး

သုံးဆယ့်လေးကျပ်တိတိ

# ရဲမာန်အောင်

## မြကျောက်ရှင်နှင့်လျှပ်စီးသက်တန့်သိုင်း

(ဇာတ်သိမ်းပိုင်း)

ဖြန့်ချိရေး

နွေမိုးဆောင်း
စာပေ
အမှတ် ၇၂၊ ၆ လမ်း ရန်ကုန်မြို့
စာတိုက်သေတ္တာအမှတ် ၁၁၈၃
ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

မိမိငှါးရမ်းသွားသော စာအုပ်
ဆုတ်ရှိ-ပေါက်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ် တန်ဖိုး နှင့် ကတ္တငှါးခ ရက်
အတွက်ပါ ပေးလျော်ရမည်။

လွင် စာ ပေ
အမှတ် ၁၅/၁၃၇၊ ဗိုလ်ချုပ်လမ်း
ဆောင် ၃ မြို့

( ၁၄ )

ရောက်လာသူများကား ရှင်ပျက်တစ္ဆေဆိုးဖော်ပေတည်း။

"ဘယ်သူများလဲမှတ်တယ်၊ လက်စသတ်တော့ မင်းကိုးကွ၊ မင်းက တော်တော်အသက်ပြင်းတဲ့ ကောင်ပါလားဟေ့"

စဉ့်အိုးတစ်လုံးနှင့်တူသော လှ ရှည် ဘယ်သန်ကျန်းယက ပြောလိုက်သည်။ လှ ရှည်ဒက်ချက်ဖြင့် အဆိပ်တက်ပြီး မသေသောအဖြစ်ကို အံ့ဩနေပုံရသည်။

ရသေ့ မင်ယီနှင့် ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မားတို့ ကမူ ဝေသူချိန်၏ဘေးမှ ခမောက်ဝိုင်းနှင့်လူငယ်ကို အကဲခတ် ကြည့်ရှုနေကြသည်။

ဝေသူချိန်က သူ့ဘေးမှလူငယ်ကို တိုးတိုးပြောဆိုလိုက်သည်။

"ခင်ဗျား ဒီကနေထွက်သွားရင်ကောင်းမယ်၊ ဒီလူတွေက ကျွန်တော်နဲ့ ရန်စရှိတယ်"

သို့သော် လူငယ်က မကြားယောင်ပြုနေသည်။

"ဟေ့....မင်းက ဘယ်သူလဲကွ"

ရသေ့မင်ယီက လူငယ်ကိုလှမ်းမေးလိုက်သည်။ လူငယ်က မထိတရိဖြင့်....

"ကျုပ်ဘယ်သူဖြစ်ဖြစ် ခင်ဗျားအလုပ်လား"

ပြောလိုက်ရာ ရသေ့မင်ယီက သူ့မျက်ခုံးနှစ်ဖက်ကိုမြှင့်လိုက်သည်။

"ဟေ့....ဒီကောင်လေးတွေဟာ တစ်ယောက်မှ ခြေခြင်းမရှိပါလားကွ၊ လူကြီးတွေကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ ဒီကောင်လေးတွေ နားလည်ပုံမရဘူးဟေ့"

"ခေတ်လူငယ်တွေ မိုက်ရိုင်းတာတော့ ပြောမနေစမ်းနဲ့ကွာ၊ ဘယ်လိုဆုံးမရင်ကောင်းမလဲဆိုတာပဲ စဉ်းစားစမ်းပါ"

ရသေ့မင်ယီ၏စကားကို ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မားက ထောက်ပေးလိုက်သည်။

"ဒူးထောက်ပြီး ခြေသလုံးဖက် တောင်းပန်ခိုင်းပေါ့ကွာ"

လှရှည်ဘယ်သန်ကျုန်းယုက ထပ်၍ပင့်လိုက်သည်။

"အုံ့သြစရာပဲ"

လွှင် ၈၇ ၆၀



ခမောက်ဝိုင်းနှင့်လူငယ်က ခပ်ကြွားကြွားသံဖြင့်ပြောလိုက်သည်။ ထို့နောက် သူကဆက်၍....

"ခင်ဗျားတို့က အရှက်မရှိတဲ့လူကြီးတွေပဲ၊ ကိုယ့်ဘာသာရန်ရှာ၊ ကိုယ့်ဘာသာ ကောက်ချက်ဆွဲတယ်၊ ခင်ဗျားတို့အကျင့်စရိုက်က ခင်ဗျားတို့ပုံနဲ့ အလွန်လိုက်ဖက်တဲ့ သဘောမျိုးပဲ"

ပြောသည်။ လူငယ်သည် ဤ ရှပ်ပျက်တစ္ဆေသုံးကောင်အကြောင်း မကြားဖူး မသိဖူး၍လားမသိ၊ ကြောက်စရာကောင်းလှသော ဤလူသုံးယောက်ကို သူပြောဆိုနေပုံမှာ ဘာကိုမှ ဂရုမစိုက်သည့်အလားပင်ဖြစ်သည်။ သူ့စကားကြောင့် ရှင်ပျက်တစ္ဆေသုံးကောင်မှာ သူတို့အချင်းချင်း ပြန်ကြည့်ရင်း....

"တို့က ဘာဖြစ်နေလို့လဲ"

"ဒါတော့ ကိုယ့်ပုံကိုယ်ပြန်ကြည့်ပြီး စဉ်းစားပေါ့"

လူငယ်က အလေးဂရုမပြုဘဲပြောနေရာ ဝေသူချိန်မှာ စိုးရိမ်စိတ်ဝင်လာသည်။ သူ့အနေဖြင့် ယခုအချိန်တွင် ဤလူကြီးများကိုမကြောက်ချေ။ သို့သော် အကယ်၍ မလွဲမရှောင်သာ တိုက်ခိုက်ရမည်ဆိုလျှင် သူ့အတွက် မစိုးရိမ်သော်လည်း လူငယ်အတွက်ပူပန်မိသည်။ ထို့ကြောင့်....

"ဒါတွေထားလိုက်ပါတော့ဗျာ၊ ဒီမှာဗျ၊ ကိစ္စက ခင်ဗျားတို့နဲ့ ကျွန်တော်နဲ့ဖြစ်ခဲ့ကြတဲ့ကိစ္စပါ၊ အဲဒီလို ဖြစ်ရတာကလည်း သေချာပြန်စဉ်းစားရင် ခင်ဗျားတို့က ရန်စခဲ့ကြတဲ့ကိစ္စ ဒါကိုလဲ မေ့ကျန်ပ်လို့ ခင်ဗျားတို့က ရှင်းချင်သေးတယ်ဆိုရင်လည်း ကျွန်တော်နဲ့ပဲဆိုင်ပါတယ်၊ သူနဲ့မဆိုင်ပါဘူး"

ဝင်ပြောလိုက်သည်။

"မင်းတို့နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်ဆိုရင်လဲ ငါတို့က သောက်ဂရုမစိုက်ဘူးဟေ့"

လုံ့ရှည်ဘယ်သန်ကျန်းယုက ရန်လိုသောစကားကို ဆိုလိုက်သည်။

"ကျုပ်တို့ကရော ဂရုစိုက်မယ်ထင်လို့လား"

လူငယ်ကလည်း ဆတ်ဆတ်ထိမခံ။ ဝေသူချိန်က....

"ညီလေး....အစ်ကိုတောင်းပန်ပါတယ်၊ ဒီကိစ္စက အစ်ကိုနဲ့ပဲ ဆိုင်ပါတယ်၊ ညီလေးဘေးကိုထွက်နေပါ"

ပျာပျာသလဲ ပြောလိုက်ရာ....

"မဟုတ်တာဗျာ"

လူငယ်က စကားဆက်၍....

"လောကကြီးမှာ အသက်ကြီးတယ်ဆိုပြီး မိုက်ရိုင်းဗိုလ်ကျတာလောက် မုန်းစရာကောင်းတာမရှိဘူးဗျ၊ ကျုပ်တာ ဒါမျိုးသည်းမခံနိုင်ဘူး"

ဆက်၍ လူငယ်က တင်းတင်းမာမာပြောသည်။

"သောက်ကျိုးနည်း၊ ကြေးစန္ဒီနတ်ကြီးကယ်ပါဗျာ...."

လုံ့ရှည်ဘယ်သန်ကျန်းယုက သူ့နဖူးလက်ဝါးနှင့်ရိုက်ပြီးမှ သူ့လူများဘက်သို့ လှည့်၍....

"လက်စသတ်တော့ တို့က တကယ့်ရဲရဲတောက်အာဇာနည်ကြီးနဲ့ လာတွေ့နေတာကိုးကွ"

လှမ်းပြောလိုက်ရာ ရသေ့မင်ယီက နှုတ်ခမ်းကို မဲ့လိုက်ပြီး....

"အံ့ဩစရာယ်သူတွေဆိုတာ မသိလို့ဖြစ်ပါလိမ့်မယ်ကွာ"



ဖျောင်းဖျသော လေသံမျိုးနှင့် တမင် ပြောလိုက်သည်။ ထို့နောက်....

"ဟေ့....တို့ဘယ်သူလဲဆိုတာ မင်းသိရဲ့လား"

"သိသားပဲ"

လူငယ်က ခပ်အေးအေး စကားစလိုက်ပြီး....

"ခင်ဗျားတို့က နည်းနည်းမှ အသုံးမကျတဲ့ လူဆိုးတွေပေါ့"

ဟု ဆက်၍ပြောလိုက်သည်။

"တိတ်စမ်း"

"ဒုန်း...."

လုံ့ရှည်ဘယ်သန် ကျန်းယုက မာန်မဲလိုက်ရင်း သူ့လုံ့ရှည်အရိုးဖြင့် မြေကြီးကို ဆောင့်လိုက်သည်။ သူ့လုံ့ရှည်အရိုးမှာ ဆယ်နှစ်သားကလေး တစ်ယောက်၏ လက်မောင်းခန့် တုတ်သော ကြိမ်နက်ဖြစ်သည်။ ခါးလုံ့တို့မတိုးနိုင်သော်လည်း သိပ်ပြီး မာကျောသည်ကား မဟုတ်ချေ။ သို့သော် ကျန်းယုက ထိုလုံ့ရိုးဖြင့် မြေကြီးကို ဆောင့်လိုက်သောအခါ သူ၏အတွင်းအားကြောင့် မာကျောသော လမ်းမြေအတွင်းသို့ တစ်ထွာကျော်မျှ နစ်ဝင်သွားသည်။ ကျန်းယုက သူ၏နက်ရှိုင်းကြီးမားသော အတွင်းအားကို တမင်ထုတ်ပြခြင်း ဖြစ်သော်လည်း လူငယ်က မသိကျိုးကျွန်ပြုမြဲ ပြုနေသည်။

"တို့က ရှင်ပျက်တစ္ဆေ သုံးဖော်ပဲ"

လုံ့ရှည်ဘယ်သန် ကျန်းယုက မျက်နှာကို မော့မော့ပြုရင်း ကျောက်မင်းမြတ်၏ ဂုဏ်ပုဒ်ကို ထုတ်ဖော် ပြောဆိုသကဲ့သို့

ခပ်တင်းတင်း ပြောလိုက်သည်။ ကျန်းယု၏စကားဆုံးသည်နှင့် လူငယ်က အနံ့ဆိုးတစ်ခုကို ရှူရှိုက်မိသည့်အလား နှာခေါင်းကို ရှုံ့လိုက်သည်။

"အင်း....နာမည်နဲ့လူတွေကတော့လိုက်ပါ့ဗျာ၊ တစ်ယောက်က ဒုက္ခိတ အရက်အိုး၊ တစ်ယောက်က ရှင်ပျက်၊ တစ်ယောက်ကျတော့လဲ လူစဉ်မမီတဲ့ လူ့စဉ့်အိုး၊ သူယုတ်အချင်းချင်း သတင်းလွှ့လွှ့ ပေါင်းဖက်တွေဆိုတာ ဒါမျိုးပဲထင်တယ်နော်"

လူငယ်၏ ခပ်အေးအေး အပြောမှာ ရှင်ပျက်တစ္ဆေ သုံးဖော်တို့အား အကြီးအကျယ် ဒေါပွ သွားစေသည်။ သုံးယောက်စလုံး ရှူးရှူးရှားရှား ဖြစ်လာသည်။ လူပုစိတ်တိုဖြစ်သော လုံရှည်ဘယ်သန်ကျန်းယုက ရှေ့သို့တက်လိုက်ပြီး....

"တို့က မလောက်လေး မလောက်စားလေးတွေ ဆိုပြီး မင်းတို့ကို ကြည့်နေတာ၊ ဒါကို မင်းတို့က စော်ကားရဲတယ်ပေါ့ ဟုတ်လား"

သူက လှံရှည်ဖြင့် တိုက်ခိုက်တော့မည် ပြုလိုက်ရာ ဝေသူချိန်က လူငယ်၏ရှေ့သို့ တက်လိုက်ပြီး....

"အဲဒီကိစ္စကို ကျုပ်နဲ့ရှင်းမယ်၊ ခင်ဗျားနဲ့ကျုပ်က အရင်ကြွေးဟောင်းလဲ ရှိသေးတယ်၊ အဲဒါကို အခုရှင်းလိုက်ကြမယ်"

ပြောလိုက်သည်။ လူငယ်က ရှေ့သို့တက်လာသည်။ သို့သော် သူ့ကို ဝေသူချိန်က လက်ဖြင့်တားလိုက်ပြီး....



"ကျွန်တော့်ကိစ္စကို ကျွန်တော် ရှင်းပါရစေ၊ ခင်ဗျား အသာကြည့်နေပါ"

ဟု ပြောလိုက်သည်။

လူငယ်မှာ သူ့အတွက် ဝေသူချိန် စိုးရိမ်နေမှန်း သိသဖြင့် အသာငြိမ်နေသည်။

"မင်းက ငါနဲ့တိုက်ဦးမယ် ဟုတ်လား"

လှံရှည်ဘယ်သန် ကျန်းယုက တကယ် တိုက်ခိုက်တော့မည့် အသွင် ဆောင်နေသော ဝေသူချိန်ကို အံ့ဩသွားပုံရ၏။

"ကျုပ် ကြောက်မယ်ထင်လို့ ခင်ဗျားတို့က ဝိုင်းပြောင်ခဲ့တာ မဟုတ်လား၊ ကျုပ် မကြောက်ဘူး၊ ဘယ်သောအခါကမှလဲ မကြောက်ခဲ့ဘူး၊ တိုက်မယ်ဆိုရင် တိုက်ကြရုံပဲ"

ဝေသူချိန်က သူ့သဘောထားကို ပြတ်သားစွာ ပြောပြလိုက်သည်။

"အင်း....မင်းက သေပန်းပွင့်တာကိုး"

လှံရှည်ဘယ်သန် ကျန်းယုက စိတ်မကောင်းသလို ပြောလိုက်ပြီး ထောင်ကိုင်ထားသော သူ၏ လှံရှည်ကို ပြင်လိုက်သည်။

"ရှပ်"

ဝေသူချိန်က သူ၏ဓားရှည်ကို ဆွဲထုတ်လိုက်ရာ အလင်းရောင်တန်းတစ်ခု ပြာသွားသလို ဖြစ်သွားပြီးမှ လက်ထဲတွင် ဓားရောက်သွားသည်။ ဝေသူချိန်၏ ဓားထုတ်ပုံမှာ ယခင်ကပင် အလွန်မြန်ဆန်ခဲ့ရာ ယခုအခါတွင်ကား တိတိကျကျ မမြင်ရလောက်အောင်ပင် တိုးတက်မြန်ဆန်လာသည်။

ကျန်းယုမှာ ပြိုင်ဘက်ကို အခွင့်အရေးပေး၍ တိုက်ခိုက်လေ့ရှိပုံမရချေ။ ဝေသူချိန်က ဓားကိုထုတ်၍ ကိုင်လိုက်သည်နှင့် သူ၏လှံရှည် တစ်ကမ်းအကွာမှနေ၍ စတင်တိုက်ခိုက်တော့သည်။

"ယား...."

ကျန်းယု၏ မာန်သွင်းအော်သံက တိတ်ဆိတ်သော ညဥ့်ယံတွင် ကျားဟိန်းသံအလား ဟိန်းထွက်လာသည်။ တစ်ဆက်တည်းပင် ကျန်းယု၏တိုက်ခိုက်မှုက ဆပ်လျက်ပါလာသည်။

သူ၏ လှံရှည်တိုက်ခိုက်မှုသည် ရန်သူအား သူ၏လှံရှည် တစ်ကမ်းအကွာတွင် ပုံသေထား၍ တိုက်ခိုက်ခြင်း ဖြစ်သဖြင့် သူ တစ်ယောက်တည်း တိုက်ခိုက်နေသည်နှင့် အလားသဏ္ဍာန်တူသည်။ သူ၏လှံချက်များသည် လေးသည်တော် ရှစ်ဦးခန့် ဝိုင်း၍ဝန်းပစ်ခတ်နေသည့် အလားပင်။ ဝေသူချိန်၏ ခန္ဓာကိုယ်ပေါ်ရှိ သေကွင်း သေကွက်များဆီသို့ တရစပ်တိုးဝင်သွားသည်။

ဝေသူချိန်ခန္ဓာကိုယ်က ယိမ်းနွဲ့လှုပ်ရှားသွားသည်။ ပဲ့ပြားပင်ဖြစ်လားပင် အလှည့်အပြောင်း အန္တွဲအစောင်း တို့ဖြင့် သွက်လက်စွာ လှုပ်ရှားနေသည်။ သူသည် ဓားဖြင့်အဟန့်အတားမပြုဘဲ ကျန်းယု၏ လှံချက်များကို လွတ်အောင်ရှောင်တိမ်းနေသည်။ သူ၏ရှောင်တိမ်းမှုများမှာ လွတ်သည်ဆိုသည့်မျှသာ ပွတ်ကာသီကာဖြစ်ရာ တချို့လှံချက်များမှာ ထိသွားသည့်အလားပင် ဖြစ်သည်။



သို့သော် တကယ်တွင်မူ ကျန်းယု၏လှံချက်များမှာ ကိုးရိုးကားရားနိုင်လှသော ဝက်ဝံရေအကျီကိုပင် ထိနိုင်မည် မဟုတ်ချေ။

ခမောက်ဝိုင်းနှင့်လူရွယ်သည် စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။ သူသည် ဝေသူချိန် တားဆီးသဖြင့် ကြည့်နေရသူ ဖြစ်သည်။ သူ့အနေဖြင့် ဝေသူချိန်၏သိုင်းပညာကို အထင်မသေးသော်လည်း အထင်ကြီးခြင်းလည်း မရှိခဲ့ချေ။ ယခုမူ တစ်မူထူးခြားသော ဝေသူချိန်၏ လှုပ်ရှားမှုကို စိတ်ဝင်စားနေသည်။

ရသေ့မင်ယီနှင့် အရက်အိုးယွန်မားတို့မှာမူ အံ့ဩနေသည်။ သူတို့အနေဖြင့် လွန်ခဲ့သောခုနစ်လခန့်က ဝေသူချိန်နှင့် ရင်ဆိုင်ဖူးခဲ့ကြရာ ထိုစဉ်က အခြေအနေအတိုင်းဆိုလျှင် ဝေသူချိန်ရှုံးလောက်ပြီဖြစ်သည်။ သို့သော် ယခုမူ ဝေသူချိန်သည် ကျန်းယု၏ သွက်လက်သောလှံချက်များကို အလွတ်ပင် တိမ်းရှောင်နေနိုင်စွမ်း ရှိနေသည်။

ခဏမျှသော အချိန်အတွင်းမှာပင် ကျန်းယုသည် သိုင်းကွက် (၁၀)ကွက်ခန့်မျှ တိုက်ခိုက်ပြီးစီးသွားသည်။ ဤသည်မှာ သူ့အတွက်အံ့ဩစရာဖြစ်သည်။ ဤ မလောက်လေးမလောက်စားလူငယ်မှာ သူ၏လှံချက်တစ်ချက်တည်းဖြင့် ဒဏ်ရာရရှိဖူးသူ မဟုတ်ပါလား။

ဝေသူချိန်ကမူ နဂါးမောက်တောင်ပေါ်တွင် သင်ကြားလာရသော သိုင်းပညာများကို လက်တွေ့တိုက်ပွဲတွင် အသုံးချနေခြင်း ဖြစ်သည်။ သူသည် ကျန်းယု၏ လှံချက်များအတွင်းသို့

ဝင်ရောက် တိုက်ခိုက်နိုင်စွမ်းရှိသော်လည်း တိုက်ခိုက်ခြင်း မပြု ချေ။

ထိုစဉ် ကျန်းယု၏လှံချက်များက လေသံတဝှစ်ဝှစ် ပေး လျက် ဝေသူချိန်၏ ဘေးနံနှစ်ဖက်မှညှပ်လျက် တိုးဝင်လာပြန် သည်။

ကျန်းယုက တိုက်ကွက်တစ်မျိုး ပြောင်းလိုက်ခြင်းဖြစ်သည်။

သူ၏လှံရှည်က ဘယ်ညာလျှင်မြန်စွာ ကူးပြောင်းနေရာ လူနှစ်ယောက် တစ်ပြိုင်နက် တိုက်ခိုက်နေသကဲ့သို့ ဖြစ်နေ သည်။ လှံချက်များ အလွန်လျှင်မြန်လှသည်ဖြစ်ရာ လှံချက် ကို ကွဲကွဲပြားပြားမမြင်ရဘဲ အနက်ရောင် အရိပ်သာလျှင် တရိပ်ရိပ် လှုပ်ရှားနေသည်။

ဝေသူချိန်မှာ ချက်ချင်းပင် အလျင်မပြတ် ကျဆင်းနေ သော ရေတံခွန်တစ်ခုအတွင်းသို့ ရောက်ရှိသွားသည့်အလား ကျန်းယု၏လှံချက်များအတွင်းသို့ ရောက်ရှိသွားသည်။

သို့သော် ကျန်းယု၏လှုပ်ရှားမှုမှာ ဝေသူချိန်၏လှုပ်ရှားမှု ထက် သာလွန်ခြင်းမရှိသဖြင့် ထိရောက်ခြင်းကား မရှိချေ။

"ဒီကောင် ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် တိုးတက် လာတာလဲ မသိဘူး"

ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မားက တီးတိုးပြော လိုက်ရာ....



"အင်း....ထူးခြားလာတာကတော့ အမှန်ပဲ"

ရသေ့မင်ယီကလည်း ပြောသည်။ သို့သော် သူတို့နှစ်ယောက် လုံးပင် ဝေသူချိန်၏သိုင်းကွက်များကို အမည်မတပ်နိုင်ဘဲ ဖြစ်နေသည်။

ထိုအခိုက်....

"ထောက်...."

"ထောက်...."

ဝေသူချိန်က ကျန်းယု၏ လှံချက်နှစ်ချက်ကို ဓားဖြင့် တားပယ်လိုက်ကာ အတွင်းသို့ နှစ်လှမ်းခန့် တိုးဝင်သွားသည်။ တစ်ဆက်တည်းမှာပင် သူက ဘုမိနက်သန် ဓားစက်ပျံ သိုင်း ကွက်ဖြင့် တိုက်ခိုက်လိုက်ရာ....

"ဟာ...."

ကြည့်နေသော ရသေ့မင်ယီနှင့် အရက်အိုးယွန်မားတို့၏ နှုတ်မှ အာမေဋိတ်သံများ ထွက်သွားသည်။

ကျန်းယုမှာမူ ဝေသူချိန်၏ ထူးခြားသော တိုက်ကွက် ကြောင့် ဖရိုဖရဲဖြစ်သွားပြီး ဘေးဘက်သို့ ရှတ်တရက် ခုန်ထွက် သွားရသည်။ သို့တိုင် သူ့ညာဘက် ခါးအောက်အင်္ကျီစမှာ ဓားချက်ဖြင့် ပွင့်ကျသွားခဲ့သေးသည်။

ကျန်းယု မျက်လုံးပြူးသွားသည်။

သို့သော် ခဏမှာပင် ရှက်စိတ်ဖြင့် သူ့မျက်နှာမှာ ရဲရဲနီ၍ လာလေသည်။ သူက အံကိုကြိတ်လိုက်ပြီး ဝေသူချိန်ကို စူးစူး

ရဲရဲ ကြည့်လိုက်ကာ လှံရှည်ကို အလယ်မှ ပြောင်းကိုင်လိုက်သည်။

ဝေသူချိန်က ဘာမှမပြောဘဲ ကျွန်းယုကို စိုက်ကြည့်နေသည်။

( ၁၈ )

ကျွန်းယုသည် သေသေကျေကျေ အစွမ်းကုန်တိုက်တော့မည် ဖြစ်သည်။

သူသည် အတွင်းအားကို အစွမ်းကုန်မြှင့်တင်လိုက်ပြီးလျှင် လှံရှည်ကို လက်နှစ်ဖက်ဖြင့် ကိုင်လိုက်သည်။ ထို့နောက် ခဏတွင် သူက ဘယ်ခြေကို တစ်လှမ်းတက်လိုက်၏။

သူ့လှုပ်ရှားမှုက ခပ်လေးလေး။ အတွင်းအား အပြည့်ရှိနေသောကြောင့် သူ့ကိုယ်ဟန်သည်ပင် ကျောက်သားကျောက်စိုင် အလား မာကျောသွားသည်ဟု ထင်ရသည်။ ဗုက္ကရှ ဝဖိုင့်သော ခန္ဓာကိုယ်ကြောင့် သူ့လှုပ်ရှားမှုမှာ ရန်တော်ဒသော သင်းခွေချပ် တစ်ကောင် လိမ့်လာပုံမျိုးနှင့်လည်း တူသည်။

"ရှပ်...."

ကျန်းယု၏လှံချက်က တုတ်ရှည်ဖြင့်ရိုက်သည့်ပမာ ဝေသူချိန်၏ ဒူးဆစ်နေရာသို့ ကျရောက်လာသည်။

ဝေသူချိန်၏ခန္ဓာကိုယ်က လေထဲသို့ ရှေ့ခနဲမြောက်သွားသည်။ တစ်ချိန်တည်းပင် သူက ကျန်းယု၏ မျက်နှာဆီသို့ ဓားနှစ်ချက် ထိုးမွှေလိုက်သည်။

ကျန်းယုက နောက်သို့မဆုတ်ဘဲ လှံရှည်ကို အလယ်မှကိုင်ကာ စကြာပမာလှည့်လိုက်သည်။

"ထောက်...."

"ထောက်...."

ဓားချက်နှင့်လှံချက်ထိမိသည်။ ဝေသူချိန်သည် ကျန်းယု၏ အတွင်းအားဖြင့် မည်သို့မျှ ထိခိုက်မှုရှိသွားပုံမရဘဲ မြေပေါ်သို့ ဖျတ်ခနဲပြန်ကျကာ မုဆိုးဒူးထောက်ထိုင်ပုံစံဖြင့် ကျန်းယု၏ ကိုယ်အောက်ပိုင်းသို့ ဓားချက်နှစ်ချက် ထပ်မံ ထိုးသွင်းလိုက်ပြန်သည်။

ကျန်းယု၏ ဝဖိုင့်သောခန္ဓာကိုယ်က ဂွမ်းစတစ်စအလား လေထဲသို့ မြောက်သွားပြန်ကာ အထက်စီးအနေအထားဖြင့် ဝေသူချိန်၏ထိပ်ဆီသို့ အားကုန်ရိုက်ချလိုက်သည်။

"အိုး...."

ကြည့်နေသော ခမောက်ဝိုင်းနှင့်လူငယ်၏ပါးစပ်မှ တိုးသဲ့သဲ့ အော်သံ ထွက်လာသည်။

ကျန်းယု၏ တိုက်ကွက်မှာ မထင်မှတ်နိုင်လောက်အောင် မြန်ဆန်ရာ အမှန်ပင် ထိတ်လန့်စရာကောင်းသည်။ သို့သော်



ဝေသူချိန်သည် မည်သို့မျှ စိုးရိမ်စရာမရှိသည့် အလားပင်။ ခန္ဓာကိုယ်ကို ဘယ်ညာခွဲလိုက်ကာ ပခုံးထောက်၍ ကျန်းယု အောက်သို့ လိမ့်ဝင်သွားသည်။

ဤသည်မှာ အလွန်ရဲတင်းသောဆုံးဖြတ်ချက်ဖြစ်၍ အလွန် ထိရောက်သော တုံ့ပြန်မှုလည်းဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် ဝေသူချိန်က ဤသို့ပြုလုပ်လိုက်သည်နှင့် လေထဲသို့ ခုန်တက်တိုက်ခိုက်လိုက်သော ကျန်းယုမှာ အကျပ်ရိုက်သွား တော့သည်။ သူ့မှာ အောက်ပိုင်းလုံခြုံမှုမရှိတော့ဘဲ မြေသို့ ပြန်အကျတွင် ဝေသူချိန်၏တိုက်ခိုက်မှုစက်ကွင်းသို့ မလွဲမသွေ ကျဆင်းတော့မည်ဖြစ်သည်။

လှံရှည်ဘယ်သန်ကျန်းယုသည် လေထဲမှာ နောက်ကျွမ်း ပစ်လိုက်သည်။ ထို့ပြင် သူသည် ဝေသူချိန်၏လိုက်လံတိုက်ခိုက်မှု မှ ကင်းဝေးစေရန် လေထဲမှာပင် လှံရှည်ကို တဝှီးဝှီးဝှေ့ယမ်း သွားသည်။

ထိုစဉ်....

"ဟော့....ယွန်မား၊ ဟိုကောင်က သူ့နောက်ကနေ စောင့် တိုက်မှာကွ သိလား"

ရသေ့မင်ယီက အရက်အိုးယွန်မားကို လှမ်းပြောလိုက် သည်။ အမှန်အားဖြင့် မင်ယီရည်ရွယ်ပြောဆိုသည်မှာ ကျန်းယု ကို ဖြစ်သည်။ ကျန်းယုသည် သူ့နောက်သို့ ဝေသူချိန်လိုက်လံ တိုက်ခိုက်မည်ကိုစိုးရိမ်ပြီး လေထဲတွင် ကျွမ်းပစ်သွားရင်း ကာကွယ်ထားသည်။ သူမြေပေါ်သို့ရောက်မည့် ဟိုဘက်တွင် ဝေသူချိန်ရောက်ရှိနေနိုင်သည်ကိုမူ မစဉ်းစားမိ။

အမှန်မူ ရသေ့မင်ယီပြောသည့်အတိုင်းပင် ဝေသူချိန်က စောင့်ကြို တိုက်ခိုက်မည်သာ ဖြစ်သည်။ ယခု ရသေ့မင်ယီ၏ စကားသံထွက်ပေါ်လာသောအခါ ဝေသူချိန်က ထိုအကြံကို လက်လျှော့လိုက်သည်။ ကျန်းယုကလည်း သူ့ကိုသတိပေးမှန်း နားလည်လိုက်သဖြင့် သူမြေပေါ်သို့ကျမည့် ပတ်ပတ်လည် နေရာကို မိုးသီးကြွေလုံ့ ရှည်များဖြင့် ကြိုတင်ရှင်းလင်းထား လိုက်သည်။

ခဏတွင် လုံ့ရှည်ဘယ်သန်ကျန်းယုသည် မြေပေါ်သို့ ပြန်လည်ကျရောက်လာသည်။

သူသည် ဝေသူချိန်ကိုလှမ်းကြည့်နေသည်။ သူ၏အကြည့် သည် ဒေါသဖြစ်မုန်းတီးခြင်းထက် အံ့ဩထိတ်လန့်မှုကို ပိုမို ဖော်ပြနေသည်။ သူနှင့်ဝေသူချိန်တို့၏ တိုက်ခိုက်မှုသည် တို့တောင်းသည်ဟု ဆိုနိုင်သည်။

သို့သော် ဤတိုတောင်းသောအချိန်အတွင်း သူသည် အစွမ်းကုန်တိုက်ခိုက်ခဲ့ပြီးဖြစ်သည်။ သူသည် ဤ တိုက်ခိုက်မှု ထက် ထူးကဲအောင် ပိုမိုမစွမ်းဆောင်နိုင်တော့ချေ။ ကောင်လေး သည် သူ၏ အစွမ်းကုန်တိုက်ခိုက်မှုကိုလည်းကောင်း၊ သူ၏ အပြင်းထန်ဆုံးသောအတွင်းအားကိုလည်းကောင်း မထိမခိုက်၊ မတုန်မလှုပ် ရင်ဆိုင်သွားနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် ကောင်လေးအား ရေရှည် အချိန်ဆွဲ၍ ထားနိုင်ဖန်မှာတစ်ပါး အနိုင်ရရှိရန် အလွန်ခက်ခဲ နေကြောင်း ကောင်းကောင်းသိလိုက်သည်။



လုံ့ရှည်ဘယ်သန်ကျန်းယုသည် မည်သို့ ဉာဏ်နီဉာဏ်နက် ထုတ်ရမည်ကို စဉ်းစားနေသည်။ သူ၏ပြူးကျယ်သော မျက်နက်အိမ်ရှိသည့် သေးငယ်သောမျက်လုံးများသည် ဂနာ မငြိမ်ဘဲ ဖြစ်နေသည်။

တကယ်တွင် ထိုသို့ ဉာဏ်နီဉာဏ်နက် ထုတ်နေသည်မှာ ကျန်းယုသာမဟုတ်၊ ရသေ့မင်ယီနှင့် အရက်အိုးယွန်မားတို့က လည်း ဉာဏ်နီဉာဏ်နက် ထုတ်နေသည်သာဖြစ်သည်။

သူတို့နှစ်ယောက်အနေဖြင့် ဘေးမှ ကြည့်နေကြခြင်းဖြစ်၍ အခြေအနေမှန်ကို ကာယကံရှင်ဖြစ်သူထက်ပင် ပိုသိနေသည်။ သူတို့လူကျန်းယု၏ အခြေအနေမှာ နိုင်စရာလမ်းမရှိတော့ဘဲ ရှုံးနိမ့်တော့မည်ဖြစ်ကြောင်း ကောင်းကောင်း သိနေကြ သည်။

ထို့ကြောင့် သူတို့လူ ကျန်းယု ထွက်ပေါက်ရစေရန် အကြံ ဉာဏ်ထုတ်နေကြသည်။

ရှင်ပျက်တစ္ဆေသုံးဖော်တွင် ရသေ့မင်ယီသည် အသက် အကြီးဆုံးဖြစ်၍ ရက်စက် ယုတ်မာမှုတွင်လည်း ကမ်း ကုန်သူ ဖြစ်သည်။ ထို့ပြင် သူ၏သံမှတ်ဆိတ်ဗရပွနှင့် ဦးခေါင်း ထဲတွင် ယုတ်မာသော အကြံအစည်များသည် ဘယ်သော အခါမှ ကုန်ခန်းခြင်း မရှိတော့မည့်အလား ဉာဏ်နီဉာဏ်နက် လည်း အလွန်များသူ ဖြစ်သည်။ ယခု လုံ့ရှည်ဘယ်သန်ကျန်းယု ဒုက္ခရောက်တော့မည်ကို သိသည်နှင့် သူသည် မှေးစင်းရီဝေ သော မျက်လုံးများဖြင့် ခမောက်ဝိုင်းနှင့်လူငယ်ကို စောင်းငဲ့ ကြည့်လိုက်သည်။

"ဟော့....ယွန်မား"

ရသေ့မင်ယီက မျက်မှောင်ကုတ်ကြီးနှင့် ဖြစ်နေသော အရက်အိုး ယွန်မားကို လှမ်းခေါ်လိုက်သည်။ ယွန်မားက ခပ်စောင်းစောင်း ပြန်ကြည့်လိုက်သည်။ ရသေ့မင်ယီက ဆက်၍ ပြောလိုက်ပြီး....

"တို့နှစ်ယောက် အေးက ရပ်ကြည့်နေရတာ ပျင်းစရာကောင်းလိုက်တာကွာ၊ ဟိုကောင်စုတ်ကလဲ တို့ကို စော်ကားမော်ကား ပြောထားတာပဲ မဟုတ်လားကွ၊ သူ့ကိုလဲ မဆုံးမဘဲ ဒီအတိုင်းလွှတ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ၊ တို့လဲအပျင်းပြေ၊ ကိစ္စလဲ တစ်ခါတည်းပြီးအောင် လုပ်လိုက်ရင် မကောင်းဘူးလားဟေ့"

ရသေ့မင်ယီ စကားအဆုံးတွင် ဘာကိုမှ စဉ်းစားမရဘဲ ဖြစ်နေသော အရက်အိုးယွန်မားမှာ မျက်လုံးမျှား တောက်ပြောင်လာကာ....

"အေး....ငါလဲ ရပ်ကြည့်နေရတာ ပျင်းလွန်းလို့ အိပ်ချင်နေတာ၊ မင်းပြောမှပဲ စိတ်ကူးရတော့တယ်၊ ကောင်းသားပဲကွ၊ ဟေ့ကောင်....မင်းကရော တို့နဲ့တိုက်ရဲမှာလား"

ခမောက်ဝိုင်းနှင့် လူငယ်ကို လှမ်းမေးလိုက်သည်။

ဝေသူချိန်မှာ ထိုစကားမျှားကြောင့် လှံရှည်ဘယ်သန် ကျန်းယုကို ဖိန့်ပ်တိုက်ခိုက်တော့မည် အပြုတွင် မတိုက်ခိုက်နိုင်တော့ဘဲ နားစွင့်ရင်း အရိပ်အခြည် စောင့်ကြည့်နေရသည်။ ကျန်းယုမှာမူ သူ့လူမျှားက သူ့အခက်အခဲမှ ထွက်ပေါက်ရစေရန် ကြံစည်လိုက်ပြီဖြစ်ကြောင်း ကောင်းကောင်း



ရိပ်မိလိုက်သဖြင့် အားတက်လာကာ လှံရှည်ကိုအသင့်ကိုင်ရင်း ဆက်ချောင်းနေသည်။

လူငယ်ကမူ မထီတရီ မတုန်မလှုပ်ပင်။

"ခင်ဗျားတို့နဲ့ အစကတည်းက တိုက်မယ်လို့ ပြောခဲ့တာပဲ၊ ခင်ဗျားတို့ကသာ မတိုက်ရဲလို့ စကားတွေ မျှားနေတာ မဟုတ်လား"

လူငယ်၏စကားကို ကြားရလျှင် ဝေသူချိန်မှာ ထိတ်လန့် တုန်လှုပ်သွားသည်။

"ဗျို့....ဒီကိစ္စက ကျုပ်နဲ့စတာဗျ၊ သူနဲ့ဘာမှမှ မဆိုင်ဘဲ၊ ကျုပ်နဲ့ပဲ စ,ရမှာပေါ့၊ ဟေ့....ညီလေး ဒီကိစ္စက မင်းနဲ့မဆိုင်ပါဘူးကွ၊ အစ်ကိုကိစ္စ အစ်ကိုဘာသာရှင်းပါ့မယ်"

ဝေသူချိန်က နှစ်လှမ်းမျှဆုတ်လိုက်ပြီး အရေးတကြီးပြောလိုက်သည်။

"ဘာလဲ၊ မင်းက တို့သုံးယောက်စလုံးနဲ့ တိုက်မယ်လို့ ဆိုလိုတာလား"

ရသေ့မင်ယီက အကွက်ဆိုက်လာသဖြင့် ဝင်မေးလိုက်သည်။

"ကျုပ်က တစ်ယောက်ချင်းမှ တိုက်မယ်လို့ ခင်ဗျားတို့ကို ပြောဖူးသလား၊ ပထမတစ်ခါတုန်းကလဲ တစ်ယောက်ချင်း တိုက်ရင်း ခင်ဗျားတို့ အလစ်ဝင်တိုက်ခဲ့ကြတာပဲ၊ လာစမ်းပါ ခင်ဗျားတို့သုံးယောက်စလုံးနဲ့ တိုက်မယ်"

ဝေသူချိန်က ဝှံ့ဝှံ့စားစား စိန်ခေါ်လိုက်သည်။

ရသေ့မင်ယီက သဘောကျသွားသည်။ သူက တဟဲဟဲ ရယ်မောရင်း....

"အေး....ဒီစကားကို မင်းက စပြောသာနေ၊ အဲဒါကိုမှ ငါတို့က လက်မခံဘူးဆိုရင် ရှက်စရာသိပ်ကောင်းမှာကွ၊ မိုးကို ဘဝင်ကပ်နေတဲ့ မင်းကိုတော့ ကောင်းကောင်း ဆုံးမပြရဦးမှာပေါ့ကွာ"

သူတို့အလွန် မဟုတ်သည့်ပမာပြောလိုက်သည်။ ထို့နောက် သူက ဝေသူချိန်ကို ဝိုင်းဝန်းတိုက်ခိုက်ရန် ရှေ့သို့ လှမ်းတက်လိုက်သည်။

"ရပ်လိုက်စမ်း"

ခမောက်ဝိုင်းနှင့်လူငယ်က အော်လိုက်သည်။ တစ်ပြိုင်တည်းတွင် သူ့ကျောခ၌လွယ်ထားသော ဓားရှည် လက်ထဲသို့ ရောက်ရှိသွားပြီဖြစ်သည်။ လူငယ်က ဓားဦးကိုရသေ့မင်ယီ၏ ရင်ဝ ရှေ့သို့ ညွှန်လိုက်ရင်း....

"ခင်ဗျားတို့ ဝင်ရှုပ်ရင် ကျုပ်က ကြည့်နေမယ်ထင်လို့လား"

"ကြည့်မနေလို့ မင်းက ဘာလုပ်ချင်လို့လဲ"

ရသေ့မင်ယီက မေးလိုက်၏။ သူ့အနေဖြင့် သူဆင်သော အကွက်တွင်းသို့ ဝင်လာပြီဖြစ်သဖြင့် ကျိတ်၍ဝမ်းသာနေသော ဟန်မှာ မျက်နှာတွင် အထင်းသားပေါ်နေသည်။

"ကျုပ်က ခင်ဗျားတို့ရဲ့ ယုတ်မာမှုကို တားဆီးမယ်"

"ဒီလိုလား"

လွင်စာပေ



ရသေ့မင်ယီက မျက်ရိပ်ပြလိုက်ရာ ခြေတစ်ဖက်ပြတ်အရက်အိုး ယွန်မားက လူငယ်၏လက်ဝဲဘက်သို့ မသိမသာ ရွှေ့သွားသည်။ ထိုသည်ကို ဝေသူချိန်က မြင်သည်။ အနေအထားအရ လူငယ်မှာ ရသေ့မင်ယီနှင့် အရက်အိုးယွန်မားတို့၏ နှစ်ဖက်ညှပ် တိုက်ခိုက်ခြင်းခံရမည့် အနေအထားမျိုး ဖြစ်သည်။

ဝေသူချိန်က ယွန်မား၏ညာဘက်သို့ မသိမသာ ရွှေ့ပြန်သည်။ ထိုအခိုက်....

"ဟိုင်း...."

အချက်ပေးလိုက်သည့်အလား ရသေ့မင်ယီက အော်ဟစ်လိုက်ပြီး လူငယ်ထံသို့ ခုန်ဝင်သွားသည်။ သူက လည်ပင်းတွင် ဆွဲထားသည့် ကြေးပုတီးကြီးကိုပင် ကိုင်ဆောင်ခြင်း မရှိဘဲ လက်ချည်းသက်သက်ဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

တစ်ပြိုင်တည်းတွင် အရက်အိုးယွန်မားနှင့် ကျန်းယုတို့ကလည်း ဝေသူချိန်ကို ရှေ့နောက်ညှပ်၍ အပြင်းအထန်တိုက်ခိုက်လိုက်ကြပြန်သည်။

"ဟေး...."

"ကျား...."

ဝေသူချိန်က လူငယ်နှင့် ကျောချင်းကပ် အနေအထားမျိုးသို့ ရောက်အောင် အရက်အိုးယွန်မားကို ခပ်ဖိဖိတိုက်ခိုက်လိုက်သည်။

အရက်အိုးယွန်မားက ဝေသူချိန်လိုချင်သော အနေအထားမျိုးသို့ မရောက်အောင် သူ၏သံချိုင်းထောက်ဖြင့် ပြင်းပြင်းထန်ထန် ပြန်လှန်တိုက်ခိုက်သည်။

"ထန်း....ထန်း"
"ထန်း...."

သံချိုင်းထောက်နှင့် ဓားသွားထိရာမှ မီးပွင့်များဖြာထွက်လာသည်။ တကယ်တော့ အရက်အိုးယွန်မားသည် သိုင်းသွားတွင် အကြွယ်ဝဆုံးဖြစ်၍ အတွင်းအားတွင် ဒုတိယလိုက်မှာ...်သည်။ ထို့ပြင် ယွန်မားမှာ အပြောထက်တိုက်ခိုက်မှုတွင် ...ားသန်...ဖြစ်ရာ သူ၏တိုက်ခိုက်မှုမှာ လစ်ကွက်ဟာကွက်...ည့်အလား စေ့စပ်လှသည်။

ဝေသူချိန်အတွက် ထင်တိုင်းမပေါက်လှချေ။

သူ့အနေဖြင့် ယွန်မား၏ အတွင်းအားကိုလည်း မမှု။ တစ်ယောက်ချင်းတိုက်ခိုက်လျှင် အနိုင်ယူနိုင်သည်လည်းမှန်၏။ သို့သော် ဤရှင်ပျက်တစ္ဆေ သုံးဖော်မှာ တစ်ယောက်ချင်းလည်း ထိပ်တန်းကျသော သိုင်းသမားများ ဖြစ်သည့်အပြင် သုံးယောက်ပေါင်း၍တိုက်ခိုက်ရာ၌ တစ်ယောက်အရိပ်အကဲကို တစ်ယောက်က အလွန်သိတတ်ကြရာ ယွန်မားကို ဖိ၍တိုက်ခိုက်သော သူ့အား ကျန်းယုက ဒုက္ခပေးပြန်သည်။

ဝေသူချိန်က ညာခြေထောက်မရှိသော ယွန်မားကို ဘယ်ဘက်မှ ပတ်၍တိုက်ခိုက်သည်။ ယွန်မားက ဘယ်ဘက်သို့အလှည့်အပြောင်းတွင် နှေးကွေးရာ ဝေသူချိန်၏တိုက်ခိုက်မှုကို အလူးအလဲ ခံရသည်။ သို့သော် ကျန်းယုက ဝေသူချိန်ကိုညာဘက်မှ အတင်းဝင်ရောက် တိုက်ခိုက်ပြန်ရာ ယွန်မား၏ ညာဘက်သို့ တွန်းပို့ခံရသည့်အလား ဖြစ်သွားပြီး ဝေသူချိန်မှာ ရှေ့ဘက်နှင့်



ညာဘက်မှ တစ်ပြိုင်နက် တိုက်ခိုက်ခြင်းခံရသည့်အလား ဖြစ်နေသည်။

သို့တိုင် သူ့အနေဖြင့် သူ့ကိုယ်သူ လုံခြုံအောင် ကောင်းကောင်း ကာကွယ်ထားနိုင်သည်။

ထိုအချိန်တွင် ခမောက်ဆောင်းလူငယ်နှင့် ရသေ့မင်ယီတို့သည်လည်း အပြင်းအထန် တိုက်ခိုက်နေကြသည်။

ရသေ့မင်ယီသည် ဤရှင်ပျက်တစ္ဆေသုံးဖော်တွင် အတွင်းအား အကောင်းဆုံးလူဖြစ်သည်။ သူသည် ခမောက်ဆောင်းလူငယ်အား နည်းနည်းမျှ အထင်ကြီးခြင်းမရှိသဖြင့် လက်ချည်း သက်သက် ဝင်ရောက်တိုက်ခိုက်နေခြင်း ဖြစ်သည်။ သူက ယောင်ထိုင် လက်ဝါးသိုင်းကို အတွင်းအားအပြည့်ဖြင့် အသုံးပြုနေခြင်းဖြစ်ရာ သူ့လက်ဝါးချက်များမှာ လေလှိုင်းအားကြောင့် လေဝဲကတော့တစ်ခုပမာဖြစ်ကာ ထိုနေရာတွင် နှင်းပွင့်များပင် လွင့်စဉ်ရှင်းလင်းသွားသည်။

ထို့ပြင် သူ့လက်ဝါးချက်များ၏ လေခွင်းသံမှာ နားအူမတတ် ထွက်ပေါ်နေရာ သူ၏လက်ဝါးချက်တစ်ချက်မှာ ရောမကျွဲတစ်ကောင် နွားတစ်ကောင်ကိုပင် တုံးခနဲ လဲကျသေနိုင်စွမ်းအောင် ပြင်းထန်လှပေသည်။

သို့သော် သူနှင့်တိုက်ခိုက်နေသည့်လူငယ်မှာ သာမန် သိုင်းသမား တစ်ယောက် မဟုတ်ချေ။ နွဲ့သောလူငယ်၏ဓားချက်များသည် အလွန်ထိပ်တန်းကျသော ကိုယ်ဖော့ပညာစွမ်းကြောင့် အံ့မခန်းဆန်းကျယ်နေသည်။ လူငယ်သည် အားထက်ရှေလျားမှုကို အထူးပြုတိုက်ခိုက်နေသည်။ သူသည် ခုခံသည့်

အနေအထားမျိုး မဟုတ်ဘဲ ရသေ့မင်ယီနှင့် တစ်ပြန် ကျား တစ်ပြန် တိုက်ခိုက်နေခြင်း ဖြစ်သည်။

လူငယ်၏ လှပဆန်းကျယ်သော ဓားချက်များသည် တိုတောင်းသော အချိန်အတွင်း လေးငါးကြိမ်ထက်မနည်းပင် ရသေ့မင်ယီအား အကျပ်အတည်း ကျစေခဲ့ပြီးဖြစ်သည်။

ရသေ့မင်ယီ၏ခေါင်းထဲသို့ အတွေးတစ်ချက်ဝင်သွားခိုက် ဓားရောင် လက်ခနဲ ဖြစ်သွားသည်။

ရသေ့မင်ယီက ကပျာကယာ ရှောင်လိုက်ပါသေးသည်။ သို့သော်....

“အား....”

မင်ယီပါးစပ်မှ လေသံတစ်ချက် လွှတ်ခနဲ ထွက်သွားပြီး နီကျင်ပွယောင်းသော မင်ယီ၏ဆံပင်တစ်ထွေးက လွင့်ပြတ်ကျသွားသည်။

ရသေ့မင်ယီက နောက်ဘက်သို့ ချက်ချင်း ခုန်ထွက်နိုင်သည်။

လူငယ်က သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်လံတိုက်ခိုက်သည်။

ရသေ့မင်ယီသည် သူ့ကိုယ်သူဟန်လုပ်၍ချုပ်တည်းနိုင်စွမ်း မရှိတော့ချေ။ သူက အာယုတ္တ အနတ္တ ဆဲဆိုရေရွတ်လိုက်ပြီး လျှင် လည်ပင်းမှ ကြေးပုတီးကို ဖြုတ်လိုက်သည်။

ထို့နောက် လူငယ်နှင့် မျက်နှာချင်း တည့်တည့်ဆိုင်ကာ အပြင်းအထန် တိုက်ခိုက်လေတော့သည်။

“ဝိုး....ဝိုး....ဝိုး....ဝိုး....”



“ဝိုး....ဝိုး....”

ပိတုံးအကောင်ပေါင်းများစွာ ပျံသကဲ့သို့ ရသေ့မင်ယီ၏ ပုတီးဝှေ့ယမ်းသံ ထွက်ပေါ်လာချိန်တွင် ဝေသူချိန်သည် မြေလွှာနှင့်ကောင်းကင်သိုင်းကွက်ဖြင့် ကျန်းယုနှင့် ပျိုယု၏ တို့အား တိုက်ခိုက်နေချိန်တည်း။ င်း လေထဲ

ထိုသိုင်းကွက်မှာ ရန်သူ၏အောက်ခြေနှင့် ရောက်လာသော တစ်ပြိုင်တည်း တိုက်ခိုက်ခြင်းဖြစ်၍ ခြေတစ်ဖ မှာ နောက်ဘက်သို့ သုံးလှမ်းမျှအထိ ဆုတ် ကျန်းယုမှာလည်း ဝေသူချိန်နှင့် သုံးကြိမ် လုံ့ဘက်မိကာ ကြေးဆိုင်လိုက်မိကာ နောက်ဘက်သို့ ယိုင်ထွက်သွား၊ ရသေ့မင်ယီ

ဝေသူချိန်၏ဓားချက်ဖြင့် နောက်ဘက်သို့ ဆုတ်ခွာလာခဲ့ရသော ယွန်မားသည် ခမောက်ဆောင်းလူငယ်ရှေ့သို့ ရောက်ရှိလာသည်။ သူက အမှတ်မထင်ပင် လူငယ်၏ကျောကုန်းအား ချိုင်းထောက်နှင့် ထိုးလိုက်သည်။

လူငယ်သည် နောက်ဘက်မှ လေတိုးသံကြောင့် ညာဘက်သို့ တစ်လှမ်းထွက်၍ တိမ်းရှောင်လိုက်သည်။ သို့သော် လူငယ်နှင့် တိုက်ခိုက်နေသော ရသေ့မင်ယီမှာ အလွန်ပါးနပ်သူ ဖြစ်ရာ ထိုသို့ လူငယ်တိမ်းရှောင်သည်နှင့် လူငယ်၏ညာဘက်ဆီသို့ သူ၏ကြေးပုတီးနှင့်ပစ်၍ ရိုက်ချလိုက်သည်။

ထိုအခိုက် အရက်အိုးယွန်မားကလည်း သူ၏ ချိုင်းထောက်ဖြင့် နောက်ဘက်မှ တရစပ်တိုက်ခိုက်နေသည်ဖြစ်ရာ လူငယ်မှာ ဘေးနှစ်ဘက်နှင့် နောက်ဘက်တွင် ထွက်လမ်းမရှိဘဲ ဖြစ်နေသည်။

လူငယ်အတွက် ကြီးမားသော အခက်အခဲပင်။ ပြင်းထန်စွာ ရိုက်ချလိုက်သော ရသေ့မင်ယီ၏ကြေးပုတီးက သူ့ခေါင်းစောင်း အထက်ဆီသို့ ပြင်းထန်စွာ ကျရောက်လာသည်။

"သတိထား...."

တော[illegible]ကိုမြင်လိုက်သော ဝေသူချိန်က အလန့်တကြား ရသေ့မင်ယ[illegible]ပေးလိုက်သည်။

ရသေ့မင်ယီ[illegible]ပျာယာခတ်ခြင်း မရှိချေ။ အခက်အခဲကို ခါးရှောင် လက်[illegible]ချင်ဆိုင်လိုက်သည်။

ရသေ့မင်ယီ[illegible]၏ ကြေးပုတီးလက်နက် ကျရောက်ထိခိုက်မိ သို့သော်....

"အား...." [illegible]ကာက်သော စင်ရော်ကဲ့သို့ ဘယ်ခြေကိုကွေး၍ [illegible] နောက်သို့ဆန့်လိုက်သည်။ တစ်ပြိုင်နက်တွင် ရှေ့ဖွင့် နောက်ခွဲသိုင်းကွက်ဖြင့် နောက်သို့ ဖွင့်ထုတ်လိုက်သည်။

ဤခါးချက်သည် နောက်ဘက်သို့ ဆန့်ထုတ်လိုက်ရသော ညာခြေနှင့် သူ့ကျောဘက်ကို အကာအကွယ်ပေးနိုင်သည်သာ မက နောက်ဘက်မှ တိုက်ခိုက်နေသော အရက်အိုးယွန်းမားကို ကောင်းစွာ ဟန့်တားနိုင်စွမ်းရှိသည်။

သို့သော် လူငယ်ငုံ့ချလိုက်သည်မှာ မျက်တောင်တစ်ခတ်ဝက် စာမျှ နောက်ကျခဲ့သည်ဖြစ်ရာ ရသေ့မင်ယီ၏ ကြေးပုတီးက လူငယ်၏ ခေါင်းပေါ်မှ ခမောက်ကို သိုးကာသီကာမျှ ထိသွားခဲ့ချေသည်။

ခမောက်လွင့်သွားသည်။

လူငယ်သည် ကြီးမားသောအားရှိန်ကြောင့် တစ်ချက်မျှ ယိုင်သွား၏။



ရသေ့မင်ယီက လူငယ်ကို အမိုင်အနိုင် ဆင့်၍ရိုက်ချလိုက် ပြန်သည်။ ထိုအခိုက်....

"ကျား...."

ဝေသူချိန်က သူ၏ရင်ဝဆီသို့ထိုးလိုက်သော ကျန်းယု၏ လှံချက်ကို နောက်ကျွမ်းပစ်၍ တိမ်းရှောင်လိုက်ရင်း လေထဲ တွင် ဝဲပျံကာ လူငယ်၏ခေါင်းဆီသို့ ကျရောက်လာသော ကြေးပုတီးကို ဓားဖြင့်ခံဆောင်လိုက်သည်။

"ထောင်း...."

ကြေးပုတီးနှင့်ဓားသွား ပြင်းထန်စွာရိုက်ခတ်မိကာ ကြေး ပုတီးက ဓားကိုနှစ်ပတ်မျှ ရစ်ပတ်မိသွားသည်။ ရသေ့မင်ယီ က သူ၏ကြီးမားသော အဘွင်းအားဖြင့်ဆွဲသည်။ ဝေသူချိန် က တောင့်ခံထားသည်။ အတွင်းအား တူညီနေသည့်ပမာ နှစ်ယောက်စလုံး လှုပ်ရှားမှုမရှိဘဲဖြစ်နေသည်။

ထိုစဉ် လှံရှည်ဘယ်သန်ကျန်းယုနှင့် ခြေတစ်ဖက်ပြတ် အရက်အိုးယွန်းမားတို့က နောက်ဘက်မှ ဝင်ရောက်တိုက်ခိုက် ရန် တာစူလိုက်ကြသည်။

လူငယ်က ဓားရှည်ကိုတင်းတင်းဆုပ်ရင်း ဝေသူချိန်၏ နောက်ကျောဘက်မှ ပိတ်၍ရပ်လိုက်သည်။ သူ့အနေဖြင့် အနည်းငယ်မျှ မူးဝေနေဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ့ အနေဖြင့် ဝေသူချိန်အားအကာအကွယ်ပေးရမည်ကို နားလည် ထားသည်။ ယခုအချိန်တွင် တစ်စုံတစ်ယောက်ကသာ နောက် ဘက်မှ ဝင်ရောက်တိုက်ခိုက်ပါက ဝေသူချိန်အနေဖြင့် မုချ ရှုံးနိမ့်သွားမည်သာ ဖြစ်သည်။

လူငယ်က အသက်ကိုပြင်းပြင်းရှူရင်း ဓားကို တင်းတင်းဆုပ်ထားသည်။

ကျွန်းယုနှင့်ယွန်မားက လူချင်းခွဲ၍ ဘေးနှစ်ဖက်သို့ဖြန့်လိုက်ပြီး တစ်ယောက်နှင့်တစ်ယောက်မျက်ရိပ်ပြကာ တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်တော့သည်။

ဝေသူချိန်နှင့်မင်ယီ၏ အတွင်းအားပြိုင်ဆိုင်မှုမှာ မည်သူမျှ အသာမရသေးချေ။ မင်ယီ၏ အကြောပြိုင်းပြိုင်းထနေသော လက်က တည်ငြိမ်လျက်ရှိသလိုပင်၊ ဝေသူချိန်၏ ကြွက်သားများဖြင့် ဖွဲ့စည်းထားသောလက်ကလည်း တည်ငြိမ်လျက်ပင်။ နှစ်ယောက်စလုံး၏ ခြေထောက်များက လမ်းမြေသားတွင်းသို့ နစ်ဝင်သွားတော့မည့်ကဲ့သို့ရှိသည်။

ခဏတွင် ရသေ့မင်ယီ၏ နီကျင်ပွယောင်း၍ ရှည်လျားသော ဆံပင်များက ထောင်ထလာတော့မည့်ပမာ ဖြစ်လာသည်။ ထို့အတူပင် ဝေသူချိန်၏ခေါင်းမှလည်း အခိုးအငွေ့ဖြူဖြူများ တငွေ့ငွေ့တက်လာသည်။ ပထမတွင် ထိုအခိုးအငွေ့များသည် ကျဆင်းနေသော နှင်းပွင့်များနှင့်ရောကာ မသိသာလှ။ သို့သော် ခဏမှာ ထိုအနားတစ်ဝိုက်၌ အခိုးအငွေ့ဖြူဖြူများ ထူထပ်စွာ ယှက်ဆိုင်းဖွဲ့သိုင်း၍လာလေရာ၊ အလွန်သိသာထင်ရှားလာသည်။ ထို့ပြင် ထိုအခိုးအငွေ့များ ထူထပ်သိပ်သည်းလာသည်နှင့် စိမ့်ကဲသောအအေးဓာတ်က ပိုမိုနက်ရှိုင်းအားကောင်း၍လာသည်။

လူငယ်သည် ဝေသူချိန်ကိုကျောပေး၍ တိုက်ခိုက်နေရလင့်ကစား ထိုထူခြားချက်ကို သတိပြုမိသွားသည်။ သူသည်



နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသည်ဖြစ်ရာ လက်အံ့သေမတတ် ဖြစ်နေသည်။ သူက ဓားချက်များကို အလွန်လျင်မြန်စွာ အသုံးပြုနေခြင်းကြောင့် ဓားချက်ကိုမမြင်ရဘဲ ဓားရိုးတွင်ချည်နှောင်ထားသည့် ပဝါနီစတစ်ခုသာ အနီရောင်စက်ဝိုင်းတစ်ခုလို လှုပ်ရှားနေ၏။

လူငယ်၏ အစွမ်းကုန်တိုက်ခိုက်ခုခံမှုကြောင့် ကျွန်းယုနှင့် ယွန်မားမှာ ဝေသူချိန်ရှိရာသို့ မဝင်ရောက်နိုင်ဘဲဖြစ်နေသည်။ အကယ်၍ သူတို့အနေဖြင့် ဝေသူချိန်ရှိရာသို့ ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက တိုက်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်သည်။ သူတို့အနေဖြင့် လူငယ်နှစ်ယောက်စလုံးကို လက်စတုံးသုတ်သင်ပစ်နိုင်တော့မည်ဖြစ်သည်။

ထို့ကြောင့် သူတို့က တိုး၍တိုက်ခိုက်လိုက်ကြသည်။ သို့သော် ထိုအခိုက်မှာပင် ဝေသူချိန်ထံမှပျံ့လွင့်လာသော အအေးဓာတ်က ဆူရှဲတော့ပင် ပြင်းထန်နေပြီဖြစ်ရာ သူတို့အနေဖြင့် အံ့ဩတုန်လှုပ် တုံ့ဆိုင်းသွားကြသည်။ သူတို့က လှမ်း၍ကြည့်လိုက်ကြရာ ဝေသူချိန်မှာ တစ်ကိုယ်လုံး အခိုးအငွေ့များဖုံးလွှမ်းပျောက်ကွယ်နေသည်ကို မြင်လိုက်ကြရသည်။ ထိုသည်မှာ အလွန်ထူးဆန်းသောအရာဖြစ်သည်။ ကျွန်းယုနှင့်ယွန်မားပါ အပြင်းအထန် တိုက်ခိုက်နေခြင်းကိုရပ်၍ နောက်သို့ဆုတ်သွားကြသည်။

ထို့နောက် သူတို့က အတွင်းအားချင်း ပြိုင်နေသော သူတို့လူမင်ယီနှင့် ဝေသူချိန်ကို ကြည့်လိုက်ကြသည်။

ရသေ့မင်ယီ၏လက်မောင်းမှာ တဆတ်ဆတ် တုန်လျက်၊ ဝေသူချိန်၏မျက်နှာက သွေးဆုတ်ဖြူရော်လျက်ရှိသည်။

အသက် ထက်ဝက်ပင်မရှိသော လူငယ် တစ်ယောက်က ရသေ့မင်ယီကဲ့သို့သော အတွင်းအား နက်ရှိုင်း ကြီးမားလှသည့် သိုင်းသမားကြီး တစ်ယောက်အား တန်းတူရည်တူ အတွင်းအား ယှဉ်ပြိုင်နေသည့် အဖြစ်မှာ ယုံနိုင်စရာပင် မရှိချေ။

တကယ့်တကယ်ဘွင်မူ ယခုအချိန်၌ မင်ယီ၏အခြေအနေမှာ ဝေသူချိန်နှင့် တန်းတူရည်တူမဟုတ်တော့ချေ။ ဝေသူချိန်၏ကိုယ်တွင်းမှ အအေးဓာတ်များကကိုင်ထားသော ခါးမှတစ်ဆင့်ကြေးပုတီးဆီသို့ ကူးစက်လျက် မင်ယီ၏ကိုယ်တွင်းသို့ ဝင်ရောက်လျက်ရှိရာ ရသေ့မင်ယီမှာ တစ်ကိုယ်လုံး ထုံကျဉ်၍ လာနေချေပြီ။ သူက အတွင်းအားဖြင့် မည်သို့ပင်ခုခံ ကာကွယ်ထားစေကာမူ ကြီးမားနက်ရှိုင်းစွာ စိမ့်ဝင်လာသော အအေးဓာတ်ကို တွန်းလှန်နိုင်စွမ်း မရှိချေ။ ခဏကြာသောအခါ သူ့တစ်ကိုယ်လုံး တုန်ယင်လာကာ အံကြိတ်ထားလျက်က သွားချင်း ရိုက်ခတ်လာသည်။

ရသေ့မင်ယီသည် ဤလူငယ်နှင့် အတွင်းအားပြိုင်ပွဲတွင် ရှုံးနိမ့်ရချေတော့မည်။

ရုတ်တရက် ရသေ့မင်ယီ၏ တောင့်ကွေး၍ တင်းဆွဲထားသော လက်မှာ ဆန့်တန်းသွားသည်။ ထို့နောက် ရသေ့မင်ယီက ရွှေသို့ညာခြေကိုတစ်ဖျမ်း တက်လိုက်ကာ ဝေသူချိန်၏ ရင်စသို့ ဘယ်လက်ဝါးဖြင့် အားကုန်ရိုက်ချလိုက်သည်။



"ဝုန်း....."

ဝေသူချိန်က သူ့ဘယ်လက်ဝါးဖြင့် ခံဆောင်လိုက်ရာ ပေါက်ကွဲသံ တစ်ခုအလား လက်ဝါးချင်းထိသံ ထွက်ပေါ်လာသည်။

ဝေသူချိန်က နောက်ဘက်သို့ အနည်းငယ်ယိုင်သွားသည်။ ရသေ့မင်ယီမှာမူ ဒယီးဒယိုင်ဖြင့် နောက်ဘက်သို့ ခြေသုံးလှမ်းမျှ ဆုတ်သွားရပြီး ဖင်ထိုင်လျက် လဲကျသွားတော့မလို ဖြစ်သွားသည်။

ကျန်းယုနှင့်ယွန်မားတို့က ရသေ့မင်ယီကို ပြေးတွဲထားသည်။

သူတို့သုံးယောက်သည် အခိုးအလျှံများ ဝေဝါးနေသည့်ကြားတွင် တောင့်ခိုင်စွာ ရပ်နေဆဲဖြစ်သော ဝေသူချိန်ကို အံ့သြ၍ မကျနိုင်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။

ထို့နောက် သူတို့က စကားတစ်ခွန်းမျှ မပြောတော့ဘဲ ရသေ့မင်ယီကိုတွဲ၍ ထိုနေရာမှ ထွက်ခွာလာကြတော့သည်။

( ၁၈ )

ခဏမျှ ကြာသောအခါ ရှင်ပျက်တစ္ဆေ သုံးဖော်တို့မှာ မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

"ဝေါ...ဝေါ"

ဝေသူချိန်က တင်းထားသည်ကိုလျှော့ချလိုက်ရာ တစ်ချက်ထိုးအန်သည်။ သွေးစသွေးနများ ပါလာသည်ကို လရောင်ဖြင့် ထင်ရှားစွာ မြင်ရ၏။

"ခင်ဗျား ဘယ်လို ဖြစ်ဘာလဲ၊ အတွင်းဒဏ် ရသွားသလား"

လူငယ်က စောစောက နေရာမှာပင် ရပ်နေရင်း မေး လိုက်သည်။



ဝေသူချိန်မှာ မျက်လုံးကို မှိတ်ထားရင်း အသက်ကို မှန်အောင် ရှူနေ၏။ ခဏကြာမှ....

"အင်း....ကျုပ် အတွင်းဒဏ် နည်းနည်းရသွားတယ်"

သူက ဖြည်းညင်းစွာ ပြောလိုက်သည်။

"ကျွန်တော်တော့ ခင်ဗျားကို ထိခိုက်မိတာကို မမြင်လိုက်ဘူး၊ ခင်ဗျားအတွင်းအားက ပိုပြီးကြီးမားတယ်လို့ပဲ ကျွန်တော်က ထင်နေတာ"

လူငယ်က သူနားမလည်သည်ကို ဖွင့်ပြောသည်။

ဝေသူချိန်က သူ၏ဓားရှည်ကိုဓားအိမ်အတွင်းသို့ ဖြည်းညင်းစွာ ပြန်သွင်းလိုက်ပြီး....

"အတွင်းအားပြိုင်တယ်ဆိုတာ ကျောက်ခဲနှစ်လုံး ဆိုင်တိုက်တာနဲ့တူ ဘယ်လို မှတ်ဖူးပါတယ်၊ နိုင်သူရှုံးသူ နှစ်ဦးစလုံးမှာ အနည်းနဲ့ အများ ထိခိုက်ခံ ကြရတာချည်းပါပဲ၊ ခုဟာက ကျွန်တော့်အခနနဲ့ သာသလိုထင်ရပေမယ့် တကယ်အားဖြင့် အတွင်းအား လှိုင်းဒဏ်ကြောင့် ဖြစ်သွားတာပါ၊ နောက်ဆုံး သူ့လက်ဝါးရိုက်ချက်ကို တန်ပြန်လိုက်ရာမှာ တကယ်လို့သာ ကျွန်တော့်ရဲ့အတွင်းအားလှိုင်းဒဏ်ကိုသူခံမထားရင် ကျွန်တော် လဲ သူ့လိုပဲ ဖြစ်သွားမှာပါ"

ဝေသူချိန်က ရှင်းပြလိုက်ပြီး မျက်နှာကိုမော့၍ အသက်ကို မျှင်း၍ရှူနေသည်။

"ခင်ဗျားဒဏ်ရာ တော်တော်ပြင်းသလား"

လူငယ်က စိုးရိမ်သည့်ပမာ မေးသည်။

"နည်းနည်းပါ၊ မဆိုလောက်ပါဘူး"

ဝေသူချိန်က သက်ပြင်းချရင်း ဆိုသည်။ အမှန်၌ သူက ရသေ့မင်ယီနှင့် အတွင်းအားပြိုင်ရာတွင် တူနေသဖြင့် ရေခဲငွေ့အတွင်းအားလှိုင်း ထုတ်လွှင့်ခဲ့ရာတွင် အသာရသလို ဖြစ်ခဲ့သည်။ သို့သော် ယခုအခါတွင်သူ့မှာ ကိုယ်အပူရှိန် တက်လာနေခဲ့ပြီဖြစ်သည်။

"ခရီးဆက်သွားလို့ ဖြစ်ပါ့မလား"

လူငယ်က မေးသည်။

"ဖြစ်ပါတယ်၊ ဒါနဲ့ ငါ့ညီက ဘယ်ကိုသွားမှာလဲ"

ဝေသူချိန်ကလည်း ပြန်မေးသည်။

"ကျွန်တော့်အတွက် အခုအချိန်မှာ အဲဒီမေးခွန်းကို ဖြေဆိုဖို့ အခက်ဆုံးပဲ၊ ကျွန်တော်က လေကိုလိုက်ဖမ်းနေတာ"

လူငယ်၏စကားကိုကြားရသော ဝေသူချိန်က ရယ်မောလိုက်သည်။ သူ့ရယ်သံမှာ အက်နေသည်။

"အင်း....တို့နှစ်ယောက်က တူနေကြပြန်ပြီ"

လူငယ်က နဖူးပေါ်သို့ဝဲကျနေသော ဆံပင်များကို ခါလိုက်ပြီး ဝေသူချိန်ကို ပြန်ကြည့်သည်။

"ခင်ဗျားလဲ လေကိုလိုက်ဖမ်းနေတဲ့လူပဲပေါ့ ဟုတ်လား"

ဝေသူချိန်က ခေါင်းယမ်းပြလိုက်ပြီး....

"မဟုတ်ဘူး၊ ဘဲဥကို အစရှာနေတဲ့လူ"

ပြောလိုက်ရာ လူငယ်က ရယ်သည်။

"တို့နှစ်ယောက် စကားသာပြောနေကြတယ်၊ တစ်ယောက်နာမည် တစ်ယောက် မသိကြသေးဘူး၊ ကျုပ်နာမည်က ဝေသူချိန်"



"ကျွန်တော့်နာမည်က....အင်း....ဝှမ်ဖုန်းလို့ ခေါ်ပါတယ်"

"ဪ....ဝှမ်ဖုန်းတဲ့လား၊ ကျွန်တာတော့ မမေးတော့ပါဘူး၊ အခု ဘယ်ကိုသွားမှာလဲ"

ဝေသူချိန်က မေးလိုက်သည်။

"မြေဦးနဲ့ ဒူးတည့်ရာကိုပေါ့ဗျာ"

လူငယ်က အဝေးသို့ငေးရင်း ဖြေသည်။

"ကျွန်တော်က ချီအန်ကို သွားရဦးမယ်"

ဝေသူချိန်က တီးတိုးပြောလိုက်ပြီး၊ ဆက်၍....

"အင်း....နောက်တစ်ခါ ပြန်ဆုံကြဦးမယ်လို့ မျှော်လင့်ပါတယ်၊ ကဲ....ကျွန်တော်သွားတော့မယ်"

သူက ချီအန်မြို့ဘက်သို့ လှည့်လိုက်သည်။ ထို့နောက် ခပ်ဆိုင်းဆိုင်း ခြေလှမ်းများဖြင့် စတင်လျှောက်သည်။ သို့သော် ခြေလှမ်းငါးလှမ်းမျှ လှမ်းပြီးချိန်တွင် သူက တစ်စုံတစ်ရာလို့ဆော် တိုက်တွန်းခံရသည့်အလား နောက်ဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

ဝှမ်ဖုန်းဆိုသောလူငယ်သည် စောစောက နေရာတွင်ပင် မတုန်မလှုပ် ရပ်နေဆဲရှိသေးသည်ကို တွေ့မြင်လိုက်ရသည်။

"ခင်ဗျား ဘာဖြစ်လို့ မသွားသေးတာလဲ"

ဝေသူချိန်က ညင်သာစွာ မေးလိုက်သည်။ လူငယ်က မဖြေဘဲ ငြိမ်သက်နေသည်။

ဝေသူချိန်က လူငယ်ရှိရာဘက်သို့ ပြန်လျှောက်သွားကာ ခင်မင်ရင်းနှီးသောအားဖြင့် ပခုံးကိုပုတ်လိုက်သည်။ လူငယ်၏ ခန္ဓာကိုယ်က ဆတ်ခနဲတစ်ချက်မျှ တုန်သွားသည်။ ထို့နောက်

သူကပင် တစ်ဖက်သို့ အနည်းငယ်ရွှေ့လိုက်ရာ ယိုင်သွားသည်။

"ဟင်...ခင်ဗျား ဘာလိုဖြစ်လို့လဲ၊ ဒဏ်ရာရနေသလား"

ဝေသူချိန်က ပျာပျာသလဲမေးရင်း ဝှမ်ဖုန်း၏ တစ်ကိုယ်လုံးကို လိုက်ကြည့်နေရာမှ ဝှမ်းဖုန်းက သူ့ခန္ဓာကိုယ်ကို ကျုံ့လိုက်ပြီး....

"ဟုတ်တယ်၊ ကျွန်တော့်ခြေအလုံးကို ချိုင်းထောင့်နဲ့ထိမိတယ်"

"ဗျာ...ခင်ဗျားစောစောက ဘာဖြစ်လို့ မပြောတာလဲ"

ဝေသူချိန်က မချင့်မရဲပြောရင်း ထိုင်ချလိုက်သည်။ သူက ဝှမ်ဖုန်း၏ ခြေသလုံးမှဒဏ်ရာကို ကြည့်လို၍ ဒုံစ်သည်။ ထိုအခါ ဝှမ်ဖုန်းကလည်း ပျာပျာသလဲဖြစ်သွားပြီး ရုတ်တရက် ထိုင်၍ ချလိုက်ကာ....

"ရိုက်မိတာ မဟုတ်ပါဘူး၊ အထိုးလိုက်မှာ ရှပ်ထိသွားတာ၊ ကိစ္စမရှိလှပါဘူး"

"ပြစမ်းပါဦး"

ဝေသူချိန်က သူကိုယ်တိုင်ပင် ခြေသလုံးဒဏ်ရာကို လှန်ကြည့်တော့မလို ပြုနေရာ ဝှမ်ဖုန်းက ခြေသလုံးမှ ဒဏ်ရာကို မဝံ့မရဲပြလိုက်သည်။

ဒဏ်ရာမှာ အရေပြားစုတ်ပြတ်လျက် အရှည်သုံးလက်မခန့်နှင့် လက်နှစ်လုံးမျှကျယ်သည်။ အရိုးဘေးမှကပ်၍ ထိသွားခြင်း ဖြစ်သဖြင့် အခတော်နာကျင်နေပုံလည်း ရသည်။



"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကိုမ[...]လာပြီး ကျောက်တုံးကိုက နည်းတာမှမဟုတ်တဲ့၊ ဆေး[...] သူ့အိတ်တွင်းမှ ပဝါစ နည်းနည်းလောက် လျှောက်နိုင်[...]ဆုတ်လိုက်သည်။

ဝေသူချိန်က စိုးရိမ်စိတ်[...]င်ထိုး၍ ကျွန်တစ်ပိုင်းကို ရေတွင် လှန်၍ကြည့်သည်။ သူ၏န[...]ကို ရေဆေးပေးမည်ပြုသည်။ သည်။

"ဘာဖြစ်လို့လဲ၊ ဖြည်ကျွန်တော့်ဘာသာလုပ်ပါ့မယ်"

"ဟုတ်ပြီ၊ ဒီလိုဆိုရင် မြည်းကြည့်တာဗျာ၊ ခင်ဗျားက ကျုပ် မဟာဟိုဘက်နားမှာ စမ်းချောင်းငယ်ကသာ အားနာရမှာပါ" တို့ အဲဒီကို သွားရအောင်"

ဝှမ်ဖုန်းက ညာဘက်ခြေထောက်ကို အားပြု၍ ပြန်ထရပ်သည်။ ဝေသူချိန်မှာ ဝှမ်ဖုန်းကိုတွေ့စကပင် ခင်မင်စိတ်ရှိခဲ့ရာ ရင်းနှီးမှုဖြင့် ပခုံးကိုထိန်းပေးလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ရပါတယ်"

နာကျင်၍လား၊ သို့တည်းမဟုတ် အားနာ၍လား မသိ။ ဝှမ်ဖုန်းက အသံတိမ်တိမ်ဖြင့် ဆိုသည်။ ထို့နောက် သူက ခပ်ဖြည်းဖြည်း စတင်၍လျှောက်သည်။ သို့သော် ဘယ်ဘက်ခြေထောက်မှ ဒဏ်ရာကြောင့် ဘယ်ဘက် ခြေထောက်ကို ထောက်စဉ် နာကျင်မှုကြောင့် နှုတ်ခမ်းကို ကိုက်ထားသည်။

"ရပါ့မလား၊ ကျွန်တော် တွဲသွားမယ်လေ"

ဝေသူချိန်က သူ့ဘေးမှ ကပ်လိုက်သွားရင်း တတွတ်တွတ် ပြောနေသည်။ သူက သူနှင့်ရသော မင်ယီတို့ အဘွင်းအားချင်း ယှဉ်ပြိုင်နေကြစဉ် ကျုန်းယုနှင့်ယွန်မားတို့ သူ့အားဝင်ရောက်

သူကာပင် ဘက်ဖက်သို့ …င် ဟန့်တားတိုက်ခိုက်ပေးသော ဝှမ်ဖုန်း
သည်။ …စိုးရိမ်ပူပန်နေခြင်း ဖြစ်သည်။

"ဟင်…ခင်ဗျား ဘာလုပ်…

ဝေသူချိန်က ပျာပျာသလဲမေ… ပြောရင်း နာကျင်သည်ကို
လုံးကို လိုက်ကြည့်နေရာမှ ဝှမ်းဖုန်း… …က်လာသည်။
လိုက်ပြီး….

"ဟုတ်တယ်၊ ကျွန်တော့်ခြေ… …ာက် ကိုက်တစ်ရာခန့်
…၏ကမ်းနှစ်ဖက်မှာ ဆယ်ပေ
တယ်"

"…ျာ…ခင်ဗျားကြေ… …မျှင်းရေမှာ စမ်းချောင်းအတွင်း
…မြှု…သုံးပေမျှသာ…ကျယ်သော ရေစီးကြောင်းကလေးအဖြစ်
စီးဆင်းနေသည်။ နွေအခါတွင် ဤစမ်းချောင်းကလေးမှာ
ခြောက်ခန်းသွားပေလိမ့်မည်။ ယခု ဆောင်းဦးပေါက်မျှသာ
ရှိသေးလျက် စမ်းချောင်းရေမှာ ခြေဖဝါးမြုပ်ရုံမျှသာရှိတော့
သည်။

စမ်းချောင်းရိုး ချောက်အတွင်းသို့ဆင်းစဉ် ဝေသူချိန်က
ခွင့်တောင်းခြင်း မပြုတော့ဘဲ ဝှမ်ဖုန်း၏ပခုံးကို ထိန်း၍ပေး
သည်။ ထို့နောက်သူက ရေစပ်သောင်ပြင်ပေါ်တွင် ထိုင်စေ
သည်။

ထို့နောက် ဝေသူချိန်က ချောင်းအတွင်း ဟိုဟိုသည်သည်
လျှောက်ကာ တစ်စုံတစ်ခုကိုရှာသည်။ သူရှာသည်မှာ မျက်နှာ
ပြင်ညီသော ကျောက်တုံးတစ်တုံးဖြစ်သည်။ ခဏတွင် သူလိုချင်
သော ကျောက်တုံးငယ် တစ်တုံးကို ရရှိသွားသည်။



သူက ဝှမ်ဖုန်းရှိရာသို့ ပြန်ရောက်လာပြီး ကျောက်တုံးကို
ရေစင်အောင် ဆေးသည်။ ပြီးလျှင် သူ့အိတ်တွင်းမှ ပဝါစ
တစ်စကို ထုတ်လိုက်ပြီး ထက်ပိုင်းဆုတ်လိုက်သည်။

တစ်ပိုင်းကိုခါးကြားတွင်ထိုး၍ ကျန်တစ်ပိုင်းကို ရေတွင်
နှစ်ကာ ဝှမ်ဖုန်း၏ဒဏ်ရာကို ရေဆေးပေးမည်ပြုသည်။

ဝှမ်ဖုန်းက….

"နေ….နေပါစေ၊ ကျွန်တော့်ဘာသာလုပ်ပါ့မယ်"

"ဟာ….အားနာစရာ မဟုတ်တာဗျာ၊ ခင်ဗျားက ကျုပ်
ကြောင့် ဒဏ်ရာရခဲ့တာပဲ၊ ကျုပ်ကသာ အားနာရမှာပါ"

ဝေသူချိန်က အတင်းပင် ဝှမ်ဖုန်း၏ခြေသလုံးဒဏ်ရာကို
အစတ်ရေစိုဖြင့်ပွတ်သပ်ကာ ဂရုတစိုက်ဆေးကြောပေးရင်း….

"ကံကောင်းလို့ဗျာ၊ အရိုးပေါ်သာ တည့်တည့်ထိခဲ့ရင်
ကျိုးမှာဗျ၊ ကျုပ်လဲ ဘယ်လိုကျသိုလ်လဲမသိပါဘူးဗျာ၊ ဒီလူ
သုံးယောက်နဲ့ ဘာရန်ငြိုးရန်စမှမရှိဘဲ တိုက်ခိုက်ရတာနှစ်ခါရှိ
ပြီ၊ တော်တော်ရန်လိုတဲ့လူတွေဗျ၊ ပထမတစ်ခါတုန်းက
ကျုပ်ပေါင်မှာ ဒဏ်ရာရခဲ့တယ်၊ အဲဒီ ကဏန်းလုံးနဲ့တူတဲ့လူရဲ့
လှံက အဆိပ်တွေသုတ်ထားတာ၊ ကျုပ်ဖြင့် ကံကောင်းလို့
မသေတယ်"

ဝှမ်ဖုန်းမှာ တစ်ချက်တစ်ချက် မျက်နှာရှုံ့သွားရင်းမှ….

"ခင်ဗျား ဒဏ်ရာရတယ်ဟုတ်လား၊ ကျွန်တော်တော့
မယုံဘူးဗျာ"

ဝေသူချိန်၏စွမ်းရည်ကို တွေ့ခဲ့ရပြီးဖြစ်၍ ပြောလိုက်သည်။

"မယုံမရှိနဲ့ဗျို့....ကျုပ်မလိမ်ဘူး၊ အဲဒီတုန်းက ကျုပ်ကလဲ ကလေးသာသာလောက် ရှိသေးတာ"

"ဟင်....ဒါဖြင့် ကြာပြီပေါ့"

ဝှမ်ဖုန်းက ဝေသူချိန်ကိုကြည့်ရင်းပြောလိုက်ရာ ဝေသူချိန်က ရယ်သည်။

"မဟုတ်ဘူး၊ ခုနစ်သလောက်ပဲရှိသေးတယ်၊ ကျုပ်ပြောတဲ့ ကလေးသာသာဆိုတာက သိုင်းပညာကိုပြောတာဗျ"

ဝေသူချိန်က စိတ်ပါလက်ပါလုပ်ကိုင်ပေးရင်း ပြောနေရာ ဝှမ်ဖုန်းက မယုံသလိုကြည့်နေသည်။ သူ့အနေဖြင့် ဝေသူချိန်၏ မြင့်မားထက်မြက်လှသော အတွင်းအားနှင့် သိုင်းစွမ်းရည်ကို မြင်ခဲ့ရာမှ ခုနစ်လမျှသောအချိန်အတွင်း ကလေးသာသာ ဆိုသောအဆင့်မှ အဘယ်နည်းဖြင့် ဤမျှမြင့်မားလာခဲ့ရသည်ကို တွေးမရဘဲဖြစ်နေရသည်။

ထိုစဉ် ဝေသူချိန်က ဝှမ်ဖုန်း၏ ခြေသလုံးဒဏ်ရာကို ဆေးကြောပြီးသွားသဖြင့် စမ်းချောင်း အစပ်တွင်ရှိသော ကျောက်တုံးရှိရာသို့ပြန်သွားပြီး အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ကာ သွေးနေပြန်သည်။

ခဏတွင် သွေးပြီးသွားပြီး၊ သူက ကျောက်တုံးကိုယူလာ၍ ဝှမ်ဖုန်း၏ရှေ့တွင်ထိုင်လိုက်ပြန်သည်။ ကျောက်တုံးပေါ်တွင် သူသွေးယူလာသောအရာမှာ စိမ်းရွှေရွှေနှင့် အနံ့ကမျိုးရုံ သည်။



ဝေသူချိန်က ဒဏ်ရာကွင်းဆေးထားသော ခြေမျှားကို ခါးကြားတွင်ညှပ်ထားသော ပဝါပိုင်းအခြောက်ဖြင့် ပွတ်သုတ်ပေးပြီးမှ သွေးထားသောဆေးကို လိမ်းပေးသည်။

"ကျုပ်ဆေးက ထူးထူးခြားခြားတော့ မဟုတ်ဘူးဗျ၊ တောင်ဆိတ်လျှာကို အခြောက်လှမ်းထားတာ၊ တောင်ဆိတ်တွေဟာ ချောက်ပေါ်တက်၊ တောင်စောင်း တောင်ထွတ်တွေပေါ်တက်နဲ့ ဒဏ်ရာရတဲ့အခါ သူတို့လျှာနဲ့သူတို့ ပြန်လျက်ပေးတာပဲ၊ ခဏနေရင် သူတို့ အကောင်းသားဖြစ်သွားရော၊ ကျုန်တော်တစ်ခါမှ မစမ်းရသေးဘူး၊ ခင်ဗျားကို ကုကြည့်ကို စမ်းတယ်ဆိုရင်တော့ ကျုပ်က နောက်တစ်ခါ လူနာတွေရ အာမခံနဲ့ ကုစားရတော့မှာပဲ"

ဝေသူချိန်က တတွတ်တွတ်ပြောရင်း ဆေးလိမ်းပေးနေသည်။ အမှန်အားဖြင့် သူသည် ဆေးပညာနှင့် ရင်းနှီးကျွမ်းဝင်သူမဟုတ်။ ယခု တောင်ဆိတ်လျှာနှင့် ကုသပေးနေခြင်းမှာလည်း အဘိုးဟွာဘာယ်ဖုန်၏ သဘာဝမှရသောဆေးနည်းဖြင့် ကုသပေးနေခြင်းသာဖြစ်သည်။ သို့သော် ဝေသူချိန်မှာ ကြင်နာသနားတတ်သူဖြစ်၍ လိုက်လိုက်လှဲလှဲနှင့် စေတနာပါသော သူ၏အပြုအမူများသည်ပင် တစ်နည်းတစ်လမ်းအားဖြင့် အစွမ်းရှိနေသည့်အလား ဖြစ်သည်။

ဝှမ်ဖုန်းက ဝေသူချိန်လုပ်သမျှကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

ခဏမှာပင် ဝေသူချိန်က ဆေးလိမ်းပြီးသွားသည်။

"ခင်ဗျားဘောင်းဘီကို ခဏမထားဦးဗျ၊ ဆေးခြောက် သွားပစေဦး၊ အနာတော့ သက်သာသွားတယ်မဟုတ်လား"

ဝှမ်ဖုန်းက ခပ်ယဲ့ယဲ့ပြုံးသည်။

"အင်း....သက်သာသွားသလိုပဲဗျ၊ ဆေးကပဲစွမ်းတာလား၊ ဆရာကပဲစွမ်းသလား၊ တစ်ခုခုပဲ"

"ဆေးဆရာက နည်းနည်းပိုစွမ်းမယ်ထင်တယ်"

ဝေသူချိန်ကပြောပြီး ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရာ ငေသော သူ့ရယ်မောသံက ဝှမ်ဖုန်းကိုကူးစက်သွားသည့် ဝယ်သား ဝှမ်ဖုန်းကလည်း အားရပါးရရယ်မောသည်။

ဝေသူချိန်က သူ့အဝတ်အိတ်ကြီးထဲသို့ နှိုက်ပြန်သည်။

"သွားရလာရ တိုက်ရခိုက်ရနဲ့ ဆာတယ်ဗျာ၊ ဟောဒါက ယုန်သားခြောက်ကြပ်ကင်၊ ဟောဒါက ဆတ်သားခြောက်၊ မီးကင်မထားတော့ စားလို့မဖြစ်ဘူး"

သူက ဆတ်သားခြောက်များကို အိတ်ထဲသို့ပြန်ထည့်ပြန်သည်။ ထို့နောက် အိတ်ထဲသို့နှိုက်ပြန်ပြီး....

"ဟောဒါက ပျားသလက်၊ စားလို့ကောင်းတယ်ဗျ၊ ဟာ...နေဦး ဒီမှာ မချစ်ဥတွေရှိသေးတယ်၊ ခင်ဗျားစားစမ်းပါ၊ မသေဆေးမြစ်လို့ခေါ်တယ်၊ အားသိပ်ရှိတာ"

သူက ကြက်သွန်ဖြူဥနှင့်တူသော ဥသုံးလေးလုံးကို ဝှမ်ဖုန်းသို့ လှမ်းပေးလိုက်ပြီး ဝှမ်ဖုန်းကလှမ်းယူ၍ လရောင်ဖြင့် သေချာကြည့်လိုက်သည်။



"မချစ်ဥအစစ်ပဲ၊ အင်မတန်အဖိုးတန်တယ်၊ ခု ခင်ဗျား ပေးသမျှတင် မြို့ပေါ်မှာရောင်းရင် ရွှေဒင်္ဂါးဆယ်ပြားလောက် ရနိုင်တယ်"

"ဗျာ....ရွှေဒင်္ဂါးဆယ်ပြား ဟုတ်လား၊ ကျုပ်ဖြင့် မသိပေါင်ဗျာ၊ ခင်ဗျားပြောတဲ့အတိုင်းဆို ဟန်ကျပြီဗျို၊ ကျုပ်မှာ အဲဒါ တွေ ရှိနေသေးတယ်ဗျ၊ မနက်ဖြန်ကျမှ အဲဒါတွေရောင်းပြီး ထမင်းကောင်းကောင်းဝယ်စားရမယ်"

ဝေသူချိန်က အားရပါးရပြောနေရာ ဝှမ်ဖုန်းက သူ့ကို အငေးသားကြည့်ရင်း သက်ပြင်းချသည်။

"ရော့....ခင်ဗျားမချစ်ဥတွေ ပြန်ယူပါဗျာ၊ ကျုပ်မစားပါဘူး"

ပြောလိုက်ရာ ဝေသူချိန်က အလန့်တကြားပြန်ကြည့်လိုက်သည်။

"ဟာ....မဟုတ်တဲ့ဟာ၊ ကျုပ်မှာ အဲဒါမျိုးအလုံးနှစ်ဆယ်လောက် ရှိသေးဘယ်ဗျ၊ စားမှာစားစမ်းပါ၊ ကျုပ်က ထမင်းဟင်းကောင်းကောင်းမစားရလို့ ပြောလိုက်မိတာပါ၊ ခု ခင်ဗျားပြောသလိုဆိုရင် ကျုပ်မှာ ရွှေဒင်္ဂါးအများကြီး ရဦးမှာပဲ၊ စားစမ်းပါ"

ဝှမ်ဖုန်းမှာ ထမင်းဟင်းကောင်းကောင်း မစားရဟုဆိုသော ဝေသူချိန်ကို ကရုဏာသက်သလိုကြည့်ရင်း မချစ်ဥ တစ်လုံးကို အသာကိုက်စားလိုက်လေသည်။

မချစ်ဥ၏အရသာမှာ ခါးသက်သက်ရှိသည်။ သို့သော် အာနိသင်မှာ ထူးခြားထက်မြက်လှသည်။ စားပြီးခဏမှာ ပင်ပန်းနွမ်းနယ်ခြင်းများကို လျော့ပါးသက်သာစေနိုင်သည်။

"ခင်ဗျားမစားဘူးလား၊ ဟောဒီမှာ ပျားသလက်နဲ့ ရောစားပါလား၊ မအားဗျာ....အရက်ချိုလေးတစ်အိုးလောက် ရှိရင်တော့ သိပ်ကောင်းမှာပေါ့"

ဝေသူချိန်က သူကိုယ်တိုင်လည်းစား၍ ဝှမ်ဖုန်းကိုလည်း စားရန်တိုက်တွန်းသည်။

ဝှမ်ဖုန်းက ဝေသူချိန်ပြောသည့်အတိုင်း မချစ်ဥနှင့် ပျားသလက်ကို နည်းနည်းချင်း စားကြည့်ပြီး မစားတော့ဘဲ ဆိမ့်၍ချိုသည်။ ထို့နောက် သူတို့နှစ်ယောက်စလုံး ယုန်သား ခြောက်ကြပ်တင်ကိုပါ ရော၍စားကြပြီး ဝေသူချိန်တွင် ပါလာသော ရေဘူးမှရေကို မျှသောက်ကြသည်။

သူတို့နှစ်ယောက် စားသောက်ပြီးချိန်တွင်အရှက်ဦးကြယ်နီပင် တက်လာပြီ ဖြစ်သည်။

"ခုပုံအတိုင်းဆိုရင် နောက်သုံးလေးရက်နဲ့ ခင်ဗျား လမ်းကောင်းကောင်း လျှောက်နိုင်ဦးမှာ မဟုတ်ဘူး၊ ဒီကြားထဲမှာ ဟိုလူသုံးယောက်နဲ့ ပြန်မတွေ့ဘူးလို့ မပြောနိုင်ဘူး၊ ခင်ဗျားနားမှာ ကျုပ်ရှိနေဦးမှ ဖြစ်မှာ၊ ဒီလိုလုပ်ပါလားဗျာ ခင်ဗျား ကျုပ်နဲ့ ချီအန်းကိုလိုက်ခဲ့ပါလား၊ ကျုပ်တို့အဲဒီမှာ မချစ်ဥ တွေရောင်းပြီး ကောင်းကောင်းစား အနားယူကြတာပေါ့၊ မကောင်းဘူးလား"

ဝေသူချိန်က ရင်းနှီးပွင့်လင်းစွာ ပြောနေသည်။



ဝှမ်ဖုန်းသည် ရိုးသား၍ပွင့်လင်းလှသော ဝေသူချိန်ကိုခဏ ရင်း သောင်ပြင်ပေါ်တွင် လက်ညှိုးဖြင့် အရုပ်များရေးနေသည်။ ထို့နောက် သူရေးထားသော အရုပ်များကိုပြန်ငုံ့ကြည့်ပြီး....

"အမှန်အတိုင်းပြောရရင် ခင်ဗျားပြောတာတွေ ကြားရတာ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းလာတယ်ဗျ"

ရုတ်တရက်ပြောလိုက်ရာ ဝေသူချိန် လန့်သလို ဖြစ်သွားသည်။

"ဝမ်းနည်းတယ် ဟုတ်လား၊ ကျွန်တော့် စကားထဲမှာ ဘာများအမှားပါသွားလို့လဲဗျာ"

"မမှားပါဘူး၊ ကျွန်တော့်ခံစားမှု သက်သက်ပါ၊ လူဆိုတာ သဘာဝအရကိုက အဖော်အပေါင်းနဲ့နေချင်ကြတာမျိုး စောစောက ကျွန်တော်တို့နဲ့ တိုက်ခိုက်ခဲ့တဲ့လူတွေ သူတို့လဲ အုပ်စုဖွဲ့ကြတယ်၊ ကျွန်တော်တို့လဲ ကိုယ်နဲ့အနီးစပ်ဆုံးတွေ့တဲ့ လူကို ရှာပြီး အုပ်စုဖွဲ့တဲ့သဘောပဲ မဟုတ်လား၊ အခု လော လောဆယ်မှာ ခင်ဗျား ပြောတာဆိုတာ ကူညီလုပ်ကိုင်ပေး တာတွေ တွေ့ရတော့ စိတ်ထဲမှာ ဝမ်းနည်းလာတယ်၊ ဘာဖြစ် လို့လဲဆိုတော့ ကိုယ့်မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေခဲ့ရတဲ့ ဘဝကို သတိရလို့၊ ဒီခံစားချက်မျိုးဟာ အားငယ်မှုတစ် ပဲလားတော့ ကျွန်တော်မသိဘူး၊ ခံစားရတာတော့ အဲဒီ ပဲဗျာ"

ဝေသူချိန်ကလည်း နှင်းဖွေးသောလရောင် ကျဆင်းနေသည့် ချောင်းရိုးတစ်လျှောက် မျှော်ကြည့်ရင်း....

"ကျုပ်ဘဝကျတော့ အသက်နှစ်ဆယ်လောက်အထိ အမေနဲ့ နှစ်ယောက်ထဲပဲ နေခဲ့ရတယ်ဗျ၊ ကျွန်တော့် အမေကလဲ ဘာသိဘာသာပဲ နေလေ့ရှိတော့ ကျွန်တော့်မှာ အဖော်ရယ်လို့ မရှိဘူး၊ တစ်ခါတစ်ရံမှာလဲ အဘချွန်ဆိုတဲ့ တံငါသည်အဘိုးကြီးနဲ့စကားပြောရတယ်၊များသောအားဖြင့် ကျွန်တော်တစ်ယောက်တည်း စကားပြောပြီး နေရတာပဲ၊ အဲဒီတုန်းကတော့ ခင်ဗျားပြောသလိုပဲ၊ ကျုပ်လဲ လူသား အဖော်တွေနဲ့ ပျော်ပျော်ပါးပါး နေချင်ခဲ့တာပဲဗျ၊ တကယ်ကျတော့ အဲဒီလို အထီးကျန်ဘဝကနေထွက်ပြီး လူကြားထဲလဲ ရောက်ရော ရှုပ်လိုက်ကြတဲ့ဇာတ်ထုပ်၊ ကျုပ်မှာ အခုထိအစရှာလို့ မရသေးဘူးဗျာ၊ အင်း....တစ်ခုပြောစရာ ရှိတာပေါ့၊ အဲဒီလိုရှုပ်တဲ့ကြားထဲ ခင်ဗျားအပါအဝင် လူကောင်းခြောက်ယောက်နဲ့တော့ ကျုပ် သိကျွမ်းခဲ့ရတယ်၊ ဒါကိုပဲ အမြတ်လို့ဆိုရမှာပဲဗျာ"

"လူဆိုတာ မကောင်းပါဘူးဗျာ၊အထူးသဖြင့် ယောကျ်ားတွေက ပိုပြီးယုတ်မာကြတယ်"

ဝှမ်းဖုန်းက နာကြည်းစွာ ပြောလိုက်သည်။

ဝေသူချိန်က အံ့ဩစွာ လှမ်းကြည့်လိုက်ရင်း....

"ခင်ဗျားရော ကျွန်တော်ရော ယောကျ်ားတွေပဲ နော်၊ ဘယ်ကိစ္စမဆို ချွင်းချက်ရှိကြတာပဲ၊ ကျုပ်တော့ အသိတရားဆိုတာ ရှိနေသမျှ ယုတ်မာတဲ့ဘဝကို မရောက်စေရဘူးလို့ သန္နိဋ္ဌာန်ချထားတယ်"

ဝေသူချိန်၏ အသံက အနည်းငယ်ထန်သည်။



ဝှမ်ဖုန်းက ဝေသူချိန် စိတ်ဆိုးသွားသည်ဟု ထင်သည်။

"ကျွန်တော်ပြောတာ ယေဘုယျပါ၊ အများနဲ့ နှိုင်းပြောတဲ့အခါမှာ တစ်ထောင်ထဲက တစ်ယောက်ဟာ ပြောစရာမဟုတ်တော့ပါဘူး၊ ကျွန်တော်ဆိုလိုတာက ယောကျ်ားအများစုကြီးဟာ ယုတ်မာတယ် ကောက်ကျစ်တယ်၊ ဒါပေမယ့် ခင်ဗျားပြောသလို ခြွင်းချက်အဖြစ်နဲ့ ခင်ဗျားတို့လို ယောကျ်ားတွေ ရှိနေသေးတယ်"

ထို့နောက် နှစ်ယောက်စလုံး စကားစ ပြတ်သွားသည်။

ထိုအခိုက် ချောင်းရိုးတစ်လျှောက် ဆောင်းလေများ သုတ်ဖြူးလာသည့် အရှေ့ဘက်မှ ရောင်နီပျို့အန်လာသည်။ လင်းကာနီး၍လား မသိ။ နှင်းကလည်း ပိုမို၍ထူထဲစွာ ကျဆင်းလာသည်။

"အေးလာတော့ ခင်ဗျားအနာ မကိုက်ဘူးလား"

"ဟင့်အင်း...."

"ဒါဆိုရင် ခင်ဗျားအနာ တစ်ရက်နှစ်ရက်နဲ့ ပျောက်သွားမှာပါ၊ စောစောက ကျွန်တော်ပြောတဲ့အကြံကို ခင်ဗျား လက်ခံမှာလားဗျ"

ဝေသူချိန်က မေးလိုက်ရာ....

"ဘာများပါလိမ့်"

"ကျွန်တော်တို့နှစ်ယောက် ချီအန်မြို့ကိုသွားမယ်၊ မချစ်ဥတွေ ရောင်းပြီး ကောင်းကောင်းစား၊ ကောင်းကောင်း နားမယ်ဗျာ၊ ခင်ဗျား အနာပျောက်သွားမှ ကိုယ်သွားချင်ရာ သွားကြစို့...."

ဝှမ်ဖုန်းက ရယ်သည်။

"ကျွန်တော့်မှာ စိတ်ကူးတစ်ခု ပေါ်လာတယ်ဗျ၊ အဲဒါ ခင်ဗျားလက်ခံရင်တော့ သိပ်ကောင်းမှာပဲ၊ ဘယ်လိုလဲဆိုတော့ ကျွန်တော်က အိမ်ကထွက်လာခဲ့တာ ကိုးလလောက်ရှိပြီ၊ ခု ခင်ဗျားနဲ့တွေ့တဲ့အချိန်ကျမှပဲ အိမ်ကို ထူးထူးခြားခြား လွမ်းလာတယ်ဗျာ၊ ကျွန်တော် အိမ်ကိုခဏပြန်ချင်တယ်၊ အဲဒါ ခင်ဗျားလိုက်ခဲ့မယ်ဆိုရင် ဟိုမှာ ခင်ဗျား ထမင်းကောင်း ဟင်းကောင်းတွေ စားရမယ်လို့ ကျုပ် အာမခံတယ်ဗျာ၊ ဘယ့်နှယ်လဲ"

"ခင်ဗျားအိမ်က ဘယ်မှာလဲဗျ"

"ဟိုပေ ပြည်နယ်မှာ"

ဝေသူချိန်ကဲ မျက်မှောင်ကြုတ်သည်။ ဟိုပေပြည်နယ် ဘယ်ဆီမှာဆိုတာကို သူမသိ။

"အဝေးကြီးလား"

"ဝေးတော့ ဝေးတယ်၊ ဒါပေမယ့် သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး"

ဝှမ်ဖုန်းက ဝေသူချိန် လိုက်စေလိုသော ဆန္ဒမျိုးဖြင့် ပြောသည်။

"ခင်ဗျားအနားနဲ့ ဘယ်လိုလုပ်သွားမလဲဗျ"

"အာ....အလွယ်လေးပါ၊ မြင်းစီးပြီး သွားမှာပေါ့ဗျ"



"အင်း....ဘယ်နှစ်ရက်လောက် ကြာမလဲဗျ"

"မြင်းနဲ့ဆိုတော့ အသွားငါးရက် အပြန်ငါးရက် ဟိုမှာ ဆယ်ရက်လောက် နားမယ်ဗျာ၊ စုစုပေါင်း ရက်နှစ်ဆယ် လောက် ကြာမှာပေါ့၊ လိုက်မယ် မဟုတ်လား"

"အင်း....ထူးတော့ မထူးပါဘူးဗျာ၊ လိုက်ခဲ့ပါ့မယ်" ဝေသူချိန်က ခေါင်းညိတ်လိုက်ပြီး၊ ဆက်၍....

"နေပါဦးဗျ၊ မြင်းဝယ်ရအောင် ကျုပ် မချစ်ဥရောင်းလို့ ရတဲ့ ရွှေဒင်္ဂါးလောက်နဲ့ ရမှာလား"

ပြောလိုက်ရာ လူငယ်ဝှမ်ဖုန်းက ဟက်ဟက်ပက်ပက် ရယ် မောလိုက်ပြီး....

"ခင်ဗျားကို အဲ့ဒါကြောင့် ကျုပ်ခင်တာ၊ ဒါတွေ ခင်ဗျား တွေးပူမနေပါနဲ့ဗျာ၊ ကျုပ်တာဝန် ထားစမ်းပါ၊ ခင်ဗျားကို ထမင်းလဲ ဝယ်ကျွေးပါ့မယ်၊ ကဲ....ကျုပ်တို့ မိုးစင်စင် မလင်း ခင် မြင်းရအောင် သွားလိုက်ကြဦးစို့"

ဝှမ်ဖုန်းက အားယူ၍ မတ်တတ်ရပ်လိုက်သည်။ ဝေ ာက်စမ်း ကြည့်လိုက်ရာ သူ့အနားမှာ အတော်သက်သာနေသည်ကို တွေ့ ရ၏။

"ဆရာက သိမ်စွမ်းတော့ လမ်းလျှောက်လို့တောင် ရနေ ပြီ...."

ဝှမ်ဖုန်းက ပြောရင်း ချောင်းကမ်းပါးပေါ်သို့ တက်သွားသည်။

"ဖြည်းဖြည်း ဆရာရေ့၊ လိမ့်ကျပြီး ထပ်ကျိုးနေတော့မှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

ဝေသူချိန်က နေဒက်ပြောင်လိုက်သည်။

ထိုးကို

ထိုးကို

( ၂၀ )

ဒဏ်ရာရရှိပြီး ထွက်ပြေးလာခဲ့ရသော နတ်လေပြည် ဟွကိုချင်သည် မနက် နေထွက်တစ်မှုအချိန်တွင် ချိန်ကူးမြို့အနောက်မြောက်ဘက်ရှိ တောအုပ်တွင်းသို့ ရောက်ရှိနေသည်။သူ သည် ချုံနှင့် သစ်ပင်ပုများ၊ ထူထပ်စွာပေါက်ရောက်နေသော လျှိုတစ်ခုအတွင်းသို့ဝင်လိုက်ပြီး လုံခြုံစိတ်ချရမည့်နေရာကိုရွေးလိုက်သည်။

လျှိုမှာ အတော်ရှည်လျားဖုံ့ရသည်။ မြင်းခွာပုံရှိ၍ တစ်ဖက်ထိပ်နှင့် တစ်ဖက်ထိပ် မမြင်ရနိုင်။ဟွကိုချင်က လျှို၏ အလယ်ပိုင်းလောက်အထိ ဆင်းလာခဲ့ကာ နေရာရွေးလိုက်သည်။ ထို့

နေရာတွင် လျှို၏ကမ်းပါးစောင်းမှာ အမြင့်ဆုံးဖြစ်နေသည်။ လျှိုအတွင်းမှ သစ်ပင်ထိပ်များမှာ လျှိုကမ်းပါးနှင့်အညီ ဖြစ်နေ၏။ သူက သေချာလိုက်ကြည့်ရာ သစ်ဆိမ့်ပင်တစ်ပင်၏ [illegible]ကိုင်းတစ်ကိုင်းနှင့် ကွယ်နေသော ကမ်းပါးစောက်မှ [illegible]က်တစ်ခုကို မြင်လိုက်သည်။ ဟွကိုချင်က သစ်ဆိမ့် [illegible] တွယ်တက်လာခဲ့သည်။ သူမြင်ခဲ့ရသော လိုဏ် [illegible]ာ လူနှစ်ယောက် အိပ်သာရုံမျှသာရှိသော ကျောက်ဂူ [illegible]ာနံ ချိုင့်တစ်ခုဖြစ်သည်။ လူတစ်ယောက်အနေဖြင့် ထိုနေရာတွင် ကောင်းကောင်း ပုန်းကွယ် အနားယူနိုင်ပေလိမ့်မည်။

ဟွကိုချင်က သစ်ဆိမ့်ကိုင်းမှတစ်ဆင့် ထိုနေရာသို့ ရောက်ရှိသွားသည်။ သစ်ဆိမ့်ကိုင်းများသည် ထိုနေရာကို အကာအကွယ်ပေးလျက်ရှိသည်။ ထို့ပြင် လိုဏ်မှာ ချောက်ထိပ်နှင့် သုံးပေမျှအကွာတွင်ရှိရာ ထိုနေရာမှထိုင်ကြည့်လျှင် တစ်ဖက် ချောက်နှုတ်ခမ်းထိပ်ပေါ်ရှိ မိုးမခပင်ကြီးနှင့် အနီးတစ်ဝိုက်ကို မြင်ရသည်။

နှုတ်လေပြည်ဟွကိုချင်က အနီးတစ်ဝိုက်၏ အနေအထားကို သေချာအကဲခတ်လိုက်ပြီးမှ ရလာခဲ့သောဒဏ်ရာကို သေချာကြည့်လိုက်သည်။

သူ့ဘယ်ဘက်ပခုံးတွင် စိုက်နေသည်မှာ ဓား မြှောင်တစ်ချောင်း မဟုတ်ချေ။ မိန်းကလေးများအသုံးပြုသော ငွေဆံထိုးကလေးတစ်ချောင်းသာ ဖြစ်သည်။ ငွေဆံထိုးမှာ အတွင်းသားကောင်းကောင်းဖြင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ရာ၊ အရင်းပိုင်း၊



လက်မဝက်ခန့်သာ ကျန်တော့သည်။ ပခုံးကိုသာ မဟုတ်ဘဲ၊ လည်ပင်းထဲသို့သာစိုက်ဝင်ခဲ့လျှင် နေရာတွင်ပင် သူသေဆုံးသွားပေလိမ့်မည်။

ယခုပင်လျှင် ထိုဒဏ်ချက်ဖြင့် ပခုံးမှဘယ်ဘက်လက်မောင်းတစ်လျှောက် ထုံကျဉ်ကိုက်ခဲ၍နေသည်။

ဟွကိုချင်က အံကြိတ်လိုက်ပြီး စိုက်ဝင်နေသောငွေဆံထိုးကို ဆွဲနုတ်လိုက်သည်။

သုံးလက်မမျှရှိသော ငွေဆံထိုးပင်။

ဟွကိုချင်က သူ့ခေါင်းကိုသောက်ခဲ့ပြီဖြစ်သော ငွေဆံထိုးကို တယုတယသိမ်းထားလိုက်၍ ငွေဆံထိုးရှင်သည် သူ့ကို အညိုးကြီးကြီးနှင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ထိုလူကို သူမြင်ခဲ့ရသည်။ လူငယ်တစ်ယောက်။ ခမောက်ဝိုင်းကို ဆောင်းထား၍ မျက်နှာကိုသေချာမမြင်ရသော်လည်း သူ့အား သေစေချင်လောက်သော ရန်သူများထဲတွင်ထိုလူမျိုး မရှိသည်ကို ဟွကိုချင် စဉ်းစားမိသည်။

သို့ပင်လျက် ထိုလူငယ်သည် သူ့အား လူယုတ်မာဟုဆိုလျက် မိန်းကလေးများအသုံးပြုလေ့ရှိသော ငွေဆံထိုးဖြင့် အဘယ်ကြောင့် ပစ်ခတ်ရလေသနည်း။

သူ့ဘဝတွင် အဘယ်လူကောင်းတစ်စုံတစ်ဦးကိုမျှ မျက်ရည်ပေါက် ကြီးငယ်ကျအောင် စော်ကားမော်ကားပြုခဲ့ဖူးသည် မရှိ၊ သူ့အားသေစေချင်သောလူမှာ သူနှင့်ငြိုးသူရန်ဘက်ပမာရှိသော အနက်ရောင်သိုင်းသမားကြီးများ၏ အဆက်အနွယ်အထဲကပေပင်လော။

ဟွကိုချင် တွေးမရချေ။

ထိုစဉ် ဒဏ်ရာမှ တစစ်စစ် နာကျင် ကိုက်ခဲလာသည်။ လက်မောင်းကြော တစ်ခုခုကို ထိသွားပုံဖြင့် ဘယ်ဘက် လက်မောင်း တစ်ခုလုံးကလည်း ကိုက်ခဲ ရောင်ရမ်းလာသည်။

ဟွကိုချင်က ဒဏ်ရာကိုကြည့်လိုက်ရာ သွေးမထွက်ဘဲ သေးငယ်သော အပေါက်ကလေးတစ်ခုအဖြစ်နှင့်သာ ရှိနေသည်ကို မြင်ရသည်။ ဤဒဏ်ရာမျိုးသည် အနာဝပိတ်လျက် ရက်ရှည်လများ ဝေဒနာခံစားရတတ်သည်။ သူက သွေးထွက်လိုထွက်ငြား အနာကိုညှစ်ကြည့်သည်။သွေးကား တစ်စက်မျှမထွက်။

ဟွကိုချင်က အိတ်ထဲမှဆေးလုံးတစ်လုံးကို ထုတ်လိုက်ပြီး အနာဝတွင် အုံလိုက်သည်။ စပ်ဖျဉ်းဖျဉ်းဝေဒနာကို ခံစားရသည်။ ဆံထိုးတွင် အဆိပ်သုတ်လိမ်းမထားသည်မှာ အလွန်ကံကောင်းလှသည်။ သူ့တွင် အဆိပ်ဖြေဆေးကောင်းကောင်း မရှိ။

သူက အိပ်စက်အနားယူမည်ဟု စိတ်ကူးဝင်လိုက်သည်။

ထိုအချိန်မှာပင် ဟွကိုချင်၏ စူးရှသော မျက်လုံးများက တစ်ဖက်လျှိုထိပ် မိုးမခပင်အောက်တွင် တစ်စုံတစ်ယောက်ကို မြင်လိုက်ရလေသည်။

ထိုလူမှာ ကုပ်တိုတို၊ ပခုံးကျယ်ကျယ်နှင့်အောက်ပိုင်းရှူး၍ ခပ်ပုပု လူတစ်ယောက်ဖြစ်သည်။

မျက်နှာမှာမူ လူအရေခွံမျက်နှာဖုံး စွပ်ထားပုံရသည်။ မည်သည့် ခံစားချက်ကိုမှ ဖော်ပြခြင်းမပြုသော မျက်နှာသေ



တစ်ခုဖြစ်သည်။ ထိုမျက်နှာကို ဟွကိုချင် ကောင်းကောင်းမြင်ဖူးသည်။

ဟုတ်ပြီ။

ဟိုပေ ပြည်နယ်အတွင်းရှိ တောကြီးတစ်ခုအတွင်း....။

မိန်းကလေးငယ်တစ်ဦးနှင့် ထိုမျက်နှာသေနှင့်လူ။

ဟွကိုချင်ရင်ထဲမှာ ဒေါသ ဟုန်းခနဲကြွလာသည်။ သူက အမှတ်တမဲ့ လက်ကိုထောင်လိုက်မိရာ ဘယ်ဘက် လက်မေ(ာင်း)ပါ မှာ အတော်ပင်နာကျင်သွားသည်။

ဟွကိုချင် သတိပြန်ဝင်လာသည်။

ထိုလူ၏ သိုင်းပညာအဆင့်ကလည်း ပေါ့သေး(သ)၊ ပြီးတော့ ယခုလိုအချိန်တွင် သူ့အနေဖြင့် ထိုလူကိုနိုင်ချင်မှပင် နိုင်(ပေ)မည်။ ထို့ပြင်ဤလူသည် ဤတောတွင်းသို့ ဘာကိစ္စနှင့်လာလေသည်မသိ၊ သူ့တွင် တခြားအဖော်များ ပါလာနိုင်သည်။ သို့မဟုတ် အချိန်းအချက်ပြုထားသော အဖော် ရှိနေနိုင်သည်။

ဟွကိုချင်က မသေချာသော အလုပ်ထက် အလွန်သေချာသော စောင့်ဆိုင်း ကြည့်ရှုခြင်းအလုပ်ကို လုပ်ရန်ဆုံးဖြတ်လိုက်သည်။ သူက ပေတစ်ရာမျှပင်မကွာသော နေရာမှ ထိုလူကို သေချာစောင့်ကြည့်နေလိုက်သည်။

ထိုလူသည် မိုးမခပင်ကြီးအောက်တွင် ခြေစုံရပ်၍နေပြီဖြစ်သည်။

ထိုလူသည် မည်သည့်အရပ်နေရာကိုမျှ ကြည့်ရှုခြင်းမရှိဘဲ ခေါင်းကိုငုံ့ငုံ့ပြု၍ ရပ်နေ၏။

ခဏအကြာတွင်....

"သခင်ကြီး....ကျွန်တော်ရောက်ပါပြီ"

အသံခပ်ကျယ်ကျယ်နှင့် ပြောလိုက်သည်။

ဟွကိုချင် အံ့ဩသွားသည်။ သူ့အနေဖြင့် အလင်းရောင်ကောင်းစွာရှိနေသော ထိုလူ၏အနီးပတ်ဝန်းကျင် တစ်ဝိုက်တွင်မည်သူ့ကိုမျှ မမြင်ရသောကြောင့် ဖြစ်သည်။ ထို့ပြင် ထိုမျက်နှာသေနှင့် လူ၏ပုံစံမှာ အလွန်ကြောက်ရွံ့ ရိုသေရသောမြင်ငိုသခင်၏ရှေ့တွင် ရောက်ရှိနေသကဲ့သို့ ရိုသေကျိုးနွံသောလများ ပြည့်အဝ ဆောင်ယူထားသော ကြောင့်လည်း ဖြစ်ထွက်ငြား၏။

မျက်နှာသေနှင့်လူက အသံပြုလိုက်သော်လည်း ပတ်ဝန်းကျင်၌ မည်သည့်အသံမျှ ပြန်လည်ထွက်ပေါ်လာခြင်း မရှိဘဲ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

မျက်နှာသေနှင့်လူက ထပ်မံအသံပြုမည့်ဟန် ပြင်လိုက်သည်။ ထိုစဉ်....

"မင်း ဘာပြောစရာရှိသလဲ....ပြောစမ်း"

စူးရှသေးကျစ်သော အသံတစ်သံ ထွက်ပေါ်လာသည်။

ထိုအသံမှာ ထူးဆန်းသော အတွင်းစွမ်းအားတစ်မျိုးဖြင့် ထိန်းချုပ်ပြောကြားနေခြင်းမျိုးဖြစ်ရာ ဘယ်ဆီဘယ်အရပ်မှ ပြောကြားနေသည်ကို ခန့်မှန်း၍မရနိုင်အောင် ဖြစ်နေသည်။

မျက်နှာသေနှင့်လူက ငုံ့မြဲငုံ့နေရင်း....

"ဒီနေ့မနက် ဝေလီဝေလင်းမှာ သခင်ကြီးမှာထားတဲ့လူ ချီအန်မြို့တွင်းကို ဝင်လာခဲ့ပါတယ်"

"သူတစ်ယောက်တည်းပဲလား"



စူးရှသေးကျစ်သောအသံက ပြန်မေးသည်။

"နှစ်ယောက်ပါ သခင်ကြီး၊ တစ်ယောက်က သူ့ထက်ငယ်ပါတယ်၊ မြင်ဖူးသလိုရှိပေမယ့် သူ့ကို ဘယ်သူမှန်း ကျွန်တော် မသိပါဘူး"

"ဟုတ်ပြီ၊ ဆက်ပြောစမ်း"

"သူတို့နှစ်ယောက် ချီအန်မြို့တွင်းသို့ ဝင်လာပြီး မြင်းနှစ်ကောင်ဝယ်ပြီး ချက်ချင်းပဲ မြို့တွင်းက ပြန်ထွက်သွားပါတယ်"

"ဘယ်ကိုသွားမှာတဲ့လဲ"

"အဲဒါကို စုံစမ်းလို့ မရသေးပါဘူး သခင်ကြီး၊ ပြီးတော့ အဲဒီလူနှစ်ယောက်ဟာ ချီအန်မြို့တွင်းကို အလာလမ်းမှာ ရှင်ပျက်ဘာစွေသုံးဖော်နဲ့ တိုက်ခဲ့ကြတယ်လို့သိရပါသေးတယ်"

"အင်း....ဒီတော့...."

"ဒီတော့ အဲဒီတိုက်ပွဲမှာ သခင်ကြီးစောင့်ကြည့်ခိုင်းထားတဲ့ လူကြောင့် ရသေ့မင်ယီမှာ အတွင်းဒဏ်ရာရသွားတယ်လို့ သိရပါတယ်"

"ဒီသတင်း မဖြစ်နိုင်ဘူး"

အသံရှင်က မှတ်ချက်ချသည်။

"ကျွန်တော်ကိုယ်တိုင်မမြင်ရပေမယ့် ဒီသတင်းဟာ အလွန်ခိုင်လုံပါတယ် သခင်ကြီး"

တစ်ဖက်မှ တိတ်ဆိတ်နေသည်။

"ပြီးတော့ညကမရဏပလေ့ရှင်ဝူဖန်နဲ့နတ်လေပြည်ဟွကိုချင် တိုက်ခိုက်ကြလို့ မရဏပလေ့ရှင်ဝူဖန် ရှုံးနိမ့်လုဆဲဆဲမှာ လူ

တစ်ယောက်ကြောင့် ဟွကိုချင် ဒဏ်ရာရပြီး ထွက်ပြေးသွား ပါတယ်တဲ့"

"ဒါတွေထားလိုက်စမ်းပါ"

လျှို့ဝှက်အသံရှင်က ခပ်ဆတ်ဆတ်ပြောလိုက်သည်။

ထိုအခါ မျက်နှာသေနှင့်လူ၏ခန္ဓာကိုယ် ဆတ်ခနဲတုံ့သွားသည်ကို ဟွကိုချင် သေချာမြင်လိုက်ရသည်။

"မင်းလုပ်ရမှာက မြကျောက်ရှင် သူ့ဆီမှာရှိတယ်ဆိုတဲ့ သတင်းကို များများလွှင့်ပေးဖို့၊ ပြီးတော့ သူဘယ်မှာရှိနေတယ် ဆိုတာ သိုင်းသမားတွေ သိနေအောင်လုပ်ပေးဖို့"

"ကျွန်တော် အမြဲတမ်း ကြိုးစားပါတယ် သခင်ကြီး"

မျက်နှာသေနှင့်လူက ဖြတ်ပြောလိုက်သည်။

"ဒီစကားက ကျေနပ်စရာမှ မဟုတ်တဲ့၊ မင်း အသုံးမကျလို့ ဒီကောင် ဘယ်ကို ပျောက်သွားတယ်ဆိုတာ ငါမသိခဲ့ရဘူး၊ အခု ဒီကောင် ဘယ်ကိုထွက်သွားမှန်းလဲ မသိလိုက်ရပြန်ဘူး၊ ငါမကြည့်ရင် မင်း ဘယ်လိုဖြစ်မယ်ဆိုတာ မင်း သိတယ် မဟုတ်လား"

"သိ....သိ....သိပါတယ် သခင်ကြီး၊ ကျွန်တော်...."

"တော်ပြီ၊ အပိုစကားတွေ ငါမကြားချင်တော့ဘူး၊ နောက်တစ်ခါ မင်း တာဝန်မကျေရင် မင်းဒုက္ခဖြစ်ပြီသာ အောက်မေ့ပေတော့"

"သ....သ....သခင်ကြီး"

မျက်နှာသေနှင့်လူမှာ တုန်ယင်နေသည်။



"မင်းအတွက်ဆေးကို ချီအန်မြို့တောင်ဘက်က သစ်ပုတ်ပင်ခြုံကြားမှာ ငါတင်ထားမယ်၊ ဒီနေ့ တစ်နေ့လုံးကနေ သုံးရက်မြောက်နေ့ မနက်အရုဏ်တက်မှာ မင်းလာယူပေတော့"

ပြောရင်းနှင့် လျှို့ဝှက်အသံရှင်၏အသံက တစ်စတစ်စ ဝေးကွာသွားသည်။

မျက်နှာသေနှင့်လူသည် ကြက်သေ သေနေသည့်အလား အတန်ကြာ ရပ်ကြည့်နေပြီးမှ မိုးမခပင်ကြီးအောက်မှ ခပ်သုတ်သုတ် ထွက်သွားသည်။

ဟွကိုချင်က မျက်လုံးကိုမှိတ်၍ ထိုလူနှစ်ယောက်ပြောသွားသော စကားများကို စဉ်းစားနေသည်။

ဘာတစ်ခုမျှ မည်မည်ရရမသိနိုင်ဘဲ ဟွကိုချင် အိပ်ပျော်သွားသည်။

## ( ၂၀ )

ဟွကိုချင် အိပ်ရာမှ နိုးလာသည်။

ညနေပိုင်းကိုပင် ရောက်နေပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ခါတိုင်း အိပ်ရာမှနိုးထလာသကဲ့သို့ အားသစ်ခွန်သစ်များဖြင့် တိုးပွားလန်းဆန်းခြင်းရှိမနေသည်ကို သတိပြုမိလိုက်သည်၊

ခန္ဓာကိုယ် ဘယ်လက်တစ်ခြမ်းလုံး နာကျင်နေသည်။ အထူးသဖြင့် ဒဏ်ရာရသည့်ပခုံးမှ ဘယ်ဘက် လက်ချောင်းကလေးများအထိ ညိုမည်းရောင်ကိုင်းနေသည်ကို မြင်ရသည်။ သူက နာကျင်ရှုံ့မဲ့စွာ ထထိုင်လိုက်ပြီး ဘယ်ဘက်လက်ချောင်းကလေးများကို ဆုပ်ချည်ဖြန့်ချည် ပြုလုပ်လိုက်သည်။



နာကျင်သော်လည်း ဆုပ်၍ဖြန့်၍ရသည်၊ သို့ဆိုလျှင် အခြေအနေမဆိုးနိုင်။

ဟွကိုချင်က ဘုမသိဘမသိနှင့် သူ့အား ဓင့္ဂဆံထိုးနှင့် ပစ်သွားခဲ့သူကိုမှန်း၍ ရေရွတ်ကျိန်ဆဲလိုက်သည်။ သူသည် ပျော်ရွှင်စွာရယ်မောတတ်သူ၊ တရုတ်ပြည် တစ်နံတစ်လျားအကြွင်းအကြားထိ လှည့်လည်သွားလာနေရသည်ကို နှစ်သက်သဘောကျသူ၊ ယခု သူ့တွင် သူမသိသောလူငယ်တစ်ယောက်၏ လက်ချက်ဖြင့် ဒဏ်ရာရနေချေပြီ။

ဟွကိုချင်က ရှည်လျားစွာသမ်းဝေလိုက်ပြီး အမှတ်တမဲ့ ဇက်ကြောလျှော့သည့်အနေဖြင့် ခေါင်းကို လှည့်လိုက်ရာ ပခုံးဒဏ်ရာကြောင့် အတော်နာကျင်သွားသည်။

"တောက်....တော်တော်ဒုက္ခပေးတဲ့ဒဏ်ရာပါလား"

သူက ညည်းတွားပြောဆိုလိုက်ပြီးနောက် ပခုံးဒဏ်ရာနှင့် ပင် သစ်ဆိမ့်ပင်ကိုင်းမှတစ်ဆင့် လျှိုထဲသို့ ပြန်ဆင်းခဲ့သည်။ ထို့နောက် သစ်ပင်တစ်ပင်မှတစ်ဆင့် တစ်ဖက်လျှိုကမ်းပါးထက်သို့ တက်လာခဲ့ပြန်၏။

မျက်နှာသနှင့်လူရပ်ခဲ့သည့် မိုးမခပင်ကြီးအောက်သို့ လျှောက်လာခဲ့သည်။

မိုးမခပင်ကြီးကား ဤနားတစ်ဝိုက်တွင် ထီးထီးမားမားကြီးမားမြင့်ရှိုင်းလှသည်။ လောင်းရိပ်ကြောင့် ပင်ခြေပတ်လည် ပေငါးဆယ်မျှအတွင်းတွင် တခြား သစ်ပင်ချုံပုတ်ဟူ၍လည်း မရှိ။

ဟွကိုချင်က သစ်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။ ကြီးမားမသာကိုင်းမ၊ ကိုင်းလက်၊ ကိုင်းတက်များရှိသော်လည်း သူကြားခဲ့ရသောအသံရှင်သည် ဤသစ်ပင်ကြီးပေါ်မှ ပြောကြားခဲ့ခြင်းလည်းမဖြစ်နိုင်၊ အသံရှင်သည် နောက်ဆုံးစကားများကိုပြောကြားခဲ့စဉ်၌ပင် အဝေးသို့ ထွက်သွားခဲ့ပုံဖြင့် အသံတိုး၍ ပျောက်ကွယ်သွားခဲ့သည်။

ထူးခြားသောအသံရှင်သည် ဤအနီးပတ်ဝန်းကျင်တစ်ဝိုက် လျှို့ဝှက်သောတစ်နေရာမှ ပုန်းကွယ်ပြောကြားခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။

ဟွကိုချင်က ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

သူလာခဲ့သည်က မိုးမခပင်၏အရှေ့ဘက် ပေတစ်ရာမျှပင်မကွာသော ချိုင့်ဝှမ်းဖြစ်သည်။ တောင်ဘက်နှင့်မြောက်ဘက်သို့ ခပ်ပြေပြေဆင်းသွားသော မြေအနေအထားမျိုးဖြစ်သည်။ သစ်ပင်များရှိသော်လည်း အမြင့်ရှင်းပြီး မိုးမခပင်၏ အနောက်ဘက်မှာမူ တဖြည်းဖြည်းမြင့်မောက်လာသွားသော အနေအထားမျိုးဖြစ်၍ ထိုဘက်တွင် ဝါးရုံကြီးများသိပ်သည်းစွာ ပေါက်နေသည်။

ဟွကိုချင်က အနောက်ဘက်သို့ လျှောက်လာခဲ့သည်။

သူသည် ဒဏ်ရာရနေလင့်ကစား နတ်လေပြည်ဟူသော အမည်နှင့်လိုက်အောင်ပင် ခြေကြွခြေချ အလွန်ညင်သာ၏။ ရိုးရိုးသာမန်လူတစ်ယောက်အနေဖြင့် သူ အမှုမဲ့အမှတ်မဲ့ ဝါးသည်လာသည်ကိုပင် မသိနိုင်ချေ။



ယခု သူက သတိထား၍သွားနေခြင်းဖြစ်သည်။

ခဏတွင် ဝါးရုံပင်များရှိရာသို့ လျှောက်လာသည်။ ဝါးရုံများမှာ ခုတ်သူမရှိဘဲ ထွားချင်တိုင်းထွားနေရာ ဝါးရုံတစ်ရုံလျှင် အချင်းပေငါးဆယ်ခန့်မျှအထိပင် အစုအအုံကြီးရှိနေသည်။ ထိုသို့သော ဝါးရုံကြီးများ နီးကပ်စွာတည်ရှိနေရာ၊ ထိုနေရာမျိုးတွင် လူတစ်ယောက်ပုန်းကွယ်နေနိုင်ရန်မှာ ဘာမျှခက်ခဲစရာမရှိတော့ချေ။

ဟွကိုချင်က ဝါးရုံသုံးလေးခုကို ဖြတ်လာခဲ့သည်။ ထိုစဉ် သူက မိန်းကလေးများ၏ စကားပြောသံများကို ကြားလိုက်ရလေတော့သည်။

ဟွကိုချင်က ပိုမို၍သတိထားလိုက်ပြီးလျှင် အသံကြားရာဘက်သို့ ဆက်လျှောက်လာခဲ့သည်။ နောက်ထပ် ဝါးရုံကြီးသုံးခုကို ကျော်လာပြီးသည့်အခါတွင် မြေမှာ ခပ်စိုက်စိုက်နိမ့်ဆင်းသွားကာ ဝါးရုံများမရှိတော့ဘဲ မြင်းစာရွက်ပင်နှင့်တူသော အပင်များ ပေါက်နေသည်ကိုမြင်ရသည်။

ဟွကိုချင်ကြားရသော စကားပြောသံများမှာ ထိုနေရာတွင် တစ်စုံတစ်ခုလုပ်နေသော မိန်းကလေးနှစ်ယောက်၏ စကားပြောသံများပင်ဖြစ်ရာ ဟွကိုချင်က ဝါးရုံပင်ဘေးတွင် ကပ်၍ ထိုင်ချလိုက်ရင်း အသာ ချောင်းကြည့်နေလိုက်သည်။

မိန်းကလေးနှစ်ယောက်မှာ ဤဘက်သို့ တစ်ကျော့ပြန်၍ လာကြသော ပန်ကူးကျန်နှင့် အဖော်မိန်းကလေး ငယ် ရီရှုရှင်တို့ ဖြစ်သည်။

ရီရွှံရှင်သည် ပစ်ခတ်၍ရရှိသွားသော တောကြက်ဖ တစ်ကောင်ကို အမွှေးနုတ်နေ၏။ သို့သော် သူမမှာ ကျွမ်းကျင်မှုမရှိသဖြင့် ခရီးမတွင်ဘဲရှိနေသည်။

ဖရိုဖရဲနှင့် ရီရွှံရှင်လုပ်ကိုင်နေပုံကိုကြည့်၍ ပန်ကူးကျွန်က ရယ်မောနေ၏။

"မမ"

ချွေးပြန်နေသောရီရွှံရှင်က ခေါ်လိုက်သည်။

"ဘာလဲ....ငါ့ကိုခိုင်းမလို့လား"

ပန်ကူးကျွန်က ရယ်မောရင်းပြန်မေးသည်။

"မဟုတ်ပါဘူးမမရဲ့၊ ကျွန်မက အစ်ကိုချိန်ကိုသတိရလို့ ပြောမလို့ပါ"

ရီရွှံရှင်ကပြောလိုက်ရာ ပန်ကူးကျွန်က အရယ်ရပ်လိုက်ပြီး....

"အံမယ်....ညည်းက သူ့ကိုသတိရနေတာပေါ့ ဟုတ်လား"

"ကျွန်မသတိရတာက ရိုးရိုးပါ"

"အံမယ်....ဘယ်သူက ဆန်းဆန်း သတိရနေလို့လဲ၊ ရီရွှံရှင်ရေ"

ပန်ကူးကျွန်က အနားမှခဲနှင့် ပေါက်မည်ပြုရာ ရီရွှံရှင်က ခေါင်းကလေးပုဝင်ရင်း....

"ကျွန်မက အကောင်းပြောတာပါ မမရဲ့၊ အစ်ကိုချိန်က ဟင်းလျာကိုလဲ ရှာရှာဖွေဖွေတွေ ချက်တတ်တယ်။

"ကျွန်မတို့တစ်တွေ တောထဲမှာနေခဲ့ကြတုန်းက အစ်ကိုချိန်က ထူးထူးဆန်းဆန်းတွေ ချက်ကျွေးတာစားခဲ့ကြရတယ်



မဟုတ်လား၊ အခုလဲ ညီမက ကြက်ကို မကိုင်တတ်ကိုင်တတ်နဲ့ ကိုင်ရတော့ အစ်ကိုချိန်ကိုသတိရပြီး ပြောမိတာပါ"

သေချာ ရှင်းပြလိုက်သည်။

ပန်ကူးကျွန် တွေဝေသွားသည်။

"ဟုတ်တယ်ဟယ်....သူလဲအခုံ ဘယ်များရောက်နေလဲ မသိဘူး"

ပန်ကူးကျွန်က ပြောလိုက်ရာ ရီရွှံရှင်က သူမမြင်အောင် ပြုံးသည်။ သို့သော် ခဲနှင့်အပစ်ခံရမည်စိုးသဖြင့် စကားနှင့်ကား ပြန်မပြောရဲ။ ခဏမျှကြာသောအခါ သူမ လက်ထဲမှ တောကြက်ဖအသေကောင်မှာ အမွှေးတစ်ပင်မျှ မရှိတော့ဘဲ ပြောင်တလင်းခါသွားသည်။

သူမ ကြက်ရင်ကိုခွဲ၍ ဝမ်းတွင်းမှ အညစ်အကြေးများကို ထုတ်သည်။

ကျွမ်းကျင်မှုမရှိသဖြင့် သူမ၏တစ်ကိုယ်လုံးတွင် သွေးစက်များ ပေကျံကုန်၏။

"အစ်ကိုချိန် ဆိုရင်တော့ ဒါကို စားကောင်းအောင် အမျိုးမျိုး စီမံမှာပဲ၊ ကျွန်မကတော့ မီးနဲ့ပဲကင်တတ်တယ်၊ အစ်ကိုချိန် ကျွေးယူခဲ့တဲ့ လက်ရာတစ်ခုခုကို အောက်မေ့ပြီး စားရင် အရသာရှိမှာပါပဲ"

သူမက ပန်ကူးကျွန်ကို မထိတထိစ လိုက်ခြင်း ဖြစ်သည်။ သို့သော် ပန်ကူးကျွန်မှာ သူ့အတွေးနှင့်သူရှိနေရာ ရီရွှံရှင်ပြောသည်ကို သေချာမကြားလိုက်ဘဲ ရှိနေသည်။

ရီရှုံရှင်က သူမဘာသာပြုံးရင်း ကြက်ကိုမီးကင်ရန် ပြင်ဆင်သည်။ သူမက မီးဖိုဖိုလိုက်ပြီး ကြက်သေကို ဝါးညှပ်ဖြင့်ညှပ်၍ မီးဖိုနားတွင် စိုက်လိုက်သည်။ ထိုကိစ္စပြီးချိန်တွင် ရီရှုံရှင်မှာ ပြာမှုန့်များ သွေးစက်များ လူးပေကာ မြင်မကောင်းအောင် ဖြစ်နေပြီး ချွေးများလည်း ထွက်နေသည်။

ရီရှုံရှင်က အပေါ်အင်္ကျီကို ချွတ်လိုက်သည်။

"ကျွန်မတော့ ရေချိုးရမှ ဖြစ်တော့မယ် မမရေ"

သူမက အပေါ်အင်္ကျီကို အနီးရှိချုံတစ်ချုံပေါ်သို့ တင်လိုက်ရင်း ပြောလိုက်၏။ ထိုစဉ်....

"ဖြောင်း...."

"အား...."

ရိုက်နှက်သံ၊ အော်သံများ ထွက်ပေါ်လာရာ ရီရှုံရှင်မှာ ကပျာကယာ အပေါ်အင်္ကျီကို ပြန်ဝတ်လိုက်ပြီး အသံကြားရာ ဆီသို့ ကြည့်လိုက်သည်။

ရီရှုံရှန်က ဝါးလုံးတစ်လုံးကို ကိုင်ထားပြီး၊ သိမ်းငှက် မျက်နှာဖုံးနှင့် လူတစ်ယောက်က အရိုက်ခံလိုက်ရပုံ ရှိသော သူ့ဘယ်ဘက်ပခုံးကို ညာလက်ဖြင့် ကိုင်၍ ရပ်နေသည်ကို မြင်လိုက်ရသည်။

ပန်ကူးကျန်ရော ရီရှုံရှင်ပါ ထိုနေရာသို့ ပြေးသွားပြီး မျက်နှာဖုံးရှင်နှင့်လူကို ဝိုင်းထားလိုက်ကြသည်။

"ရှင် ဘယ်လိုလူလဲရှင့်"

ရီရှုံရှန်က ဝါးလုံးကိုအသင့်မြှောက်ကိုင်ထားရင်း ဒေါနှင့်မောနှင့် မေးလိုက်သည်။



"အဲဒီမေးခွန်းက ဘယ်လိုဖြေရမှာလဲ"

ဘယ်ဘက်ပခုံးအလွန်နာကျင်သွားပုံရသောမျက်နှာဖုံးနှင့် လူက ပြန်မေးသည်။

"ရှင် ဘာဝေလည်ကြောင်ပတ်လုပ်တာလဲ၊ ဒီမှာ ဘာလာ လုပ်နေတာလဲ"

"ချောင်းနေတာ"

ထိုလူက လွတ်ခနဲပြောလိုက်ပြီး သူ့ဘာသာ ပါးစပ်ပေါက်လောင်း ဖြစ်သွားပြန်၏။

"ဟင်....ချောင်းနေတာ....ဟုတ်လား၊ ရှင် တယ်ယုတ်မာ ပါလား၊ ကဲ....ကဲ...."

ရီရှုံရှန်က ဝါးလုံးပိုင်းဖြင့် ဆင့်၍ ရိုက်လိုက်ပြန်သည်။ သို့သော် ယခုအချိန်တွင်မူ မျက်နှာဖုံးနှင့်လူမှာ သတိထားနေသည် ဖြစ်ရာ ရီရှုံရှန် ရိုက်နှက်သည်ကို လွတ်အောင်တိမ်းရှောင်လိုက်သည်။ ထိုလူ တိမ်းရှောင်ပုံမှာ အလွန်သေသပ်လှပသဖြင့် ပန်ကူးကျန်က လက်ဟန်ပြ၍ ရီရှုံရှန်ကို တားလိုက်ပြီး....

"နေစမ်းပါဦး၊ ရှင်က ဒီမှာဘာလာလုပ်နေတာလဲ"

သူမကိုယ်တိုင် မေးလိုက်သည်။

ဟွကိုချင်မှာ ဒဏ်ရာနေရာကို အရိုက်ခံရသဖြင့် အလွန် နာကျင်နေသည်။

အကယ်၍ သူ့မျက်နှာပေါ်တွင် သိမ်းငှက်မျက်နှာဖုံးသာ တပ်မထားပါက အလွန်ရုပ်ဆိုးစွာ ရှုံ့မဲ့နေသည်ကို မြင်ရမည်သာ ဖြစ်သည်။ သူက....

"ချောင်းနေတယ်ဆိုတာက အမှန်အတိုင်း ပြောတဲ့စကား ဗျ၊ ဒါပေမယ့် ကျုပ်ချောင်းနေတာ ခင်ဗျားတို့ကို မဟုတ်ဘူး"

ဒေါ်ပွပွနှင့် ပြောလိုက်သည်။

"ကျွန်မတို့ကို မချောင်းလို့ ဗီနားမှာ ဟခြား ဘယ်သူ့ကို ချောင်းစရာရှိလို့လဲ"

ပန်ကူးကျွန်က မျက်မှောင်ကြုတ်၍ မေးလိုက်ပြန်၏။

"အဲဒါတော့ ကျုပ်မသိဘူးဗျ"

ဟ္ဘကိုချင်က အမှန်အတိုင်းပင် ပြန်ဖြေလိုက်၍ ထိုစကား မှာ နားလည်ရန်ခက်သဖြင့် ပန်ကူးကျွန်၏မျက်နှာ တင်းမာ သွားသည်။

"ရှင် သက်သက် မလိမ့်တစ်ပတ် လုပ်နေတာပဲ၊ ယောကျ်ား တစ်ယောက် ဖြစ်နေပြီး သူ့ဘာသာနေတဲ့ မိန်းကလေးတွေကို လာချောင်းကြည့်တယ်ဆိုတာ အင်မတန် အောက်တန်းကျတဲ့ အလုပ်ဆိုတာ ရှင် မသိဘူးလား၊ အင်း....ရှင့်ပုံကြည့်ရတာလဲ အဆင့်အတန်းရှိတဲ့ ယောကျ်ားမျိုး ဟုတ်ပုံမရပါဘူး"

"ဗျာ...."

ဟ္ဘကိုချင် သူ့သူကိုယ်သူ ပြန်ကြည့်သည်။ ပေကျံနေသော အဝတ်အစားများနှင့် ခါးတွင် ကြိုးခွေကိုချိတ်လျက် ပုံစံက သစ်ခုတ်သမားယောင်ယောင်၊ သူခိုးယောင်ယောင်။

"မမ....သူ့ကို ဆုံးမလွှတ်လိုက်ရမလား"

စိတ်ဆတ်သောရီရှုံ့ရှန်က ဝါးလုံးပိုင်းကို တဆဆလုပ်ရင်း မေးလိုက်ပြန်သည်။

ပန်ကူးကျွန်က ခေါင်းကို မသိမသာယမ်းခါပြလိုက်ပြီး....



"ကဲ....ရှင်သွားတော့ နောက်ကို ချောင်းတဲ့မြောင်းတဲ့ အလုပ်မျိုး မလုပ်ပါနဲ့၊ အင်မတန် အောက်တန်းကျတဲ့ အလုပ် မျိုးပါ"

ဟ္ဘကိုချင် ဘော်တော်စိတ်ညစ်သွားသည်။ သူ့အဖြစ်မှာ ရှင်းပြ၍မဖြစ်သော အဖြစ်၊ ပြန်ပြော၍လည်း မထူးတော့ ပြီမို့ သူက ဝါးလုံးပိုင်းကြီးကို ကိုင်ထားသော မိန်းကလေး အားမှဖြတ်၍ ဝါးရုံတောတန်းသို့ ပြန်ဝင်လာခဲ့သည်။

"ဘယ်လိုညစ်ပတ်စုတ်ပဲ့တဲ့လူမှန်း မသိဘူး"

မိန်းကလေးတစ်ယောက်၏အသံကိုကြားလိုက်ရတော့သည်။

ဟ္ဘကိုချင် ဒီးသက်ရှူကျပ်သလို ဖြစ်သွားပြန်သည်။

သူ့မှာ ဘယ်နှယ်လုပ်ပြီး အကုသိုလ်တွေ ဝင်နေသည်မသိ။ ညကပင် ငွေဆံထိုးနှင့်အပစ်ခံရပြီး လူယုတ်မာဟု အဆိုခံခဲ့ ရသည်။ ယခု ဝါးလုံးပိုင်းနှင့် အရိုက်ခံရပြန်ပြီး ညစ်ပတ် စုတ်ပဲ့သော လူတစ်ယောက်အဖြစ် အပြောခံရပြန်၏။

သူ ရယ်ချင်သော်လည်း မအီမသာ ခံစားချက်ကြောင့် မရယ်နိုင်။ ထို့ပြင် သူ့လက်မောင်းဒဏ်ရာကလည်း အလွန် နာကျင်နေသည်။

ဟိုပေပြည်နယ်မှာရှန်စီနယ်နှင့်ရေမြေသဘာဝချင်း အတော်ခြားနားသည်။

ရှန်စီနယ်မှာ မြေပြန့်လွင်ပြင်ဟု ခေါ်နိုင်သည်။ ရှန်စီနယ်တစ်ခုလုံးတွင် ပေသုံးထောင်ကျော်မြင့်သောတောင်ဟူ၍ မရှိ။ ဟိုပေပြည်နယ်မှာမူ တစ်တောင်ဆင်း တစ်တောင်တက်ဟူ၍ ပြောလောက်အောင် တောင်ထူထပ်သောတော ဖြစ်သည်။ တောင်ထူထပ်သလို သစ်တောများကလည်း ညို့ညို့ဆိုင်းဆိုင်း မှိုင်းမှိုင်းဝေနှင့်။

ရွာစဉ်ရွာဆက်ကလည်း အလွန်ဝေးသည်။

တစ်ခါတစ်ရံတွင် မြင်းဖြင့် ခရီးအပြင်းနှင်ခဲ့ပါလျက် နေ့တစ်ဝက်မျှအချိန်အတွင်း ရွာသိမ်ရွာငယ် တစ်ခုတလေမျှကိုပင် မတွေ့နိုင်။ ရာသီဥတုကလည်း အအေးဓာတ် လွန်ကဲသည်။

ချီအန်မြို့မှထွက်လာခဲ့၍ သုံးရက်မြောက်သောအခါ ဝေသူချိန်နှင့် ဝှမ်ဖုန်းတို့နှစ်ယောက်မှာ ဟိုပေပြည်နယ်၏ ပိုမို၍ ခေါင်သောနေရာသို့ ရောက်ရှိလာခဲ့သည်။ ခရီးမှာ တစ်နေ့လျှင် ရွာသိမ်ရွာငယ်တစ်ခုမျှပင် တွေ့နိုင်ရန် ခက်ခဲသော ခရီးဖြစ်သည်။ ထမင်းထိုင်တစ်ဆိုင်တွေ့ဖို့ဆိုသည်ကား စိတ်ကူးမျှပင် မယဉ်နိုင်။

ခရီးသွားရင်း စားရေးသောက်ရေးကိစ္စမှာ ဝေသူချိန်၏ တာဝန်ဖြစ်လာပြန်သည်။



စတုတ္ထမြောက်နေ့တွင် သူတို့နှစ်ယောက်သည် တောင်ကြီးတစ်ခု၏ ခြေရင်းသို့ ရောက်ရှိလာကြသည်။

"ဟိုဘက်မှာ မားရှဲ့ဆိုတဲ့မြို့ရှိတယ်၊ အဲဒါ ကျွန်တော်တို့ နေတဲ့မြို့ပဲ"

ဝှမ်ဖုန်းက ပြောသည်။

အချိန်မှာ ညနေ နေဝင်လုပြီဖြစ်သည်။ ညဘက်ချင်း ဤတောင်ကို ကျော်နင်းသွားရန်မှာ ခက်ခဲလိမ့်မည်။

ထို့ပြင် တစ်နေကုန် ခရီးနှင်ခဲ့သည်ဖြစ်၍ သူတို့နှစ်ယောက်စလုံး ပင်ပန်းလှပြီ။ ထို့ထက် အသားခြောက်ကိုဝါး၍ ရေသောက်ပြီး ခရီးဆက်ခဲ့ရခြင်းဖြစ်သဖြင့် ဆာလောင်၍လည်း နေကြသည်။

"ဒီတောင်ခြေမှာ ဒီညနားကြရမှာပဲ"

ဝေသူချိန်က ပြောရင်း မြင်းပေါ်မှ ဆင်းလိုက်သည်။ ရှေ့ဘက်တွင် တောင်ကျချောင်းတစ်ခုကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူက မြင်းနှစ်ကောင်နှင့် ဝှမ်ဖုန်းကို ချောင်းတစ်ဖက်သို့ အရင် ကူးသွားစေပြီး သူက ရေစီးသန်သော ချောင်းထဲတွင် ကျန်ခဲ့သည်။

"မီးဖိုထားလိုက်နော်"

ဝေသူချိန်က ချောင်းထဲမှ လှမ်းမှာလိုက်သေးသည်။

ဝှမ်းဖုန်းက မြင်းနှစ်ကောင်ကို နေရာကောင်းတွင် လှန်ထားလိုက်ပြီး မီးတစ်ဖို ဖိုလိုက်သည်။ သူကချောင်းကိုအလွတ်ခုန်ကျော်လာခြင်းဖြစ်၍ သူ့ကိုယ်တွင် ရေမရှိ။

မီးဖိုမှ မီးတောက် အားကောင်းလာချိန်တွင် ဝေသူချိန် ရောက်လာသည်။

သူ ရေစိုနေသော အဝတ်အစားများနှင့် လက်ထဲတွင် ရောမရှံ့လုံးကြီးနှစ်လုံးကို ကိုင်လာသည်။

"ဘာလဲဗျ"

ဝှမ်ဖုန်းက မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"ရှံ့တုံးကြီးတွေလေ"

ဝေသူချိန်ကရှံ့တုံးကြီးနှစ်တုံးကို မီးဖိုဘေးတွင် ကပ်ထားလိုက်ရင်း ပြောသည်။ ထို့နောက်သူက ရေစိုနေသော အင်္ကျီကို ချွတ်လိုက်ရင်း....

"ကျုပ်ကို ထမင်းကောင်းကောင်း ကျွေးမယ်ဆိုပြီး ညာခေါ်လာတဲ့ ခင်ဗျားကို ရှံ့လုံးမီးဖုတ်နဲ့ ဧည့်ခံကျွေးမလို့"

သူက ခပ်တည်တည် ပြောလိုက်သော်လည်း ဝှမ်ဖုန်းက စိတ်မဆိုးပဲ ရယ်မောနေသည်။

ဝေသူချိန်က အင်္ကျီကိုရေညှစ်လိုက်ပြီး မီးဖိုဘေး မြက်ခင်းပြင်တွင် လှန်းထားလိုက်သည်။ ထို့နောက်သူက ဓားရှည်ကို ကိုင်၍ ထွက်သွားပြန်သည်။ ဝှမ်ဖုန်းမှာ မီးဖိုဘေးတွင်ချထားသော ရှံ့တုံးကြီးနှစ်တုံးကို အဓိပ္ပာယ်မရှိကြည့်ရင်း မီးထိုး၍ ကျန်ရစ်ခဲ့သည်။

ဝေသူချိန် ထွက်သွားရာဘက်မှ ဝါးခုတ်သံများ ကြားရသည်။

နောက်ခဏတွင် ဝါးဆစ်ဘူးနှစ်လုံးနှင့် အတူ ဝေသူချိန် ပြန်ရောက်လာသည်။



ဝေသူချိန်က ထိုဝါးဆစ်ဘူးနှစ်လုံးကို မီးဖိုနှင့် နီးကပ်စွာ ထောင်ထားလိုက်သည်။ ဝှမ်ဖုန်းက ထိုဝါးဆစ်ဘူး နှစ်လုံးကို မသိမသာ လှမ်းကြည့်လိုက်ရာ ဝါးဆစ်ဘူးတစ်လုံးမှာ ရေချည်းသက်သက်ဖြစ်၍ တစ်ဘူးမှာမူ ဒုရင်ကောက်ညှင်းများထည့်ထားသည်ကို တွေ့ရသည်။ ဝေသူချိန်က ထိုဝါးဆစ်ဘူးတွင်းသို့ အသားခြောက်များနှင့်ထည့်နေရင်း....

"ဒီညစာတော့ ဒုရင်ကောက်ညှင်းဟင်းချိုနဲ့ ရှံ့တုံးမီးဖုတ်နဲ့ သိပ်လိုက်တာပေါ့ဗျာ"

ခပ်တည်တည်ပင် ပြောနေသည်။

ဝှမ်ဖုန်းက ဘာသိဘာသာ နေလိုက်သည်။

"ခင်ဗျား ရေသွားချိုးပါလား၊ လန်းသွားတာပေါ့"

ဝေသူချိန်က ပြောသည်။

"ဟင့်အင်းဗျာ"

ဝှမ်ဖုန်းက ငြင်းလိုက်သည်။ ဝှမ်ဖုန်းမှာ တည်းခိုဆောင်တွင် တည်းသည့်တစ်နေ့မှ လွဲ၍လမ်းတစ်လျှောက်တွင် ရေချိုးသည်မရှိ။ လမ်းတစ်လျှောက် ချောင်းတွေ့၍ ဝေသူချိန်ရေချိုးဆင်းရန် သူ့ကိုခေါ်တိုင်း ငြင်းပယ်ခဲ့တာချည်း။

ခဏကြာသော်အခါ မီးဖိုဘေးတွင် ချထားသော ရှံ့တုံးနှစ်တုံးမှာ ဖူရောင်ခြောက်သွေ့ကာ အက်ကွဲလာသည်။ ဝေသူချိန်က ရောမအင်ပက်ကြီး တစ်ရွက်ခူးလာသည်။ ထို့နောက်....

"ခင်ဗျားကိုတော့ မျက်လှည့်ပြရဦးမယ်ဗျ"

ဝေသူချိန်က အက်ကွဲနေသော ရှံ့တုံးကြီးတစ်တုံးကို အသာလက်နှင့်ဖွဲ့လိုက်ရာ အတွင်းမှ ခြေသလုံးမျှကြီးသော ငါးရံ့ကြီး

တစ်ကောင် ပေါ်လာသည်။ ငါးရံ့မှာ ရွှံ့များခွာလိုက်ရာတွင် အကြေးခွံများပါသွားပြီး၊ အသားဖြူဖြူများမှာ ပေါင်းထားသည့်အလား နူးနပ်ဖြူဖွေးနေသည်။

"ဟာ...."

ဝှမ်ဖုန်းက မွှေးပျံ့သော ငါးနံ့ကိုရှူရင်း ဝမ်းသာအံ့ဩဟန် အသံပြုလိုက်သည်။

"အဲဒီရွှံ့တုံးကို ခွာကြည့်ဦးလေဗျာ၊ အဲဒီထဲမှာက ငါးခုတ်မြာဆိုတဲ့ ငါးဗျ အင်မတန်ချိုတယ်"

ဝေသူချိန်က ပြောသဖြင့် ဝှမ်ဖုန်းက ဝေသူချိန်ရှိရာဘက်သို့ ထလာပြီး ကျန်သည့်ရွှံ့တုံးတစ်တုံးကိုခွာလိုက်ရာ တစ်ပိဿာကျော်မျှရှိသော ငါးခုတ်မြာတစ်ကောင်ကို မြင်လိုက်ရပြန်သည်။ ထိုငါးမှာလည်း ငါးရံ့နည်းတူပင် အကြေးခွံများကွာပြီး အသားဖြူဖြူများ ပေါ်နေသည်။

ဝေသူချိန်က ငါးရံ့အသားများကို အရိုးမပါအောင်ဖဲ့၍ အင်ဖက်ထဲသို့ထည့်ရာ ဝှမ်ဖုန်းကလည်း သူလုပ်သလို လိုက်၍ လုပ်သည်။

ခဏမျှကြာသောအခါ ငါးနှစ်ကောင်စလုံး ခေါင်းနှင့် အလယ်ရိုးသာ ကျန်တော့သည်။

ဝေသူချိန်က ငါးရံ့ခေါင်းနှင့် ငါးခုတ်မြာခေါင်းကို ပြုတ်၍ ဒရင်ကောက်ဟင်းချိုကျိုထားသော ဝါးဆစ်ဘူးထဲကို ထည့်လိုက်သည်။ ထိုအချိန်တွင် ဝါးဆစ်ဘူးနှစ်ခုစလုံး ပွက်ပွက်ဆူနေချေပြီ။



ဝေသူချိန်က ရန့်တသင်းသင်းနှင့် နှပ်ထားသော ငါးအသားပုံကြီးပေါ်သို့ သူ့အိတ်ထဲမှ ပုလင်းတစ်လုံးကိုထုတ်၍ အဖုံးဖွင့်ပြီးလောင်းချသည်။ ပျားရည်များဖြစ်သည်။

"နည်းနည်းလောက်မြည်းကြည့်စမ်း၊ ကောင်းလားလို့"

ဝေသူချိန်ကပြောသဖြင့် ဝှမ်ဖုန်းက ပျားရည်ဆမ်းထားသော ငါးအသားတစ်ဖတ်ကို မြည်းစမ်းကြည့်သည်။

"ဘယ့်နှဲ့လဲ"

ဝှမ်ဖုန်းက နောက်တစ်ဖတ်ကောက်စားလိုက်ပြီးမှ....

"အကုန်လုံးကုန်မှပဲ ပြောနိုင်မယ်ထင်တယ်"

"ဒီအတိုင်းဆိုရင်တော့ ဘုရင်စားဖို့မှူးခန့်ဖို့ကောင်းပြီ"

ဝေသူချိန်ကပြောလိုက်ရာ ဝှမ်ဖုန်းရယ်သည်။ သူသည် ဝေသူချိန်ဖန်တီးသော ဟင်းကို အလွန် ခံတွင်းတွေ့သွားပုံရသည်။ နောက်တစ်ဖတ်ယူမြည်းလိုက်ပြန်ပြီး....

"ခင်ဗျားဟင်းကတော့ ကျွန်တော့်ဘဝမှာ ဘယ်တုန်းကမှ မစားဘူးတဲ့ဟင်း၊ ဘယ်တုန်းကမှလဲ စားရမယ်လို့ မထင်ခဲ့တဲ့ ဟင်း၊ အရမ်းကောင်းပါပဲဗျာ"

စိတ်လိုလက်ရ ပြောလိုက်သည်။

ဝေသူချိန်က ဟင်းချိုအဖြစ်ထည့်ထားသော ဝါးဆစ်ဘူးကို ယူလိုက်ပြီး....

"ကဲ.... အားရပါးရသာ စားပေတော့ဗျာ၊ ဟင်းချိုတော့ မှတ်သောက်နော်၊ မမှုတ်ဘဲ အားရပါးရ သောက်လိုက်လို့ကတော့ လျှာကျက်သွားလိမ့်မယ်"

ထို့နောက် သူတို့နှစ်ယောက်က ပျားရည်ဆမ်းထားသော ငါးဟင်းကိုနှိုက်စားလိုက်၊ ဟင်းချိုကို ဖြည်းဖြည်းချင်းသောက်လိုက်နှင့် စားသောက်ကြလေသည်။ ဟင်းချိုမှာလည်း မြော စရာဖြစ်လောက်အောင် ချိုပါပေသည်။

"ခင်ဗျားယုံမလားတော့မသိဘူး၊ ကျုပ်ဟာ ခြောက်လ လောက်နီးနီး ထမင်းတို့ပေါက်စီတို့ မမြင်ခဲ့ရဘူး၊ နေ့တိုင်း ဝက်ဝံသားကြပ်တင်၊ ပျားသလက်ပျားရည်၊ မချစ်ဥနဲ့ မြက်နဲ့ တူတဲ့ အရွက်အစ်မျိုးကိုပဲစားခဲ့ရတယ်၊ ဒါကြောင့် ကျုပ် ထမင်းနဲ့ဟင်းကို သိပ်တောင့်တနေတာဗျ၊ ဒါပေမယ့် လူဆို တာက မရှိရှားပါးတဲ့အခါ ရှိတာကိုပဲ အဟုတ်ဖြစ်အောင် လုပ်ပြီး ကျေနပ်ကြတာမျိုးပဲ၊ တစ်ခုတော့ရှိတာပေါ့လေ၊ ခင်ဗျားမြို့ရွာကိုပြန်ရောက်လို့ စားစရာအပြည့်နဲ့အခြေအနေမျိုး ကျရင်တော့ ဒီဟင်းမျိုးကို ဘယ်ကျေနပ်ရောင့်ရဲနိုင်မှာလဲဗျာ၊ ဒါဟာ အပြစ်တော့လဲမဟုတ်ပါဘူး၊ လူ့သဘာဝရိုးရိုးပါပဲ"

ဝေသူချိန်က ပြောပြနေသည်။

ဝှမ်ဖုန်းက အငေးသားနားထောင်နေရင်း....

"ကျွန်တော်ကတော့ ခင်ဗျားရဲ့ဒီဟင်းနှစ်မျိုးကိုဘယ်တော့ မေ့မှာမဟုတ်ပါဘူးဗျာ"

လိုက်လျှောစွာပြောလိုက်သည်။

"ဒါပေမယ့် တချို့ကိစ္စတွေမှာမမေ့ဘူးဆိုတာဟာအတော် ရင်နာစရာ ကောင်းတာမျိုးဗျ"



ဝေသူချိန်က အမှတ်မထင်ပြောလိုက်ရာ ဝှမ်ဖုန်း၏မျက်နှာ ရုတ်တရက် ဖြူရော်သွားသည်။ သို့သော် သူက သူ့မျက်နှာကို ဝေသူချိန် မမြင်စေအောင် ငုံ့လိုက်ပြီး ဆက်စားနေသည်။

ထိုသည်ကို ဝေသူချိန် ဂရုမပြုမိ။ သူက သူ့ဘာသာပြောပြီး သူ့ဘာသာ တွေးနေသည်။

အစားအသောက်ဝိုင်းမှာ တိတ်ဆိတ်စွာ ပြီးဆုံးသွားသည်။

ဝှမ်ဖုန်းက စားကြွင်းစားကျန်များကို ရှင်းလင်းနေစဉ် ဝေသူချိန်က မြင်းများကို ရေသွားတိုက်သည်။ ကိစ္စအားလုံး ပြီးချိန်တွင် ညမှာ လုံးလုံးမှောင်နေပြီ။

သူတို့နှစ်ယောက်က မီးဖိုဘေး တစ်ဖက်တစ်ချက်တွင် အိပ်စက်လိုက်ကြသည်။

## ( ၂၂ )

မားရွဲ့ဆိုသည်ကား မြို့ငယ်တစ်ခုမျှသာဖြစ်သည်။ ဝှမ်ဖုန်းတို့မှာ ဤမြို့တွင် လူကုံထံများ ဖြစ်ပုံရသည်။

"ဟောဟိုဟာ ကျွန်တော်တို့အိမ်ပဲဗျ"

မြင်းကို အသားကျစီးရင်း ဝှမ်ဖုန်း ညွှန်ပြလိုက်သော အိမ်မှာ တစ်ကောခန့်ကျယ်သော ခြံဝင်းထဲတွင်ရှိသည့် နှစ်ထပ်အိမ်ကြီး ဖြစ်သည်။

ခြံဝင်းမှာ အလွန်ဂရုတစိုက် ပြုပြင်ထားပုံဖြင့် စိမ်းလန်းဝေဆာသော သစ်ပင်ပန်းပင်များဖြင့် အုပ်ဆိုင်းစိမ်းစိုလျက်ရှိနေသည်။



သူတို့စီးလာသော မြင်းနှစ်ကောင် ခြံဝသို့ရောက်သည်နှင့် အသက်သုံးဆယ်ခန့်မျှရှိသော မိန်းမတစ်ယောက် ခြံတံခါးသို့ ရောက်လာသည်။ ထိုမိန်းမသည် ဝှမ်ဖုန်းကို မှတ်မိပုံမရ။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

ခပ်မှန်မှန်လေသံဖြင့် မေးလိုက်သည်။

ဝှမ်ဖုန်းက မြင်းပေါ်မှဆင်းပြီး ထိုမိန်းမအနားသို့ကပ်သွားကာ တီးတိုးပြောလိုက်ရာ ထိုမိန်းမ၏မျက်နှာ ဝင်းထိန်သွားသည်။

"ဟုတ်ကဲ့....ဟုတ်ကဲ့"

ထို့နောက် ထိုမိန်းမက ပျာပျာသလဲ တံခါးဖွင့်ပေးပြီး ဝေသူချိန်နှင့် ဝှမ်ဖုန်းစီးလာသောမြင်းများကိုပါ ဆွဲသွားသည်။

ဝှမ်ဖုန်းက အိမ်ဆီသို့တည့်တည့်လျှောက်သွားသည်။ အိမ်တံခါးသည်ပိတ်လျက်။

"ဒေါ်လေးခြုံ....ဒေါ်လေးခြုံ"

ဝှမ်ဖုန်းက အသံပြုလိုက်သည်။ ခဏတွင် အဲတွင်းဘက်မှ တံခါးကိုဖွင့်လိုက်ပြီး မိန်းမတစ်ယောက်ထွက်လာသည်။ ထိုမိန်းမသည်လည်း ဤအိမ်ကြီး၏ အစေခံတစ်ယောက်ပင် ဖြစ်ပုံရသည်။ သူသည် ဝှမ်ဖုန်းနှင့်ဝေသူချိန်အား စိန်းစိန်းကြည့်ရင်း....

"ရှင်တို့ ဘယ်သူနဲ့တွေ့ချင်လို့လဲ၊ နေစမ်းပါဦး၊ ရှင်တို့ ခြံထဲကို ဘယ်လိုလုပ်ဝင်လာကြတာလဲ"

ထို့နောက် သူမက ခြံဝမှအမျိုးသမီးကို မကျေနပ်ဟန်ဖြင့် ဆက်လက်ရေရွတ်နေသည်။ ဤအမျိုးသမီးအနေဖြင့် ကိုးရိုးကားရား စုတ်စုတ်ပြတ်ပြတ်ဖြစ်နေသော ဝေသူချိန်နှင့်ဝှမ်ဖုန်းကို သင်္ကာမကင်း ဖြစ်နေပုံလည်းရသည်။

"ဒေါ်လေးခြုံကိုခေါ်ပေးပါ"

ဝှမ်ဖုန်းက ပြောလိုက်သည်။

"ရှင်တို့ ဘယ်သူလဲ၊ ဘာကိစ္စလဲဆိုတာကို အရင်ပြောပါ၊ ကျွန်မ အကြောင်းကြားပေးပါ့မယ်"

အစေခံအမျိုးသမီးက သူတို့နှစ်ယောက်အား အိမ်တွင်းသို့ အဝင်ခံလိုဟန်မရှိဘဲ ပြောလိုက်ပြန်သည်။

ဝှမ်ဖုန်းက ပြုံးနေသည်။ ဝေသူချိန်မှာမူ ကိုယ့်သခင်ကို ကိုယ်ပြန်မမှတ်မိသော အစေခံများကို အံ့သြမဆုံး ဖြစ်နေသည်။

ထိုစဉ် အိမ်စေအမျိုးသမီးသည် ဝေသူချိန်နှင့်ဝှမ်ဖုန်းတို့၏ ကျောတွင် သိုင်းလွယ်ထားသော ဓားရှည်ရိုးမှ ချည်ထားသော ပဝါစအနီကိုမြင်သွားသည်။ သူမ၏မျက်လုံးများက ချက်ချင်း အေးစက်သွားကာ သိသိသာသာ တင်းမာသွားသည်။ သူမက....

"ရှင်တို့...."

ထို့နောက် တိုက်ခိုက်တော့မည့်ပမာ ပြုလိုက်သည်။

"စေ့ယင်"

ဝှမ်ဖုန်းက ခပ်တင်းတင်းခေါ်လိုက်ရာ အိမ်စေအမျိုးသမီးမှာ ချက်ချင်း တောင့်ခနဲဖြစ်သွားသည်။



"ဒေါ်လေးခြုံကို ခေါ်လိုက်လို့ ကျုပ်ပြောနေတယ်၊ နောက်တစ်ခါထပ်ပြောရရင် ကျုပ်ဆေးခွက်ကိုမှောက်အောင် လုပ်တုန်းက ဒဏ်ပေးသလို ခင်ဗျားကိုဒဏ်ပေးမယ်"

ဝှမ်ဖုန်းက ခပ်တင်းတင်းပြောလိုက်လင့်ကစား အိမ်စေအမျိုးသမီး၏မျက်နှာ ချက်ချင်းရွှင်လန်းသွားကာ မယုံနိုင်သော အကြည့်မျိုးဖြင့် ဝှမ်ဖုန်းကိုကြည့်လိုက်ပြီး အိမ်ထဲသို့ လှည့်ဝင်တော့မည်ပြုသည်။

သို့သော် သူမအဖို့ အိမ်ထဲသို့ သွားရောက်အကြောင်းကြားရန် မလိုတော့ချေ။ အဘယ်ကြောင့်ဆိုသော် ထိုအခိုက်မှာပင် အိမ်ထဲသို့ အမျိုးသမီးကြီးတစ်ယောက် ထွက်လာသောကြောင့် ဖြစ်သည်။ ထိုအမျိုးသမီးကြီးကား အသက်အားဖြင့် ငါးဆယ်ခန့်မျှ ရှိပုံရသည်။ သို့သော် အလွန်အရွယ်တင်၍ ချောမောလှပခြင်းနှင့် တည်ငြိမ်ခန့်ထည်သောအလှကို ပိုင်ဆိုင်ထားဆဲ ရှိသေးသည်။ ထိုအမျိုးသမီးကြီးသည် ဒေါ်လေးခြုံဆိုသော အမျိုးသမီးကြီးပင် ဖြစ်ပုံရသည်။

"သခင်မကြီး....ဒီ....ဒီမှာ...."

အိမ်စေအမျိုးသမီး၏ စကားမဆုံးခင် ထွက်လာသော အမျိုးသမီးကြီးက လက်ဟန်ပြလိုက်ရာ အိမ်စေအမျိုးသမီးမှာ တစ်ခါတည်း အိမ်ထဲသို့ဝင်သွားသည်။

"ဒေါ်လေးခြုံ"

ဝှမ်ဖုန်းကခေါ်လိုက်ပြီး ဒေါ်လေးခြုံဆိုသော အမျိုးသမီးကြီးကို ပြေးဖက်လိုက်သည်။ ထို့နောက် ဒေါ်လေးခြုံကို တိုးတိုးကပ်ပြောလိုက်သည်။

"ကဲ....အစ်ကို....အိမ်ထဲကိုကြွပါ"

ခဏကြာမှ ဝှမ်ဖုန်းက အိမ်ရှေ့တွင် ရပ်နေဆဲဖြစ်သော ဝေသူချိန်ဘက်သို့ လှည့်၍ခေါ်လိုက်သည်။

ဝေသူချိန်က အိမ်ထဲသို့ဝင်လိုက်သည်။ ဒေါ်လေးခြုံဆိုသော အမျိုးသမီးကြီးက ဝေသူချိန်ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

ဝှမ်ဖုန်းတို့၏အိမ်ရှေ့ဧည့်ခန်းမှာ ခမ်းနားကျယ်ပြန့်သော်လည်း ခပ်မှောင်မှောင်ဖြစ်နေသည်။ မျက်နှာကြက်တွင် အစိမ်းရောင်နှင့် နံရံတွင်အပြာနုရောင်ဆေးများ သုတ်ထားရာ ပြတင်းဘက်မှဝင်လာသော အားနည်းလှသည့်အလင်းရောင်က ထိုအရောင်နှစ်ခုနှင့်ရိုက်ခတ်ပြီး ဧည့်ခန်းတွင်း၌ သီးခြား အလင်းရောင်တစ်မျိုး ဖြစ်ထွန်းနေခြင်းပင်။

"အဲဒီမှာ ခဏထိုင်ဦးအစ်ကို"

ဝှမ်ဖုန်းက အတွင်းဘက်သို့ဝင်သွားသည်။

"ထိုင်ပါ မောင်ရင်"

အမျိုးသမီးကြီးက ပြောလိုက်ပြန်ရာ ဝေသူချိန်က အနီးရှိ အဝါနုရောင်သစ်သားခုံတွင် ဝင်ထိုင်လိုက်သည်။

အမျိုးသမီးကြီးက ဝေသူချိန်နှင့် ရှေ့ဘက်တည့်တည့်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"မောင်ရင်လေးနာမည်က ဘယ်လိုခေါ်သလဲကွယ်"

အမျိုးသမီးကြီးအသံက သာယာညင်းပျောင်း ရှိလှသော်လည်း သူ့အနေဖြင့် ဝေသူချိန်အား စိတ်ဝင်စားမှုဖြင့်စူးစမ်းလျက် ရှိကြောင်း အမှည့်အစဖော်ပြနေသည်။



"ဝေသူချိန်လို့ ခေါ်ပါတယ်ခင်ဗျ"

"ဩြော်....ဝေမျိုးရိုးကကိုး"

အမျိုးသမီးကြီးက အံ့ဩသံတစ်ဝက်ဖြင့် မှတ်ချက်ချသည်။ ဝေသူချိန်က ခပ်မဆိတ်နေလိုက်ရာ အမျိုးသမီးကြီးက ထပ်၍ မေးပြန်၏။

"မင်းနဲ့ အဒေါ့်တူမ....အဲလေ....သမီးကြီးပဲ ထားပါတော့၊ မင်းနဲ့သူနဲ့ တွေ့ပြီးခဲ့ကြပြီပေါ့နော်"

"ဗျာ...."

ဝေသူချိန် ဘာမှနားမလည်။

"အဒေါ် သိပြီးပါပြီကွယ်၊သမီးကြီးက ပန်ကူးကျန်ဆိုရင် မင်း နားလည်မှာပါ၊ သူက မင်းနဲ့ လမ်းခွဲပြီးတဲ့နောက် အိမ်ကို ပြန်ရောက်လာခဲ့တယ်လေ၊ သမီးကြီး ပြန်ပြောပြလို့ မင်းကို သူ့ရဲ့ခေါင်း လက်ဆောင်ပေးခဲ့တာတောင် အဒေါ်သိပြီး ပါပြီ"

"ဗျာ....ပန့်ကူးကျန့်က အဒေါ့်သမီး"

ဝေသူချိန်မှာ အံ့ဩပြီးရင်း အံ့ဩနေရသည်။

"အင်း....မင်း ရိုးသားတဲ့အကြောင်း၊ ခင်ဖို့ကောင်းတဲ့ အကြောင်းတော့ သမီးကြီးကပြောပါရဲ့၊မင်းကိုတော့ အဒေါ် ခုမှမြင်ဖူးတယ်၊ သမီးကြီး အကဲခတ်တာမှန်ပါတယ်"

ဝေသူချိန် အနေရခက်ပြန်သည်။

"ခုတစ်ခါ အဒေါ်က မင်းကိုထပ်ပြီး ကျေးဇူးတင်ရပြန်ပြီကွယ်"

"ဘာ....ဘာဖြစ်လို့လဲ အဒေါ်"

"အဒေါ် သမီးငယ်ကို အိမ်အပါခေါ်ခဲ့လို့"

အမျိုးသမီးကြီး၏စကားအဆုံးတွင် ဝေသူချိန်၏မျက်လုံး ချာချာလည်သွားသည်။

"ကျွန်တော်ကတော့ ဘာမှကို မတွေးတတ်တော့ပါဘူး အဒေါ်"

ဝေသူချိန်က လက်မြှောက်အရှုံးပေးသည့် လေသံမျိုးဖြင့် ပြောလိုက်ရာ အမျိုးသမီးကြီးက ပြုံးသည်။

"မင်းက သိပ်ရိုးတာကိုးကွယ့်"

ထို့နောက် အမျိုးသမီးကြီးက ဘာမှဆက်မပြောဘဲ ဝေသူချိန်အား ပြုံး၍ကြည့်နေပြန်ရာ ဝေသူချိန်မှာ အနေခက်လာပြီး မရိုးမရွဖြစ်လာသည်။

ထိုစဉ် အိမ်အတွင်းဘက်မှ အမျိုးသမီး တစ်ယောက်က ဧည့်ခန်းတွင်းသို့ ဝင်ရောက်လာသည်။ ထိုအမျိုးသမီးမှာ ဝေသူချိန်ထက်ပင် ငယ်ဦးမည်။ ပန်းရောင်ပိုးဝတ်စုံကိုဝတ်ဆင်ထားရာ ဧည့်ခန်းတွင်းမှ အရောင်နှင့် ဟပ်၍ နေသည်။ ထိုမိန်းကလေးသည် ယန်ကူးကျန်ထက်ပင် လှပသေးရာ ဝေသူချိန် ရဲရဲမကြည့်ဝံ့။

မိန်းကလေးကမူ ရဲရဲတင်းတင်းပင် ဝေသူချိန်နှင့် အမျိုးသမီးကြီး၏ ကြားရှိ ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်သည်။ သူမသည် ခေါင်းငုံ့နေသော ဝေသူချိန်ကိုကြည့်၍ ပြုံးရယ်နေသည်။

အမျိုးသမီးကြီးက မိန်းကလေးကို ခေါင်းညိတ်ပြလိုက်သည်။



"အစ်ကို...."

မိန်းကလေးက ခေါ်သည်။ သူ့ခေါ်သံမှာ ရယ်ချင်ပက်ကျိ ဖြစ်နေခြင်းကို အတင်းမျိုသိပ်ထားသော ခေါ်သံမျိုးဖြစ်သည်။ ဝေသူချိန်က ခေါ်သံကြောင့် မျက်လွှာလှန်ကြည့်လိုက်ပြီး ချက်ချင်း မျက်လွှာပြန်ချသွားသည်။

"အစ်ကိုဝှမ်ဖုန်းရဲ့ မိတ်ဆွေဆို"

"ဟုတ်....ဟုတ်ပါတယ်"

ဝေသူချိန်က အသံတုန်တုန်နှင့်ပြောသည်။

"သူက အခုချက်ချင်းပဲ အရေးတကြီးကိစ္စရှိလို့ အိမ်ကိုပြန်သွားရတယ်ရှင့်"

"ဗျာ...."

ဝေသူချိန် ထိုင်ရာမှထတော့မည့်ပမာ ဖြစ်သွားသည်။

"ဒါပေမယ့် သူက သေချာမှာသွားပါတယ်၊ သူ့ဧည့်သည်ကို ထမင်းကောင်း ဟင်းကောင်း ကျွေးပါတဲ့၊ သူ့ဧည့်သည်က သူ့အသက်ကိုကယ်ခဲ့တယ်တဲ့၊ ငါးမီးအုံးပျားရည်ဆမ်းလဲ ကျွေးခဲ့တယ်တဲ့၊ ပြီးတော့ မချစ်ဦးတွေ့ရောင်းပြီး ထမင်းကောင်းကောင်း ကျွေးမယ်လို့လဲ ပြောခဲ့တယ်တဲ့"

မိန်းကလေး၏မျက်နှာမှာ ပြောရင်း ပိုမို၍ပြုံးလာသည်။

"ဟင်...."

ဝေသူချိန်မှာ မိန်းမချောလေးကိုကြည့်ရင်း ဘာပြောရမှန်း မသိဘဲ ဖြစ်နေသည်။

မိန်းမချောလေးမှာ ပြုံးရာမှ ရယ်လာသည်။ ထို့နောက် ညည်းခန်းထဲတွင် ဆူညံလာသည်အထိ ဟက်ဟက်ပက်ပက် ရယ်မော၍ လာသည်။

ဝေသူချိန်သည် တစ်စုံတစ်ခုကိုမှတ်မိလာသည်။

ရေစပ်စပ်သာရှိသော သဲချောင်းအတွင်း၌ ရယ်မောခဲ့ခြင်းများ။

ရှည်လျားကော့ပျံ့သော မျက်တောင်၊ မွေးညင်းနုများစီနေသော ပါးပြင်၊ နီထွေးသောနှုတ်ခမ်းအစုံ။

ဝေသူချိန်၏ညာလက်ဖဝါးက မိန်းမချောလေး၏ပခုံးကို ရိုက်ချလိုက်တော့မည့်အလား အပေါ်သို့မြောက်တက်သွားပြီးမှ လေထဲတွင် ရပ်တန့်သွားသည်။

"မင်း....မင်း....ဝှမ်ဖုန်း"

ဝေသူချိန်ကအထစ်ထစ်အငေါ့ငေါ့ပြောလိုက်ရာမိန်းမချောလေးက သူ့လက်ကိုမြှောက်လိုက်ပြီး ဝေသူချိန်၏မြှောက်ထားသော ညာလက်ဝါးကို ရိုက်ချလိုက်သည်။

"ဖြန်း...."

ထို့နောက် နှစ်ယောက်စလုံး အားရပါးရ ရယ်မောလိုက်ကြတော့သည်။ ခဏကြာမှ....

"ငါတော့ နည်းနည်းမှကို မရိပ်မိပါဘူးကွာ"

ဝေသူချိန်က တအံ့တသြပြော၏။

"မင်းက ရိုးလို့ပါကွယ်၊ မိန်းကလေးနဲ့ ယောကျ်ားလေးဆိုတာ သဘာဝချင်းကိုက မတူပါဘူး၊ ဘယ်လိုပဲ ရုပ်ဖျက်ထားထား အနီးကပ်အကဲခတ်ခွင့်ရရင် သိသာပါတယ်"



အမျိုးသမီးကြီးက ဝင်ပြောသည်။

"ဒါဖြင့် မင်းက ပန်ကူးလျှန် ဆိုတာပေါ့နော်"

ဝေသူချိန်က မေးသည်။

"ဟုတ်တာပေါ့ကွယ်၊ သူကအငယ်၊ မင်းကို ဓားလက်ဆောင်ပေးတဲ့သူက အကြီး၊ ညီအစ်မနှစ်ယောက်တည်းရှိတာ၊ အစ်မကြီးက မင်းနဲ့ခွဲပြီး အိမ်ကိုပြန်လာတယ်၊ ဒီမှာ သူ့ညီမရောက်လာနိုးနဲ့ နှစ်ဘစ်ဝက်လောက်စောင့်နေပြီးမှ မလာနိုင်တာနဲ့ တစ်ခါပြန်လိုက်သွားတာ၊ ဒီနေ့မှ ခုနစ်ရက်ပဲ ရှိသေးတယ်"

အမျိုးသမီးကြီး ရှင်းပြသည်။

ဝေသူချိန်မှာ ပန်ကူးကျန်ပြောသည်ကို ကြားဘူးနေရာယခု ပန်ကူးလျှန်မှန်းသိရသည့်အခါတွင် အံ့သြခြင်းနှင့်အတူ စိတ်မကောင်းဖြစ်နေသည်။ ဤမျှလှပသန့်စင်သော မိန်းကလေးတစ်ယောက်တွင် ခဝါချသန့်စင်၍ မရနိုင်သော အမည်းစက်ကြီး စွန်းထင်းနေသောအဖြစ်မှာ ရင်နာစရာ ကောင်းလှသည်။

ဝေသူချိန်၏အတွေးများကို မသိသော ဝှမ်ဖုန်းတဖြစ်လဲ ပန်ကူးလျှန်မှာ ပျော်ရွှင်ကြည်နူးနေသည်။ သူက ဝေသူချိန်၏ ကိုးရိုးကားရားနိုင်သော အဝတ်အစားများကို ကြည့်ရင်း....

"ညီမတို့အိမ်မှာက မိန်းမသားချည်းပဲဆိုတော့ အစ်ကို့အတွက် လဲစရာ အဝတ်အစားမရှိဘူး။

"အခု ညီမတစ်ယောက်ကို အစ်ကို့အတွက် အဝတ်အစား ဝယ်ဖို့ လွှတ်လိုက်ပါပြီ၊ နောက်ကျမှ အစ်ကိုနဲ့ ညီမ ဈေးထဲသွားပြီး စိတ်ကြိုက်ဝယ်ကြတာပေါ့"

သူမက ပျော်ရွှင်ကြည်နူးစွာ ပြောနေသည်။

ဝေသူချိန်မှာ အားနာနေသူဖြစ်ရာ....

"ဒီအဝတ်အစားတွေက အစ်ကိုဘာသာ ချုပ်ထားတာပါ၊ ပုံမကျပေမယ့် ဝက်ဝံရေအစစ်ဆိုတော့ အင်မတန်ခိုင်ပါတယ်"

ထို့နောက် ဘာဆက်ပြောရမှန်းမသိဘဲ စကားရပ်သွားသည်။ အမျိုးသမီးကြီးမှာ ဝေသူချိန် အားနာနေသည်ကို ရိပ်မိသည်။

"ဘာမှ အားနာစရာမလိုဘူး မောင်ရင်၊ ဒီမှာ မောင်ရင်နေသမျှ စားစရာရှိရင်စား၊ လိုချင်တာရှိရင်ပြော၊ အဒေါ်သမီးလေး အသက်ကို ကယ်ခဲ့တဲ့ မောင်ရင့်ကျေးဇူးကို ဆပ်ခွင့်ရတာကိုပဲ အဒေါ်တို့က ကျေးဇူးတင်လှပါပြီကွယ်"

ဝေသူချိန် အနေမခက်အောင် ပြောလိုက်သည်။

"ကျွန်တော့်အဲပေါ်မှာလဲ ပန်ကူးကျွန်ရဲ့ကျေးဇူးတွေရှိပါတယ်ခင်ဗျာ၊ ကျွန်တော့်အတွက် ဘာမှ တကူးတက စီစဉ်စရာမလိုပါဘူး၊ ကျွန်တော်ဖြစ်သလိုနေ ကြုံသလိုစားတတ်ပါတယ်၊ ဒီအိမ်မှလာပြီး အခွင့်အရေးယူတာမျိုး မဖြစ်ချင်ပါဘူး"

ဝေသူချိန်ကလည်း သူ့စိတ်ရင်းအတိုင်း ပြန်ပြောသည်။

"ဒါကတော့ တစ်ဦးကျေးဇူး တစ်ဦးမေတ္တာပေါ့ကွယ်၊ ပြုစုထိုက်လို့ ပြုစုကြရတယ်၊ ဒါလူ့လောကမှာ အင်မတန်မှန်မြတ်တဲ့အလုပ်တွေပါ၊ အဒေါ်တို့အိမ်မှာနေသမျှ ဘာမှအနေကျုံ့စရာလဲ မလိုဘူး၊ အားနာစရာလဲ မလိုဘူးကွယ့်"

ထို့နောက် အမျိုးသမီးကြီးက ထိုင်ရာမှ ထလိုက်ပြီး....



"ကဲ....သမီး၊ နောက်မှ အေးအေးဆေးဆေး စကားပြောကြ၊ အခု မောင်ရင်လေးနေရမယ့်အခန်းကို လိုက်ပြလိုက်၊ ပြီးတော့ မောင်ရင်လေးကို ရေမိုးချိုးပါစေ၊ ပြီးရင် စားသောက်ပြီး နားပါစေဦး"

ပြောကာ ဧည့်ခန်းတွင်းမှ ထွက်ခွာသွားသည်။

"အဲဒါ....ကျွန်တော်....အဲ....ညီမတို့ရဲ့ ဒေါ်လေးဝင်စုခြုံလို့ခေါ်တယ်၊ ဒေါ်လေးခြုံလို့ပဲ ညီမတို့က ခေါ်ကြတယ်၊လာ....အစ်ကို၊ အစ်ကိုနေရမယ့်အခန်းကို ညီမလိုက်ပြမယ်"

ပန်ကူးလျှံက ဝေသူချိန်ကို ဦးဆောင်ခေါ်သွားသည်။

ဧည့်ခန်းမှထွက်လျှင် နောက်ဘက်၌ စကြံလမ်းသဖွယ် လမ်းရှိ၍ ခေါင်းရင်းဘက်တွင် အခန်းများဖွဲ့ထားသည်။ ဝေသူချိန်အတွက် အခန်းမှာ နောက်ဘက်အစွန်ဆုံး ခေါင်းရင်းဘက်အခန်းဖြစ်သည်။

ပန်ကူးလျှံက တံခါးကိုဖွင့်ပေးလိုက်ပြီး....

"ဒါ အစ်ကိုအတွက်အခန်းပဲ လွတ်လွတ်လပ်လပ်သာ နေပေတော့၊ ခဏကြာရင် အစ်ကိုအတွက် အဝတ်အစားသစ်တွေရောက်လာမယ်၊ အဲဒီတော့ ရေချိုးပေါ့၊ ရေချိုးခန်းက ဟောဟိုမှာ၊ အစ်ကိုအတွက် ရေနွေးပြင်ထားတယ်"

သူမက အခန်းတွင်းသို့မဝင်ဘဲ ပြောနေသည်။

ဝေသူချိန်က သူမဖွင့်ပေးသောတံခါးမှ အခန်းသို့ ဝင်လိုက်သည်။ ပန်ကူးလျှံက တံခါးကို ညင်သာစွာ ပြန်ပိတ်ပေးသွားသည်။

အခန်းမှာ အလျားတစ်ဆယ့်လေးပေနှင့်အနံဆယ်ပေခန့်မျှ ရှိသည်။ ခေါင်းရင်းဘက်တွင် အသင့်ပြင်ထားသော ခုတင် တစ်လုံး ရှိနေ၏။

ဝေသူချိန်ကမောင်းရှည်ကိုခေါင်းရင်းတွင်ချိတ်လိုက်ပြီးအဝတ် အိတ်ကို ခုတင်အောက်သို့ သွင်းလိုက်၏။ ထို့နောက် ခေါင်းရင်း ဘက်မှ ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ မှန်းလွဲပိုင်း နေခြည် ဖြာကျနေသော ခြံတွင်းမှရှုခင်းကို မြင်ရသည်။ ပန်းပေါင်းစုံ၏ ရနံ့က အခန်းတွင်းသို့ သင်းမြမြ ဝင်ရောက်လာသည်။

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာ၏။

ဝေသူချိန်က တံခါးကိုသွားဖွင့်ပေးလိုက်ရာ အိမ်ပေါ်ဘက် တွင် သူတို့အား ရန်သူထင်ခဲ့သော အိမ်စေအမျိုးသမီးကို မြင် ရသည်။ သူမ၏လက်တွင်း၌ အုပြာနုရောင်ဝတ်စုံသစ်ကို ကိုင် ထားသည်။

"သခင်မလေးက အပ်ချုပ်ခိုင်းလိုက်တာပါ၊ ရေချိုးပြီး ဒီဝတ်စုံ ကို လဲထားဖို့ မှာလိုက်ပါတယ်၊ ပြီးရင် သူကိုယ်တိုင် ထမင်း စား လာခေါ်မယ်လို့ မှာလိုက်ပါတယ်"

"ကောင်းပါပြီဗျာ"

ဝေသူချိန်က ဝတ်စုံသစ်ကိုယူထားလိုက်သည်။ ထို့နောက် ပန်ကူးလျှန်ပြထားခဲ့သော ရေချိုးခန်းသို့သွားကာ သူ့အဝတ် ဟောင်းများကို လျှော်သည်။ ပြီးလျှင် ရေမိုးချိုးသန့်စင်ကာ ပဝါရှည်ကြီးဖြင့် ရေစင်အောင်သုတ်၍ ဝတ်စုံသစ်ကို ဝတ် သည်။

ဝတ်စုံသစ်မှာ သူနှင့်အံကိုက်ဖြစ်နေသည်။



သူက လျှော်ဖွပ်ထားသော အဝတ်ဟောင်းများကို ရေချိုး ခန်း အတွင်းရှိ တန်းပေါ်တွင်လှန်းထားခဲ့ပြီး သူ့အခန်းရှိရာ သို့ ပြန်လာခဲ့သည်။

သူ့အခန်းရှေ့တွင် ပန်းကူးလျှန်ရောက်နေသည်ကို မြင်ရ သည်။ ပန်ကူးလျှန်က....

"အစ်ကိုရေချိုးတာက သိပ်ကြာတာပဲ၊ အစ်ကိုက ရေ သိပ်ကြိုက်တာပဲနော်"

သူ့ကို ခြေဆုံးခေါင်းဖျားကြည့်ရင်း ပြောသည်။

"ရေကြိုက်တာတော့ အမှန်ပဲ၊ ဒါပေမယ့် အခုကြာတာ က အဝတ်ဟောင်းတွေလျှော်နေလို့ ကြာနေတာပါ"

"အို....အစ်ကိုက ဘာဖြစ်လို့ အဝတ်လျှော်ရတာလဲ၊ အစေခံ တွေ လျှော်မှာပေါ့၊ နောက်မလျှော်နဲ့နော်"

ဝေသူချိန်က ပြုံးနေသည်။

"ကဲ....အခန်းထဲ သွားမနေနဲ့တော့၊ ထမင်းစားဖို့သာ လိုက်ခဲ့ပေတော့"

ပန်ကူးလျှန့်က ဦးဆောင်၍ခေါ်သွားပြန်သည်။

ထမင်းစားခန်းမှာ မီးဖိုခန်းနှင့်ကပ်လျက်အခန်းဖြစ်သည်။ တစ်ခန်းလုံးကို အဖြူရောင်ဆေးများသုတ်ထားသည်။ ထိုင်ခုံ များနှင့် စားပွဲမှာ ချိတ်ရောင်သစ်သားဖြင့် ပြုလုပ်ထား သည်။

စားပွဲပေါ်တွင်မူ ဟင်းလျာများမှာ အလျှံပယ်ပင်။

ဝေသူချိန် အလွန်ကြိုက်သော ကဏန်းပေါင်းလည်းပါ သည်။ ဝက်အူချောင်း၊ ဝက်သားလုံးကြော်၊ ကြက်ကင်၊

ငါးကြင်းပေါင်း၊ သီးစုံရွက်စုံကြော်တို့ပြင် ဝေသူချိန်ဘာမှန်း မသိသော ဟင်းအမည်များကလည်း သုံးလေးမျိုးပါလိုက်သေး၏။

စားမည့်သူကား သူနှင့်ပန်ကူးလျှန်နှစ်ယောက်တည်း ဖြစ်ပုံရသည်။ ထမင်းစားခန်းအတွင်းသို့ သူနှင့်ပန်ကူးလျှန်မှလွဲ၍ တခြား ဘယ်သူမျှမရှိ။

"ထမင်းမစားခင် အရက်ချိုတစ်ခွက်လောက် သောက်လိုက်ဦး အစ်ကို၊ ဒါမှ ပင်ပန်းတာတွေပြေပြီး ထမင်းစားကောင်းမှာ"

သူမက ပြည့်လုနီးပါးရှိသည့် အနီရောင်အရက်များ ထည့်ထားသော ခွက်တစ်ခွက်ကိုလာချပေးသည်။ ဝေသူချိန်က အနည်းငယ်မြည်းစမ်းကြည့်လိုက်ပြီး တစ်ခွက်လုံးမော့သောက်လိုက်၏။ ချိုမွှေးရှိန်ရှတတရှိသော အရက်က လည်ချောင်းမှ ဝမ်းခေါင်းထဲသို့ ပူရှိန်းရှိန်းနှင့်စီးဝင်သွားသည်။

"တော်တော်ကောင်းတဲ့အရက်ချိုပဲ၊ တစ်ခါမှ ဒီလိုအရက်မျိုး မသောက်ဖူးဘူး"

ဝေသူချိန်ကပြောလိုက်ပြီး ထိုင်ခုံတစ်လုံးတွင် ထိုင်လိုက်ရာ ပန်ကူးလျှန်ကလည်း သူ့အနားတွင် ဝင်ထိုင်သည်။

"လမ်းတုန်းက ကျွန်တော်ပြောခဲ့တာကို အရှဲ့တိုက်တာတော့ မဟုတ်ပါဘူးနော်"

ဝေသူချိန်က မေးလိုက်သည်။

"ဘာလဲအစ်ကို"

ပန်ကူးလျှန်က စောင်းငဲ့ကြည့်ရင်းပြန်မေး၏။



"ကြော်....ဟင်းခွက်တွေက များလွန်းလို့ပြောတာပါ"

"အစ်ကိုရယ်...ညီမတို့အိမ်ကဒီလိုပါပဲ၊ ကဏန်းပေါင်းတို့၊ ငါးကြင်းပေါင်းတို့ဆိုတာက ခုချက် ခုဖြစ်ဘာမှမဟုတ်ဘဲ၊ ဧည့်သည်လာလို့ချက်တာ မဟုတ်ပါဘူး၊ ကြက်ကြော်ကတော့ ခုမှကြော်လိုက်တာ မှန်ပါတယ်၊ ဘာမှ ပိုမထူးခြားပါဘူး၊ ညီမတို့အိမ်က ဒီလိုပဲစားနေကျပါ"

"အင်း...."

ဝေသူချိန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"ကျွန်တော် ဒီလောက်ဟင်းများများနဲ့ တစ်ခါမှ မစားဖူးဘူးဗျ"

ဝေသူချိန်က အရှိုးခံအတိုင်းပင်ပြောပြလိုက်ရာ ပန်းကူးလျှန်က စိတ်မကောင်းသည့်အလား သက်ပြင်းကို ကျိတ်၍ချလိုက်သည်။ သို့သော် မျက်နှာပေါ်တွင်မူ အပြုံးကို မပျက်စေဘဲ....

"ကဲ....အစ်ကို၊ တစ်လမ်းလုံး ကြိမ်းမောင်းလာတာ၊ အားရပါးရသာစားစမ်းပါ အစ်ကို"

ပြောလိုက်ပြီး ဝေသူချိန်၏ ထမင်းပန်းကန်ထဲသို့ ဟင်းတစ်မျိုးပြီးတစ်မျိုး ခပ်ထည့်ပေးသည်မှာ ထမင်းပင် မမြင်ရတော့ဘဲ ဖြစ်နေရာ....

"ကျုပ် မစားတတ်တော့ဘူးဗျ၊ ဟင်းဆိုတာ ထမင်းနဲ့တွန်ရုံစားမှ အရသာရှိတာ၊ ခုတော့ ဟင်းချည်းပဲဖြစ်နေပြီ...."

ဝေသူချိန်က ပြောလိုက်သည်။

"အစ်ကို အားရပါးရ စားစေချင်လို့ပါ"

ပန်ကူးလျှန်က မျက်စောင်းထိုးရင်း ပြောသည်။

"စားဖို့ကတော့ စိတ်ချပါ၊ စားပိုးနှင့်မသွားရင်ကံကောင်းပဲ၊ ဒါပေမယ့် ကိုယ့်ဘာသာ စားပါရစေဗျာ"

ပန်ကူးလျှန်က ရယ်သည်။

"ကဲ....ကဲ ...ခင်ဗျားသဘော"

သူက ဝမ်းပန်းလေသံမျိုးဖြင့် ပြောလိုက်၏။

ဝေသူချိန်က ထမင်းတစ်ဆုပ်ကို ဟင်းပုံပေါ်သို့ ထပ်ထည့်လိုက်ပြီး စတင်စားသောက်သည်။ သူစားသည်မှာ တကယ်ပင် မြိန်ရေရှက်ရေနိုင်လှသည်။ ပန်ကူးလျှန်မှာ တို့ကနန်း ဆိတ်ကနန်းသာ စားရင်း ဝေသူချိန် အားရပါးရစားသည်ကိုသာ ကြည့်နေ၏။

ဝေသူချိန်က ထမင်းသုံးပန်းကန်မျှ ဆက်တိုက်စားပစ်လိုက်သည်။

ထို့နောက် ဟင်းချိုအတော်များများသောက်ပြီး လက်စသတ်လိုက်သည်။

"တော်ပြီ"

သူက ဒါပဲပြောသည်။

"ဟင်....နည်းနည်းကလေးရယ်"

ပန်ကူးလျှန်က နှုတ်ခမ်းစူ၍ပြောသည်။

"အလိုဗျာ....လူဆယ်ယောက်စာလောက်ရှိတဲ့ဟာကိုကျုပ်က ကုန်အောင်စားနိုင်ပါ့မလားဗျ၊ ခင်ဗျားက ကျုပ်ကိုအစာကောင်းတွေ ဗိုက်ကွဲအောင်ကျွေးပြီး သတ်မလို့လား"



ထို့နောက် သူကရယ်လိုက်ပြီး....

"ကျုပ် တကယ်မစားနိုင်တော့လို့ပါဗျာ"

ခယတောင်းပန်သောလေသံဖြင့် ပြောလိုက်သည်။

ထို့နောက် နှစ်ယောက်သား စကားထိုင်၍ပြောကြပြီးနောက် ပန်ကူးလျှန်က အခန်းဝထိလိုက်ပို့ပေးသည်။ ဝေသူချိန်မှာ သူနားရမည့်အခန်းတွင်းသို့ရောက်သည်နှင့်အခန်းတံခါးကို ပိတ်လိုက်ပြီး ခုတင်ပေါ်သို့တက်အိပ်သည်။ သူက ချက်ချင်းလိုပင် အိပ်ပျော်သွားတော့သည်။

( ၂၄ )

အရက်တက်လှုပြီဖြစ်သည်။

ကြယ်ရောင်၊ လရောင်တို့မှိန်လျက်၊ အရှေ့ဘက်တွင် ဝင်းစိုသော ရောင်ခြည်များ ပျို့အန်လာသည်။ သို့သော် ချီအန်မြို့သည် အိပ်ရေးဝပုံမရသေးချေ။ တိတ်ဆိတ် အိပ်မောကျနေဆဲပင် ဖြစ်သည်။

မြို့တွင်းအရပ်များ၌ တိတ်ဆိတ်နေသောအခါ မြို့ပြင်အရပ်များတွင်ကား ဆိုဘွယ်ရာမရှိတော့ချေ။ နှင်းများ ပိန်းပိန်းကျသော အမှောင်အောက်တွင် သက်ရှိဟူ၍မရှိသောလွင်ပြင်တစ်ရအလား ထူးခြားစွာ တိတ်ဆိတ်နေတော့သည်။



သို့သော် အံ့ဩဖွယ်ကောင်းသည်မှာ ထိုအချိန်အခါတွင်ပင် ချီအန်မြို့ဘက်ဆီမှ လူတစ်ယောက်က မြို့တောင်ဘက်မြေနီကုန်းစပ်ရှိ သစ်ပုပ်ပင်ကြီးရှိရာသို့ ခပ်သွက်သွက်လျှောက်သွားနေသည်ကို မြင်လိုက်ရခြင်းပင်ဖြစ်သည်။

ထိုလူလျှောက်သွားနေသော မြေနီကုန်းစပ်ရှိ သစ်ပုပ်ပင်ကြီးမှာ သက်တမ်းရင့်ကြာသောအပင်ကြီး ဖြစ်သည်။ မြို့နှင့် မလှမ်းမကမ်းတွင်တည်ရှိသော်လည်း ထိုဘက်သို့သွားသူအရောက်အပေါက် နည်းသည်။ အဘယ်ကြောင့်ဆိုသော် ထိုသစ်ပုပ်ပင်ကြီးပေါ်တွင် တစ္ဆေကြီးတစ်ကောင် ထိုင်၍နေတတ်သည်ဟု သတင်းပြန့်ခဲ့သောကြောင့်ပင်။

ယခု ချီအန်မြို့တွင်းမှ ထွက်လာသူကား ထိုသစ်ပုပ်ပင်ကြီးရှိရာသို့ မတွန့်မဆုတ်သွားနေသည်။ သူသွားနေပုံကမ ကြောက်ရွံ့သည့်ပြင် အလျှင်စလိုရောက်ချင်နေသည့်အသွင်အပြင်မှာအထင်အရှား ပေါ်လွင်နေသည်။

ထိုလူကား ချိန်ကူးမြို့အနီးရှိ တောကြီးထဲတွင် လျှို့ဝှက်အသံရှင်အား လာရောက်တွေ့ဆုံ သတင်းပေးပို့သူ မျက်နှာသေနှင့် လူပင် ဖြစ်သည်။

ထိုလူသည် ခပ်သုတ်သုတ်လျှောက်လာရာ ခဏအကြာတွင် သစ်ပုပ်ပင်ကြီးအနားသို့ ရောက်ရှိလာသည်။ သူက သစ်ပုပ်ပင်ပတ်ဝန်းကျင်ကို တစ်ချက်မျှကြည့်လိုက်သည်။ ထူးခြားမှုလည်း မရှိ၊ လှုပ်ရှားမှုလည်း မရှိချေ။ ထိုအခါ မျက်နှာသေနှင့်လူသည် သစ်ပုပ်ပင်ခြေရင်းဆီသို့ ချဉ်းကပ်သွားကာ သစ်ပုပ်ပင်ပေါ်သို့ လျင်မြန်စွာတက်သွားသည်။

ခဏတွင် ထိုလူသည် သစ်ပုပ်ပင်ခွကြားသို့ရောက်ရှိသွားပြီး အခေါင်းထဲတွင် တစ်စုံတစ်ရာကို လက်ဖြင့်စမ်း၍ရှာနေသည်။ ထို့နောက် ရှာဖွေနေသည့်အရာကို တွေ့ရှိသွားပုံဖြင့် ခဏမျှ ငြိမ်သက်သွားကာ တစ်စုံတစ်ခုကို ပါးစပ်တွင်းသို့ ထည့်လိုက်သည်ကို မြင်လိုက်ရသည်။

"ဟင်း...."

ထို့နောက် ထိုလူထံမှ စိတ်အေးချမ်းသွားသော သက်ပြင်းချသံတိုးကို ကြားလိုက်ရပြီး၊ ထိုလူသည် သစ်ပုပ်ပင်ခွကြားမှ အောက်ဘက်သို့ လျင်မြန်စွာ ပြန်ဆင်းလာပြန်၏။

ထိုလူသည် ခဏတွင် ပင်ခြေသို့ ပြန်လည်ရောက်လာသည်။ တစ်ပြိုင်တည်းတွင်....

"အဲဒီနားမှာ ငြိမ်ငြိမ်လေး ရပ်နေလိုက်စမ်းပေါ့"

ခန့်ညားအောင်မြင်သော အမိန့်ပေးသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအမိန့်ပေးသံကြောင့် သစ်ပုပ်ပင်ပေါ်မှ ဆင်းလာသူမှာ လန့်သွားသည်။ သူက သူ့ပတ်ပတ်လည်သို့ ကြောက်လန့်တကြား ကြည့်လိုက်သည်။

မိုးကြိုးနက်အာမခံဌာနပိုင်ရှင် ပင့်ကူစား ဓူစိန်ဝမ်း၊ ရှန်စီ နယ်စားကြီး ယူဝန်ပိန်၊ ချီအန်မြို့စား တိမ်သွေးခေါ်ရှင် ထင်ရှောက်ရီနှင့် ဘယ်လက်ကို လည်ပင်းတွင် ကြိုးနှင့် သိုင်းလွယ်ထားသော နတ်လေပြည်ဟွှကိုချင်တို့က သစ်ပုပ်ပင်နှင့် ဆယ့်ငါးပေပတ်လည်မျှအကွာတွင် ဝိုင်းရံ၍ ရပ်နေကြသည်။

"မင်းဘယ်သူလဲ"



ရှန်စီနယ်စားကြီး ယူဝန်ပိန်က မေးသည်။

မျက်နှာသေနှင့်လူက တုံ့ကျိဘာဝေ ငြိမ်သက်နေသည်။

"မင်းကို အမိန့်ပေးပြီးခိုင်းနေတဲ့သူက ဘယ်သူလဲ"

နယ်စားကြီးယူဝန်ပိန်က ဆင့်၍ မေးလိုက်ပြန်သည်။

"ခုလောလောဆယ်မှာတော့ ခင်ဗျားကပဲ ကျုပ်ကို အမိန့်ပေးနေတာ မဟုတ်လား"

မျက်နှာသေနှင့်လူက ပမာမခန့် ပြန်ပြောလိုက်၏။

"ငါမေးတာကို ကောင်းကောင်းဖြေပါ၊ သူက မင်းကို တစ်ခုခုနဲ့ အကျပ်ကိုင်ထားတယ်ဆိုတာ တို့သိတယ်၊ ဒီလူ ဘယ်သူဆိုတာ သိရရင် မင်းအခက်အခဲကို တို့က ကူညီကြမှာပါ"

နယ်စားကြီးယူဝန်ပိန်က ဖျောင်းဖျသော လေသံမျိုးဖြင့် ပြောလိုက်ရာ မျက်နှာသေနှင့်လူက ရယ်လိုက်သည်။ ထိုရယ်သံကြောင့် တိမ်သွေးခေါ်ရှင် ထင်ရှောက်ရီမှာ ဒေါပွသွားပုံရသည်။

"မင်းက ဘာရယ်တာလဲ၊ တို့အားလုံးဟာ လူတစ်ယောက်ကို စကားတွေပြောလာအောင် မလုပ်တတ်ဘူးလို့ မင်းက ထင်နေလို့လား"

သူက ပွင့်ပွင့်လင်းလင်းပင် ခြိမ်းခြောက်လိုက်သည်။

"ခင်ဗျား ဘာမှ မတတ်နိုင်ပါဘူး"

မျက်နှာသေနှင့်လူက ဘာမှမထူးခြားသလိုပင် ပြောလိုက်ပြန်၏။

ထင်ရှောက်ရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ထိုစဉ်....

"မင်းလဲ့ မတတ်နိုင်ဘူး၊ မင်းတို့အားလုံးလဲ ဘာမှ မတတ်နိုင်ဘူး"

စူးရှသေးကျစ်သောအသံ ထွက်ပေါ်လာသည်။ ထိုအသံသည် မျက်နှာသေနှင့်လူထံမှ မဟုတ်။ ဘယ်အရပ်မှ ထွက်ပေါ်လာမှန်း ခန့်မှန်း၍မရနိုင်သော ထူးဆန်းသည့်အသံသာ ဖြစ်သည်။

နယ်စားကြီး ယူဝန်ပိန်နှင့်အဖွဲ့က လက်နက်များကို အသင့်ပြင်လိုက်ကြသည်။

ထိုစဉ် စူးရှသေးကျစ်သောအသံရှင်၏ ရယ်မောသံ ထွက်ပေါ်လာပြီးနောက် ထိတ်လန့်ချောက်ချားဖွယ်ကောင်းလှသော အခြင်းအရာတစ်ရပ် စတင်ဖြစ်ထွန်းလာသည်။

ရယ်သံအဆုံးတွင် မြေနီကုန်းထိပ်ဘက်မှ ရောမငှက်ကြီးတစ်ကောင် ပျံသန်းလာသကဲ့သို့ မည်းမည်းအရိပ်ကြီးတစ်ရိပ်က သစ်ပုပ်ပင်ကြီးရှိရာသို့ ပျံဝဲ၍ကျလာသည်။ ထို့နောက် ထိုမည်းမည်းလူရိပ်သည် သစ်ပုပ်ပင်၏ပင်စည်ကို ကန်အားယူကာ နယ်စားကြီးယူဝန်ပိန်၏ နောက်ဘက်ဆီသို့ ရောက်ရှိသွားပြန်သည်။

နယ်စားကြီးယူဝန်ပိန်က သူ့နောက်ဘက်သို့ ရောက်ရှိသွားသော လူရိပ်ကို လျင်မြန်စွာလှည့်၍ တိုက်ခိုက်လိုက်သည်။ သို့သော် ဝဲပျံကျလာသောလူရိပ်မှာ လူလုံးပျောက်နေသောအရှိန်အဟုန်ဖြင့် သူတို့လေးယောက် အပြင်ဘက်မှ ထပ်မံလှည့်ပတ်လိုက်သည်။ ထိုလူရိပ်၏ လှည့်ပတ်လှုပ်ရှားမှုအားလျှင်



က လေပွေရိုင်းတစ်ခုပမာ ဖြစ်ပေါ်လာကာ ထိုနားတွင် ရှန်းရှန်းရင်းရင်း ဖြစ်ပေါ်သွားသည်။

နယ်စားကြီးယူဝန်ပိန်တို့လေးယောက်က ကိုယ်စီကိုင်ထားသော လက်နက်များဖြင့် ထိုလူရိပ်လှည့်ပတ်သော လမ်းကြောင်းတွင်ဖြတ်၍ အစွမ်းကုန် တိုက်ခိုက်လိုက် ကြသည်။ သို့သော် လျင်မြန်သောလူရိပ်ကိုကား ထိခိုက်အောင် မတတ်နိုင်ဘဲ ဖြစ်နေသည်။

ခဏတွင် လူရိပ်သည် မြေနီကုန်းစပ်သို့ ပြေးတက်သွားပြန်ရာ နယ်စားကြီးယူဝန်ပိန်တို့ လေးယောက်နောက်မှ လိုက်၍ တိုက်ခိုက်ကြပြန်သည်။ လူရိပ်သည် မြေနီကုန်းထိပ်သို့ လျင်မြန်စွာ ပြေးတက်သွားကာ နောက်ကျွမ်းပစ်၍လိုက်ပြီး သစ်ပုပ်ပင်ခြေသို့ ရောက်ရှိသွားသည်။ ထို့နောက် ယူဝန်ပိန်တို့လေးယောက် ရောက်မလာမီမှာပင် မျက်နှာသေနှင့်လူကို ပွေ့ချီလျက် လှစ်ခနဲ ထွက်ပြေးသွားတော့သည်။

ယူဝန်ပိန်တို့လေးယောက်မှာ မည်သူမျှတက်လိုက်ရန် စိတ်မကူးမိကြ။ ဤမျှမြန်ဆန်သောလှုပ်ရှားမှုမျိုးကို သူတို့အနေဖြင့် ကြုံခဲ့ဖူးခြင်းမရှိရာ။ သူတို့အထဲတွင် ကိုယ်ဖော့ပညာ၌ အထက်မြက်ဆုံးဖြစ်သော နတ်လေပြည်ဟုကိုချင်ဆည်ပင် သစ်ပုပ်ပင်ခြေရင်း၌ ငိုင်နေသည်။

"ဒီလူဟာ ကန့်လန့်ကာနောက်ကွယ်ကလူ အစစ်ပဲ"

အတော်ကြာမှ နယ်စားကြီးယူဝန်ပိန်ကသက်ပြင်းရှည်ကြီးချ၍ ပြောလိုက်သည်။

"ဒီလောက်မြင့်တဲ့တောင်ကို ဘယ်သူမှ မမြင်ကြဘူးတဲ့လား၊ ဒီလူဟာ မိုးပေါ်ကကျလာတာတော့ မဖြစ်နိုင်ဘူး၊ သူဟာ ဘယ်ကရောက်လာတဲ့ သိုင်းပညာရှင် တစ်ယောက်လဲဆိုတာ ကျုပ်တော့ တွေးလို့တောင်မရဘူး"

ပင့်ကူစား ဂူစိန်ဝမ်းက မသက်မသာလေသံဖြင့် ပြောသည်။

"ကျုပ်တို့အားလုံးဟာ အရှုံးလုပ်ခံလိုက်ရတာပဲ၊ လူကိုယ်တိုင် ရင်ဆိုင်လိုက်ရသားနဲ့ သူ ဘယ်သူလဲဆိုတာ မသိနိုင်ခဲ့ဘူး"

တိမ်သွေးမားရှင် ထင်ရှောက်ရီကလည်း ညည်းညူညည်းညူ ပြောသည်။ နတ်လေပြည်ဟွကိုချင် တစ်ယောက်သာလျှင် ဘာမှမပြောဘဲ ငြိမ်သက်စွာရပ်နေသည်။

"ခင်ဗျား ဘယ်လိုထင်သလဲ"

ထင်ရှောက်ရီက ဟွကိုချင်ကိုမေးလိုက်သည်။ ဟွကိုချင်က ခေါင်းကို ညင်သာစွာယမ်းရင်း....

"ဘယ်လိုလုပ်ထင်မှာလဲ၊ သူ့မျက်နှာကိုတောင်ကျုပ်မမြင်လိုက်တဲ့ဟာ"

ရှိုးရှိုးစင်းစင်းပင် ဝန်ခံလိုက်သည်။

"ဟိုလူလာယူတဲ့ သစ်ပုပ်ပင်ပေါ်ကဆေးဟာ သူ့အတွက် အင်မတန် အရေးကြီးတဲ့ဆေး၊ ဒါပဲ ကျုပ်တို့မှန်းလို့ရတယ်"

နယ်စားကြီးယူဝန်ပိန်က ပြောလိုက်ပြီး၊ ဆက်၍....



"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ သိုင်းလောကကြီးတော့ မကြာခင်မှာ ကံဆိုးမိုးမှောင်ကျတော့မယ်ဆိုတာ သေချာပေါက်ပြောလို့ရပါပြီ"

သူ့လေသံက မသက်မသာနိုင်လှ၏။

* * *

"ဩ....သိုင်းလောကကြီးမှာ ဒီလိုတောင် ဖြစ်နေပြန်ပြီတဲ့လားကွယ်၊ မြကျောက်ရှင်တို့ဆိုတာ ကာယကံရှင်ကို ဒုက္ခအကြီးအကျယ်ပေးခဲ့တဲ့အပြင် အခုလဲ သိုင်းလောကကိုဂြိုဟ်မွှေဦးတော့မှာပေါ့"

ဝင်စုခြုံဆိုသော အမျိုးသမီးကြီး၏မျက်နှာမှာ မှိုင်းဝေရင့်ရော်သွားသည်။ သူသည် မြကျောက်ရှင်နှင့်ပတ်သက်သော အကြောင်းတစ်စုံတစ်ရာကို သေချာသိထားဟန်ရှိသည်။ ဝေသူချိန် မသိနိုင်သောပဟေဠိသည် ဤဝင်စုခြုံဆိုသောအမျိုးသမီးကြီးထံတွင် အတိုင်းအတာတစ်ခုထိ သိနိုင်တန်ရာသည်။

ဝေသူချိန်က အတန်ကြာ ချီတုံချတုံဖြစ်နေပြီးမှ....

"အဒေါ်ပြောတာ မှန်ပါတယ်ခင်ဗျာ၊ ဒီမြကျောက်ရှင်ဟာ လောလောဆယ်မှာကိုပဲ ကျွန်တော့်ကိုဒုက္ခပေးနေပါပြီ၊

မိုးကြိုးနက် အာမခံဌာနက လူအကုန်လုံးလောက်လဲ ဒီကိစ္စကြောင့်ပဲ သေဆုံးခဲ့ကြရပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်လို့အဒေါ် သိမယ်ဆိုရင် ပြောပြဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်၊ ဒါကလဲ သိုင်းလောကကြီး တစ်ခုလုံးအတွက် ကူညီဖြေရှင်းနိုင်ဖို့ပါ"

တောင်းပန်လိုက်သည်။

"အင်း...."

ဝင်စုခြုံဆိုသော အမျိုးသမီးကြီးက အဝေးသို့လှမ်းမျှော်ကာ ရီဝေစွာကြည့်သည်။

"လူသိမခံချင်တဲ့အကြောင်းက စ,ရမှာပဲ၊ ဟိုအရင်က တော့ ဒီအကြောင်းတွေဟာ ရင်နာစရာ၊ နာကြည်းဒေါသဖြစ်စရာ၊ ခံပြင်းစရာအဖြစ် အဒေါ့်ရင်ထဲမှာ ရှိခဲ့တာအမှန်ပါပဲ၊ လျှို့ဝှက်ဖုံးကွယ်ပြီး ရှက်စရာအဖြစ်နဲ့ မျိုသိပ်ထားခဲ့တဲ့ အကြောင်းပေါ့ကွယ်၊ ဒါပေမယ့် လူတစ်ယောက်ရဲ့အမြင်ဆိုတာ အတွေ့အကြုံရယ်၊ အသက်ရယ်၊ ပတ်ဝန်းကျင်ရယ်ပေါ်မှာ တည်မှီပြီး ပြောင်းလဲနေတာပါ၊ အဒေါ့် အနေနဲ့ ခုအချိန်မှာတော့ အဲဒါတွေအားလုံးဟာ ဖြစ်ရိုးဖြစ်စဉ် လူ့သဘာဝတစ်ခုလို့ပဲ ယူဆနိုင်ခဲ့ပါပြီ၊မင်းကို အဒေါ် ပြောပြပါ့မယ်ကွယ်"

ထို့နောက် သူက အတိတ်၏အကြောင်းများကိုပြန်ပြောင်း၍ စဉ်းစားနေပုံဖြင့် ရီဝေစွာငေးတွေနေပြန်သည်၊ဝင်စုခြုံနှင့် ဝေသူချိန်တို့စကားပြောနေသည်မှာ အိမ်ပြင်ဘက်ပန်းခြံတွင်၌



ဖြစ်သည်။ ပန်ကူးလျှန် စျေးသို့သွားနေခိုက် သူတို့က စကားပြောနေကြခြင်း ဖြစ်သည်။

နံနက်ခင်း နေခြည်နုက လိမ္မော်ကိုင်းများကြားမှ ယိုကျနေသည်။ မလှမ်းမကမ်းရှိ သစ္စာပန်းချုံဆီမှ ပန်းရနံ့ကလည်း တသင်းသင်းနှင့်။

ဝင်စုခြုံဆိုသော အမျိုးသမီးက အတိတ်ဇာတ်ကြောင်းကို စတင်၍ ပြောပြသည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း (၄၁)ခန့်က ဇီချမ်ပြည်နယ်တွင် ဝင်မိသားစုနှင့် လင်မိသားစုမှာ အထင်ကရမိသားစုကြီးများဖြစ်သည်။ ဥစ္စာစည်းစိမ် ဂုဏ်ရှိန်ထည်ဝါသော မိသားစုကြီးများ ဖြစ်ကြသည်သာမက သိုင်းပညာပါထက်မြက်ကြသဖြင့် ထိုမိသားစုကြီးနှစ်ခုအား ထိပါးစော်ကားရဲသူဟု မရှိခဲ့။

ထို့ပြင် ဝင်မိသားစုနှင့် လင်မိသားစုတို့မှာ မိတ်ဆွေအရင်းအချာများ ဖြစ်ကြသည်။

ထိုအခါက ပြေးလွှားဆော့မြူးကာစ ကလေးသာသာ အရွယ်များသာရှိကြသေးသော ဝင်မိသားစု၏သမီးရှင် ဝင်စုခြုံ

နှင့် လင်မိသားစုမှ လင်ရှုံးနင်တို့မှာ လူကြီးမိဘများက စေ့စပ်ကြောင်းလမ်းထားကြသူများ ဖြစ်သည်။ သူတို့ နှစ်ယောက်မှာ ငယ်ပင်ငယ်ကြသော်လည်း ဂုဏ်ပုဒ်ကိုယ်စီကား ရှိကြသည်။ နှစ်ယောက်စလုံးတွင် ရုပ်ရည်ချောမောခြင်းကို ပိုင်ဆိုင်ကြလျက် ဝင်စုခြုံက အလိမ္မာပိုသည်။ လင်ရှုံးနင်မူကား ထိုကလေးသာသာအရွယ်ကပင် ဉာဏ်ပညာထက်မြက်ခြင်းနှင့် သိုင်းပညာတွင်ထူးချွန်ခြင်းတို့ဖြင့် ကျော်ကြားသည်။

တစ်စတစ်စ အရွယ်ကြီးရင့်လျက် ဖူးရာမှင့်စပြုသောအချိန်၊ လင်ရှုံးနင်သည် သိုင်းပညာလေ့လာလိုက်စားခြင်းတွင် မတင်းတိမ်နိုင်ဘဲ ထက်မြက်သော သိုင်းပညာတစ်ရပ်ကို ရှာဖွေသင်ယူရန် အိမ်မှ ထွက်ခွာသွားခဲ့သည်။

ထိုအချိန်က သိုင်းလောက တွင် နေတစ်ဆူလတစ်ပါး ထင်ရှားနေသည်မှာ မြောက်ပိုင်းနယ်စပ်တွင်နေသော လျပ်စီး သက်ဘန့် သိုင်းသမားကြီးဖြစ်သည်။

သူ၏ဝါးစွမ်းကား တရုတ်ပြည်တစ်ပြည်လုံး၌ ကျော်ကြားလှသည်။ လင်ရှုံးနင်သည် ထိုသိုင်းသမားကြီးဆီသို့ ရောက်သွားခဲ့သည်ဟု ဆိုသည်။

ထို့နောက်ပိုင်းသတင်းများကား ဝင်စုခြုံအတွက် ကြေကွဲစရာ ဖြစ်ခဲ့သည်။

လင်ရှုံးနင်သည် ထိုလျပ်စီးသက်တန့် သိုင်းသမားကြီးထံတွင် တပည့်ခံသင်ကြားရင်း ထိုဆရာကြီး၏ တစ်ဦးတည်းသော တပည့်မဖြစ်သည့် မေလီယုနှင့် အကြောင်းဆက်ပေါင်းဖက်ကြသည်ဟု ဆိုသည်။



လင်ရှုံးနင်ပြန်မည့်ရက်ကို သစ္စာမပျက် စောင့်လင့်နေခဲ့သော ဝင်စုခြုံအတွက် ထိုသတင်းမှာ မုန်တိုင်းကျသည့်နှယ် ရှိလင့်ကစား ဝင်စုခြုံမတုန်လှုပ်ခဲ့။

အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့် သွားကာနီးတွင် လင်ရှုံးနင်ပြောကြားသွားသော မေတ္တာစကားကို အကြွင်းမဲ့ ယုံစားခြင်းကြောင့်ပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းများစွာ ကြာသည်အထိ ဝင်စုခြုံထံသို့ ပြန်မလာခဲ့ချေ။

သူ၏ ကျော်ကြားသောသတင်းများသည်သာလျှင် တရုတ်ပြည် သိုင်းလောကတွင် ဝန်းပတ်လွှမ်းခြုံလာသည်။

လင်ရှုံးနင်သည် ဉာဏ်ပညာထက်မြက်သူဖြစ်ရာ လျပ်စီး သက်တန့် သိုင်းပညာကို ကျေညက်စွာ သင်ယူခဲ့ပြီးနောက် သူ၏အတွေ့အကြုံများပေါင်းစပ်ကာ ပိုမို၍ အစွမ်းထက်မြက်သော ဓားသိုင်းပညာတစ်ရပ်အဖြစ် တီထွင်ခဲ့သည်ဟုဆိုသည်။

သူသည် ထိုဓားသိုင်းပညာဖြင့် ဆထက်ထမ်းပိုးတိုး၍ ကျော်ကြားလာခဲ့ပြန်သည်။

လင်ရှုံးနင်သည် သူတီထွင်ခဲ့သောဓားသိုင်းပညာကို အမြုတေ သိုင်းကျမ်းဟုအမည်တပ်ကာ ထိုသိုင်းကျမ်းကို လုံခြုံသော တစ်နေရာတွင် ဝှက်ခဲ့သည်ဟုဆိုသည်။

ထိုသိုင်းကျမ်း၏ မြေပုံအညွှန်းနှင့်သော့ကို မြကျောက်ရှင် ဓားရုပ်တွင် ရေးထားခဲ့သည်ဟုဆို၏။

လင်ရှုံးနင်ကား သိုင်းသမားကောင်းတည်း။

သူသည် သူ၏ဓားသိုင်းပညာစွမ်းဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်ခဲ့ရာ သိုင်းလောကတွင် အသက်ငယ်ငယ်နှင့် အလွန် လေးစားကြည်ညိုခြင်းခံရသော သိုင်းသမား၊ လူစွမ်းကောင်း ဖြစ်လာခဲ့သည်။

သို့သော်....

သူသည် ဘုန်းကြီး၍သက်မရှည်ခဲ့ချေ။

သူ၏ ကျော်ကြားမှုအရှိန်အဟုန် အမြင့်ဆုံးအချိန်မှာပင် သူသည် ကွန်ဆုံးရပ်တန့်သွားသည်။

သူ မည်သို့ဖြစ်သွားသည်ကို မည်သူမျှမသိကြ။

သေဆုံးသွားသည်လား....

ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်းလား သတင်း တစ်ရုံ တစ်ရာ မရ။

( ၂၄ )

"အဲဒီလို သူ့သတင်းလဲ ရုတ်တရက်ပျောက်ကွယ်သွားရော အခေါ် သူ့ကိုလိုက်ရှာခဲ့ပါတယ်၊ လျှမ်းစီးသက်တန့်သိုင်းသမားကြီးရှိတဲ့ မြောက်ပိုင်းနယ်စပ်ကို ပထမဆုံးသွားခဲ့တယ်၊ ဒါပေမယ့် အခေါ်ရောက်သွားတဲ့အချိန်မှာ လျှပ်စီးသက်တန့်သိုင်းဆရာကြီးသေဆုံးသွားခဲ့တာ (၆)လကျော်ခဲ့ပြီလို့ ဆိုတယ်၊ အခေါ်စုံစမ်းလို့ရသမျှတော့ ဒီလျှပ်စီးသက်တန့်သိုင်းဆရာကြီးဟာ မကောင်းသူတွေလက်ထဲကို သူ့ပညာရောက်သွားမှာစိုးလို့ တပည့်များများ မမွေးခဲ့ဘူးလို့ဆိုတယ်။

"လင်ရှုံးနှင့်မရောက်ခင် သူမွေးထားတဲ့ တပည့်ဟာ မိန်းကလေးတစ်ယောက်လို့ပြောတယ်၊ ဆရာကြီးဟာ အဲဒီ

မိဘမဲ့ မိန်းကလေးကိုပဲ သူ့ပညာတွေပေးခဲ့တယ်တဲ့၊ နောက် လင်ရှုံးနှင်ရောက်လာပြီး သူ့ကို ပညာသင်ပေးဖို့တောင်းပန်တာ လက်မခံဘူးလို့သိရပြန်တယ်၊ နောက်တော့ ဘယ်လိုဖြစ်ပြီး သူ့ကိုလက်ခံလိုက်တယ်ဆိုတာတော့ စုံစမ်းလို့မရပြန်ဘူး၊ ဒါပေမယ့် ဆက်ပြီး စုံစမ်းကြည့်တဲ့အခါ လင်ရှုံးနှင်ဟာ ဆရာကြီးရဲ့ မွေးစားသမီးဖြစ်တဲ့ မေလီယုဆိုတဲ့ အမျိုးသမီးနဲ့ လွန်ခဲ့တဲ့(၂)နှစ်လောက်တုန်းက လက်ထပ်ခဲ့ကြတယ်ဆိုတာ သိရပြန်တယ်၊ ဒါဟာ လင်ရှုံးနှင်နဲ့ပတ်သက်ပြီး အဒေါ်စုံစမ်းလို့ ရသမျှ အကုန်ပါပဲကွယ်၊ မြကျောက်ရှင်ဆိုတာကတော့ အဲဒီလိုပျောက်ဆုံးသွားပြီး နှစ်နှစ်လောက်ကြာတဲ့အချိန်ကျမှ ပေါ်လာတဲ့သတင်းပါ၊ ဒါကလဲ ခဏပါပဲ။

"အဲဒီမှာ လင်ရှုံးနှင်အကြောင်း ဘာမှ ဆက်ပြီးစုံစမ်းလို့ မရတော့ဘူး၊ အဒေါ်ပြန်လာခဲ့တယ်၊ အဲဒီမှာ ဇာချမ်ကိုလဲ အဒေါ်ပြန်ရောက်ရော အဒေါ့်ရဲ့မိဘတွေရော လင်ရှုံးနှင်ရဲ့ မိဘတွေပါ သတ်ဖြတ်ခြင်းခံရပြီး အိမ်ကိုပါမီးရှို့ဖျက်ဆီးထားတာ တွေ့ရတာပါပဲ၊ ဒါကလဲ အဒေါ်ပြန်မရောက်ခင် တစ်လလောက်က ဖြစ်သွားတာ၊ ဘယ်သူ့လက်ချက်လဲဆိုတာတော့ ဘယ်လိုမှစုံစမ်းလို့မရဘူး။

"အဒေါ့်မှာ အဲဒီသောကနဲ့ ကိုယ့်မြို့မှာ မနေနိုင်တော့ဘူး၊ စိတ်ပြေလက်ပျောက်အဖြစ် အခု သမီးကလေးနှစ်ယောက်ရဲ့ မိဘတွေဖြစ်တဲ့ သူငယ်ချင်းတွေဆီ အလည်သွားခဲ့တယ်၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလို့တောင် ဆိုရမလားမသိပါဘူး၊ အဒေါ်ရောက်ပြီးတစ်လလောက်အကြာမှာပဲသူငယ်ချင်း



လင်မယားက ရွှေဆင့်နောက်ဆင့် ဆိုသလို ပုလိပ်ကပ်ရောဂါဆိုးကြီးနဲ့ သေသွားကြရော၊ သမီးကလေးနှစ်ယောက်ကလဲ အရွယ်မရောက်ကြသေးဘူးဆိုတော့ အဒေါ့်တာဝန်ဖြစ်ပြီး၊ သမီးကလေးနှစ်ယောက်နဲ့ ဒီကိုရွှေ့လာခဲ့ကြတာပါပဲကွယ်။

"အင်း....ဒုက္ခ...ဒုက္ခ....အဒေါ်မှာ ဒီကလေးနှစ်ယောက်ကိုပဲ အဖော်လုပ်ပြီး အတိတ်က ဝေဒနာတွေကို မေ့နိုင်အောင် ကြိုးစားခဲ့ရ၊ အကင်းမသေလုကာမှ သမီးငယ်လိုချစ်ရတဲ့ ပန်ကူးလျှန်မှာ ကြမ္မာဆိုးနဲ့ ကြုံပြန်ရ၊ အဲဒီအချိန်ကတည်းက သမီးကလေးထွက်သွားလိုက်တာ၊ အခု မောင်ရင်လေးနဲ့အတူ ပြန်ပါလာတော့ အဒေါ့်မှာ ပြောမပြနိုင်လောက်အောင် ဝမ်းသာတယ်ကွယ်၊ပြီးတော့ သမီးကလေးက မင်းအပေါ်မှာ ခင်ခင်မင်မင်နဲ့ ပျော်ရွှင်နေတာကို မြင်ရပြန်တော့ ပိုပြီး စိတ်ချမ်းသာရပြန်တယ်"

"အဒေါ်"

ဝေသူချိန်က ရုတ်တရက်ခေါ်လိုက်ရာ ဝင်စုခြုံမှာ အိပ်ရာမှ နိုးလာသည့်ပမာ ဇဝေဇဝါ ပြန်ကြည့်လိုက်သည်။

"ကျွန်တော်တတ်တဲ့ ဓားသိုင်းပညာဟာ လျှပ်စီးသက်တန့် ဓားသိုင်းပညာလို့ ကျွန်တော့်ရဲ့ ဆရာကြီးတစ်ယောက်က ပြောဖူးပါတယ်"

အမှတ်မထင်ပြောလိုက်သော ဝေသူချိန်၏စကားကြောင့် အမျိုးသမီးကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"မင်း[illegible] ဒီပညာကို ဘယ်လိုတတ်တာလဲ"

"ကျွန်တော့်အမေသင်ပေးတာ၊ ဒါပေမယ့် ကျွန်တော် တတ်တာဟာ လျှပ်စီးသက်တန့် ဓားသိုင်းပညာအကုန် မဟုတ် သေးဘူးလို့ အဲဒီဆရာကြီးကပဲ ပြောခဲ့တယ်"

ဝေသူချိန်က ဆက်ပြောလိုက်သည်။

"မင်းအမေနာမည်က ဘယ်သူတဲ့လဲဟင်"

ဝင့်စုခြုံက သူသိလိုသည်ကိုသာ မေးလိုက်၏။

"ဝေကျန်းရိပ် အဒေါ်"

ဝေသူချိန်၏အဖြေကို ကြားရသောအခါတွင် ဝင့်စုခြုံမှာ ဝေခွဲမရ ဖြစ်သွားပုံရပြန်သည်။

"မင်းအမေက မင်းကို လျှပ်စီးသက်တန့် သိုင်းဆရာကြီး အကြောင်း၊ လင်ရုံးနင်နဲ့ သူ့ဇနီး မေ့လီယုတို့အကြောင်းများ ရော ပြောဖူးသလား"

"ဟင့်အင်း....တစ်ခါမှ မပြောဖူးဘူး"

ဝင့်စုခြုံက ခဏမျှစဉ်းစားနေပြီးမှ မမေးမဖြစ် မေးလိုက်ပုံ ဖြင့်....

"မင်းအဖေကရော ဘယ်သူလဲကွာ"

"မသိပါဘူးဗျာ၊ အမေက သူမပြောဘဲ ဘာကိုမှ မမေးရ ဘူးလို့ စည်းကမ်းသတ်မှတ်ထားပါတယ်၊ ကျွန်တော် မမေးရဲခဲ့ ပါဘူး"

ဝေသူချိန်က ပြောလိုက်သည်။ တကယ်တွင်မူ သူသည် ဖခင်ဖြစ်သူကိုမေးခဲ့၍ မြကျောက်ရှင်ကိုရှာပေးရန် ခရီးထွက် ခဲ့ရခြင်း ဖြစ်သည်။ ဝင့်စုခြုံဆိုသော အမျိုးသမီးကြီးနှင့် စကား ပြောနေစဉ်တွင် ဝေသူချိန်၏စိတ်ထဲ၌ သူ့အမေနှင့် ဤရှပ်ထွေး



သော ဇာတ်ထုပ်များက တစ်နည်းမဟုတ် တစ်နည်း သက်ဆိုင် နေလိမ့်မည်ဟု အသေအချာ ထင်လာသည်။ ထို့ကြောင့်....

"ကျွန်တော် မနက်ဖြန် ခရီးတွက်မယ် အဒေါ်"

ရုတ်တရက် ပြောလိုက်သည်။

"ဟင်....မင်းပြန်လို့ ဘယ်ဖြစ်ဦးမလဲ၊ သမီးကလေးက သိပ် ပျော်နေခဲ့တာ"

"မှန်ပါတယ် အဒေါ်၊ ကျွန်တော် ဒီကို တစ်ခေါက် ပြန် လာလည်နိုင်အောင် ကြိုးစားပါ့မယ်၊ ဒါပေမယ့် ကိစ္စက အရေးကြီးနေတော့ မပြန်လို့မဖြစ်ပါဘူး"

ဝင့်စုခြုံ ငိုင်သွားသည်။

"ပန်ကူးလျှန်က ခွင့်ပြုပါ့မလားကွယ်"

"ဒါကို သူနားလည်အောင် ပြောပြရမှာပဲ အဒေါ်"

ဝင့်စုခြုံ တိတ်တိတ်နေသည်။ သူ့ကို ပန်ကူးလျှန်က ဘာ ပြောမည်ကို တွေးနေခြင်း ဖြစ်သည်။ ထိုစဉ် ခြံပေါက်ဝတွင် လန့်ချားတစ်စီးရပ်သံကို ကြားရသည်။

ပန်ကူးလျှန် ဈေးပြန်လာခြင်းဖြစ်သည်။

"ဒေါ်လေးခြုံ....အစ်ကိုချိန်"

ပန်ကူးလျှန်၏ခေါ်သံ ထွက်လာသည်။

ဝင့်စုခြုံက ဝေသူချိန်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။

ဝေသူချိန်က ပန်ကူးလျှန်၏ ဈေးဆွဲခြင်းကို ကူဆွဲရန် ထိုင် ရာမှထ၍ ခြံဝဆီသို့ ထွက်ခဲ့သည်။

• • •

"မင်းက ငါ့ကို သစ္စာဖောက်တာပေါ့ ဟုတ်လား"

ဝူးရှသေးကျစ်သောအသံက နားထဲတွင် စူးသွားလောက်အောင် ပေါ်ထွက်လာသည်။ ပြောလိုက်သူမှာ မျက်နှာသေနှင့် လူအား နယ်စားကြီးယူဝန်ပိန်တို့ လက်မှကယ်တင်လာခဲ့သူဖြစ်သည်။ ထိုသူသည် အသက်ကြီးပြီဟု ယူဆရသော်လည်း ကိုယ်လုံးပြည့်ပြည့်နှင့် တောင့်တောင့်တင်းတင်းရှိကြောင်း သိသာလှသည်။ ထိုလူ၏ တောင့်တင်းမာကျောသော ဟန်သည် ခေါင်းမှအစ တစ်ကိုယ်လုံးခြုံထားသော အနက်ရောင် ဝတ်ရုံရှည်ကြီးအောက်မှပင် ထိုးဖောက်၍ ထွက်ပေါ်နေသည်။

မျက်နှာသေနှင့်လူမှာ ဆတ်ခနဲတုန်သွားကာ ယိမ်းယိုင်သွားသည်။

"ကျွန်တော်....ကျွန်တော် ဘာများ သစ္စာဖောက်လို့လဲ သခင်ကြီး"

သူက တုန်ယင်ထိတ်လန့်စွာပြောလိုက်သည်။ သို့တိုင် သူသည် သခင်ကြီးဆိုသူကို မကြည့်ရဲချေ။ ခေါင်းငုံ့လျက် ထိတ်လန့်စွာ ပြောနေခြင်းသာဖြစ်သည်။

"ဒါက ဘာများပြောနေစရာလိုသလဲကွာ၊ မင်းက ငါ ဆေးလာထားမယ့်နေရာကို သတင်းပေးထားလို့သာ သူတို့ အခုလို သိနေနိုင်တာပေါ့ကွ"



"ကျွန်တော် အမှန်အတိုင်းပြောတာပါသခင်ကြီး၊ ဒီကိစ္စကို မပြောရိုးအမှန်ပါ၊ သူတို့ထဲက တစ်ယောက်ယောက်ဟာ ဒီကိစ္စကို သိနေလို့သာ ဒီလိုလာစောင့်နေတာ ဖြစ်နိုင်ပါတယ်၊ ပြီးတော့ ကျွန်တော့်ကိုဝိုင်းမိတဲ့အချိန်မှာ ကျွန်တော်ကိုယ်တိုင်ရော သူတို့ပါ သခင်ကြီးရှိနေတာကို မသိကြပါဘူး၊ သခင်ကြီး အသံထွက်လာမှသာ သခင်ကြီး၊ ရှိနေမှန်း၊ သိသွားကြတာပါ"

မျက်နှာသေနှင့်လူပြောသည်မှာ အမှန်ပင်ဖြစ်သည်။ သခင်ကြီး ဆိုသူသည် ခေတ္တမျှတွေဝေသွားသည်။

"အေး....ဘယ်လိုပဲဖြစ်ဖြစ် မင်းကိုတော့သူတို့သိသွားကြပြီ၊ မင်းရုပ်ကို တစ်မျိုးပြောင်းမှဖြစ်လိမ့်မယ်၊ ပြီးခတော့ ဟွကိုချင်ဆိုတဲ့ လူရုပ်က ဘယ်လိုလုပ်ပြီး သူတို့နဲ့သွားပေါင်းမိရတာလဲ၊ အခုကိစ္စဟာ ဒီကောင်ရဲ့လက်ချက်ပဲလို့ တွေးစရာရှိနေလို့သာ မင်းကို ငါ ချမ်းသာပေးလိုက်တာ၊ ဒါပေမယ့် မင်းက ငါ့ကို တစ်ခုဆောင်ရွက်ပေးရမယ်၊ ဒါမှပဲ မင်း သစ္စာရှိနေတယ်ဆိုတာ ငါယုံကြည်နိုင်မယ်"

"အမိန့်ရှိပါ သခင်ကြီး၊ ကျွန်တော် ဆောင်ရွက်ပါ့မယ်"

မျက်နှာသေနှင့်လူက စိတ်သက်သာရာရသွားပုံဖြင့် ပြောလိုက်သည်။

"ဟွကိုချင်ဆိုတဲ့ကောင်ဟာ နေရာတကာပါချင်တဲ့ လူရှုပ် တစ်ယောက်ပဲ၊ သူ့ကို ငါမမြင်ချင်ဘူး"

သခင်ကြီးဆိုသူက ပြောလိုက်သည်။

"ရှင်းပစ်လိုက်ရမယ်လို့ ဆိုလိုတာလား သခင်ကြီး"

"မင်း ဒီလောက်တောင်ဒုန်းဝေးရသလားကွ၊ဒီကောင့်ကို ဖြစ်တဲ့နည်းနဲ့ သတ်ပစ်လိုက်လို့ပြောနေတာ"

သခင်ကြီးက ဒေါသသံနှင့်ပြောလိုက်ပြန်သည်။

"ကောင်းပါပြီ သခင်ကြီး....ကောင်းပါပြီ"

မျက်နှာသေနှင့်လူက ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်းပြောလိုက်သည်။

"ကဲ....ဒါဆိုရင် မင်းသွားတော့"

သခင်ကြီးဆိုသူ၏ စကားဆုံးသည်နှင့် မျက်နှာသေနှင့်လူက သေမင်းရွှေမှ ထွက်ခွာခွင့်ရသည့်အလား ရုတ်တရက် မတ်ဘတ်ရပ်၍ ကိုယ်ကိုယို့ပြီး လှည့်လိုက်သည်။

"မင်းရုပ်ကိုလဲ ပြောင်းဖြစ်အောင် ပြောင်းလိုက်ဦးနော်"

"စိတ်ချပါသခင်ကြီး၊ စိတ်ချပါ"

မျက်နှာသေနှင့်လူမှာ စကားအဆုံးတွင် အခန်းပြင်သို့ ရောက်သွားသည်။

သခင်ကြီးဆိုသူက အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

* * *



အလျင်စလိုလျှောက်လာသော ထင်ရှောက်ရီကို မြင်လိုက်ရသည်နှင့်....

"ဟော....မြို့စားလေးတော့ အရေးတကြီး ကိစ္စရှိလာပြီနဲ့တူတယ်"

ခဏတွင် မြို့စားထင်ရှောက်ရီမှာညေ့ခန်းတွင်းသို့ ရောက်ရှိလာသည်။ သူက...

"အရေးတော့မကြီးပါဘူး နယ်စားကြီး၊ ထူးတာတော့ အမှန်ပါပဲ"

ထင်ရှောက်ရီ၏စကားကြောင့် သူ့အနားသို့ အားလုံးဝိုင်းအုံလာကြသည်။ ဟွကိုချင်တစ်ယောက်သာလျှင် အခန်းတွင်း၌ လမ်းလျှောက်နေရာမှ ထင်ရှောက်ရီရှိရာသို့မလာဘဲ သူ့အဃ်လက်ကို ဆုပ်ချည်ဖြန့်ချည်ပြုရင်း မတ်တတ်ရပ်၍ နားထောင်နေသည်။

"ပြောစမ်းပါဦးဗျ"

ပင့်ကူစေးဝူစိန်ဝမ်းက ပြောလိုက်၏။

ထင်ရှောက်ရီက စားပွဲပေါ်တွင် တင်ထားသည့် အရက်အိုးတွင်းမှ အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြီးမှ....

"မရဏပလွေရှင်ဝူဖန်နဲ့ ရှင်ပျက်တစ္ဆေ သုံးဖော်ကို မြို့အနောက်ဘက်က သချိုင်းဟောင်းထဲမှာ အတူတူထိုင်နေတာ တွေ့ခဲ့ရတယ်ဗျ"

"ဟင်...."

"ဗျာ...."

နိဒါန်းမဆင့်ဘဲ ပြောလိုက်သော မြို့စားထင်ရှောက်ရီ၏ စကားအဆုံးတွင် ကျန်လူသုံးယောက် မျက်လုံးပြူးသွားကြသည်။

အမှန်အားဖြင့် ဤသိုင်းသမားလေးယောက်တို့ အတူတကွရှိနေကြခြင်းမှာ မည်သို့မျှဆန်းပြားခြင်း မရှိဟုထင်ရမည်ဖြစ်သည်။ သို့သော် ရှင်ပျက်ငွေသုံးဖော်နှင့်မရဏပလွေရှင်ဝူဖန်တို့၏ ကမ္ဘာရန်ဇာတ်လမ်းကို သိရှိထားသူများအတွက် ဤလေးယောက် ရန်ခိုက်ဒေါသမဖြစ်ကြဘဲ အတူတကွရှိနေကြသည်ဆိုခြင်းမှာ ဆန်းကြယ်ရုံမျှမက ယုံနိုင်စရာပင်မရှိချေ။

"သူတို့တိုက်ခိုက်နေကြတာမဟုတ်ဘူးလား"

ပင့်ကူမှော် ဝူစိန်ဝမ်းက မယုံနိုင်သည့်အလား မေးလိုက်သည်။

"အေးအေးဆေးဆေးကို စကားပြောနေကြတာဗျ"

"အင်း....လောကကြီးတော့ ဘာတွေဖြစ်ကုန်ပြီလဲမသိဘူး မြေနှင့်ဖား မိတ်ဆွေဖွဲ့တယ်ကြားရတာကမှ ယုံချင်စရာကောင်းလိမ့်ဦးမယ်မယ်ဗျို့"

နတ်လေပြည် ဟွာကိုချင်ကပါ ဝင်၍ပြောလိုက်သည်။

အားလုံး၏ အမူအရာနှင့်စကားများကြောင့် တိမ်သွေးမှော်ရှင်မြို့စားလေး ထင်ရှောက်ရီမှာ ကြောင်အအဖြစ်သွားသည်။

သူက....



"ကျွန်တော်လိမ်တယ် ထင်လို့လား"

ပတ်ချာလည်မှ လူများကိုကြည့်ရင်း ပြောလိုက်ရာ....

"မထင်ပါဘူးမြို့စားလေး၊ ခင်ဗျားလိမ်ပြောနေတယ်လို့ ကျုပ်တို့တစ်ယောက်ကမှ မထင်ကြပါဘူး၊ ဒါပေမယ့် ဇီတစောင်းစေးနဲ့မျက်ချေးလို ဆိုလောက်တဲ့လူတွေ တည့်သွားအောင် စွမ်းဆောင်လိုက်တဲ့ အကြောင်းတရားကတော့ အံ့ဩမှုကုန်နိုင်လောက်အောင်ကို ဆန်းကြယ်နေတာပေါ့ဗျာ"

ပင့်ကူမှော် ဝူစိန်ဝမ်းက ရှင်းပြလိုက်သည်။

သို့သော် ဝူစိန်ဝမ်း၏စကားကိုလည်း မြို့စားထင်ရှောက်ရီ မရှင်းလင်းချေ။ အဘယ်ကြောင့်ဆိုသော် သူ့အနေဖြင့် မရဏပလွေရှင် ဝူဖန်နှင့်ရှင်ပျက်တငွေသုံးဖော်တို့ ရန်ဘက်ဖြစ်သည်ကိုသာသိပြီး အဘယ်ကြောင့် ရန်ဘက်ဖြစ်သည်ဆိုသော အကြောင်းတရားကို မသိခြင်းကြောင့်ပင် ဖြစ်သည်။

"သူတို့က အဲဒီလောက်တောင် မုန်းတီးကြတဲ့လူတွေလားဗျာ"

မြို့စားထင်ရှောက်ရီက ပြန်မေးလိုက်သည်။

"မုန်းပါပြီကောလားဗျာ၊ ရှင်ပျက်တငွေ သုံးဖော်က ဝူဖန်ရဲ့နှမကလေးကို မတရားကျင့်ကြံပြီးတော့ သတ်ဖြတ်ခဲ့ကြတယ်၊ ဝူဖန်ရဲ့လက်ချက်ကြောင့် အရက်အိုး ယွန်မားရဲ့ ညာဘက်ခြေထောက် ပြတ်ခဲ့ရအလို၊ လုံရှည်ဘယ်သန် ကျန်းယုရဲ့အစ်ကိုရင်းခေါက်ခေါက်တစ်ယောက်လဲ သေဆုံးခဲ့ရတာဗျ"

ပင့်ကူမှော် ဝူစိန်ဝမ်း၏ စကားအဆုံးတွင်....

"အလို....သူတို့ရန်ငြိုးက ဘယ်မှာ ကျောစရာရှိလို့လဲဗျ"

မြို့စားထင်ရှောက်ရီက အလန့်တကြား ပြောလိုက်သည်။

"အဲဒါကြောင့် ပြောတာပေါ့ဗျာ၊ အဲဒီ လေးယောက် အခုလို အတူတူထိုင်ပြီး စကားစမြည် ပြောနေတယ်ဆိုတော့ မြွေဟောက်နဲ့မြွေပါ တစ်ကျင်းထဲမှာ အတူတူနေတာကို အံ့ဩစရာ မကောင်းဘူးလားဗျ"

ပင့်ကူစားဝူစိန်ဝမ်းက သူ့စကားကို အဆုံးသတ်လိုက်သည်။

နယ်စားကြီးယူဝန်ပိန်မှာ စကားဝင်မပြောဘဲ နဖူးကြောကြီးများ တင်းနေအောင် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်။ အတန်ကြာသောအခါ....

"ဟူကိုချင်၊ ခင်ဗျားကြားခဲ့ရတဲ့ သစ်ပုပ်ပင်ပေါ်မှာ မင်းအတွက် ဆေးလာယူလှည့်ဆိုတဲ့စကားကို သေချာစဉ်းစားမိရဲ့လားဗျ"

ဟူကိုချင်ကိုလှမ်းမေးလိုက်သည်။ နယ်စားကြီးယူဝန်ပိန်၏ စကားမှာ အမှတ်တမဲ့ အားဖြင့် ယခု ပြောနေကြသောစကားနှင့် မည်သို့မျှမသက်ဆိုင်ဟု ထင်စရာရှိသည်။ သို့သော် ဟူကိုချင်မှာ အတွေ့အကြုံများပြား၍ လာဘ်မြင်သူဖြစ်သဖြင့်....

"ကျွန်တော်စဉ်းစားမိတယ် နယ်စားကြီး၊ အဲဒီဆေးဆိုတာဟာ မျက်နှာသေသိုင်းသမားကို ထိန်းချုပ်ထားတဲ့အရာ ဖြစ်နိုင်တယ်လို့ စဉ်းစားမိပါတယ်"

"ရှေ့နိုပ်လိုက်လေ...."

နယ်စားကြီးက လူငယ်တစ်ယောက်ကဲ့သို့ ဝမ်းသာအားရ ပြောလိုက်သည်။ ဆက်၍....



"အဲဒီအချက်ဟာ အခုကိစ္စမှာရော ကြိုးကိုင်ထားတဲ့ကိစ္စ ဖြစ်မနေနိုင်ဘူးလားဗျာ"

မေးလိုက်ရာ....

"အတော်နီးစပ်ပါတယ်၊ အလွန်တရာ အန္တရာယ်များပြီး ကောက်ကျစ်တဲ့ လူလေးယောက်ကို အတူတူစုစည်းထားနိုင်တဲ့ ကိစ္စဟာ သေတာထက်ဆိုးတဲ့ကိစ္စမျိုးနဲ့သာ အကျုပ်ကိုင်နိုင်မှာပါ"

ဟူကိုချင်ကလည်း စဉ်းစဉ်းစားစား ပြောလိုက်သည်။

ပင့်ကူစားဝူစိန်ဝမ်းနှင့်တိမ်သွေးစားရှင် မြို့စားထင်ရှောက်ရီတို့မှာ သူတို့နှစ်ယောက်၏စကားများကို နားမလည်သဖြင့် အငေးသားရှိနေကြသည်။

နတ်လေ့ပြည်ဟူကိုချင်၏ စကားအဆုံးတွင် နယ်စားကြီး ယူဝန်ပိန်က စားပွဲကိုလက်နှင့်ပုတ်လိုက်ပြီး....

"ဟုတ်ပြီ၊ အဲဒီဆေးဆိုတာဟာ အာဖျံစွဲနေတဲ့လူကို အာဖျံအချိန်မှန်ပေးပြီး ခိုင်းချင်ရာခိုင်းနိုင်သလို အစွမ်းထက်တဲ့ ဆေးမျိုး ဖြစ်နိုင်တာပေါ့ဗျာ"

နယ်စားကြီးမှာ သူ့အတွေးနှင့်သူ အားတက်သရော ပြောနေသည်။

"ဒီလူလေးယောက်ကို သူတို့ဆန္ဒမပါဘဲ တစ်ခုခုစွဲသွားအောင် လုပ်ဖို့ဆိုတာမလွယ်ဘူး၊ ပြီးတော့ သူတို့ဟာ လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကအထိ တစ်ယောက်နဲ့တစ်ယောက် လုပ်ကြံသတ်ဖြတ်ဖို့ ချောင်းမြောင်း ကြံစည်နေခဲ့ကြသာ၊ ကျွန်တော်တို့အားလုံး အသိပဲမဟုတ်လား၊ ဒီတော့ ဒီလောက်

ရက်ပိုင်းအတွင်းမှာ ကြိုးကိုင်ခြယ်လှယ်နိုင်တဲ့အထိ ဖြစ်လောက်အောင် တတ်နိုင်ဖို့ဆိုတာက အဆိပ်လိုဟာမျိုးပဲ ဖြစ်မယ်ထင်တယ်''

နတ်လေပြည်ဟွကိုချင်က အချက်အလက်များကိုမှတည်၍ တွက်ပြသည်။

''အဆိပ်....အဆိပ်....အဆိပ်''

နယ်စားကြီးမှာ တတွတ်တွတ်ရေရွတ်ပြီးမှ....

''ဟွကိုချင် ခင်ဗျားဟာ အလွန်တော်တဲ့လူပဲ၊ ခင်ဗျားကျုပ်တို့ထဲရောက်လာတာ အကျိုးများလှသဗျာ''

ရှတ်တရက် အားရပါးရ ချီးမွမ်းစကားဆိုလိုက်သည်။

''ဘာတွေလဲဗျ၊ ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ''

မအောင့်နိုင်တော့သောပင့်ကူခါးဘူစိန်ဝမ်းက ထမေးလိုက်သည်။

နယ်စားကြီး ယူဝန်ပိန်က....

''ဒီလိုဗျ....ကျုပ်တို့ ဟိုလေးငါးရက်က သစ်ပုပ်ပင်မှာမျက်နှာသေသိုင်းသမားကို သွားစောင့်ဖမ်းတဲ့ကိစ္စ၊ အဲဒီကိုမျက်နှာသေသိုင်းသမားလာတာက ဆေးတစ်ခုခုကို ယူဖို့လာတာ၊ ဒီဆေးကိုထားတာက ကျုပ်တို့ ဖမ်းလို့မရလိုက်တဲ့လူ၊ မျက်နှာသေသိုင်းသမားအတွက် ဒီဆေးဟာ အင်မတန်အရေးကြီးပုံရတယ်၊ ဒီဆေးကြောင့်ပဲ သူဟာ သခင်ကြီးဆိုတဲ့လူအတွက် ခိုင်းရာလုပ်ပေးနေရပုံရတယ်၊ ကျုပ်တို့ ဒီလိုတွေးတာဗျ။



''အဲဒီတော့ ဒီအတွေးကိုအခြေခံပြီးတော့ ခုန ကမ္ဘာရန်ခေါ်လောက်တဲ့ လူလေးယောက် ဘာကြောင့်သင့်မြတ်နေရသလဲဆိုတာမျိုးကို ဆက်တွေးတယ်၊ သူ့ဘာသာသူ ကျေအေးသွားစရာအကြောင်းမရှိဘူး၊ ကျေအေးသွားမယ့် လူတွေလဲမဟုတ်ဘူး၊ ပြီးတော့ ဒီလိုလူဆိုးလူမိုက်တွေကို ကျေအေးသွားစေနိုင်တာက အံ့ကြောက်တရားပဲရှိနိုင်တယ်၊ ဒီ အကြောက်တရားဆိုတာကလဲ သေတာထက်ဆိုးတဲ့ဝေဒနာမျိုးကို ခံစားရမယ့် အကြောက်တရားမျိုး၊ ခုန ဟွကိုချင်က အဆိပ်ဆိုတာကို ပြောလိုက်တယ်မဟုတ်လား၊ ဒါ အလွန်သေချာတဲ့အချက်၊ ကျုပ်တို့ ခပ်လွယ်လွယ် တွက်ကြည့်မယ်၊ သခင်ကြီး ဆိုတဲ့လူဟာ သူ့အလိုရှိတဲ့လူတွေကို အဆိပ်တစ်မျိုးမျိုး ခတ်မယ်၊ ဒီအဆိပ်ဟာ ချက်ချင်း သေမသွားနိုင်ဘူး၊ သာမန်အချိန်တွေမှာလဲ မဖြစ်ဘူး၊ ဒါပေမယ့် အဆိပ်က အစွမ်းပြပြီဆိုရင် အလွန်ခံရခက်တဲ့ ဝေဒနာမျိုးကို ခံစားရမယ်၊ ကာကွယ်ဖို့အတွက်က ဖြေဆေးတစ်မျိုးကို အချိန်မှန်စားရမယ်၊ သခင်ကြီးဆိုတဲ့သူဟာ အဲဒီနည်းကိုသုံးပြီး အဆိပ်ဖြေဆေးကို အချိန်မှန်ပေးတဲ့ အကျပ်ကိုင်မှုနဲ့ ဒီလူတွေကို သူလိုသလို ထိန်းချုပ် ကိုင်တွယ်နေတယ်၊ ကျုပ်တို့နှစ်ယောက် အဲဒီလိုတွက်မိကြတယ်ဗျာ''

ရှန်စီနယ်စားကြီး ယူဝန်ပိန်က ရှည်လျားစွာရှင်းပြလိုက်ရာ အားလုံးငြိမ်ကျသွားသည်။ လူတိုင်း ကိုယ့်အတွေးနှင့်ကိုယ် အမျိုးမျိုးတွက်ဆကြည့်နေကြပုံလည်း ရသည်။

''သူက ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ''

မြို့စားတင်ရွှေကျော်ရိုက် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"အဲဒီအချက်ကိုသိရင်တော့ပြဿနာပြီးပြီလို့တောင်ပြောလို့ရပြီဗျ၊ ဒါကတော့ ကျုပ်တို့ အခုတွေ့ရတဲ့အချက်အလက်တွေနဲ့ တွက်ကြည့်လို့မရသေးဘူး၊ ဒါကို ကျုပ်တို့အားလုံး ဆက်ပြီး လေ့လာစုံစမ်းရမယ်"

နယ်စားကြီး ယုဝန်ပိန်က ပြောလိုက်သည်။ သူ့စကားမှာ အဆုံးအဖြတ်ပမာပင် ဖြစ်သည်။ ထို့နောက် သူက ဟွာကိုချင်ဘက်သို့ လှည့်၍....

"အခုလောလောဆယ်တော့ ရှင်ပျက်တာတွေ သုံးဖော်နဲ့ မရဏပလွှူဖန်တို့ကို မျက်ခြည်မပြတ်စောင့်ကြည့်နေဖို့လိုတယ်ဗျ၊ ဒါမှ သူတို့ခြေလှမ်းကို ကျုပ်တို့က ခန့်မှန်းလို့ရမယ်၊ ဒီကိစ္စကို ခင်ဗျားက တာဝန်ယူစေချင်တယ်၊ ဘယ့်နှယ်လဲ...."

ပြောလိုက်ရာ ဟွာကိုချင်က ခေါင်းကို ဆတ်ခနဲညိတ်လိုက်ရင်း....

"ဖြစ်ပါတယ်"

သူ့ထုံးစံအတိုင်း ခပ်ပေါ့ပေါ့လေသံဖြင့်ပင် ပြောလိုက်သည်။ သို့သော် သူ ထိုသို့ပြောသောစကားမှာ အခြားလူများ၊ အလေးအနက်ပြောသည်ထက်ပင် ခိုင်မာပေသေးသည်။

"ဒါနဲ့ ခင်ဗျားလက်ကရော...."

"ကောင်းပါတယ်"

ဟွာကိုချင်က အရက်တစ်ခွက်ကို ခပ်သွက်သွက်ငှဲ့သောက်လိုက်ပြီး ဧည့်ခန်းအပြင်ဘက်သို့ ထွက်သွားသည်။

( ၂၅ )

ကျောက်တုံးကျောက်ခဲ ထူထပ်သောနေရာတွင်ပင် မြင်းပေါ်မှ ဆင်းလိုက်သည်။

ပေါင်ကွ၍ ခါးနာနေသည်။ မြင်းစီးခြင်းအလုပ်မှာ သူနှင့် အကျွမ်းတဝင် ရှိလှသေးသည် မဟုတ်။ ဟိုပေပြည်နယ်မှ မိုးခိုတောင်သို့အရောက် ခရီးပြင်းတစ်ဆက်တည်းကို မြင်းဖြင့် နှင်ခဲ့ခြင်း ဖြစ်သည်။

သူပင်ပန်းသည်ထက် မြင်းကြီးက ပို၍ပင်ပန်းပေလိမ့်မည်။

သူက မြက်ခင်းထဲတွင် မြင်းကြီးကို လွှတ်ထားလိုက်သည်။

သူနေထိုင်ကြီးပြင်းခဲ့ရာ အိမ်ကလေး၏ ကိုက်သုံးရာ ပတ်ဝန်းကျင်မှာ ကျောက်တုံးကျောက်ခဲများ ထူထပ်သည် ဖြစ်ရာ သူက သည်အတိုင်းပင် လျှောက်သွားတော့သည်။

အချိန်က နေခြည်ရွှေရည်လောင်းသော ညနေစောင်းအချိန် ဖြစ်သည်။

သူက ယခုအခါ ကိုးရိုးကားရားဝတ်စုံနှင့် မဟုတ်တော့ချေ။ အဖိုးတန် အဖြူရောင် ပိုးပျော့ဝတ်စုံနှင့် ဖြစ်သည်။ အကျည်းတန်တို့ပင် လှသောအချိန်ဖြစ်ရာ တောင့်တင်းခိုင်မာသော ကိုယ်ဟန်ဖြင့် ချောမောခန့်ညားခြင်းရှိသော ဝေသူချိန်မှာ ကြွနေအောင် လှနေသည်။

ကျောက်တုံး ကျောက်ခက်များပေါ်တွင် ပေါ့ပါးစွာ လျှောက်နေသည့် သူ့ဟန်မှာ ရွှေရင်သိမ်းသစ်ချစ်ဖွယ်သော မိန်းကလေးတို့အတွက် စိတ်ကူးယဉ်ချင်စရာပုံမျိုး ဖြစ်သည်။

သူက သွက်လက်ပေါ့ပါးစွာလျှောက်နေရာ ကျောတွင် သိုင်းလွယ်ထားသည့် ဓားရှည်အရိုးမှ ပဝါစမှာ လေထဲတွင် တဖျပ်ဖျပ်လွင့်နေသည်။

ခဏတွင် မိုးခိုတောင်ခြေစပ်ရှိ အိမ်ကလေးကို မြင်ရသည်။ အိမ်ရှေ့တံခါးဝသည် ဟင်းလင်းပွင့်လျက်....

ထိုကတည်းကပင် အိမ်ထဲတွင် လူစိမ်းသူစိမ်းများ အခွင့်မဲ့ ရောက်ရှိနေပြီဖြစ်ကြောင်း ဝေသူချိန် ကောင်းကောင်း သိလိုက်သည်။

သူ့အမေသည် အိမ်ရှေ့တံခါးကို ဘယ်သောအခါမှ ဖွင့်ထားသည် မရှိဖူးခဲ့။

ဝေသူချိန်က မိုးခိုတောင်ဘေးမှကပ်၍ အိမ်ဆီသို့ ဖျတ်လတ်ပေါ့ပါးစွာ ချဉ်းကပ်လာခဲ့သည်။ အိမ်ထဲသို့ ကျူးကျော်



ဝင်ရောက်နေသူများမှာ သူတို့အလုပ်သူတို့ ရှုပ်နေကြပုံရသည်။ ဝေသူချိန် ချဉ်းကပ်လာသောခြေသံကို ကြားကြပုံ မရှိ။

အိမ်ထဲသို့ဝင်ရောက်နေကြသူများမှာ တစ်ယောက်တည်း မဟုတ်နိုင်။

သူတို့သည် အိမ်ထဲတွင် စိတ်ထင်တိုင်း ကြဲနေကြပုံရသည်။ အိမ်ထဲတွင် ဝုန်းဒိုင်းကြဲနေသောအသံများကို ကြားနေရသည်။

"ဒါ ဟိုခွေးကောင်လေးအိမ်မှ ဟုတ်ရဲ့လား မသိဘူး"

ကြားဖူးသောအသံတစ်သံကို ကြားရသည်။

"သူ့အမေဆိုတဲ့ မိန်းမကြီးက ဘယ်သွားနေသလဲ မသိဘူးကွ"

ထိုအသံကိုလည်း ဝေသူချိန် ကြားဖူးသည်။

"တို့ကိုပြောလိုက်တော့ ဒီကောင်လေးဆီမှာ မြကျောက်ရှင်ကျမ်းရှိနေပြီလို့ ပြောလိုက်တာ၊ ဒါပေမယ့် အဲဒီမြကျောက်ရှင်ဟာ သူ့ကိုယ်ပေါ်မှာပဲ ထားနိုင်တဲ့ပစ္စည်းမျိုး မဟုတ်လား၊ ဒါကို သူ့အိမ်မှာလာရှာတာ သိပ်တော့အဓိပ္ပာယ်မရှိဘူးပေါ့"

"ဒါက အမိန့်အရ လုပ်ရတာပဲကွာ၊ ဘာလဲ မင်းတို့က အာခံချင်လို့လား"

စူးစူးသေးသေးအသံက ပြောသည်။

"မင်း ခွေးစကား မပြောနဲ့၊ တို့က အာခံတဲ့စကား တစ်ခွန်းမှ မပြောဘူး၊ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ စဉ်းစားနေကြတာ"

"ငါ ခွေးစကားမပြောဘူး၊ မင်းကသာ ခွေးလိုနားလည်နေတာ"

"တောက်....မင်းတော့ကွာ"

"အောင်မယ်....မင်းတို့သုံးယောက်ကို ငါက ကြောက်မယ် ထင်လို့လား၊ ဟောကောင်တွေ ငါက မင်းတို့ကို ကမ္ဘာ့မကျေ ကွ၊ နားလည်လား၊တစ်ယောက်ချင်းဆိုရင် မင်းတို့သုံးယောက် ကို တန်းစီပြီးတိုက်တယ်"

"အေး....ငါက မင်းကို အပိုင်းပိုင်း ထစ်ပစ်နိုင်တယ်ဟေ့"

အိမ်ထဲမှ စကားပြောသံများ ဆူညံစွာ ထွက်ပေါ်လာ သည်။ အတူတူလာကြသူချင်း စကားများနေကြခြင်း ဖြစ် သည်။

ဝေသူချိန်က အိမ်အေားနားရှိ ကျောက်စွန်းတွင်ကွယ်၍ နားထောင်နေသည်။ စကားများအရ အချင်းချင်း ထသတ် ကြတော့မည်ဟု ဝေသူချိန်က ထင်နေသည်။ သို့သော်....

"ဟေ့....ဒီကောင်က တစ်ယောက်တည်းသမားကွ၊ ခံစရာ ရှိရင် သူက တစ်ယောက်တည်းခံရမှာ၊ တို့က သုံးယောက်စလုံး ခံရမှာ၊ တစ်ယောက်ချင်းသတ်ရတာက အရေးမကြီးဘူး၊ အမိန့် အတိုင်း မနာခံလို့ ခံစရာရှိရင် တို့ဘက်ကအနာချည်းပဲ၊ တော်ပြီ ဟေ့"

ထိုအသံကား ရသေ့မင်ယီ၏အသံဖြစ်ကြောင်း ဝေသူချိန် မှတ်မိသွားသည်။ သို့ဆိုလျှင် သူတို့သုံးယောက်နှင့် စကားများ နေသူကား မည်သူနည်း။ ဝေသူချိန်သည် မရဏပလွှရှင် ဝူဖန်ကို မသိချေ။

ထိုစဉ် မိုးခိုတောင်ရိပ်သည် အိမ်ကလေးကို ဖုံးကွယ်စပြု သည်။



ဝေသူချိန်က ကျောက်စွန်းကွယ်မှထ၍ အိမ်ကလေးဆီသို့ ချဉ်းကပ်သွားသည်။

ထို့နောက် တံခါးဝတွင် မားမားကြီးရပ်လိုက်သည်။

"ခင်ဗျားတို့က တကယ့် ကြမ်းပိုးသူခိုးတွေပါလား"

ရှင်ပျက်တစ္ဆေသုံးဖော်နှင့်ဝူဖန်တို့ ပါးစပ်ဟောင်းလောင်း ဖြစ်နေကြသည်။

"ပြီးတော့ သိပ်အတင့်ရဲလွန်းတယ်၊ ဒါဟာ ပိုင်ရှင်ရှိတဲ့ အိမ်တစ်လုံးဗျ၊ သာလာယံဇရပ်မဟုတ်ဘူး၊ အိမ်ရှင်မရှိတဲ့ အိမ်ထဲကိုဝင်လာတာ သူခိုးအလုပ်ဘဲ"

ဝေသူချိန်က တစ်လုံးချင်းပြောလိုက်သည်။

"အမယ်...."

မရဏပလွှဝူဖန်က မျက်နှာနီနီကြီးနှင့် ပြောလိုက်သည်။ သူက ဝေသူချိန်နှင့် တိုက်ခိုက်ဖူးခြင်းမရှိရာ လူငယ်လေး တစ်ယောက်မျှသာဖြစ်သော ဝေသူချိန်ကို အထင်ကြီးခြင်းမရှိ ချေ။ သူက ဒေါသဖြင့် ရေရွတ်ရင်း သူ့ သံမဏိပလွေကို မြှောက်လျက် ဝေသူချိန်ထံသို့ ပြေးဝင်သွားသည်။

အလွန်ညင်သာသော ခါးနုတ်သံတစ်ချက်ထွက်ပေါ်လာ ပြီး အလင်းတန်းတစ်ချက် ထွက်ပေါ်လှာသည်။

ထို့နောက် ကံသောကမျော နောက်သို့ ပြန်ဆုတ်လိုက် သော ဝူဖန်ကို မြင်လိုက်ကြရသည်။

ဝူဖန်၏ နီမဲနေသောမျက်နှာကြီးက ချက်ချင်း ဖြူဖျော့ သွားသည်။ သူက အထင်သေးစိတ်ဖြင့် ဝေသူချိန်ထံသို့ ကမူး

ရှူးထိုး ဝင်သွားခဲ့ရာ ဝေသူချိန်ခါးတစ်ချက်က သူ၏ပခုံး အင်္ကျီစကို ထိုးခွဲသွားခဲ့သည်။

"ဟား....ဟား....ဒီကောင့်မှာ အင်္ကျီတစ်ထည်ပဲရှိတာ၊ ခုလို ဆိုတော့ ဒီကောင် ကိုယ်တုံးလုံးနေရတော့မှာပဲ"

ခြေတစ်ဖက်ပြတ် အရက်အိုးယွန်းမားက ဝူဖန်မခံချင်အောင် ပြောလိုက်သည်။ သို့သော် ဝူဖန်မှာ သူ့ကိုပင်ပြန်ကြည့်နိုင်ခြင်း မရှိဘဲ ဝေသူချိန်၏မျက်နှာကိုသာ ငေးကြည့်နေသည်။

ခါးချက်ကိုပင် သူသေချာမမြင်လိုက်ရ။

သူသည် ရှင်ပျက်တစ္ဆေသုံးဖော်ရှေ့တွင် အရှက်ကွဲချေပြီ။

"မင်း ဘယ်သူလဲ"

မရဏပလေ့ရှင်ဝူဖန်က အံ့ဩသံတစ်ဝက်ဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့လာရှာတဲ့ အိမ်ရှင်...."

ဝေသူချိန်က ခပ်ပြတ်ပြတ်ဖြေလိုက်ရာ မြကျောက်ရှင် ရှိနေသည်ဟူသောအသိဖြင့် ဝူဖန်တွေခနဲ ဖြစ်သွားပြန်သည်။

"ဒီကောင် ကြောက်သွားပြီနဲ့တူတယ်ကွ"

ရသေ့မင်ယီကဆွဲလိုက်ရာ သူ့အသံမှာ အတော်ကျယ်သဖြင့် ဝူဖန်က သူ့ဘက်သို့လှည့်ပြီး နှုတ်ခမ်းလှုပ်၍ဆဲလိုက်သည်။

"မင်းက ဘာဖြစ်လို့သွားပြောရတာလဲ၊ ကြောက်တာကို ကြောက်တယ်ပြောရင် ဘယ်ခံချင်မလဲကွ"

လှံရှည်ဘယ်သန်ကျန်းယုက ရသေ့မင်ယီကိုပြောသလိုနှင့် ဝူဖန်ကို တို့ပေးလိုက်သည်။



"မင်းကြီးဒေါ်ယောက်ျားမို့ ငါက ကြောက်ရမှာလား ကွ...."

ဝူဖန်က ဒေါသဖြင့်အော်ဟစ်လိုက်သည်။ သူ၏ လေးပေ မျှသာရှိသော သေးငယ်ပုညက်သည့်ခန္ဓာကိုယ်မှာ မခံချင်စိတ် ကြောင့် တဆတ်ဆတ်တုန်ယင်နေသည်။

"ခင်ဗျား ဒေါသဖြစ်နေတာလား"

ဝေသူချိန်က မေးလိုက်သည်။

"ခင်ဗျားက အိမ်ထဲကိုလဲ သူခိုးသူဝှက်လိုဝင်တယ်၊ အိမ်ရှင် ဖြစ်တဲ့ ကျုပ်ကိုလဲ ရန်ပြုချင်တယ်ဆိုတော့ အမိုက်ကမ်းကုန် နေတဲ့ လူပုံစံမျိုးဖြစ်နေပြီပေါ့၊ ကျုပ်က ခင်ဗျားကိုဆုံးမမယ် ပြောရအောင်ကလဲ ခင်ဗျားအသက်က ကြွေခါနီး ပန်းသီး ပုပ်လို ဖြစ်နေပြီ"

"မင်းကို ငါသတ်မယ်"

မရဏပလေ့ဝူဖန်က အံကြိတ်သံနှင့် ပြောလိုက်ခြင်းဖြစ် သည်။

"မဖြစ်နိုင်ပါဘူး၊ ခင်ဗျားခန္ဓာကိုယ်က ကလေးသာသာ လောက်ပဲရှိသလို ခင်ဗျားပညာကလဲ ကလေးသာသာလောက်ပဲ ရှိပါတယ်"

ဝေသူချိန်က အေးအေးဆေးဆေးပြောနေရာ ဖြူရော် သွားခဲ့သော ဝူဖန်၏မျက်နှာက ချက်ချင်းလိုပင် ပြန်၍ နီရဲ လာပြန်သည်။

"ဒါကို မင်းတွေ့ရမှာပေါ့"

ထို့နောက် သူက မရဏာတမန်သိုင်းကွက်ဖြင့် ဝေသူချိန်၏ ရင်ဝရှိ သွေးကြောကွက်သုံးနေရာသို့ လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သည်။

ဝေသူချိန်က ပထမနှစ်ချက်ကို အလွတ်တိမ်းရှောင်လိုက်ပြီး နောက်ဆုံးတစ်ချက်ကို သွေးမားဖြင့် ခံဆောင်ပေးလိုက်သည်။

"ထန်း...."

ဝေသူချိန်က အတွင်းအား အနည်းငယ်သာသည့်ပမာ ဝူဖန်ကိုယ်ဟန်အနည်းငယ်ပျက်သွားသည်။ သို့သော် သံမဏိပလွေလက်နက်မှာ ဝူဖန်နှင့်အလွန် လိုက်ဖက်သော လက်နက်ဖြစ်သည်။ စီးစီးပိုင်ပိုင်နှင့် သွက်လက်စွာ လှုပ်ရှားတိုက်ခိုက်နိုင်သော လက်နက်ဖြစ်ရာ ဝူဖန်ကချက်ချင်းပင် သေမင်းခြေကြွသိုင်းကွက်ဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

ထိုတိုက်ကွက်မှာ ခန္ဓာကိုယ်အောက်ပိုင်းသို့ ဦးတည်တိုက်ခိုက်သော သိုင်းကွက်ဖြစ်ရာ သွက်လက်သော ဝူဖန်၏ တိုက်ကွက်များကြောင့် ဝေသူချိန်မှာ တံခါးဝမှနောက်ဘက်သို့ ခြေလှမ်းနှစ်လှမ်းမျှဆုတ်၍ ပေးလိုက်ရသည်။

သူ ထိုသို့ဆုတ်ခွာလိုက်ရသည်နှင့် ရှင်ပျက်တစ္ဆေသုံးဖော်တို့ တံခါးပေါက်နားသို့ တိုးကပ်ကာ နေရာယူထားလိုက်သည်။ ဝေသူချိန်အနေဖြင့် ဝူဖန်၏တိုက်ခိုက်မှုကို တုံ့ပြန်၍ တံခါးဝတွင်ပြန်၍ နေရာယူရန် မခက်လှချေ။ သို့သော် သူ့အနေဖြင့် ထိုနေရာသို့ ပြန်မကပ်ရဲတော့ချေ။



တံခါးပေါက်နားတွင် ချဉ်းကပ် နေရာယူလိုက်သော ရှင်ပျက်တစ္ဆေသုံးဖော်တို့၏ အန္တရာယ်ကြောင့်ပင်....

မည်သို့ပင်ဖြစ်စေ သူ့အနေဖြင့် တိုက်ကွင်းတိုက်ကွက်နေရာကျယ်ပြန့်လေ ကောင်းလေဖြစ်ရာ ဝေသူချိန်က ရှောင်တိမ်းသည့်ပုံစံဖြင့်ပင် နောက်ဘက်သို့ ခြေနှစ်လှမ်းမျှ ထပ်မံဆုတ်ပေးလိုက်ပြန်၏။

အိမ်ရှေ့ဘက် ကျောက်သလင်းမြေသို့ ရောက်လာသည်။

ရှင်ပျက်တစ္ဆေသုံးဖော်တို့ကလည်း အိမ်ပြင်သို့ထွက်လာပြီး တံခါးပေါက်ဝနားတွင် ကပ်ရပ်၍ ကြည့်နေကြလေသည်။

သူတို့အနေဖြင့် သူတို့နှင့်ရန်သူများချည်း ဖြစ်ကြသော ဝေသူချိန်နှင့်ဝူဖန်တို့၏ သိုင်းကွက်များကို လေ့လာချင်ကြသည်။ သူတို့အနေဖြင့် ဤတိုက်ပွဲ၌ ဝူဖန်ကိုလည်း ရှုံးသွားစေချင်သည်။ သို့သော် အကယ်၍ ဝူဖန်ရှုံးပြီး သူတို့သုံးယောက်တည်းနှင့် ဝေသူချိန်ကို အနိုင်မရမှာကိုလည်း စိုးရိမ်သည်။ အကယ်၍ ဝေသူချိန်လွတ်သွားခဲ့လျှင် သခင်ကြီး၏ အပြစ်ပေးခြင်းကို ခံရပေလိမ့်မည်။

သခင်ကြီး၏ ပြစ်ဒဏ်ကား ကြောက်မက်ဖွယ်ရာဖြစ်သည်။

ထို့ကြောင့် ဝူဖန်ရှုံးနိမ့်ခဲ့လျှင် အသင့်ဝိုင်းကူ၍ ဝေသူချိန်ကို အပိုင်အနိုင် ဖမ်းနိုင်ရန် အသင့်စောင့်ဆိုင်းကြည့်ရှုနေကြခြင်း ဖြစ်သည်။

ဝူဖန်မှာ သူ၏တိုက်ခိုက်မှုဖြင့် နောက်သို့ဆက်တိုက် ဆုတ်လိုက်သော ဝေသူချိန်၏အပြုအမူကြောင့် အားတက်လာပုံရသည်။

ပိုမို၍ရဲတင်းစွာ တိုက်ခိုက်လာသည်။

သူ၏ပလွေရှည်ဖြင့် တိုက်ခိုက်မှုမှာ လေခွင်းသံများပင် ထွက်ပေါ်လာကာ ကြောက်မက်ဖွယ်ရာ ပြင်းထန်လာသည်။

ဝေသူချိန်၏ တစ်ကိုယ်လုံးမှာ ပလွေရိပ်များ ဖုံးလွှမ်းလာသကဲ့သို့ ဖြစ်နေသည်။

သို့သော် စူဖန် မစဉ်းစားမိသည်မှာ သူ့အနေဖြင့် ထိုအချိန်အထိဖိ၍ တစ်ဖက်သတ်လိုတိုက်ခိုက်နေပါလျက် ဝေသူချိန်အား ထိခိုက်အောင် မတတ်နိုင်သေးဆိုသော အချက်ပင် ဖြစ်သည်။

"ကောင်လေးကို သူမနိုင်နိုင်ဘူး"

ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မားက မှတ်ချက်ချသည်။

"အင်း....ကောင်လေးက ခုအချိန်ထိ သူ့သိုင်းကွက် တစ်ကွက်ကိုမှ ထုတ်မသုံးသေးဘူး"

ရသေ့မင်ယီကလည်း ပြောသည်။

ထိုအချိန်တွင် ပလွေရိပ်များမှာ ဝေသူချိန်၏ တစ်ကိုယ်လုံးအား လွှမ်းခြုံလျက် ရှောင်လမ်းထွက်လမ်း မရှိတော့သည့်ပမာ ဖြစ်နေသည်။

ကြည့်နေသော ရသေ့မင်ယီ၏ ပခုံးတွန့်ခနဲတစ်ချက် ဖြစ်သွားသည်။ သူက ဝေသူချိန်၏ ဓားချက်တစ်ချက်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ဓားရောင်က ဝေသူချိန်၏ ပတ်ပတ်လည်တွင် ယှက်ဖြာသွားသည်။

"ထန်း....ထန်း"

"ထန်း...."



ဓားသွားနှင့် သံမဏိပလွေရိုး ထိခိုက်သံထွက်ပေါ်လာပြီး မရဏပလွေရှင် ဂူဖန်မှာ နောက်သို့ လန့်ထွက်လာသည်ကို မြင်လိုက်ရသည်။

ဝေသူချိန်က ဆုတ်သွားသော ဂူဖန်နောက်သို့ ဓားချက်တစ်ချက်သွင်း၍တစ်လှမ်းတက်လိုက်ပြန်ရာစူဖန်မှာမခုခံနိုင်ဘဲတစ်လုံခန့်မျှအထိနောက်ဘက်သို့ ခုန်ဆုတ်သွားရပြန်၏။

ဝေသူချိန်ကဆက်မလိုက်တော့ဘဲ ရှင်ပျက်တစ္ဆေသုံးဖော်ဆက်သို့ လှည့်လိုက်သည်။

"ခင်ဗျားတို့ကရော...."

သူကမေးလိုက်၏။

"မင်းကရော"

ရသေ့မင်ယီက သူတို့ဘက်မှလူအင်အား သာနေသဖြင့် ခပ်တင်းတင်း ပြန်မေးလိုက်သည်။

"သူခိုးက လူလူဟစ်တယ်ဆိုတာ ဒါမျိုးပဲထင်တယ်"

ဝေသူချိန်က ခပ်မိန့်မိန့် ပြုံးရင်း ပြောလိုက်သည်။ ဆက်၍....

"ကျုပ် ခင်ဗျားတို့ကို တစ်ခါ ဆုံးမခဲ့ပြီးပြီ၊ ဒါကို မမှတ်သေးဘူးဆိုတော့ မှတ်လောက်အောင်နောက်တစ်ခါ ဆုံးမရမှာပေါ့ဗျာ"

ဝေသူချိန်၏ စကားအဆုံးတွင် ရှင်ပျက်တစ္ဆေသုံးဖော်က ဝေသူချိန်ကို ဝိုင်းလိုက်ကြသည်။

"အေး...မင်းကပဲ တို့ကိုဆုံးမနိုင်မလား၊ တို့ကပဲ သိပ်ဘဝင်မြင့်နေတဲ့ မင်းကို ဆုံးမနိုင်မလား၊ ကြည့်ကြသေးတာပေါ့ကွာ"

ရသေ့မင်းယီက စကားအဆုံးတွင် ကြေးပုတီးကြီးကို လည်ပင်းမှ ဖြုတ်လိုက်သည်။

"ဟိတ်...."

ရုတ်တရက် ဝေသူချိန်က လှံရှည်ဘယ်သန်ကျန်းယုကို ဝင်၍ တိုက်ခိုက်လိုက်သည်။

ထိုတိုက်ခိုက်မှုမှာ သာမန်အားဖြင့်ကြည့်လျှင် လက်ဦးမှု ရယူသည်ဟုသာ ထင်စရာရှိသည်။ တကယ်တွင်မူ ဝေသူချိန် ထိုသို့တိုက်ခိုက်လိုက်ခြင်းမှာ ရန်သူ့တိုက်ကွင်းနယ်မြေကို ချုံ့လိုက်ခြင်းသာ ဖြစ်သည်။ လှံရှည်ဘယ်သန်ကျန်းယုမှာ ဝေသူချိန်၏ မမျှော်လင့်သော တိုက်ခိုက်မှုကြောင့် မရဏပလွှရှင် ဝူဖန် ရပ်နေရာဆီသို့ ဆုတ်ခွာသွားရသည်။

ထိုစဉ် ရသေ့မင်းယီနှင့်ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မား တို့က ဝေသူချိန်နောက်ဘက်မှညှပ်၍ ဝင်လာကြသည်။

"ဝိုး....ဝိုး...."

ယွန်မားက သံချိုင်းထောက်နှင့်လည်းကောင်း၊ မင်ယီက ကြေးပုတီးနှင့်လည်းကောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်လိုက်ကြသည်။

ဝေသူချိန်က မိုးကြိုးပစ်ဒေါင်းပျံသိုင်းကွက်ဖြင့် တိမ်းရှောင်၍ နောက်ဘက်သို့ ခုန်ထွက်လိုက်သည်။ သူ့အနေဖြင့် ရန်သူ



လေးယောက်အား မျက်နှာတစ်ဖက်တည်းတွင်ထား၍ ယှဉ်ပြိုင်နိုင်သော အနေအထားကို ရယူလိုက်ခြင်းလည်း ဖြစ်သည်။

သို့သော် သူနှင့် ရင်ဆိုင်နေရသူများမှာ သာမည သိုင်းသမားများ မဟုတ်ချေ။ သိုင်းလောကတွင် နာမည်ဆိုးဖြင့် နှစ်ရှည်လများ ကျင်လည်ခဲ့ကြသူများဖြစ်သည်။ အတွေ့အကြုံအားဖြင့် ဝေသူချိန်ထက် သာလွန်ကြသူများလည်း ဖြစ်သည်။

မရဏပလွှရှင် ဝူဖန်ကလည်း တိုက်ပွဲတွင် ပြန်ပါလာသည်။

ရှင်ပျက်တစ္ဆေသုံးဖော်မှာ တစ်ယောက်သဘောကို တစ်ယောက် နောကျေအောင် သိကြသူများဖြစ်ရာ ဝေသူချိန်အား ဝိုင်းရံထားသော အနေအထားကို ချက်ချင်း ယူလိုက်ကြသည်။

ထို့နောက် နှစ်ယောက်က ဝင်ရောက်တိုက်ခိုက်လျှင် ကျန် တစ်ယောက်က ဝေသူချိန်၏ထွက်ပေါက်ကိုပိတ်လျက် အပြန်ပြန် လူလဲ၍ တိုက်ခိုက်ကြတော့သည်။

တိုက်ပွဲမှာ လူလုံးပျောက်အောင်ပင် မြန်ဆန်လှပါသည်။

လက်နက်များ၏ လှုပ်ရှားမှုများကို မမြင်ရ။ လေခွင်းသံများသာလျှင် ပြင်းထန်စွာ ထွက်ပေါ်နေသည်။ ဝေသူချိန်၏ ဓားရောင်မှာ တလျှပ်လျှပ် ဝင်းပြက်နေသည်။ သူသည် မိုးလုံးစကြာဝဠာသိုင်းကွက်ဖြင့် ခံစစ်ရှင်အနေအထားဖြင့် တိုက်ခိုက်နေခြင်း ဖြစ်သည်။

သူက တစ်ချက်ချက်၌ ရှင်ပျက်တစ္ဆေ သုံးဖော်အနက် တစ်ယောက်ယောက်အား ဖိ၍တိုက်ခိုက်လိုက်လျှင် နွားအုပ်ထဲသို့ ကျားဝင်သည့်အလား ရှဲ၍ ရှဲ၍သွားသည်။

ဤတိုက်ပွဲတွင် ယောင်တီယောင်န ဖြစ်နေသူမှာ မရဏ ပလေ့ရှင် ဝူဖန်ဖြစ်သည်။ သူ့မှာ ရှင်ပျက်တစ္ဆေသုံးဖော်နှင့် အတူတူလာသော်လည်း ရှင်ပျက်တစ္ဆေသုံးဖော်က သူ့အား အရေးမလုပ်ချေ။ သူ့မှာ ဿံမဏိပလေ့ကြီး တစ်ကိုင်ကိုင်နှင့် တိုက်ပွဲအစပ်တွင် ယောင်ချာချာ ဖြစ်နေသည်။

သို့သော် သူ့အနေဖြင့် ဝေသူချိန်နှင့် ပထမဆုံး တိုက်ခိုက်ခဲ့ရာ အရေးမလုပ်ခဲ့သဖြင့် မကျေမချမ်းနိုင်ချေ။ သူက ဝေသူချိန်အား တိုက်ခိုက်ရန် အခွင့်ကောင်းကို ချောင်းနေသည်။

"ယား....ယား....ယား...."

ဝေသူချိန်က အားကုန်ဟစ်ကြွေးရင်း ခုန်ပျံတိုက်ခိုက်နေသည်။

ရှင်ပျက်တစ္ဆေသုံးဖော်မှာ ဝေသူချိန်၏ ထက်မြက်လှသော ဓားသိုင်းကွက်များကြောင့် ဓားတစ်ကမ်း တုတ်တစ်လှမ်း အနေမှသာ တိုက်ခိုက်နေကြရာ အကျိုးမထူးဘဲ ဖြစ်နေကြသည်။

သူတို့က အားမလိုအားမရ ဖြစ်လာကြပုံရသည်။

ယွန်မားက ကိုယ်ကိုပတ်ချာလှည့်ရင်း အနီးကပ်တိုက်ခိုက်ရန် ကြိုးစားလိုက်သည်။

"ထန်း...."

"ထန်း...."

ပြင်းထန်သောထိခိုက်သံနှင့်အတူ မီးပွင့်များဖြာထွက်သွားသည်။ ဝေသူချိန်၏အတွင်းအားမှာ ယွန်မားထက် အနည်ငယ် သာလွန်မှုရှိရာ ယွန်မား တန့်သွားသည်။



သို့သော် ဝေသူချိန်က ထိခိုက်မှုအရှိန်နှင့်ရော၍ ဘေးဘက်သို့ လိမ့်ထွက်လိုက်ပြီး ရသေ့မင်ယီကို တိုက်ခိုက်လိုက်သည်။ မင်ယီမှာ လူးလိမ့်ရင်း ဝင်လာသော ဝေသူချိန်၏ တိုက်ခိုက်မှုကို ခုန်၍ ရှောင်လိုက်ရသည်။

ဝေသူချိန်က မင်ယီ၏နောက်ဘက်သို့ရောက်သွားသည်။

သူက လူးလိမ့်ရာမှ ဖျတ်ခနဲခုန်ထလိုက်ကာ အလွန်လျင်မြန်သောအရှိန်ဖြင့် မင်ယီ၏နောက်ကျောကို ဝင်၍ တိုက်ခိုက်လိုက်သည်။

ဝေသူချိန်၏လှုပ်ရှားမှုမှာ လျင်မြန်လှသောကြောင့် ထိုအချိန်၌ တစ်ယောက်ချင်းတိုက်ခိုက်ကြခြင်းသာဖြစ်လျှင် ရသေ့မင်ယီမှာ ဝေသူချိန်၏ဓားချက်များဖြင့် အမှန်ပင် သေဆုံးရပေလိမ့်မည်။ သို့သော် ယခုတိုက်ခိုက်မှုမှာ အများနှင့်တစ်ယောက် တိုက်ခိုက်ကြခြင်းဖြစ်ရာ ဝေသူချိန်က ရသေ့မင်ယီ၏ နောက်ကျောဘက်ကို အပိုင်အနိုင် တိုက်ခိုက်လိုက်သည်နှင့် ဘယ်သန်ကျန်းယုက သူ၏လှံရှည်ဖြင့် ဝေသူချိန်ကို ကြုံ၍ တိုက်ခိုက်လိုက်သည်။

ဝေသူချိန်မှာ ခါးနောက်လှန်၍ လှံချက်ကိုရှောင်တိမ်းလိုက်ရသည်။

ထိုအချိန်တွင် ဝေသူချိန်၏အနေအထားမှာ မရဏပလေ့ရှင် ဝူဖန်ကို ကျောပေးထားသလိုဖြစ်နေရာ အပိုင်ကွက်ကိုစောင့်နေသောဝူဖန်က အကာအကွယ်မဲ့နေသော ဝေသူချိန်၏ ကျောပြင်သို့ လက်နက်ပုန်းဖြင့်ပစ်ခတ်ရန် သူ့ပလေ့ကို ပါးစပ်တွင် တေ့လိုက်သည်။

ထိုစဉ်....

"ဝှစ်...."

ပြင်းထန်သောလေချွင်းသံတစ်ချက် ထွက်ပေါ်လာသည်။ အသံနှင့်အတူ ဆင်ပစ်မြွေတစ်ကောင်အလား အနက်ရောင်ကြိုးတစ်ချောင်းက စူဖန်၏ပလေ့ဂိုရာသို့ တန်းခနဲရောက်လာသည်။

စူဖန်က ရုတ်တရက်ထိုင်ချလိုက်သည်။

ကြိုးထိပ်မှသံလုံးက ပလေ့နှင့်လွဲချော်သွားပြီး....

"ဝှစ်...."

နောက်ဘက်သို့ ပြန်ဆုတ်သွားသည်။

ထို့နောက် လူရိပ်တစ်ရိပ်က နှစ်ဆင့်မျှဆက်၍ခုန်လိုက်ပြီး တိုက်ပွဲအတွင်းသို့ ရောက်ရှိလာသည်။

သူကား နတ်လေပြည်ဟွကိုချင်တည်း။

ဟွကိုချင်က ဝေသူချိန်နှင့်ကျောချင်းကပ် ရပ်လိုက်သည်။ သူက ရှင်ပျက်ဘာမှ သုံးဖော်နှင့် မရဏပလေ့ရှင်ဝူဖန်တို့ကို တစ်ချက်မျှ လှည့်ပတ်ကြည့်လိုက်ပြီး....

"ခင်ဗျားတို့က အရှက်လဲမရှိဘူး၊ ယုတ်မာလိုက်တာကလဲ ကမ်းကုန်ရော"

ပြောချလိုက်သည်။

"မင်း ဘာဝင်ရှုပ်ဦးမလို့လဲ"

မရဏပလေ့ရှင်ဝူဖန်က လှမ်းမေးလိုက်သည်။

"ခင်ဗျားက မကြီးမငယ်နဲ့ ချားစီးချင်သေးလို့လား",



ဟွကိုချင်က သူနှင့်စူဖန်တို့ သချိုင်းဟောင်းထဲတွင် တိုက်ခိုက်ခဲ့သော တိုက်ပွဲကိုညွှန်း၍ပြောလိုက်ရာ ဝူဖန်၏မျက်နှာ ရဲခနဲဖြစ်သွားသည်။ သို့သော် သူက....

"ဒါပေမယ့် မင်းပဲထွက်ပြေးခဲ့တာပဲ မဟုတ်လား"

ရှက်ရမ်းရမ်းလိုက်သည်။

"ဒါက ကျုပ်နဲ့ တစ်ယောက်ချင်းမတိုက်ရဲလို့ ခေါ်လာတဲ့ အဖော်က လုပ်ကြံလို့ဖြစ်တာပဲ၊ ကျုပ်က ရှက်စရာမရှိပါဘူး"

"မင်းလိုကောင်နဲ့တိုက်ဖို့ အဖော်မလိုဘူးဟေ့"

ဝူဖန်က စူးစူးဝါးဝါးပြန်အော်သည်။

"ဒီစကားကတော့ ယုံစရာမရှိပါဘူးဗျာ၊ အခု တစ်ယောက်နဲ့ အများ တိုက်ခိုက်နေတာတောင် ခင်ဗျားကဲ အလစ်ချောင်းပြီး လက်နက်ပုန်းသုံးမလို့ လုပ်ခဲ့သေးတယ်မဟုတ်လားဗျ"

ဟွကိုချင်၏စကားက မည်သို့မျှ ငြင်းကွယ်၍မရနိုင်သော စကားမျိုး။

ဝူဖန်၏မျက်နှာ မည်းခနဲဖြစ်သွားသည်။

"ဒါက ကလေးကစားတာမှမဟုတ်ဘဲကွ၊ အသက်လုတဲ့ တိုက်ပွဲမှာ ဘယ်အလုပ်မျိုးမဆို တရားတာပဲ"

"အေးပေါ့လေ....ခင်ဗျားက သိက္ခာတရား ဆိုတာကိုမှ နားမလည်ဘဲ၊ ဒီလိုပဲပြောမှာပေါ့"

ဟွကိုချင်က ရွံရှာသောမျက်နှာမျိုးဖြင့် ပြောသည်။ ဆက်၍....

"ကဲ....ငါ့ညီ တို့ဒီလူတွေကို လူနဲ့သူနဲ့တူအောင် ဆုံးမလိုက်ကြဦးစို့လား"

ဝေသူချိန်ကို ပြောလိုက်သည်။

ဝေသူချိန်က ရယ်လိုက်ပြီး....

"ဆုံးမတာကတော့ ဆုံးမရမှာပဲ၊ ဒါပေမယ့် သူတို့တွေ လူလူသူသူ နားလည်ဖို့ဆိုတာကတော့ မမျှော်လင့်နိုင်ပါဘူး၊ သူတို့က မိုက်ရိုးရင့်နေကြပြီလေ"

"တောက်...."

ရသေ့မင်ယီက တောက်တစ်ချက် ပြင်းထန်စွာခေါက်လိုက်သည်။

"မင်းတို့ကဒါလောက်တောင် ဘဝင်မြင့်နေတော့ တွေ့သေးတာပေါ့ကွာ"

သူကသေသေကျေကျေ တိုက်ခိုက်မည့်ဟန်မျိုးဖြင့် ရှေ့သို့ တိုးလာသည်။

"ဒေါက်"

ဟွာကိုချင်၏လက်ထဲမှ ကြိုးနက်က ရှေ့သို့တန့်ခနဲ ထွက်သွားကာ မင်ယီ၏ ငယ်ထိပ်သို့ ပေါက်ချလိုက်သည်။ မင်ယီက ဘေးသို့ တိမ်းလိုက်ပြီး သူ့လက်ထဲမှ ကြေးပုတီးဖြင့် ကြိုးကို လှမ်းရစ်လိုက်သည်။ ထို့ကြောင့် ဟွာကိုချင်၏ ကြိုးက နှယ်ရှင်တစ်ခုပမာ တစ်ဖက်သို့ ယမ်းထွက်သွားကာ အရက်အိုးယွန်မား၏ လည်ပင်းကို ရစ်ပတ်တော့မည့်ပမာ ဖြစ်သွားပြန်၏။

ယွန်မားလည်း သူ့ချိုင်းထောက်ကြီးနှင့် ကိုးရိုးကားရား ဖြစ်သွားသည်။



လှ ရှည်ဘယ်သာန် ကျန်းယုကဟွာကိုချင်ကိုပြေးဝင်တိုက်ခိုက်မည်ပြုသည်။ သို့သော် ကျန်းယုကို ဝေသူချိန်က ခါးဖြင့်ဝှေ့ယမ်း၍ တားထားလိုက်သည်။

"ဖွတ်...."

မရဏပလေ့ရှင် ဝူဖန်က သံမဏိပလွေတွင်းမှ လက်နက်ပုန်းကို မှုတ်ထုတ်လိုက်ရာ....

"ကျွား...."

ဝေသူချိန်က လွှားခနဲခုန်လိုက်၍ ခါးကိုဝှေ့ယမ်းလိုက်သည်။

"ဒေါက်...."

သေးငယ်သောမြှားကလေး မြေပေါ်သို့ကျသွား၏။

ရှင်ပျက်တစ္ဆေသုံးဖော်နှင့် မရဏပလေ့ရှင် ဝူဖန်တို့၏ အခြေအနေမှာ ရယ်စရာဖြစ်နေတော့သည်။

သူတို့မှာဟွာကိုချင်နှင့် ဝေသူချိန်တို့အနီးသို့လည်းမကပ်နိုင်။ အဝေးမှနေပြန်လျှင်လည်း ဟွာကိုချင်၏ကြိုးက အငြိမ်မနေရအောင် ဒုက္ခပေးနေသဖြင့် ဘာလုပ်ရမှန်း မသိဘဲဖြစ်နေကြသည်။

"ဟား....ဟား....ရယ်စရာကောင်းတယ်ဟေ့"

နတ်လေပြည် ဟွာကိုချင်မှာ ထုံးစံအတိုင်း ရယ်မောနေသည်။ ဝေသူချိန်မှာ ဟွာကိုချင်အနီးသို့ ချဉ်းကပ်မလာနိုင်အောင် ကာကွယ်ရှိသော ကာကွယ်နေရရှာ ရန်သူများဖြစ်နေပုံကိုကြည့်၍ ရယ်ချင်နေသည်။

"ကျွန်တော်....ခင်ဗျားနဲ့ပြန်ဆုံရတာ ဝမ်းသာတယ်ဗျာ"

ဝေသူချိန်က တိုးတိုးပြောလိုက်သည်။

ဟွကိုချင်က သူကြိုးဖြင့် ရသေ့မင်ယီရှေ့သို့မလာနိုင်အောင် ဟန့်လိုက်ရင်း....

"ကျုပ်လဲ ဒီလိုပါပဲဗျာ၊ ဒါနဲ့ခင်ဗျားက အကြာကြီး ဘယ်ပျောက်နေတာလဲဗျ" ပြန်မေးသည်။

"ဒါကအေးအေးဆေးဆေးမှပြောလို့ဖြစ်မှာဗျ၊ ခင်ဗျားက ဒီကိုဘယ်လိုပြန်ရောက်လာတယ်ဆိုတာ ပြောစမ်းပါဦး"

"ကျုပ်က သူတို့လေးယောက်ကို စောင့်ကြည့်နေရတာမို့ သူတို့နောက်ကို လိုက်လာရင်း ရောက်လာတာ"

"ဟာ....ဒါဆိုရင် စောစောကတည်းက ခင်ဗျားရှိနေတာပေါ့"

ဝေသူချိန်ကတအံ့တသြပြန်မေးသည်။

"အစစ်ပေါ့ဗျာ၊ ကျုပ်ကအခြေအနေကို စောင့်ကြည့်နေတာ၊ ခင်ဗျားက မယုံနိုင်လောက်အောင်ကို တိုးတက်လာတာပဲဗျာ"

ဟွကိုချင်အသံက တကယ်ပင်ဝမ်းသာလိုက်လှဲဖြစ်နေသည်။

ရှင်ပျက်တစ္ဆေသုံးဖော်နှင့် မရဏပလေ့ရှင် ဝူဖန်တို့မှာ ဝေသူချိန်နှင့် ဟွကိုချင်တို့ တီးတိုးပြောဆိုနေကြသည်ကို တစ်မျိုးထင်ကာ ထိတ်လန့်နေကြသည်။ သူတို့မှာ ယ... အတိုင်းပင် အတော်ဒုက္ခရောက်နေကြသည်။ ဝေသူချိန်နိုင်... ဟွကိုချင်တို့ တစ်မျိုးကစ်ဖုံအကြံထုတ်လာပါက ပို၍ဒုက္ခရောက် တော့မည်ဟု တွက်ဆနေကြသည်။



ဟွကိုချင်က သူတို့၏အခြေအနေကိုမြင်၍ အမှန်အတိုင်း တွက်ဆမိသွားကာ....

"ကိုင်း....ကျုပ်တို့ ဒီလူလေးယောက်ကိုမှတ်လောက်အောင် လုပ်လိုက်ကြဦးစို့"

ခပ်ကျယ်ကျယ်ပြောလိုက်သည်။

ဝေသူချိန်မှာ နားမလည်၍ကြောင်နေရာ....

"သေလောက်အောင် မဟုတ်ပါဘူးဗျာ၊ မှတ်ရုံ လောက်ပါ"

ဟွကိုချင်က ထပ်၍ ပြောလိုက်သည်။ ထိုအခါကျမှ ဝေသူချိန်မှာ သဘောပေါက်သွားပြီး....

"ကျုပ်က သေသေကျေကျေ လုပ်လိုက်ချင်တာဗျ"

ပြောရင်းအသင်းဝင်တိုက်ခိုက်မည့်ဟန် ဟန်ပြလိုက်သည်။

သူတို့နှစ်ယောက်ပုံစံက အမှန်ပင် အသက်ဝင်လှရာ၊ ဘယ်သန်ကျန်းယုမှာ တုန်လှုပ်သွားပြီး....

"အေး....မင်းတို့ကသာနေတော့ ငါနှင့်ဦးပေါ့ကွာ"

နောက်သို့ဆုတ်လိုက်သည်။ ဒုတိယမြောက် ဆုတ်ခွာသူမှာ မရဏပလေ့ရှင်ဝူဖန်ဖြစ်၍ သူတို့နှစ်ယောက်ဆုတ်ခွာသွားသည် နှင့် ရသေ့မင်ယီနှင့် ခြေတစ်ဖက်ပြတ်အနက်အိုးယွန်မားတို့မှာ မနေသာတော့ဘဲ....

"နေနှင့်ဦးပေါ့ကွာ"

ကြိမ်းဝါးလိုက်ပြီးလျှင် နောက်သို့ ဆုတ်ခွာထွက်ပြေး သွားတော့သည်။

( ၂၆ )

ထိုအချိန်တွင် ချီအန်မြို့စားလေးထင်ရှောက်ရီမှာ မြို့လယ်ရှိ ပင်လယ်ဝါစားသောက်ဆိုင်တွင် ရောက်ရှိနေသည်။ သူက ကုန်သည်ပွဲစားတစ်ယောက်အသွင်ဖြင့် ရုပ်ဖျက်ထားသည်ဖြစ်ရာ မြို့စားထင်ရှောက်ရီအဖြစ် သူ့ကို မသိနိုင်ကြချေ။ စားသောက်ဆိုင်မှ စားပွဲထိုးများကလည်း သူ့ကို မျက်နှာသစ်ကုန်သည် တစ်ယောက်အဖြစ်သာ ဆက်ဆံလျက်ရှိကြသည်။

ထင်ရှောက်ရီက ပန်းတစ်ရာအရက်အိုးငယ်တစ်လုံးကို မှာ၍ သောက်နေသည်။ သူသည် အလွန် အသုံးအစွဲရက်ရောသော ကုန်သည်တစ်ယောက်အသွင်မျိုးကို ဆောင်ထားသည်ဖြစ်ရာ



သူ၏စားပွဲပေါ်တွင် မြည်းစရာမှာ လူသုံးယောက်စာမျှ ရှိတွင် သည်။

သူက သတင်းအစအနမရရှိဘဲ မြို့ပေါ်မှ ပျောက်ကွယ်နေသော နတ်လေပြည်ဟွကိုချင်နှင့် ရှင်ပျက်တစ္ဆေသုံးဖော်၊ မရဏ ပလွေရှင် စူဖန်တို့အကြောင်း စုံစမ်းရန် ဤစားသောက်ဆိုင်သို့ ရောက်ရှိနေခြင်း ဖြစ်သည်။

သူတို့နှင့် အဆက်အသွယ်မလုပ်ဘဲ နတ်လေပြည် ဟွကိုချင် ပျောက်ဆုံးနေသည်မှာ ရက်သတ္တပတ်မျှပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ သူက ဟွကိုချင်အတွက် စိုးရိမ်နေသည်။ အမှန်တော့ ဟွကိုချင်အတွက် စိုးရိမ်နေသည်မှာ သူတစ်ယောက်တည်းသာ မဟုတ်ချေ။ ရှန်စီနယ်စားကြီးယူဝန်ပိန်နှင့် ပင့်ကူဓား ဝူစိန် ဝမ်းတို့သည်လည်း သူ့နည်းတူ စိုးရိမ်နေကြသည်သာဖြစ်သည်။

သူက ပန်းတစ်ရာအရက်ကို တစိမ့်စိမ့်သောက်ရင်း စား သောက်ဆိုင်အတွင်း၌ ပြောဆိုနေကြသော စကားသံများ ကို နားထောင်နေသည်။

စားသောက်ဆိုင်အတွင်း၌ အချိန်စောသေးသဖြင့် လူ ဆယ့်ငါးယောက်ခန့်မျှသာ ရှိသည်။ ထိုလူအားလုံးမှာလည်း သာမန် ပြောရိုးပြောစဉ်စကားများကို ပြောဆို စားသောက် နေကြသည်။

ထင်ရှောက်ရီသည်အမြည်းစားလိုက်၊ အရက်ကို ဖြည်းဖြည်း ချင်း သောက်လိုက်နှင့် တကယ့် အရက်ကြိုက်သူတစ်ဦးအသွင် မျိုးကို ဆောင်ထားသည်၊

ခဏကြာသောအခါ ညစ်ညီးအမှောင်ရိပ်များ လွှမ်းလာသည်။

စားပွဲထိုးများက ဆိုင်ထဲတွင် မီးပုံးကြီးသုံးလုံးကို ထွန်းညှိချိတ်ဆွဲလိုက်သည်။

စားသောက်သူများမှာလည်း တဖွဲဖွဲရောက်ရှိလာရာ ဆိုင်ထဲတွင် စားပွဲလွတ်မရှိသလောက် ဖြစ်လာသည်။ ထိုအချိန်အထိ ဆိုင်တွင်း၌ တစ်စုံတစ်ရာ ထူးခြားမှု မရှိသေးချေ။ မြို့စားလေး ထင်ရှောက်ရှိအတွက် သဲလွန်စ ရစရာဟူ၍ တစ်ခုမျှ မတွေ့သေးချေ။

မြို့စားလေးထင်ရှောက်ရှိ ပျင်းရိငြီးငွေ့လာသည်။

သူက အချိန်ရှိခိုက်တွင် တခြား စားသောက်ဆိုင်များသို့ သွားရောက် စနည်းနာရလျှင် ကောင်းမည်လောဟု စိတ်ကူးဝင်လာသည်။

သူက ဤအရက်အိုးငယ်ကုန်လျှင် သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

ထိုအခိုက်မှာပင် စားသောက်ဆိုင်အတွင်းသို့ လူသုံးယောက် ထပ်မံ ဝင်ရောက်လာသည်ကို မြင်လိုက်ရသည်။

အသစ်ဝင်လာသူသုံးယောက်မှာ တစ်စုတည်း မဟုတ်ချေ။ ရှေ့မှဝင်လာသော နှစ်ယောက်ကတစ်တွဲဖြစ်၍ နောက်မှပါလာသူ တစ်ယောက်က သီးခြားဖြစ်သည်။

ရှေ့မှဝင်လာသူနှစ်ယောက်မှာ သိုင်းသမားများဖြစ်သည်မှာ အလွန်သိသာသည်။ ထောင်မောင်းကြံ့ခိုင်သော ခန္ဓာကိုယ်နှင့် ထိမထင်သော မျက်နှာများရှိကြသည်။ သူတို့မှာ ဖြက် လက်လေးလုံးမျှရှိသော ဓားကြီးများကို ဓားအိမ်နှင့်တကွ ခါးတွင် ချိတ်ဆွဲထားရာ တင်းမာသော မျက်နှာကားအတွက် ဖြည့်စွက်သည့် လက်နက်များ ဖြစ်နေကြသည်။

ဤလူနှစ်ယောက်မှာ ကိုယ်လုံးကိုယ်ပေါက်ရော မျက်နှာအနေအထားပါ အလွန်တူညီကြသည်။ ဟုတန်ဂိုဏ်းမှ ရီရှင်ညီနောင်ဖြစ်ကြောင်း ထင်ရှောက်ရှိ ချက်ချင်းသိလိုက်သည်။

သူတို့နောက်မှ တစ်ယောက်တည်း သီးခြားဖြစ်ဟန်တူသူမှာမူ သိုင်းသမားဟုပြောရန်ခက်သော ဟန်ပန်မျိုးရှိသည်။ ပခုံးကျယ်၍ အရပ်အနည်းငယ် ပုသည်။ ထိုသူသည် အလွန်တည်ငြိမ်ဟန်ရှိသော်လည်း သူ၏နှာနှင့် မျက်လုံးများက တစ်ချက်ကလေးမျှ အငြိမ်မနေဘဲ ပတ်ဝန်းကျင်ကို အကဲခတ်နေကြောင်း မြို့စားထင်ရှောက်ရှိက ကောင်းကောင်း သိနေသည်။

ခဏမှာပင် ထိုလူသည် တစ်ဆိုင်လုံးရှိလူများကိုခြုံ၍ လေ့လာပြီးသွားသည်သာမက သူ့ကိုပါ တစ်ချက် စိုက်ကြည့်သွားကြောင်း ထင်ရှောက်ရှိက သတိထားလိုက်မိသည်။

သို့သော် သူက ဘာကိုမျှ သတိမထားမိပုံဖြင့် အရက်ခွက်ကို မော့၍သောက်လိုက်သည်။

ခဏတွင် ထိုလူများသည်ဆိုင်ထဲရှိခုံလွတ်များတွင် အသီးသီး ဝင်ထိုင်၍အစားအသောက်များမှာယူစားသောက်နေကြသည်။

ထင်ရှောက်ရှိမှာ တစ်ယောက်တည်းလာသောလူကို ပို၍ သံသယဖြစ်နေသည်။ သူ့သံသယမှာ ဟူကိုချင်၏ လူတင်းနှင့်လည်း ပတ်သက်ခြင်း သိပ်မရှိလှ။

မြကျောက်ရှင်နှင့် ဆက်နွယ်နေသည်ဟုလည်း သိပ်ပြီး မထင်။ အတွင်းစိတ်၏လှုံ့ဆော်မှုဖြင့် သံသယဖြစ်နေခြင်းမျိုးသာ ဖြစ်သည်။

သို့သော် သူ့မှာ တစ်ခုခက်နေသည်။ ထိုလူသည် သူ့နောက်ဘက်ရှိ စားပွဲတစ်လုံးကျော်တွင် ထိုင်နေရာ သူက ထိုလူကို အကဲခတ်ခွင့်မရဘဲ၊ သူသာလျှင် ထိုလူ၏စိတ်ကြိုက် လေ့လာခြင်းခံနေရသည့်ပမာ ရှိနေသည်။ မြို့စားလေး ထင်ရှောက်ရီမှာ ကျောရိုးထဲတွင် ယားယံလာသလို ခံစားလိုက်ရသည်။

သူက စမ်းကြည့်လိုက်ဦးမည်ဟု စိတ်ကူးလိုက်ပြီး စားပွဲထိုးတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"ကဲ....ငါစားတာ ဘယ်လောက်ကျသလဲ၊ တွက်စမ်းဟေ့"

ခပ်ကျယ်ကျယ်ပြောလိုက်ရင်း ထိုလူကို မသိမသာအကဲခတ်လိုက်သည်။ ထိုလူက စားနေသောခေါက်ဆွဲပြုတ်ကို ခပ်လောလောစားလိုက်ပြီး သူ့အနားရှိစားပွဲထိုးအား ကျသင့်ငွေရှင်းလိုက်သည်ကို မြင်ရသည်။

ထင်ရှောက်ရီကလည်း ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး....

"ငါ့အရက်က တစ်ခွက်စာလောက် ကျန်သေးတယ်ကွ၊ အဲဒီအရက်ကုန်မှ ငါသွားမယ်ကွနော်"

"ဟာ....ဆရာရယ်၊ ရပါတယ် ထိုင်ပါ"

ထင်ရှောက်ရီက အေးအေးဆေးဆေး ပြန်ထိုင်နေလိုက်သည်။ ထိုအချိန်တွင် သူ့နောက်ကလူမှာ ထင်ရှောက်ရီသွား



တော့မည်အထင်ဖြင့် မတ်တတ်ရပ်နေပြီဖြစ်သည်။ ထင်ရှောက်ရီက အေးအေးဆေးဆေးပြန်ထိုင်သောအခါ သူ့မှာ ထိုင်ရမလို ထရမလို ဖြစ်နေသည်။

ထင်ရှောက်ရီက နောက်ဆုံးကျန်သော အရက်ခွက်ကို တစ်ကျိုက်မျှ ငုံလိုက်သည်။

ထိုစဉ် သူ့ဘေးမှလူတစ်ယောက် ဖြတ်ထွက်သွားသည်။ သူ့ကိုစောင့်ကြည့်ခဲ့သူပင် ဖြစ်သည်။

ထင်ရှောက်ရီအံ့သြသွားပြီး သူ့အရက်ခွက်ကို ကမန်းကတန်း မော့ချလိုက်မိသည်။

ထိုလူသည် တန်းတန်းမတ်မတ်ပင် ဆိုင်ပြင်သို့ထွက်သွားသည်။

ထင်ရှောက်ရီက ထလိုက်လာခဲ့သည်။

အပြင်တွင် ညသည် ပီပီပြင်နေပြီ။ အမှောင်ရိပ်များသည် ဆိုင်များမှမီးရောင်များကြောင့် ကွက်ကြားစွန်းနေသည်။

ထင်ရှောက်ရီရှေ့မှ ထွက်သွားသူသည် ဆိုင်နှင့်မလှမ်းမကမ်းတွင် အနောက်ဘက်သို့ ခပ်မှန်မှန်လျှောက်သွားနေသည်။

ထင်ရှောက်ရီက သူ့ဘာသာ လမ်းလျှောက်သည့်ဟန်ဖြင့် ထိုလူနောက်သို့ လျှောက်လိုက်လာခဲ့သည်။

ရှေ့မှလူသည် ကိုက်တစ်ရာမျှလျှောက်မိလျှင် လမ်းမကြီးမှဖဲ့၍ မြောက်ဘက်လမ်းသွယ်တစ်ခုသို့ ချိုးဝင်သွားသည်။ ထိုဘက်အပိုင်းမှာ အိမ်ခြေစိပ်သည်နှင့်အမျှ ဒုစရိုက်မှုများ ထူပြောသောအပိုင်းဖြစ်သည်။

ထင်ရှောက်ရီက ခပ်မှန်မှန်ပင် လျှောက်လိုက်လာခဲ့ရာ ရှေ့မှသွားနေသူသည် ကိုက်နှစ်ဆယ်မျှသွားမိလျှင် အမှတ်မထင် ဟန်ဖြင့် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ထိုလူသည် ထင်ရှောက်ရီကို သေချာမြင်သွားပုံရသည်။ သက်ာမကင်းဖြစ်သွားပုံလည်း ပေါ်သည်။

ခပ်မှန်မှန်လှမ်းနေရာမှ ခပ်သုတ်သုတ် လျှောက်သည်။ ထင်ရှောက်ရီမှာ ထိုလူမရိပ်မိရန် ပုံမှန်ပင်လျှောက်သွားလိုသော်လည်း အမှောင်ရိပ်သိပ်သည်းသော လမ်းသွယ်များ ရှေ့ဘက်တွင် ရှိနေခြင်းကြောင့် ခပ်သုတ်သုတ်ပင် လျှောက်လိုက်ရတော့သည်။

ထိုစဉ် ရှေ့မှလူက တစ်ချက်ပြန်ကြည့်ပြန်သည်။

သူ့နောက်မှလူတစ်ယောက်က နောက်ယောင်ခံ၍ လိုက်လာနေပြီဖြစ်ကြောင်း သေချာသွားသည်နှင့် ထိုလူသည် ရှေ့ဘက်သို့ အားသွန်ပြေးလေတော့ရာ ကျဉ်းမြောင်းသော လမ်းတစ်လျှောက် ထင်ရှောက်ရီကလည်း အားသွန်ပြေးလေတော့သည်။

ထိုအခါ ထိုလူသည် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်းနှင့် ထိုလူ၏ကိုယ်ဖော့ပညာစွမ်းမှာ အတော်ကြီး အဆင့်အတန်း မြင့်လှကြောင်း ထင်ရှောက်ရီရိပ်စားမိတော့သည်။

ထင်ရှောက်ရီသည် မသက်ာစရာ အပြည့်ရှိနေပြီဖြစ်သော ထိုလူကို အမိအရဖမ်းဆီးတော့မည်ဆိုသော ဆုံးဖြတ်ချက်ဖြင့် ကိုယ်ဖော့ပညာကို အစွမ်းကုန်သုံး၍ ပြေးလိုက်တော့သည်။



သို့သော် အမှောင်ထိုပ်သည်းလှသော ရှေ့ဘက်တစ်နေရာတွင် ထိုလူ၏အရိပ်အယောင်ကိုမျှ မမြင်ရတော့ဘဲ ဖြစ်သွားသည်။

ထင်ရှောက်ရီက ရုတ်တရက်ရပ်လိုက်ပြီး ဘေးဘက်သို့ လှည့်ပတ်၍ ကြည့်လိုက်သည်။ သူပြေးလိုက်လာခဲ့သော လမ်းတစ်လျှောက်တွင် ထိုလူခိုကပ်ကျန်နေခဲ့စရာမရှိ။ ရှေ့ဘက် ငါးကိုက်မျှအကွာတွင်မူ လက်ဝဲလက်ယာ ဖွဲ့ဆင်းသွားသော လမ်းသွယ်နှစ်ခုရှိသည်။

သူ့ရှေ့မှလူသည် ထိုလမ်းနှစ်သွယ်အနက် တစ်လမ်းလမ်းသို့ ဝင်ရောက်သွားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

မည်သည့်လမ်းဆိုသည်ကိုကား ခန့်မှန်းရခက်သည်။

ထင်ရှောက်ရီက လမ်းသွယ်နှစ်ခုနှင့် အစည့်နေရာသို့ လျှောက်သွားပြီး ရပ်ကြည့်လိုက်သည်။

လမ်းနှစ်သွယ်လုံးပင် အမှောင်ထုစိုးမိုးလျက် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထင်ရှောက်ရီက အတန်ကြာစဉ်းစားနေပြီးနောက် လက်ဝဲလမ်းသွယ်အတိုင်း ဝင်လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

လမ်းသွယ်ထဲတွင် မှောင်မည်းတိတ်ဆိတ်ခြင်း မင်းမူနေသည်။

ထင်ရှောက်ရီက သတိဖြင့် တစ်လှမ်းချင်းလျှောက်လာခဲ့သည်။

ထိုစဉ် သူ့ရှေ့ဘက် ပေသုံးဆယ်မျှအကွာတွင် လူရိပ်တစ်ခုကို မြင်လိုက်ရသည်။ ထင်ရှောက်ရီက ရှေ့ဘက်သို့ ဖျတ်ခနဲပြေးလိုက်သည်။

ထိုခဏ၌ပင် သူ့ညာဘက်ဘေး၌ လေအေးတစ်ချက်သုတ်သကဲ့သို့ ခံစားလိုက်ရ၏။ ထင်ရှောက်ရီက တင်းထားသော သတိဖြင့် လှုပ်ရှားခုခံရန်ပြင်လိုက်၏။

သို့သော် သူ အတော်နောက်ကျသွားချေပြီ။

ထင်ရှောက်ရီ လှုပ်ရှားခုခံရန်ပြင်လိုက်သည်နှင့် သူ့အကြောကွက် နှစ်နေရာကို ပိတ်ခြင်းခံလိုက်ရပြီဖြစ်သည်။

ထင်ရှောက်ရီမှာ လဲကျသွားခြင်းမရှိခဲ့။ သူက သူ့ကိုယ်သူ အံ့ဩနေသည်။

ထို့ပြင် သူသည် ရန်သူကို ထင်ထင်ရှားရှားမမြင်လိုက်ရဘဲ သွေးကြောပိတ်ခံလိုက်ရခြင်းဖြစ်ရာ ထိုမျှ အစွမ်းထက်မြက်သော ရန်သူကိုလည်း အံ့ဩနေသည်။

"မင်းဟာ ကိုယ့်ငါးများနဲ့ကိုယ် ပြန်ချိတ်မိတဲ့ တံငါသည်ပဲ"

အသံတိုးတိုးတစ်သံကို ကြားရသည်။

ထင်ရှောက်ရီက တစ်စုံတစ်ရာပြန်ပြောရန် ကြိုးစားလိုက်သည်။ ထိုအခါ သူ့မှာ စကားပြော၍မရသည့်အပြင် သူ၏ လက်နှစ်ဖက်စလုံးမှာ အဝတ်စုတ်နှယ် တွဲလောင်းကျလျက် လှုပ်ရှား၍မရတော့သည်ကို သတိပြုမိလိုက်သည်။

ရန်သူသည် သူ၏ဆွံ့အကြောနှင့် ကိုယ်အထက်ပိုင်းရှိ ပျော့ခွေကြောကို ပိတ်သွားခဲ့ချေပြီ။



တိမ်သွေးမားရှင်ဟုကျော်ကြားသော မြို့စားလေး ထင်ရှောက်ရီကား ရန်သူ၏တစ်ကွက်ကျော့သွားခြင်းကို ခံခဲ့ရချေပြီ။

သူက သူ၏အတွင်းအားဖြင့် ပိတ်ထားသော သွေးကြောများကို ပွင့်သွားရန် ကြိုးစားလိုက်သေးသည်။ သို့သော် အချည်းနှီးပင်။

သူ့အဖြစ်ကား မုဆိုးလုပ်ရင်း သားကောင်ဖြစ်ရသော အဖြစ်။

ထင်ရှောက်ရီက သူ့ကိုယ်သူ မချင့်မရဲတွေးသည်။

ထိုစဉ် သူ့ရှေ့ဘက် အမှောင်ရိပ်မှ လူတစ်ယောက် ထွက်လာသည်။ ထိုသူကား ပျော်ပွဲစားရုံအတွင်းမှ သူ နောက်ယောင်ခံ လိုက်ခဲ့သူပင်။

ထိုသူသည် ထင်ရှောက်ရီအား သွေးကြောပိတ်သွားသူကား မဖြစ်နိုင်။

ထိုလူသည် ထင်ရှောက်ရီရှိရာသို့ လျှောက်လာသည်။

ထို့နောက် ထင်ရှောက်ရီ၏ခါးကို ဖက်လိုက်ပြီး....

"ငါခေါ်တဲ့ဆီကို အေးအေးဆေးဆေးလိုက်ခဲ့၊ မင်း အောက်ပိုင်း သွေးကြောကိုဖွင့်ပေးထားလို့ရုန်းလားကန်လား၊ ပြေးလား လွှားလားလုပ်ရင်တော့ မင်းဘဝဆုံးပြီသာ မှတ်ပေတော့"

ထို့နောက် ထိုလူက အရက်မူးသမားတစ်ယောက်အား တွဲလာသည့်ပမာ ထင်ရှောက်ရီ၏ခါးကို ဖက်လိုက်ပြီးလျှင် လမ်းကြားထဲမှ ပြန်ထွက်သည်။

ခဏတွင် လမ်းမသို့ ပြန်ရောက်လာ၏။

ထိုစဉ် ထင်ရှောက်ရီလာခဲ့သောဘက်မှ လျှောက်လာသူ ဟူတန်ဂိုဏ်းမှ ရီရှင်ညီနောင်တို့နှင့် ဆုံသည်။

ရီရှင်ညီနောင်က မသက်သောအကြည့်ဖြင့် ကြည့်သည်။

ထင်ရှောက်ရီအားတွဲလျှောက်လာသူက ခေါင်းကို တစ်ချက်မျှ ကုတ်၍ သတိပေးလိုက်ပြီး အရက်မူးလာသည့်ပုံဖြင့် အနည်းငယ် ယိုင်ထိုး၍ လျှောက်သည်။

"မင်း ဒီအတန်းကိုသွားရင် ပါသမျှ ကုန်သွားမှာပေါ့ကွ၊ မင်းက ဒီမြို့ကို ခုမှရောက်ဖူးတော့ ဒီအတန်းက ကြေးစားမတွေ ဘယ်လောက်လည်တယ်ဆိုတာ ဘယ်သိဦးမလဲ"

ထင်ရှောက်ရီအား တွဲလာသူက ခပ်အေးအေး ပြောလိုက်သည်။

ရီရှင်ညီနောင်ဆက်လျှောက်သွားသည်။ သူတို့ကထင်ရှောက်ရီအား အရက်အလွန်အကျွံမူးပြီးပြည့်တန်ဆာတန်းသို့သွားမည့်သူထင်သွားပုံရသည်။

ထင်ရှောက်ရီအား တွဲလာသူသည် ရီရှင်ညီနောင်တို့ လွန်သွားသည်နှင့် ညာဘက်လမ်းကြားထဲသို့ ထင်ရှောက်ရီအား ဆွဲခေါ်သွားသည်။

ထိုစဉ်....

"တော့....သိုးမိုက်၊ မင်းက ငါ့ဦးနချုပ်ကို ဒီလိုပဲခေါ်မလို့လား၊ သူက မင်းလိုလူမိုက်တစ်ယောက် မဟုတ်ဘူးကွ"

အသံသေးသေး တစ်သံကို ကြားရပြန်သည်။ လူရိပ်လူရောင်ကိုကား မမြင်ရ။



ထင်ရှောက်ရီအား တွဲခေါ်လာသူသည် ထိုအသံကိုကြားသည်နှင့် လန့်သွားပုံရသည်။ ထင်ရှောက်ရီ၏ခါး၌ ဖက်ထားသည့် လက်ကို ဖြေလိုက်၍ သူ့အင်္ကျီအိတ်ထဲမှအနက်ရောင်ပဝါတစ်ထည်ကို ထုတ်လိုက်သည်။

ထို့နောက် သူက ထိုပဝါအနက်ဖြင့်ထင်ရှောက်ရီ၏မျက်လုံးကို တင်းကျပ်စွာစည်းနှောင်လိုက်တော့သည်။

ထင်ရှောက်ရီမှာ ဘာကိုမျှမမြင်ရတော့။

ထို့နောက် ထိုလူသည် ထင်ရှောက်ရီအားသူ့ပခုံးပေါ်သို့ ပွေ့တင်လိုက်ပြီးလျှင် ခပ်မှန်မှန်ပြေးလေတော့ရာ ထင်ရှောက်ရီမှာ ဘယ်ကိုသွား၍ ဘယ်ရောက်နေသည်ကိုမသိဘဲ ထိုလူ၏ပခုံးပေါ်တွင် အရုပ်ဆစ်ရုပ်နှယ် ပါသွားတော့သည်။

အမြင်မရှိသည့်အခါ အသိပါထုံထိုင်းသွားသည်သို့ရှိသည်။

ထမင်းအိုး တစ်လုံးချက်မျှ ကြာသည်လား၊ သို့မဟုတ် ထို့ထက်မက ကြာသည်လားမခန့်မှန်းနိုင်တော့၊ တံခါးအဖွင့်အပိတ်ကို ကြားရသည်။

ထို့နောက် လှေကားမှဆင်းသွားသလိုမျိုး ခံစားရသည်။

ထို့နောက် ခဏမျှ မြေညီတွင် လျှောက်သွားသလိုမျိုး လျှောက်သွားပြီးမှ တံခါးဖွင့်သံကြားရပြန်သည်။

ပြီးလျှင် သူ့ကိုအောက်သို့ချလိုက်ပြီး မျက်နှာမှပဝါစကို ဖြေလိုက်သည်။

သို့သော် ထင်ရှောက်ရီမှာ ဘာကိုမျှမမြင်။ သူရောက်နေသော နေရာမှာ ပိန်းပိတ်အောင် မှောင်နေသောနေရာ ဖြစ်သည်။

ထို့နောက် သူ့ကိုတွန်းလှတ်လိုက်ခြင်းခံရပြီး တံခါးပြန်ပိတ်သံ ကြားရသည်။

မြို့စားလေး ထင်ရှောက်ရီသည် သူ၏ အတွေ့အကြုံများ၊ အရ မြေအောက်အချုပ်ခန်းတစ်ခုအတွင်းသို့ မရောက်ရှိနေပြီ ဖြစ်ကြောင်း သတိပြုလိုက်မိသည်။

သူက မခံချိမခံသာ ခြေကိုဆောင့်လိုက်သည်။

"သိပ်တော့လဲ ဒေါပွမနေနဲ့ မြို့စားလေး၊ မနက်ကျရင်တော့ ခင်ဗျားဟာ သင်းသတ်ထားတဲ့ သိုးကြီးတစ်ကောင်လို မအောကိုမှုရန်ထောင်နိုင်တော့မှာ မဟုတ်ပါဘူး"

သူ့ကို ထမ်းခေါ်လာသူ၏ အသံကိုကြားရသည်။

ထို့နောက် လုံးဝတိတ်ဆိတ်သွားသည်။

ထင်ရှောက်ရီသည် သူ့ကို ဖမ်းခေါ်လာသူမှာ ခြေသံမကြားရဘဲနှင့် အချုပ်ခန်းရှေ့မှ ထွက်ခွာသွားပြီဖြစ်ကြောင်း ကောင်းကောင်းကြီး သိလိုက်၏။

( ၂၇ )

အခန်းသည် မကျယ်လှ။

သယ်ပေပတ်လည်မျှသာ ကျယ်ဝန်းသော အခန်းကျဉ်းကလေး ဖြစ်သည့်အပြင် မျက်နှာကြက်ကလည်း ခြောက်ပေမျှသာ မြင့်သည်။ အစိုဓာတ်ပျံနေသော နံရံများကိုကြည့်ခြင်းဖြင့် မြေအောက် အခန်းကလေး တစ်ခန်းမျှသာ ဖြစ်ကြောင်း သိသာလှသည်။

ထိုအခန်းကလေးအတွင်း၌ နောက်မှီ၂]သည့် ကြိမ်ထိုင်ခုံတစ်လုံးပေါ်တွင် လူတစ်ယောက် ထိုင်နေသည်။ ထိုလူသည် အနက်ရောင်ဝတ်စုံကြီးကို ခေါင်းမှခြေဖျားအထိ ခြုံထား 11 သည်။

သူ့ရှေ့တွင် လူလေးယောက်ရှိသည်။ ထိုလူလေးယောက်မှာ ရေကာပလေ့ရှင် ဝူဖန်နှင့် ရှင်ပျက်တစ္ဆေသုံးဖော်တို့ ဖြစ်ကြသည်။ သူတို့လေးယောက်စလုံးပင် သူတို့ရှေ့တွင် ထိုင်နေသည့် အနက်ရောင်ဝတ်ရုံကြီး ခြုံထားသူကို ကြည့်ရဲကြပုံမရ။

ခေါင်းများကို အတွင်းသာ ငုံ့ထားကြသည်။

သို့သော် သူတို့ထဲတွင် အရပ်အရှည်ဆုံး ဖြစ်သော ရသေ့မင်ယီမှာ ခေါင်းနှင့် မျက်နှာကြက် လွတ်ရုံမျှသာ ရှိသည်။ ဘယ်သန်ကျန်းယုမှာမူ ပုကွသူဖြစ်သော်လည်း သူကိုင်သည့်လှံမှာ ရှည်သည်ဖြစ်၍ မျက်နှာကြက်နှင့် မထိအောင် ခပ်လှဲလှဲအနေအထားဖြင့် ကိုင်ဆောင်ထားရ၏။

ထိုင်ခုံပေါ်တွင် ထိုင်နေသူမှာ အနက်ရောင် ဝတ်ရုံကြီးအောက်မှနေ၍ သူ့ရှေ့ရှိရာ လူလေးယောက်ကို စူးစိုက်ကြည့်ရှုလျက်ရှိရာ လူလေးယောက်မှာ တုတ်တုတ်မျှမလှုပ်ဝံ့ကြတဲ့ အရုပ်ကြီးများလို ဖြစ်နေကြသည်။

"မင်းတို့တွေ တစ်ယောက်မှာ အသုံးမကျကြဘူး"

ခပ်တိုးတိုး ပြောလိုက်သောအသံ ထွက်ပေါ်လာသည်။ ထိုအသံသည် အလွန်လုံခြုံသော အခန်းထဲတွင် တစ်စုံတစ်ရာ ပေါက်ကွဲသည့် အလား ဖြစ်သွားပုံဖြင့် ရပ်နေသော လူလေးယောက်စလုံး တုန်လှုပ်သွားသည်။

"မင်းတို့ဟာ အဓိကရန်သူနှစ်ယောက်ကို တွေ့ခဲ့ရလျက်နဲ့ ဘာမှ မလုပ်နိုင်ခဲ့ဘူး"

ဝတ်ရုံနက်ခြုံထားသူက ဆက်ပြောလိုက်သည်။



လှံရှည်ဘယ်သန်ကျန်းယု လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားခဲ့ပါတယ် သခင်ကြီး၊ ဒါပေမယ့် ကောင်လေးရဲ့သိုင်းပညာဟာ အလွန်ထက်မြက်နေတဲ့ အပြင် ဟို နတ်ခလပ်ပြည်ဆိုတဲ့ကောင်က...."

"တိတ်စမ်း...."

တုန်တုန်ယင်ယင်နှင့်ပြောနေသော ဘယ်သန်ကျန်းယု၏ စကားမဆုံးမီ ဝတ်ရုံနက်ခြုံထားသော သခင်ကြီးဆိုသူက ဟောက်လိုက်သည်။ ထိုဟောက်သံသည် သံချောင်းတစ်ချောင်းအား အလွန်ထက်လှသောရဲဒင်းဖြင့် တစ်ချက်တည်းခုတ်ဖြတ်လိုက်သလိုပင် ဘယ်သန်ကျန်းယု၏စကားကို တိခနဲ ရပ်ပစ်လိုက်သည်။

ဘယ်သန်ကျန်းယုမှာ ယိမ်းယိုင်သွားသည်။

"မင်းတို့က သိုင်းလောကမှာ နာမည်တစ်လုံးနဲ့ လူတွေဆိုပြီးတော့ ကျင်လည်လာခဲ့ကြတာ မကြာခင်မှာ သချိုင်းကို ရောက်တော့မယ်၊ ဒါတောင် မနေ့တစ်နေ့ကမှ လူဖြစ်လာတဲ့ ကောင်လေးတစ်ယောက်နဲ့ ခြေသလုံးအိမ်ကိုင် လုပ်နေတဲ့ ကလေကဝတစ်ယောက်ကိုမှ နိုင်အောင် မသတ်နိုင်ဘူးလား၊ ဘာလဲ မင်းတို့ အစွမ်းကုန်ကြိုးစားတယ်ဆိုတာက ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် အပြိုင်အဆိုင်ပြေးဖို့ပဲ မဟုတ်လား"

အသံမှာ အေးဆေးသော်လည်း အလွန်အေးစက်တင်းမာသော တန်ခိုးသြဇာတစ်မျိုး ပါရှိနေသည်။ ထိုစကားများကို

ပြောနေစဉ်တွင် ဝတ်ရုံနက်ခြုံထားသူ၏ မျက်နှာမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းနေပေလိမ့်မည်။

ရသေ့မင်ယီက အံ့ရဲစွန့်၍ပြောလိုက်သည်။

"ကျွန်တော်တို့ပြေးမလာသဲ့ သေဖို့ပဲရှိပါတယ်သခင်ကြီး၊ သူတို့နှစ်ယောက်...."

"သေစော့ဘာဖြစ်လဲ၊ မင်းတို့သေလို့ ငါက ဝမ်းနည်းရမှာလား၊ ငါကရော မင်းတို့ကို မသတ်ဘူးလို့ထင်သလား"

သခင်ကြီးဆိုသူ၏ သဘောထားကား ပြတ်လှသည်။

ရှင်ပျက်တစ္ဆေသုံးဖော်နှင့် မရဏပလေ့ရှင် ပူဖန်တို့မှာ ပြောစရာမရှိတော့သည့်အလား ငြိမ်သက်နေကြသည်။

"ဘာလဲ မင်းတို့က ငါ့ကို အပျော့အမာစမ်းကြည့်ချင်ကြလို့လား"

သခင်ကြီးဆိုသူက အေးစက်စွာပြောလိုက်ပြန်သည်။

"စိတ်မကူးဝံ့ပါဘူး သခင်ကြီး"

မရဏပလေ့ရှင်ပူဖန်က ကပျာကယာ ဝင်ပြောလိုက်သည်။ ထိုစကားမှာ အပိုပြောခြင်းမဟုတ်ဘဲ အမှန်တကယ်ပြောကြားခြင်းဖြစ်ကြောင်း သူတို့အမူအရာများက ဖော်ပြနေကြသည်။

ဤသည်မှာ အလွန်အံ့ဩစရာဖြစ်သည်။ ဤမျှ ဆိုးသွမ်းရက်စက်သော သိုင်းသမားကြီးများအား ဤသခင်ကြီးဆိုသူသည် ဘယ်နည်းဖြင့် ထိန်းချုပ်ထားလေသနည်း။

သခင်ကြီးဆိုသူသည် သူ့ရှေ့၌ အဆိပ်မဲ့သောမြွေများပမာ ဖြစ်နေသည့် လူလေးယောက်အား စိတ်ပျက်ငြီးငွေ့သွားပုံရသည်။



"ကောင်းပြီ....ဒီတစ်ခါတော့ ငါသည်းခံနိုင်မယ်၊ မင်းတို့နားလည်ထားရမှာကတော့ ငါခိုင်းတဲ့အလုပ်ကို လုပ်တဲ့နေရာမှာ ငါ့အမိန့်က တစ်ခါပဲရှိရမယ်၊ အရင်က မင်းတို့ဘာဖြစ်ခဲ့တယ်ဆိုတာကို ငါစိတ်မဝင်စားဘူး။

"ငါခိုင်းတဲ့ကိစ္စ အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာပဲ ငါစိတ်ဝင်စားတယ်၊ ငါ့စိတ်ဝင်စားမှုကို ပျက်ပြားအောင်လုပ်ရင် ခုအချိန်ကစပြီး ငါ သည်းမခံနိုင်တော့ဘူး၊ အဲဒါကိုပဲ မြဲမြဲမှတ်ထားကြပေတော့၊ ကဲ....သွားကြ"

သခင်ကြီးဆိုသူက ထိုသို့ပြောလိုက်သည်နှင့် လူလေးယောက်၏ နောက်ဘက်ရှိနံရံမှာ ညင်သာစွာ ပွင့်သွားသည်။ လူတစ်ယောက်က ဖွင့်လိုက်ပုံမျိုးမဟုတ်၊ ခလုတ်တစ်ခုကိုနှိပ်လိုက်၍ သူ့အလိုအလျောက် ပွင့်သွားပုံမျိုးဖြစ်သည်။

ထိုသို့ တံခါးပွင့်သွားသည်နှင့် လူလေးယောက်စလုံး သားရဲတွင်းမှ ထွက်သွားခွင့်ရသော ယုန်သူငယ်များကဲ့သို့ ကိုယ်ကိုယ်ယို့၍ ခပ်သုတ်သုတ်ထွက်သွားကြတော့သည်။

လူလေးယောက်ထွက်သွားသည်နှင့် တံခါးကပြန်ပိတ်သွားသည်။

သခင်ကြီးဆိုသူသည် ထိုင်ခုံတွင်ထိုင်ရင်း ငြိမ်သက်စွာစဉ်းစားနေပုံပေါ်သည်။

အတန်ကြာမှ သူက ညာဘက်ဘေးနံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

လေးအိသော ပွတ်ကြိတ်သံတစ်ချက် ထွက်ပေါ်လာပြီး ညာဘက်နံရံအလယ်တွင် သုံးပေမျှကျယ်သော တံခါးပေါက်တစ်ခု ပေါ်လာသည်။

ထိုတံခါးပေါက်မှ ပခုံးကျယ်ကျယ် အရပ်ခပ်ပုပု လူတစ်ယောက် ဝင်လာပြီး သခင်ကြီးဆိုသူ၏ရှေ့တွင် ဦးညွှတ်၍ အရိုအသေပြုလိုက်၏။ ထိုလူကား မြို့စားလေးကို ထမ်းပိုး ခေါ်ဆောင်လာခဲ့သူတည်း။

"အမိန့်ရှိပါသခင်ကြီး"

ထိုလူက အလွန်ရိုကျိုးစွာပြောလိုက်သည်။

သခင်ကြီးဆိုသူက ခေါင်းကိုမျက်နှာကြက်ဆီသို့မော့လိုက်ပုံရသည်။ ပြီးမှ...

"ကိုယ်နဲ့ မဆိုင်တဲ့အလုပ်မှာ ဝင်ရှုပ်တဲ့ မြို့စားဆိုတဲ့ အကောင်ကို ခေါ်ခဲ့"

ပြောလိုက်သည်။ စကားသံအဆုံးတွင် ဝင်လာသူသည် ဦးတစ်ချက်ညွှတ်လိုက်ပြန်ကာ တံခါးပေါက်ရှိရာသို့ နောက်ပြန်ဆုတ်သွားပြီးနောက် အခန်းအပြင်ဘက် အမှောင်တွင်း၌ ပျောက်ကွယ်သွားသည်။

သခင်ကြီးဆိုသူကား ထိုင်ခုံပေါ်တွင်ပင် ငြိမ်သက်စွာထိုင်ရင်း ဆက်လက်စဉ်းစားနေသည်။

ခဏကြာသောအခါ စောစောက ထွက်သွားသူသည် မြို့စားလေး ထင်ရှောက်ရှိအား ခါးမှကိုင်တွန်း၍ အခန်းတွင်းသို့ တိုးသွင်းလိုက်သည်။

သခင်ကြီးဆိုသူက ခလုတ်ကိုနှိပ်၍ တံခါးကိုပိတ်လိုက်၏။



တိမ်သွေးခားရှင် ချီအန်မြို့စား ထင်ရှောက်ရှိမှာ ဆွဲကြိုးနှင့် ကိုယ်အထက်ပိုင်း ပျော့ခွေကြောများကို ပိတ်ခံထားရဆဲပင် ရှိသည်။ သို့သော်သူသည် ရဲရင့်စွာဖြင့်ပင် သခင်ကြီးဆိုသူ၏ရှေ့သို့ လျှောက်လာကာ စူးစူးရဲရဲကြည့်နေသည်။

"ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကိုလုပ်ချင် ဒုက္ခရောက်တတ်တာပဲ မြို့စားလေး၊ မြို့စားလေးအလုပ်က ကိုယ်အပိုင်စားရတဲ့မြို့ရွာတွေကနေ အခွန်ဘဏ္ဍာ မှန်မှန်ရဖို့၊ အဲဒီအခွန်ဘဏ္ဍာတွေကို နယ်စားဆီ မှန်မှန်ဆက်၊ နယ်စားဆိုတဲ့လူကလဲ သူပိုင်တဲ့ နယ်ထဲကရတဲ့ အခွန်ဘဏ္ဍာတွေကို ဘုရင်ဧကရာဇ်ဆီဆက်၊ အလုပ်က ဒါပဲလေ၊ ဒါကိုမှ အလုပ်မလုပ်ရ မနေတတ်ဘူးဆိုရင်လဲ တခြားအလုပ်တွေ အများကြီးပါ၊ ကိုယ်လုပ်တော်များများ ထားတာတို့၊ လောင်းကစားတာတို့၊ သေသောက်ကြူးတာတို့ အများကြီးပါ၊ ဒါမှမကျေနပ်သေးရင် ငါးဖမ်းထွက်၊ တောကစားသွား၊ အန္တရာယ်လဲ မရှိဘူး ပျော်စရာလဲ ကောင်းမယ်။

"အခုတော့ မြို့စားလေးတို့ နယ်စားကြီးတို့က အလုပ်မရှိ အလုပ်ရှာပြီး ကိုယ့်မီးကိုယ်မွှေးတော့လဲ...."

သခင်ကြီးဆိုသူက ခနဲ့တဲ့တဲ့ စကားများကို ပြောနေသည်။

မြို့စားလေး ထင်ရှောက်ရှိမှာ သခင်ကြီးဆိုသူကိုစိုက်ကြည့်ရင်း မျက်လုံးများ မီးဝင်းဝင်းတောက်မတတ် ဖြစ်နေသည်။ သူသည် အသက်ငယ်ရွယ်သော်လည်း ကိုယ်ကျင့်သိက္ခာ ရှိသူ

ချစသည်။ စိတ်တိုတတ်သော်လည်း ဖြောင့်မတ် မှန်ကန်စွာ သုံးသပ် ဆင်ခြင်တတ်သူဖြစ်သည်။ သူ့ကိုယ်ကျိုးတရားထက် မြို့သူမြို့သားတို့၏ အကျိုးတရားကို ပိုမိုလိုလားသူ ဖြစ်သည်။

ယခု သခင်ကြီးဆိုသူ ပြောနေသောစကားများကား သူ့ကို စော်ကားသောစကားများသာတည်း။

သခင်ကြီးဆိုသူကား မြို့စားလေးထင်ရှောက်ရှိ၏ မျက်လုံးများကို ဂရုစိုက်ပုံမရ။

"ဒါကလဲ ကိုယ့်အာဏာ ကိုယ့်အရှိန်အဝါကို အထင်ကြီးတာလဲ ပါမှာပေါ့ ဟုတ်လား၊ ငါက မြို့စား....ရှန်စီနယ်စားကြီးရဲ့ လက်ရုံး၊ တိမ်သွေးခါးရှင်ဆိုတဲ့ သိုင်းသမား၊ ငါ့မှာ မြို့စောင့်တပ်သားတွေရှိတယ်၊ ငါအမိန့်ပေးရင် ဒီတပ်သားတွေက ယန်စီမြစ်ကြီးကိုဘောင်မှ တမံတုတ်ကြလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား၊ ခုတော့ ဘာအဓိပ္ပာယ်ရှိသလဲ မြို့စားလေးရယ်၊ ခုမင်းဟာ ကျုပ်လက်ခုပ်ထဲကနေ ကျုပ်သွန်ချင်ရာ သွန်နိုင်တယ်၊ ကျုပ် မှောက်ချင်ရာ မှောက်နိုင်တယ်၊ မြို့စားဆိုဘဲ့အာဏာနဲ့ မြို့စောင့်တပ်သားတွေက လာကယ်နိုင်မယ် ထင်သလား၊ ဝေးသေးတယ်"

သခင်ကြီးဆိုသူက ခါးဖြင့်ပါးပါးလှီးသကဲ့သို့ မြို့စား ထင်ရှောက်ရှိ အခံရခက်မည့် စကားများကို တစ်လုံးချင်းပြောနေသည်။

မြို့စား၏ခြေထောက်များ တဆတ်ဆတ် တုန်လာသည်၊ ထို့ပြင် အလွန်အမင်း ခံပြင်းဒေါသဖြစ်လာသဖြင့် သူ့မျက်နှာတွင် ချွေးသီးချွေးပေါက်များ သီးစို့လာသည်။



သခင်ကြီးဆိုသူက ဆက်၍ ပြောပြန်သည်။

"အခု ကျုပ်က အစဉ်အလာအားဖြင့် ရှိခဲ့တဲ့အာဏာတွေ လုပ်ပိုင်ခွင့်တွေကို ပြောင်းပြန်လှန်ပစ်တော့မယ်၊ မကြာခင်မှာ မြို့စောင့်တပ်သားတွေကို အမိန့်ပေးစေခိုင်းနိုင်တဲ့ မြို့စားလေးဟာ ကျုပ်လက်ညှိုးညွှန်ရာ သွားရတော့မယ်၊ ကျုပ်ခိုင်းရာ လုပ်ရတော့မယ်။

"မယုံမရှိနဲ့လေ၊ ပြီးတော့ကျုပ်က ဒီကိစ္စကို တစ်ဖက်သတ် မဆုံးဖြတ်ပါဘူး၊ လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပေးပြီးမှ ဆုံးဖြတ်မှာပါ"

ထို့နောက် သခင်ကြီးဆိုသူက တစ်ကိုယ်လုံး ခြုံထားသော ဝတ်ရုံအင်္ကျီအတွင်းသို့ လက်နှိုက်လိုက်ပြီး အစိမ်းရောင် ဆေးတစ်လုံးနှင့် အဖြူရောင် ဆေးတစ်လုံးတို့ကို မြို့စားလေး မြင်သာအောင် ပြလိုက်သည်။ ထို့နောက်....

"ဒီအစိမ်းရောင် ဆေးလုံးက အဆိပ်၊ အဆိပ်ဆိုလို့ သေဆေးလို့ မထင်နဲ့ သေဆေးထက်ဆိုးတဲ့ အဆိပ်၊ ဒီဆေးလုံးကို သောက်မိတဲ့လူဟာ ချက်ချင်းဆိုသလို ပူရင်အကြောကိုထိခိုက်သွားပြီး ပရွက်ဆိတ် အကောင်တစ်သိန်းလောက် ဝိုင်းကိုက်ခံရသလို ခံစားရမယ်၊ ပြီးတော့ အရိုးအဆစ်တွေ ပြုတ်ထွက်တော့မလို ကိုက်ခဲနာကျင်ဦးမယ်၊ ဒါဟာ စကားအဖြစ်ပြောနေလို့ ဘာမှမဟုတ်ဘူးလို့ ထင်ကောင်း ထင်ရလိမ့်မယ်၊ ထမင်းအိုး တစ်လုံးချက်လောက်သာ ကြာတဲ့ အဲဒီအချိန်မှာ အဲဒီဝေဒနာကို ခံစားပြီးရင် မြို့စားလေးဟာ အဲဒီဝေဒနာကို နောက်တစ်ခါ ခံစားဖို့ စိတ်ကူးထဲတောင် ထည့်ဝံ့တော့မှာ

မဟုတ်တော့ဘူး၊ အဲဒီလို မခံစားရအောင်ကလဲ ငါးရက်ကို တစ်ခါ ဟောဒီအဖြူရောင် ဆေးလုံးကိုမှီဝဲရမှပဲ ဖြစ်လိမ့်မယ်၊ အဲဒီလို မှီဝဲရဖို့ကလဲ ကျုပ်ကပေးမှ ဖြစ်မှာဆိုတော့ ကျုပ် ခိုင်းတာကို လုပ်ပေးဖို့ ကျုပ် အပေါ်မှာသစ္စာရှိဖို့ လိုဘာ ပေါ့။

"ကဲ....မြို့စားလေး၊ ပိတ်နေတဲ့ ခင်ဗျားရဲ့သွေးကြောကွက် တွေကို ကျုပ်က ဖွင့်ပေးမယ်၊ ပြီးတော့ မြို့စားလေးကို သိုင်း ကွက် ငါးကွက် အကျောပေးပြီး ဟောဒီအခန်းလေးထဲမှာပဲ ကျုပ်ကို ထိခိုက်အောင် တိုက်ခိုက်ရမယ်၊ ကျုပ်ကိုထိခိုက် အောင် တိုက်ခိုက်နိုင်မယ်ဆိုရင် ကျုပ်ရှုံးတယ်လို့ယူဆပြီး မြို့စား လေး ပြန်နိုင်ပြီ၊ ဒါပေမယ့် အဲဒီသိုင်းကွက် ငါးကွက်အတွင်း မှာ မြို့စားလေးက ကျုပ်ကိုထိခိုက်မိအောင် မတိုက်နိုင်ခဲ့ရင် မြို့စားလေးကိုယ်တိုင် ဟောဒီဆေးလုံးကို သောက်ရမယ်၊ ဘယ့် နှယ်လဲ"

သခင်ကြီးဆိုသူကပြောလိုက်ပြီး မြို့စားလေးထင်ရှောက်ရှိ ကို ကြည့်နေသည်။

မြို့စားလေးထင်ရှောက်ရှိမှာ ရင်အုံကြီး နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ သူက အပြင်းအထန် ဒေါသထွက်နေသည်ဖြစ်ရာ ကိုက်ဖဲ့စားတော့မည့်ပမာ သခင်ကြီးဆိုသူကို ကြည့်နေသည်၊ သခင်ကြီးဆိုသူ၏စကားဆုံးသည်နှင့် သူက အံကြိတ်လိုက်ကာ ခေါင်းကို ညိတ်ပြလိုက်သည်။

သခင်ကြီးဆိုသူ၏ စကားကို သဘောတူ လက်ခံသည့် အကြောင်း။



သခင်ကြီးဆိုသူထံမှ ရယ်သံခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။ ပြီးမှ....

"ဒါပေမယ့် သေချာတဲ့အချက်တစ်ခုကိုတော့ ကြိုပြော ထားရဦးမယ်၊ မြို့စားလေးရဲ့ ကြိုးစားမှုဟာ အရာထင်မှာ မဟုတ်ဘူးဆိုတာပဲ"

ပြောလိုက်ပြီး ညာဘက်လက်ညှိုးဖြင့် နှစ်ချက်တောက် လိုက်ရာ ရေထဲတွင်ငုပ်၍ လက်သီးဖြင့် ထိုးလိုက်သောအခါ ကြားရသည့်အသံမျိုး နှစ်ချက် ထွက်ပေါ်လာသည်။ တစ်ပြိုင် တည်းတွင် လက်တောက်လေအားလှိုင်းနှစ်ချက်က ထင်ရှောက် ရှိ၏ ပိတ်နေသော သွေးကြောကွက်များကို ထိမိလျက် ပွင့် သွားစေသည်။

ထင်ရှောက်ရှိမှာ အချိန်ကြာမြင့်စွာ သွေးကြောများ ပိတ် ထားခြင်းခံရ၍ ကြွက်သားများ လှုပ်ရှားနိုင်ရန် ကြန့်ကြာနေ သည်။ သူက အတွင်းအားဖြင့် သွေးကြောများ ပုံမှန်ပြန်လည် လှုပ်ရှားနိုင်ရန် အပြင်းအထန် ကြိုးစားလိုက်ရသည်။ ခဏတွင် သူ့ခန္ဓာကိုယ်အထက်ပိုင်းမှာ နွေးထွေးလာသည်။

"ခင်ဗျား အခုလို ကျုပ်ကိုလုပ်တာဟာ ကေရာဇ်မင်းမြတ် ကို စော်ကားသလိုပဲ"

ထင်ရှောက်ရှိက တည်ငြိမ်စွာ ပြောလိုက်သည်။

"ကျုပ်က မင်းတို့ကေရာဇ်ကြီးကို စော်ကားတာ မဟုတ် ပါဘူး၊ စိန်ခေါ် စစ်ကြေငြာလိုက်တာပါ၊ သူက တရုတ်ပြည်ရဲ့ ကေရာဇ်ဖြစ်သလို ကျုပ်ကလဲ တရုတ်ပြည် သိုင်းလောကရဲ့

ကေရာဇ်ဆိုတော့ အဆင့်ချင်း အတူတူပါပဲ၊ စော်ကားတဲ့ သဘောမျိုး မသက်ရောက်ပါဘူး”

သခင်ကြီးဆိုသူ၏လေသံမှာ တည်ငြိမ်လှသဖြင့် ဘဝင်မြင့် ရူးသွပ်နေသူဟုလည်း ပြောရန်ခက်လှသည်။ သို့သော် မြို့စားလေး ထင်ရှောက်ရီက ဒေါသဖြင့် အော်ဟစ်လိုက်၏။

“ခင်ဗျား အရူးလား”

“ကျုပ် ခုနကပဲပြောခဲ့တယ် မဟုတ်လား၊ အာဏာတွေ လုပ်ပိုင်ခွင့်တွေကို ပြောင်းပြန်လှန်ပြမယ်ဆိုတာလေ၊ အမျော်အမြင်ကြီးတဲ့လူတစ်ယောက်ကို ဘယ်အချက်တွေနဲ့ ရူးတယ်လို့ ပြောနိုင်မလဲ၊ ကျုပ်က သတိပေးလိုက်မယ်၊ မင်းဟာ အခု အချိန်ကစပြီး သခင်ကြီးဆိုတဲ့အသုံးအနှုန်းပဲ ကျုပ်ကို ခေါ်ဝေါ် သုံးစွဲပါ၊ ကျုပ်ဟာ မင်းလို မြို့စားငယ်၊ တိမ်သေး ဓားရှင်ဆိုတဲ့ မဖြစ်စလောက်ဂုဏ်ပုဒ်နဲ့ လိုက်ပြိုင်ရမယ့် လူမျိုး မဟုတ်ဘူးဆိုတာ သတိထားပေါ့”

“ဟား....ဟား....ဟား”

မြို့စားလေး၏ ရယ်မောသံက အခန်းထဲတွင် ဆူညံသွားအောင် ထွက်ပေါ်လာသည်။ သူက တကယ်ပင် အူလှိုက် အသည်းလှိုက် ရယ်မောလိုက်ခြင်း ဖြစ်သည်။

“ဟား....ဟား....သခင်ကြီးဆိုပါလား၊သခင်ကြီးတဲ့ ဟား.... ဟား....”

မြို့စားလေးက အလွန်တရာ ပြောင်မြောက်သောပြက်လုံး တစ်ခုကို ကြားရသည့်အလား အတောမသတ် ရယ်မောနေ၏။ သခင်ကြီးဆိုသူက တည်ငြိမ်စွာ ကြည့်နေသည်။ ပြီးမှ....



“အစဉ်အလာရဲ့ ဖိစီးမှုဟာ ဒီအတိုင်းပဲ၊ မြွေကဖားကို မျို တယ်ဆိုရင် ဘယ်သူမဆို ယုံကြည်နိုင်တယ်၊ ဖားက မြွေကို မျို တယ်ဆိုရင်တော့ အရူးစကားဖြစ်သွားရော၊ တကယ်က အစဉ် အလာရဲ့ဖိစီးမှုကိုခံနေရတဲ့ မင်းတို့လိုလူတွေအနေနဲ့ ဒီစကားမျိုး ဒီအဖြစ်မျိုးကို ကြောက်လွန်းလို့ ခဏရူးသွားကြတာမျိုးပါ၊ မင်း အခု ရယ်နေတာဟာ ဒီသဘောမျိုးပါပဲ”

“ဒီမှာဗျ၊ ခင်ဗျားဘာသာ သခင်ကြီးပဲဖြစ်ဖြစ် အရှင် ကြီးပဲ ဖြစ်ဖြစ် ကျုပ် မခေါ်နိုင်ဘူး၊ကျုပ်က သစ္စာခံ ကေရာဇ် မင်းမြတ်တစ်ပါးပဲရှိတယ်၊ ကျုပ်မှာ သခင်နှစ်ပါး မရှိဘူး၊ ဘယ်တော့မှလဲ ရှိလာမှာ မဟုတ်ဘူး”

မြို့စားလေးက အော်ဟစ်ပြောဆိုလိုက်သည်။

“မှန်ပါတယ်၊ မင်းဟာ ငါတစ်ယောက်တည်းကိုပဲ သစ္စာခံ ရတော့မှာပါ”

“ခင်ဗျား....ခင်ဗျား....”

မြို့စားလေးထင်ရှောက်ရီမှာ ဒေါသဖြစ်လွန်းသဖြင့် အထစ် ထစ် အငေါ့ငေါ့ဖြစ်နေသည်။

“မင်းနဲ့ ကျုပ်နဲ့ သဘောတူညီပြီးခဲ့ကြပြီပဲ၊ မင်းက ကျုပ် ကို သိုင်းငါးကွက် အကျော့နဲ့ တိုက်ခိုက်မယ်၊အဲဒီမှာ ကျုပ်ကို တစ်ချက်ထိခဲ့ရင် ကျုပ်ရှုံးပြီ၊ မင်းကို ကျုပ်ဌာနချုပ်ကနေ ပြန်ခွင့်ပြုမယ်၊ မင်းက ထိခိုက်အောင် မတတ်နိုင်ခဲ့ရင်တော့ ကျုပ်ပြောသလို အဆိပ်ဆေးလုံးကို သောက်ရုံပါပဲ၊ အဲဒီဒဏ် ခံနိုင်မယ် ဆိုရင်လဲ မင်းက ကျုပ်ဩဝါဒကို နာခံဖို့ မလို ပါဘူး”

သခင်ကြီးဆိုသူက တည်ငြိမ်စွာပြောနေသည်။

မြို့စားလေးမှာ သူ့ရှေ့ရှိ ဝတ်ရုံနက်ခြုံထားသူကိုကြည့်ရင်း တဖြည်းဖြည်း ဒေါသများလွင့်ပြယ်လာသည်။

သူ ယခုရင်ဆိုင်နေရသူကား အဝင်မြင့်ကာ ယဉ်ယဉ်ကလေး ရှိနေသူဖြစ်နိုင်သည်။

သို့သော် ထိုသူမှာ အလွန်တည်ငြိမ်အေးစက်သည်နှင့်အမျှ ရက်စက်ပုံရသည်။

ယခု သူ့အခြေအနေမှာ ထိုသူ၏လက်ခုပ်တွင်းမှရေဆိုသကဲ့သို့ ဖြစ်နေ၏။

ထိုအခြေအနေမျိုးတွင် သူ့အနေဖြင့် ဘာကိုမှ ကမူးရှူးထိုး လုပ်၍မဖြစ်။

ဤကျဉ်းကျပ်လှသော အခြေအနေမှလွတ်မြောက်ရန်သေချာ အေးအေးဖြင့် ကြံစည်ရပေလိမ့်မည်။

မြို့စားလေးက သူ့ကိုယ်သူတည်ငြိမ်အောင် ကြိုးစားလိုက်သည်။

"ကောင်းပြီ၊ ကျုပ်တို့ အဲဒီအတိုင်းယှဉ်ပြိုင်ကြမယ်"

မြို့စားလေးက ပြောလိုက်သည်။

"မင်း ကြိုက်တဲ့အချိန်မှာ ကြိုက်တဲ့နည်းနဲ့ စ,နိုင်ပါတယ်"

သခင်ကြီး ဆိုသူက ထိုင်ခုံပေါ်တွင်ငြိမ်သက်စွာထိုင်နေရင်း ပြောလိုက်သည်။

မြို့စားလေး စဉ်းစားသည်။

သူသည် တိမ်သွေးဓား ဆိုသောအမည်နှင့်အညီ ဓားကို အားထားသော သိုင်းသမားဖြစ်သည်။



ယခု သူ့တွင် လက်စွဲတော်ဓား ပါမလာခဲ့။

သူ၏ လက်နှစ်ဖက်ကိုပင် ဓားသဖွယ် အသုံးချရပေတော့ မည်။

သူက မရှေ့သို့နှစ်လှမ်းတိုးလိုက်သည်။

သူနှင့် သခင်ကြီးဆိုသူတို့က လှမ်းဆွဲလျှင် မီနိုင်သောအနေ အထားသို့ ပြောင်းသွားသည်။

မြို့စားလေးက သခင်ကြီးဆိုသူကို တည်ငြိမ်စွာကြည့်ရင်း လက်ဝဲလက်ယာ ဓားပညာ သိုင်းကွက်ဖြင့် စတင်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ခဏမှာပင် သူ၏ဘယ်လက်က ရှေ့ဘက်သို့ ဖြည်းညင်းစွာ ဆန့်ထွက်လာသည်။

လက်ချောင်းလေးများကိုဖြန့်ကားရှိထားသော ဘယ်လက် သည် သခင်ကြီး ဆိုသူထံသို့ အပြည့် ဆန့်ထွက်သွားခြင်း မဟုတ်ချေ။

သခင်ကြီးဆိုသူ၏ ညာဘက်နားရှက်နေရာနှင့် တစ်ထွာခန့် မျှနေရာကို ဦးတည်သွားရောက်ခြင်းဖြစ်သည်။ သခင်ကြီးသည် မလှုပ်မရှားပင် ထိုင်နေသည်။

မြို့စားလေး၏ဘယ်လက်မှာ လက်တစ်ဆုံးဆန့်မိသွားချိန် တွင် သခင်ကြီးဆိုသူ၏ခေါင်းအပေါ်နှင့် နားရှက်နေရာကို တစ်ထွာခန့်မျှအကွာမှ စက်ဝိုင်းတစ်ဝိတ်ပုံစံဖြင့် ဖြည်းညင်းစွာ လှုပ်ရှားနေသည်။ ထိုလက်သည် သခင်ကြီးဦးခေါင်းအား အချိန်မရွေးတိုက်ခိုက်လိုက်နိုင်သော အနေအထားဖြစ်သည်။

သို့သော် သခင်ကြီးဆိုသူသည် မည်သည့်အန္တရာယ်မှ မရှိနိုင်သည့်အလား ငြိမ်သက်နေသည်။

မြို့စားလေး၏ ဘယ်လက်ဝါးသည် သခင်ကြီးဆိုသူ၏ ငယ်ထိပ်ပေါ်သို့ ရောက်ရှိသွားပြန်၏။ ထိုခဏ ထိုလက်ဝါးသည် ငယ်ထိပ်ကိုရိုက်ချလိုက်တော့မည့်အလား လှုပ်ရှားသွားပြီးလျှင် အောက်ဘက်သို့ ရှာတရက် နိမ့်ဆင်းသွားကာ နားအုံဆီသို့ ရိုက်ချလိုက်သည်။

တစ်ပြိုင်နက်တွင် ညာလက်စါးစောင်းက သခင်ကြီးဆိုသူ၏ လည်ပင်းဆီသို့ စလွယ်သိုင်းဖြတ်ခုတ်ချလိုက်ရာ လျှင်မြန်လှသဖြင့် လေတိုးသံပင် ထွက်ပေါ်သွားသည်။

တိုက်ခိုက်မှုမှာ အလွန်နီးကပ်သောနေရာမှ တိုက်ခိုက်ခြင်းဖြစ်သည့်အပြင် နှစ်ဖက်ညှပ်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သဖြင့် ရှောင်တိမ်းရန်ခက်ခဲလှသည်။

သို့သော် မြို့စားလေးက ထိုသို့ လှုပ်ရှားလိုက်သည်နှင့် သခင်ကြီးဆိုသူမှာ ရှေ့ဘက်သို့ ခါးချိုး၍ချလိုက်ပြီး ဘယ်ဘက်သို့ အနည်းငယ်တိမ်းငဲ့ပေးလိုက်သည်။

မြို့စားလေး၏ ပထမဆုံးသောတိုက်ခိုက်မှုမှာ အချည်းနှီးဖြစ်သွားတော့သည်။

ထိုစဉ် သခင်ကြီးဆိုသူက ခါးဆန့်လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် မြို့စားလေးက သခင်ကြီးဆိုသူ၏ ရင်ဝဆီသို့ ညာလက်သီးဖြင့် အားကုန်ထိုးချလိုက်ကာ ဘယ်လက်က စက်ဝိုင်းပုံဝှေ့ယမ်းကိုက်ခိုက်လိုက်သည်။

"ဝှစ်....ဝှစ်...."



သခင်ကြီးဆိုသူကား ထိုင်ခုံတွင်ထိုင်မြဲပင်။

ရှတ်တရက် မြို့စားလေး၏ ညာလက်သီးဝင်လာသည်နှင့် ထိုင်ခုံကိုလှည့်လိုက်ရာ ဘေးတိုက် အနေအထားမျိုး ဖြစ်သွားပြီး မြို့စားလေး၏တိုက်ခိုက်မှုမှာ အရာမထင်ဖြစ်သွားရပြန်၏။

မြို့စားလေးကား တွေဝေဆိုင်းငံ့ခြင်းမရှိချေ။

ဘေးတိုက်ထိုင်လျက် အနေအထားမျိုး ဖြစ်သွားသော သခင်ကြီးဆိုသူ၏ရင်ဝဆီသို့ ဘယ်ခြေဖြင့် ဖြတ်ကန်လိုက်ပြန်သည်။

သခင်ကြီးဆိုသူကား ထိုင်နေလျက်ပင် နောက်မှီပါသော ထိုင်ခုံကို နောက်ဘက်သို့လှဲချလိုက်သည်။

အတွင်းအားဖြင့် ထိန်းသိမ်းထားသောကြောင့်ထိုင်ခုံလဲကျသွားသည့်မှာ အသံပင်မထွက်။

မြို့စားလေးမှာ ထိုင်လျက် ပက်လက်ပုံစံမျိုး ဖြစ်နေသော သခင်ကြီး ဆိုသူ၏ ရင်ဝသို့ ညာဖနောင့်ဖြင့် ပေါက်ချလိုက်သည်။

"ဒုန်း...."

အခန်းကလေးတစ်ခုလုံး တုန်သွားသည်။

မြို့စားလေး၏ ပြင်းထန်လှသောဖနောင့်ချက်က အခန်းကြမ်းပြင်ပေါ်သို့ ကျရောက်သွားခြင်းဖြစ်သည်။

သခင်ကြီး ဆိုသူကား ထိုင်ခုံနှင့်အတူ ဖျတ်ခနဲပြန်ထိုင်လျက် ရှောင်တိမ်းလိုက်ပြီး ဖြစ်နေသည်။

ယခုအခါ မြို့စားလေးနှင့် သခင်ကြီး ဆိုသူ၏ အနေအထားမှာ လွန်စွာနီးကပ်နေသည်။

သခင်ကြီး ဆိုသူသည် မြို့စားလေးနှင့်တစ်တောင်ခန့်မျှသာ ကွာတော့သည်။

အနေအထားက ဘေးတိုက်မကျတကျ၊ မြို့စားလေးက နောက်ဘက်မှ ဖြစ်သည်။

မြို့စားလေးက အသက်ကို တစ်ဝရှူသွင်းလိုက်ပြီး ဘယ်လက်ဝါးဖြင့် မျက်နှာဆီသို့လွှဲရိုက်လိုက်ကာ ညာလက်ဖဝါးစောင်းဖြင့် ဇက်ပိုးဆီသို့ ပြင်းထန်စွာခုတ်ချလိုက်သည်။

"ဝုစ်....ဝုစ်...."

လက်ဖဝါးနှင့် လက်ဝါးစောင်းချက်မှ ထွက်ပေါ်လာသော လေခွင်းသံ။

သခင်ကြီးဆိုသူ ထိုင်နေသောထိုင်ခုံက စက်ဝိုင်းတစ်ဝက်ခန့် လည်သွားပြီး မြို့စားလေးနှင့် နှစ်တောင်ကျော်မျှ ကွာဝေးသော အနေအထားသို့ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်ပုံစံမျိုး ဖြစ်သွားသည်။

မြို့စားလေးအတွက် အရေးကြီးလှသော ပဌမမြောက် တိုက်ခိုက်မှုသည်လည်း ရွှေးနည်းအတူ အလကားဖြစ်သွားခဲ့ချေပြီ။

မြို့စားလေးသည် ကြက်သေသေလျက် ရှိသည်။

သူသည် တော်ရုံသိုင်းသမားတစ်ယောက် ရှောင်တိမ်းရန် မဖြစ်နိုင်သော သိုင်းကွက်များဖြင့် ရွေးချယ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

သို့သော် သခင်ကြီးဆိုသူသည် ထိုင်ခုံမှပင် ဖင်တစ်ချက် မကြွဘဲ မထိမခိုက်ရှောင်တိမ်းနိုင်ခဲ့သည်။



သူသည် သခင်ကြီးဆိုသူ၏ ဝတ်ရုံနက်အဖျားအနားကိုပင် သိုးကာသီကာမျှ ထိခိုက်အောင်မတတ်နိုင်ခဲ့။

သခင်ကြီးဆိုသူက သူ့လက်ထဲမှ ဆေးလုံးတစ်လုံးကို ပစ်ပေးလိုက်သည်။

မြို့စားလေးက ဖျတ်ခနဲဖမ်းလိုက်ပြီး ကြည့်လိုက်သည်။

အစိမ်းရောင် အဆိပ်ဆေးလုံး။

သူက ထိုဆေးလုံးကလေးကို စိတ်ထိခိုက်ကြေကွဲစွာ ကြည့်နေပြီးနောက် ပါးစပ်တွင်းသို့ ပစ်သွင်းကာ မျိုချလိုက်တော့သည်။

"မင်းရဲ့ကတိသစ္စာကို ကျုပ် လေးစားပါတယ်"

သခင်ကြီးဆိုသူက ပြောလိုက်သည်။ မြို့စားလေးက တည်ငြိမ်စွာ ရပ်နေသည်။

"မင်းအတွက်ဖြေဆေးကို ငါးရက်တစ်ကြိမ် မှန်မှန်ပေးမယ်၊ အဲဒီအတွက် မင်းက ကျုပ်ခိုင်းသမျှကို ဦးလည်မသုန် ဆောင်ရွက်ပေးရမယ်၊ လုံးဝပျောက်ကင်းသွားနိုင်တဲ့ဖြေဆေးကိုတော့ ကျုပ်ရည်ရွယ်ချက်တွေ အောင်မြင်ပြည့်စုံသွားတဲ့အခါမှာ ပေးမယ်၊ အဲဒီအချိန်ကျတော့ မင်းအခု မြို့စားလေးအနေနဲ့ ရရှိနိုင်တဲ့ တန်ခိုးဩဇာထက် ပိုမိုတဲ့ရာထူးတစ်နေရာကိုလဲ ပေးမယ်"

"ကျုပ်က ခင်ဗျားဩဇာကို မခံနိုင်ဘူး"

မြို့စားလေးက ပြတ်သားစွာ ပြောလိုက်သည်။

"ဟင်း....ဟင်း....ဟင်း...."

သခင်ကြီးဆိုသူ မခိုးမခန့် ရယ်လိုက်ပြီး....

"ခဏလောက် စောင့်ကြည့်ပါဦး၊ လူ့စိတ်ဆိုတာ အင်မတန် အပြောင်းအလဲမြန်တတ်ပါတယ်"

မြို့စားလေးက တစ်စုံတစ်ရာ ပြန်ပြောမည်ပြုသည်။

သို့သော် ထိုခဏမှာပင် သူ့မျက်နှာမှာ ရုတ်ခြည်းဖြူရော်သွားကာ နှုတ်ခမ်းများ တဆတ်ဆတ်တုန်လာသည်။ ထို့နောက် သူသည် ထောင့်ရပ်နေရင်းပင် တစ်ကိုယ်လုံး တုန်ယင်လာကာ ဆံပင်မွေးများပင် ထောင်လာသည်။

"ဝူန်း...."

ထို့နောက် ရုတ်တရက် ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားတော့သည်။

သခင်ကြီးဆိုသူကား တည်ငြိမ်စွာပင် ကြည့်နေသည်၊ သူသည် မည်သည့်ခံစားမှုမျှ မရှိသည့်အလား ဖြစ်သည်။

ထိုအချိန်တွင် ကြမ်းပေါ်၌လဲကျနေသော မြို့စားလေးမှာ လူးလှိမ့်စ ပြုနေရချေပြီ။ သူသည် အော်ဟစ်ပြီး ညည်းညူခြင်း မပြုမိရန် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားသည်၊ သို့သော် သူခံစားရသောဝေဒနာမှာ လျင်မြန်စွာ ပြင်းထန်လာပုံရသည်။ သူ့တစ်ကိုယ်လုံးသည် မီးကင်ခံရသော ငါးရှဉ့်တစ်ကောင်အလား တွန့်လိမ်ကောက်ကွေးလျက် ရှိသည်၊ ဝေဒနာပြင်းထန်မှုကြောင့် မြို့စားလေးသည် သူ့ဆံပင်များကို လက်နှစ်ဖက်ဖြင့် အားကုန် ဆွဲကုတ်ထားသည်။

ခဏတွင် မြို့စားလေးသည် အသက်ထွက်တော့မည့်အလား ဆန့်ငင်ဆန့်ငင် ဖြစ်သွားသည်။



မြို့စားလေး၏ တင်းထားနိုင်စွမ်းကား ကုန်ဆုံးသွားပြီဖြစ်သည်။

"အား...."

သူက မျက်လုံးကိုစုံမှိတ်၍ အားကုန်အော်လိုက်သည်။

ထို့နောက်တွင်မူ သူ၏အော်သံများသည် ရေကာတာတစ်ခု ကျိုးပေါက်သည့်အလား အဆက်မပြတ် ဆူညံစွာ ထွက်ပေါ်လာတော့သည်။

သခင်ကြီးဆိုသူကား လုံးဝလှုပ်ရှားခြင်းမရှိဘဲ ထိုင်မြဲပင် ထိုင်နေသည်။ သူ့ဟန်မှာ သောင်ပြင်ပေါ်တွင် ပစ်ချခံရသော ငါးတစ်ကောင်အနေဖြင့် မည်မျှကြာအောင် အသက်ရှင်နေနိုင်သည်ကို စောင့်ဆိုင်းကြည့်ရှုနေသည့်အလားပင် ဖြစ်သည်။

ခဏမျှကြာသောအခါ မြို့စားလေး၏ သတိနှင့်အသံမှာ လွန်စွာ မှေးမှိန်အားနည်းသွားပုံရသည်။

"အား....ဖြေ....ဖြေဆေး....ပေး....ပေးပါ...."

အော်ဟစ်ညည်းညူရင်း ပြောလိုက်သည်။

သခင်ကြီးဆိုသူက ခေါင်းညိတ်လိုက်ပုံရသည်။

"မင်း လိမ္မာယဉ်ကျေးလာပြီပေါ့၊ ဟုတ်လား"

"ခင်....ခင်ဗျား....ဖြေ....ဖြေဆေး....ပေး....အား....ပေးပါ"

"အပြောအဆို မိုက်ရိုင်းတာကိုလဲ ပြင်ဦးမှ ဖြစ်မှာပေါ့"

မြို့စားလေး၏အသံက ပြန်လည်လှုပ်ရှားလာပုံရသည်။ သူက သခင်ကြီးဆိုသူ၏စကားအဆုံးတွင် ဘာမှ ပြန်မပြောသေးဘဲ ရှိသည်။ သို့သော် ထိုအခိုက်တွင် သူ့ကိုယ်မှာ အမြီးနှင့်ခေါင်းမှ

ဆွဲဆန့်ခြင်းခံရသော မြွေတစ်ကောင်အလား တန့်၍ တန့်၍သွားသည်။

"ဒုန်း....ဒုန်း...."

သူက ဝေဒနာမှ သက်သာရန် ကြမ်းပြင်ကို လက်သီးဖြင့် ထုနေသည်။

"အား....အား....အား...."

ပါးစပ်မှလည်း အဆက်မပြတ် အော်နေ၏။

ခဏတွင် သူ၏အသိနှင့် မာနတရားက ကျိုးပေါက်သွားပြန်ပုံရသည်။

"သ....သ....ခင်ကြီး....ကျွန်တော့်ကို ဖြေဆေး....ပေး....ပေးပါ...."

သူက မချိမဆံ့ခံစားနေရရင်းမှ အားယူ၍ ပြောလိုက်သည်။

"ဟုတ်ပြီ၊ မင်းရဲ့ကိုယ်ရောစိတ်ပါ သိမ်မွေ့လာပြီ...."

သခင်ကြီးဆိုသူက ပြောလိုက်ပြီး သူ့လက်ထဲမှ ဆေးလုံးတစ်လုံးကို ပစ်၍ ပေးလိုက်သည်။ ထိုအဖြူဆေးလုံးကလေးသည် သခင်ကြီးဆိုသူ၏ ခြေထောက်ရှေ့ ခြောက်လက်မမျှအကွာတွင် ရပ်တန့်နေသည်။

မြို့စားလေးက အားယူ၍ လက်လှမ်းလိုက်သည်။ မမီ့တမီဖြစ်နေ၏။

နောက်တစ်ကြိမ်အားယူ၍ လှမ်းလိုက်သော အခါတွင်မှ မြို့စားလေးသည် သခင်ကြီးရှေ့တွင်ဒူးတုပ်၍ဝမ်းလျားမှောက်



နေသည့်အလား ဖြစ်သွားသည်။ သူက တဆတ်ဆတ်တုန်ယင်နေသောလက်ဖြင့် ဆေးဖြူလုံးကလေးကို ကောက်ယူကာ ပါးစပ်ထဲငုံထည့်၍ မျိုချလိုက်သည်။

ဆေးဖြူလုံး၏ တန်ခိုးက ကြီးမားပေစွ။

မြို့စားလေးက ဆေးဖြူလုံးကို မျိုချလိုက်ပြီးနောက် ဘေးဖက်သို့ တစောင်းလှဲကျသွားသည်။ ထို့နောက် ပက်လက်လန်သွားပြန်ကာ တဆတ်ဆတ် တုန်နေခြင်းများ လျော့ပါးလာသည်။ ထို့နောက် ဖားဖိုနယ် ပြင်းထန်စွာ နိမ့်မြင့်လှုပ်ရှားနေသော ရင်အုံမှာ ညင်သာလာသည်။ ထို့နောက် မြို့စားလေးမှာ မျက်လုံးများမှိတ်သွားကာ ပါးစပ် ဟောင်းလောင်းနှင့် ငြိမ်သက်သွားသည်။

သခင်ကြီးဆိုသူက ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

ထို့နောက် ဘေးနံရံမှခလုတ်ကို နှိပ်လိုက်ရာ ဘေးတံခါးပွင့်သွားပြီး ထိုတံခါးပေါက်တွင် စော်စောကလူ မတ်တတ်လာရပ်သည်။

"သူ့ကို ခေါ်သွား....အချုပ်ခန်းထဲ ထည့်ထားလိုက်၊ သူသတိရလာမှ ငါ ညွှန်ကြားချက်ပေးပြီး ပြန်လွှတ်မယ်"

သခင်ကြီးက ပြောလိုက်သည်။

ရောက်လာသူက အခန်းတွင်းသို့ဝင်ပြီး သတိမေ့နေသော မြို့စားလေးကို ပွေ့ချီလိုက်သည်။

ထို့နောက် အခန်းတွင်းမှ ပြန်လည် ထွက်ခွာသွားသည်၊ တံခါးပြန်ပိတ်သွားသောအခါ သခင်ကြီးသည် အခန်းကျဉ်းကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတော့သည်။

( ၂၈ )

လကွယ်သော ဆောင်းညဖြစ်သည်။

နှင်းများက ပိန်းပိန်းပိတ်မျှ ကျဆင်းနေ၏။

သနီးခေါင်ကျော်ခဲ့သည်မှာ အတန်ကြာပြီဖြစ်သည်။

သချိုင်းဟောင်းအတွင်း၌ ထင်းရှူးရွက်များပေါ်မှ တဆင့်မြေပေါ်သို့ ကျဆင်းနေသော နှင်းစက်ကြေသံများမှာ ဓဆောင်းညဂီတဟု ဆိုရတော့မည်သို့ရှိသည်၊ မြက်ပင်များမှာ ထိုနှင်းစက်တို့ဖြင့် စက်စက်စိုနေပြီ။

"ဘယ်လိုလဲ တစ်ယောက်မှ ပြန်မထွက်လာပါလား"

တီးတိုး ပြောလိုက်သည်။

"ဒီလူတွေ ဇရပ်ပေါ်မှာ အိပ်နေပြီလား မသိဘူး"

နတ်လေပြည် ဟ္မကိုချင်က ပြန်ပြောသည်။ သူသည် ဒုံး နှစ်လုံးကိုထောင်၍ အုတ်ဂူနံရံကိုမှီထိုင်နေခြင်း ဖြစ်သည်။

ဝေသူချိန်က ခေါင်းပေါ်မှ နှင်းပွင့်များကို လက်နှင့်ခါချလိုက်ပြီး....

"သွားကြည့်ရရင် ကောင်းမယ်ထင်တယ်"

စိတ်မရှည်တော့သလို ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် ရှင်ပျက်တစ္ဆေသုံးဖော်နှင့် မရဏ ပလွေရှင် ဂူဖန်တို့နောက်သို့ ဒုံးခိုတောင်မှနေ၍ ခြေရာခံ လိုက်လာခဲ့ကြခြင်း ဖြစ်သည်။ ထိုလူလေးယောက်အား ကြိုးကိုင်ခြယ်လှယ် စေခိုင်းနေသူအား သိရှိနိုင်ရန် ဖြစ်သည်။

သူတို့ ခြေရာခံလိုက်လာသူများသည် ဤသင်္ချိုင်းဟောင်း အတွင်းသို့ ညဦးပိုင်းအလွန်ကလေးကပင် ဝင်ရောက်သွားခဲ့သည်။ သူတို့နှစ်ယောက်က ထိုသူများပြန်အထွက်ကို သင်္ချိုင်းဟောင်းအဝရှိ အုတ်ဂူလေးတစ်ခုမှ စောင့်ဆိုင်းကြည့်ရှုနေကြခြင်း ဖြစ်သည်။

သူတို့ စောင့်ဆိုင်းနေရသည်မှာ ကြာပြီ။

အေးလွန်းသော နှင်းတောထဲတွင် ငြိမ်သက်စွာထိုင်စောင့်နေရခြင်းမှာ ပျင်းစရာကောင်းလှသည်။ ဝေသူချိန်က စိတ်မရှည်နိုင်တော့ပဲ ထိုသို့ပြောလိုက်ခြင်း ဖြစ်သည်။

"အင်း....အဲဒီလိုလုပ်တာပဲ ကောင်းမယ်ထင်တယ်"

ဝေသူချိန်နည်းတူပင် ပျင်းရိငြီးငွေ့နေပုံရသော ဟ္မကိုချင်ကလည်း ပြောလိုက်သည်။



ထို့နောက် သူတို့နှစ်ယောက်စလုံး မတ်တတ်ရပ်လိုက်ကာ သင်္ချိုင်းဟောင်းအတွင်းသို့ တိတ်ဆိတ်စွာ ဝင်လာခဲ့ကြသည်။

နှင်းပေါက် ကြွေသံများက တဖြောက်ဖြောက် တဖြောဖြော ညံနေသည်။

ပိန်းပိတ်အောင် ကျဆင်းနေသော နှင်းများကြောင့် ရှေ့ တစ်လံမျှအကွာသို့ပင် ကောင်းကောင်း မမြင်ရ။ သူတို့က သင်္ချိုင်းဟောင်းအလယ်ရှိ ဇရပ်ပျက်ကြီးဆီသို့ ချဉ်းကပ်သွားနေကြသည်။

ထိုအချိန်တွင် သူတို့နှစ်ယောက် ဖြတ်သန်းသွားခဲ့သော လမ်း၏ဘေးဘက်ရှိ ရောမချုံပုတ်ကြီးတစ်ခုအတွင်းမှ လူလေးယောက် ထွက်လာသည်။

ထိုလူလေးယောက်ကား ဝေသူချိန်နှင့်ဟ္မကိုချင်တို့ စောင့်ဆိုင်း ကြည့်ရှုနေကြသော ရှင်ပျက်တစ္ဆေသုံးဖော်နှင့် မရဏ ပလွေရှင် ဂူဖန်တို့ပင်တည်း။

သူတို့လေးယောက်စလုံးမှာ စကားတစ်လုံးမျှ မပြောကြ။ ပြောချင်စိတ် ရှိကြပုံလည်း မပေါ်၊ သူတို့ပုံမှာ အလွန် စိတ်ကုန်ခန်းနွမ်းနယ်နေပုံမျိုးဖြစ်သည်။

သူတို့က သင်္ချိုင်းဟောင်းအဝင်ဘက်သို့ တိတ်ဆိတ်စွာထွက်ခွာသွားကြ၏။

ထိုအချိန်တွင် သင်္ချိုင်းဟောင်းအလယ်ရှိ ဇရပ်ပျက်နားတွင် ဝေသူချိန်နှင့် နတ်လေပြည်ဟ္မကိုချင်တို့ ရောက်ရှိနေပြီ ဖြစ်သည်။

သူတို့နှစ်ယောက်က မှောင်မည်းငြိမ်သက်လျက်ရှိသောဇရပ်ပျက်ကြီး ဘေးသို့ ဖျတ်ခနဲပြေးကပ်လိုက်ကြသည်။

ဇရပ်ပျက်ကြီးပေါ်တွင်ကားမည်သည့်ထူးခြားချက်မျှမရှိဘဲ ဖြစ်နေသည်။

"ဘယ်သူမှ မရှိပါလား"

ဝေသူချိန်က တီးတိုးပြောလိုက်သည်။

"ရှိပါတယ်"

ဟွကိုချင်က တီးတိုးပြန်ပြောလိုက်ရာ ဝေသူချိန်က တိုင်တစ်တိုင်ဘေးသို့ ကပ်လိုက်ပြီး အမှောင်တွင်းသို့ စူးစိုက်၍ ကြည့်သည်။

ခဏမျှကြာသည်အထိ ဘာကိုမျှ သူ မတွေ့။

"ဘယ်မှာလဲဗျ"

သူက တီးတိုးမေးလိုက်ပြန်သည်။

"ဟိုမှာလေကွာ....ကင်းညိုတွေ...."

ဟွကိုချင်က ခပ်သဲ့သဲ့ရယ်လိုက်သည်။

ဝေသူချိန် စိတ်မဆိုးနိုင်၊ သူပါလိုက်ရယ်ရင်း....

"ဟိုလူတွေတော့ ကျွန်တော်တို့မရှိတဲ့ဘက်ကနေထွက်သွားပြီ ထင်တယ်ဗျ"

"အင်း....ဒါပဲဖြစ်မှာပေါ့"

ဟွကိုချင်က သူ့ဗိုက်ကိုနှိပ်နယ်ရင်း ဖြေသည်။ ဝေသူချိန်က....

"ကျွန်တော်တို့ လိုက်ကြမလား"

"ဘယ်ကိုလဲ"



ဟွကိုချင်က တအံ့တဩဟန်ဖြင့် ပြန်မေးသည်။

"ဟိုလူတွေနောက်ပေါ့၊ တကယ်လို့မတွေ့ရင်လဲကျွန်တော်တို့က မြို့ထဲကို သွားရမှာပဲမဟုတ်လား"

ဝေသူချိန်ကပြောလိုက်ရာ ဟွကိုချင်ကရယ်ပြန်သည်။

"ငါ့ညီရယ်....ဒီအချိန်ကြီးမှာ တို့က ဘယ်လိုလုပ်ရှာမလဲ၊ ပြီးတော့ မြို့စားသေးအိမ်သွားဖို့ဆိုတာကလဲ့ အချိန်မတော်အားနာစရာကြီးကွာ၊ ဒီတစ်ညတော့ ဟိုလူတွေမှ ဒီမှာမအိပ်တာ၊ တို့ပဲ အိပ်လိုက်ကြတာပေါ့၊ မနက်ကျမှ မြို့စားလေးအိမ်သွားတာပေါ့၊ မကောင်းဘူးလား"

သူ့ဘာသာပြောပြီး ဇရပ်ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

"အင်း...."

ဝေသူချိန်ကလည်း သူ့ဘေးတွင်ထိုင်လိုက်၏။ ထိုအချိန်တွင် နတ်လေပြည်ဟွကိုချင်သည် ဇရပ်ကြမ်းပြင်ပေါ်သို့ တုံးလုံးလှဲချလိုက်ပြီ ဖြစ်သည်။

ဝေသူချိန်က သူ့ကို တအံ့တဩကြည့်လိုက်သည်။

ခဏတွင် ဟွကိုချင်ထံမှ အပူအပင် ကင်းမဲ့လှသော ဟောက်သံကို မှန်မှန်ကြီးကြားလိုက်ရလေတော့သည်။

* * *

မနက်နှင်းကွဲစပြုချိန်တွင် ဝေသူချိန်နှင့် ဟွကိုချင်တို့က မြို့စားလေး၏အိမ်တော်သို့ ရောက်ရှိသွားကြသည်။

မြို့စားလေးမှာ အိမ်တွင်ရှိမနေချေ။

သူတို့နှစ်ယောက်အား တအံ့တသြကြိုဆိုသူများမှာ နယ်စားကြီး ယူဝန်ပိန်နှင့် ဆရာကြီး ပင့်ကူဓားဝူစိန်ဝမ်းတို့ ဖြစ်သည်။

"ခင်ဗျားက တစ်ရက်လုံးလုံး ဘယ်ပျောက်နေတာလဲဗျ၊ ကျုပ်တို့က ခင်ဗျားအတွက်စိတ်ပူနေကြတာ"

နယ်စားကြီးယူဝန်ပိန်က မေးသည်။

"ကျွန်တော် ဟိုလူလေးယောက်နောက်ကို နောက်ယောင်ခံလိုက်သွားတာဗျ၊ အဲဒါ မိုးခိုတောင်ရောက်သွားပြီး သူနဲ့တွေ့လာတာ"

ဟွကိုချင်ကပြောလိုက်ရာ နယ်စားကြီး ယူဝန်ပိန်နှင့် ဆရာကြီးဝူစိန်ဝမ်းတို့သာ ဝေသူချိန်ကို တအံ့တသြကြည့်လိုက်ကြသည်။ ဝေသူချိန်က သူတို့အားလုံးကို ကြည်ကြည်လင်လင် ပြန်ကြည့်လိုက်သည်။

"မင်းက အကြာကြီးပျောက်သွားပြီး ဟိုတ[?]စ်ယောက် ပြန်ရောက်လာသေးတယ်ဆို၊ မင်းသတင်းတော့ ဒီမှာ



အများကြီးဖြစ်နေတာပဲကွာ၊ တို့တော့ ဘယ်လိုမှသဲဆက်စပ်လို့ မရတော့ဘူး"

ဆရာကြီးဝူစိန်ဝမ်းက ဝေသူချိန်ကို စူးစူးစမ်းစမ်းကြည့်ရင်း ပြောလိုက်ရာ ဝေသူချိန်ကပြုံးလိုက်ပြီး....

"ကျွန်တော်တော့ ခုအချိန်ထိ ဘာမှကို မည်မည်ရရမသိသေးဘူးခင်ဗျ၊ အကြာကြီးပျောက်သွားတာက နဂါးမောက်တောင်ပေါ် ရောက်နေလို့၊ အဲဒီကပြန်လာတော့ တစ်စွန်းတစ်စများ သိရမလားလို့ အမေရှိတဲ့မိုးခိုတောင်ကို ပြန်သေးတယ်၊ အမေနဲ့မတွေ့လို့ တစ်ခါဒီကိုပြန်လာ၊ မြို့ထဲတောင် မရောက်ပါဘူးခင်ဗျာ၊ မိတ်ဆွေတစ်ယောက်ကိစ္စနဲ့ ဟိုပေပြည်နယ်ကို ရောက်သွားပြန်ရော၊ အဲဒီကမှ မိုးခိုတောင် တစ်ခါပြန်လာ၊ အဲဒီမှာ အစ်ကိုဟွကိုချင်နဲ့ တွေ့တာပါပဲ"

ပြောလိုက်သည်။

"ရှင်ပျက်တစ္ဆေသုံးကောင်နဲ့ ဝူဖန်တို့ကိုတွေ့တဲ့အကြောင်းလဲ ပြောဦးမှပေါ့ဗျ"

ဟွကိုချင်က ဝင်ထောက်သည်။

"မင်းပြန်ရောက်လာတာတော့ ကြားလိုက်ပါတယ်၊ မင်းလက်ချက်နဲ့ ရသေ့မင်းယီတောင် အတွင်းဒဏ်ရာရသွားသေးတယ်ဆို"

ဆရာကြီးဝူစိန်ဝမ်းက မေးလိုက်ပြန်သည်။

"ကျွန်တော်နဲ့သူ တိုက်ခိုက်ကြတာတော့အမှန်ပဲ၊ သူဒဏ်ရာရမရတော့ ကျွန်တော်မသိဘူး"

ဝေသူချိန်က ကြားရာရောက်မည်စိုးသဖြင့် ချန်၍ပြောလိုက်သည်။ သို့သော် သူက မည်သို့ပင်ပြောသည်ဖြစ်စေ၊ နယ်စားကြီး ယူဝန်ပိန်နှင့် ဆရာကြီးဝူစိန်ဝမ်းတို့မှာ တစ်စုံတစ်ရာကို ချိန်ဆနေကြပုံရသည်။ သူတို့အနေဖြင့် ဝေသူချိန်ပြောပြသော အကြောင်းများတွင် မေးစရာတွေများစွာ ရှိနေကြပုံလည်းရသည်။ သို့သော် သူတို့မှာ အသက်အရွယ် များစွာကြီးကြပြီဖြစ်ရာ သူတစ်ပါးမပြောသော်ကိစ္စကိုမေးရန် ခက်နေကြပုံပင်။

"ဒါနဲ့ မြို့စားလေးတစ်ယောက်ရောဗျာ"

ခဏမျှ တိတ်ဆိတ်နေခြင်းကို နုတ်လေပြည် ဟွကိုချင်က ဖြိုခွင်းလိုက်သည်။

"ခင်ဗျားသတင်းရလိုရငြားဆိုပြီး မနေ့ညနေ့ထဲက ထွက်သွားတာပဲဗျ၊ ခုထိတော့ ပြန်မရောက်သေးဘူး"

နယ်စားကြီးယူဝန်ပိန်က ဖြေသည်။

"ဒါနဲ့ ဆရာကြီးရဲ့အဖွဲ့ဆီက လူယက်ခံရတဲ့ မြကျောက်ရှင်သတင်းရော ရပြီလား"

ဝေသူချိန်က မေးလိုက်သည်။

"ကျုပ်က အဲဒါပြောမလို့၊ အခု သိုင်းလောကမှာ သတင်းဖြစ်နေတာက မြကျောက်ရှင်ကိုမင်းရသွားပြီတဲ့၊ အဲဒါ သိုင်းသမား အတော်များများက မင်းကို လိုက်ရှာနေကြတယ်"

ဆရာကြီးဝူစိန်ဝမ်း၏စကားအဆုံးတွင် ဝေသူချိန် မျက်လုံးပြူးသွားသည်။ ထို့နောက်မှ....



"ဒုက္ခပါပဲခင်ဗျာ၊ ကျွန်တော်က ဒီပစ္စည်းကို ဘယ်လိုလုပ်ပြီး ရမှာတဲ့လဲဗျာ"

ညည်းတွားသံနှင့် ပြောလိုက်သည်။

"ထင်စရာမရှိဘူးဆိုပေမယ့် မင်း ခုနစ်လလောက် ပျောက်သွားတာရယ်၊ ပြီးတော့ ပြန်လာတဲ့အခါမှာ မင်းရဲ့သိုင်းပညာက တစ်ဟုန်ထိုး တိုးတက်လာပြီး ရသေ့မင်ယီကိုတောင် အတွင်းဒဏ်ရာရအောင် လုပ်နိုင်တယ်ဆိုတော့ ဒီသတင်းက အကြောင်းမှန်ကိုမသိရရင် ထင်စရာ ဖြစ်တော့ဘာပေါ့ကွာ"

ဆရာကြီးဝူစိန်ဝမ်းက ရှင်းပြသည်။ အမှန်မှာ သူက ဝေသူချိန် ရှင်းမပြသောအကြောင်းများကို သိနိုင်ရန် စကားစဖော်လိုက်ခြင်းလည်း ဖြစ်သည်။

ထိုစကားကြောင့် ဝေသူချိန်မျက်နှာတွင် စိတ်မကောင်းခြင်းများ ဖြစ်ပေါ်လာသည်။

ထို့နောက် သူက အိမ်မှထွက်လာသည်မှစကာ ချီအန်မြို့သို့လာခဲ့ပုံ၊ လမ်းတွင် သေလုမျောပါး ဒဏ်ရာရနေသော မိုးကြိုးနက် အာမခံဌာနမှ အုတ်စန်ရင်ဆိုသော သိုင်းဆရာနှင့်တွေ့ပုံ၊ ထိုသိုင်းဆရာကြီး၏စကားအရ ချိန်ကူးမြို့သို့သွား၍ အာမခံဌာနတွင် သွားရောက် အကြောင်းကြားခဲ့ပုံများကို ပြောပြသည်။ ထိုမှ သူမိခင်မှာလိုက်သည့်အတိုင်း ချိန်ကူးမြို့ရှိ ယင်တိုင် နတ်ဘုရားကျောင်းသို့လာရာတွင် ဆရာကြီးတို့အဖွဲ့နှင့်တွေ့၍ အသင်မှား တိုက်ခိုက်ကြခြင်း ဒဏ်ရာရရှိခဲ့ရာ မိန်းကလေးတစ်ဦးက
13 သူ့အား ကယ်ဆင်သွားခဲ့ပုံများကိုပြောပြသည်။ ထိုနေရာတွင်....

"အဲဒီမိန်းကလေးက ဘယ်သူများလဲ၊ သူ့ရဲ့သိုင်းပညာနဲ့ ကိုယ်ဖော့ပညာစွမ်းဟာ အံ့သြစရာအဆင့်မှာ ရှိနေတယ်"

နယ်စားကြီးယွဝန်ပိန်းက ဖြတ်၍ မေးလိုက်သည်။

"ပန်ကူးကျုန်လို့ ခေါ်ပါတယ်၊ ပျောက်နေတဲ့ သူ့ညီမလေးကို လိုက်ရှာနေတဲ့ မိန်းကလေးတစ်ယောက်ပါ"

"ဪ....မင်းစကားကို ဆက်စမ်းပါဦး"

"အဲဒီ ကျွန်တော့်ကို ကယ်သွားတဲ့ မိန်းကလေးမှာ အစေခံမိန်းကလေး နှစ်ယောက်ပါပါသေးတယ်၊ သူတို့နဲ့အတူ ကျွန်တော်ဟာ တောထဲမှာ တစ်လလောက် နေခဲ့ရင်း ပန်ကူးကျုန်က ကျွန်တော့်ကို အတွင်းအားနဲ့ ကိုယ်ဖော့ပညာ သင်ကြား လေ့ကျင့်ပေးပါတယ်၊ အဲဒီကမှ သူတို့က ဟိုပေပြည်နယ်ကို ပြန်သွားတယ်၊ ကျွန်တော်က ချီအန်ကို ပြန်လာခဲ့တယ်၊ မြို့အဝင်နားမှာ ရှင်ပျက်တခေါ်သုံးဖော်နဲ့ ကျွန်တော် ဆုံပါတယ်၊ သူတို့က စော်ကားလွန်းတာနဲ့ ကျွန်တော်နဲ့ ခြေတစ်ဖက်ပြတ် အရက်အိုးယွန်မားတို့ တိုက်ခိုက်ကြတာပါ၊ တိုက်ခိုက်ကြတယ် ဆိုတာကလဲ ယွန်မားက ကျွန်တော့်ကို သိုင်းကွက်ငါးကွက်အကျော့နဲ့ ပြိုင်တာပါ၊ အဲဒီမှာကျွန်တော့် ဓားချက်နဲ့ ယွန်မားရဲ့အရက်အိုး ကွဲသွားပါတယ်၊ ယွန်မားက သူရှုံးတယ်လို့ ဝန်ခံပေမယ့် ရှေသော့မင်ယီနဲ့ ဘယ်သန်ကျန်းယုက လက်မခံပါဘူး၊ ဒါနဲ့ စကားများနေကြတုန်းမှာ ကျန်းယုက အခွင့်ကောင်းယူပြီး လှံနဲ့တစ်ချက်ထိုးလိုက်တာမှာ ကျွန်တော့်ပေါင်ကို ထိသွားပါတယ်၊ အဆိပ်ပါတဲ့လှံ ချက်ပါ၊ သူက ကျွန်တော့်လို လူငယ်တစ်ယောက်ကို အလစ်တိုက်ခိုက်



တာ လူတွေသိသွားရင် ရှက်စရာဖြစ်တော့မှာပဲဆိုပြီး လက်စတုံး သတ်ပစ်ကြဖို့ပါ။

"အဲဒီအချိန်မှာ ဆရာကြီးတစ်ယောက် ရောက်လာပါတယ်၊ သူတို့ ဘယ်ကိုထွက်ပြေးသွားတယ် ဆိုတာတော့ မသိပါဘူး၊ ဒီဆရာကြီးက သတိလစ်နေတဲ့ ကျွန်တော့်ကို နဂါးမောက် တောင်ပေါ်အထိ ခေါ်သွားပြီး ဆေးကုသပေးပါတယ်၊ ဒီတုန်းက မိုးကျနေပါပြီ၊ နဂါးမောက်တောင်ဟာ အတက်အဆင်း အင်မတန် အန္တရာယ်များပါတယ်၊ မိုးတွင်းမှာတော့ တောင်ပေါ်က ရေခဲပြင်တွေဟာ နှင်းလျှောပြိုကျနေတတ်တာမို့ ဆင်းဖို့တက်ဖို့ မဖြစ်နိုင်ပါဘူး၊ ဒါနဲ့ တောင်ပေါ်မှာပဲ မိုးတွင်းတစ်တွင်းလုံး နေခဲ့ရပါတယ်"

"ဒါနဲ့ အဲဒီဆရာကြီးနာမည်က...."

နှုတ်လေပြည် ဟွကိုချင်က သိချင်စိတ်ပြင်းပြစွာဖြင့် မေးလိုက်သည်။

"ကျွန်တော် ပြောပါမယ်"

ဝေသူချိန်က ပြောလိုက်ပြီး၊ ဆက်၍....

"အဲဒီလို မိုးတွင်းတစ်တွင်းလုံး နေခဲ့ရတဲ့အချိန်မှာ ဆရာကြီးပြောပြတာကတော့ ရေခဲငွေသက်သီးသိုင်း ဟွာဘာသ်ဖုန် လို့ သိရပါတယ်၊ ကျွန်တော်ကတော့ အဘိုးလို့ပဲ ခေါ်ပါတယ်၊ အဘိုးကကျွန်တော့်ကို အတွင်းအားပညာ ကိုယ်ဖော့ပညာနဲ့ မူလဘူတဆိုတဲ့ သိုင်းပညာကို သင်ကြားပေးခဲ့ပါတယ်၊ ဒီမှာ ကြားဖြတ်ပြောစရာက ကျွန်တော့်အမေ သင်ပေးတဲ့ ဓားသိုင်းပညာကို ဘာပညာရယ်လို့ အစက ကျွန်တော်မသိခဲ့

တာ အမှန်ပါ၊ အဲဒီနဂါးမောက် တောင်ပေါ်ရောက်မှ ကျွန်တော် ဓားသိုင်းကွက်တွေကိုကြည့်ပြီး အဘိုးက ဒါဟာ လျှပ်စီးသက်တန့် ဓားသိုင်းပညာပဲလို့ ပြောပါတယ်၊ ဒါပေမယ့် ကျွန်တော်တတ်တာက ဒီလျှပ်စီးသက်တန့် ဓားသိုင်းပညာရဲ့ တစ်ဝက် သိုင်းကွက် (၁၁)ကွက်ပဲလို့ ပြောပါတယ်၊ ဒါကိုအဘိုးက သေချာလေ့လာပြီး သူ့ရှိမူလဘူတ သိုင်းပညာနဲ့ ပေါင်းစပ်လို့ နောက်ထပ် ဓားသိုင်းကွက် (၁၁)ကွက် တီထွင်ပြီး ထပ်သင်ကြားပါတယ်၊ မိုးကုန်မှ အဲဒီနဂါးမောက် တောင်ပေါ်ကနေ ကျွန်တော် ပြန်ဆင်းလာခဲ့တာပါ၊ အဲဒီက အပြန်မှာ မိုးခိုတောင်ကို ဝင်တယ်၊ အမေနဲ့မတွေ့ဘူး....ဒါနဲ့ ပန်းကူးကျွန်းတို့ဆီ သွားတယ်၊ ပန်းကူးကျွန်းမရှိဘူး”

သူက ပန်းကူးကျွန်းနှင့် တွေ့သောအကြောင်းကိုမူ တမင်ပင် ချန်လှပ်ထားခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပန်းကူးကျွန်းမှာ လူသိခံ၍မဖြစ်သော ရင်နာစရာ ဇာတ်လမ်း ရှိနေ၍ဖြစ်သည်။

“အဲဒီမှာက အမေနဲ့တွေ့လိုတွေ့ငြား မိုးခိုတောင် ပြန်အသွားမှာ ဟိုလူလေးယောက်နဲ့တွေ့ပြီး တိုက်ခိုက်နေတုန်း အစ်ကိုဟွကိုချင် ရောက်လာလို့ ဟိုလူတွေ ထွက်ပြေးပြီး ဒီကို လိုက်လာခဲ့တာပါ၊ ဒါ ကျွန်တော့်အကြောင်း ပြောစရာ အကုန်ပါပဲ”

ဝေသူချိန်က သူ့စကားကို အဆုံးသတ်လိုက်သည်။

“အင်း....မင်းပြောတာတွေ ကြားရတော့ ကံတရားဟာ မင်းဘက်မှာ ရှိနေပြီဆိုတာ ငါနားလည်လိုက်ပြီ၊ မင်းအတွက်



မြကျောက်ရှင်ကို မရလို့ ဘာမှဝမ်းနည်းစရာ မရှိတော့ဘူး၊ ဒါပေမယ့် ကံတရားက မြကျောက်ရှင်ကို မင်းလက်ထဲကို ထည့်ပေးလိမ့်ဦးမယ်”

ရှန်စီနယ်စားကြီး ယူဝန်ပိန်က ဝေသူချိန်ပြောသမျှကို သေချာစွာ နားထောင်နေရင်းမှ စကား အဆုံးတွင် လေးလေးနက်နက် မှတ်ချက်ချလိုက်သည်။

ကျန်သည့်လူများမှာ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ သူတို့အနေဖြင့် ဝေသူချိန်အပေါ်တွင် သံသယကင်းစင်သွားကြပြီလည်း ဖြစ်သည်။

“ကျွန်တော့်အထင်တော့ ဒီမြကျောက်ရှင်ဟာ ဆရာကြီး စူစိန့်ဝမ်းရဲ့အဖွဲ့ဆီကနေ လုသွားတဲ့လူဟာ ဒီမြကျောက်ရှင်ကို အသုံးချလို့ မရဘူးထင်တယ်”

ဟွကိုချင်က ပြောလိုက်ရာ....

“ဒီလိုဆိုရင် အဲ့ဒီလူက ဘာဖြစ်လို့ဒီအရုပ်ကြီးကို ကျွန်တော့်ပေါ် ပုံချရတာလဲ”

ဝေသူချိန်က အလန့်တကြား မေးလိုက်သည်။

“အဲဒါက တစ်မျိုးစဉ်းစားရမယ့် ကိစ္စလို့ ထင်တယ်ဗျာ၊ ဒီလူရဲ့ ရည်ရွယ်ချက်တွေဟာ တော်တော် ထွေပြားနေပုံလဲ ရတယ်၊ လမ်းမှာတုန်းက ခင်ဗျားကိုကျွန်တော် ပြောခဲ့သားပဲ၊ ရှင်ပျက်တစ္ဆေ သုံးဖော်နဲ့ မရဏပလ္လေ့ရှင် ဝူဖန်တို့ဟာ တစ်စုံတစ်ယောက်ရဲ့ အကျပ်ကိုင်ခိုင်းစေတာကိုခံနေကြရတယ်၊ သူတို့ကို ကြိုးဆွဲနေတဲ့လူဟာ ဒီကိစ္စရဲ့ တရားခံနံပါတ် တစ် ဆိုတာ....”

"ဒီလိုဆိုရင် ဒီလူနဲ့ပတ်သက်လို့ သဲလွန်စ မရသေးဘူးလား"

ဝေသူချိန်က စိတ်အားတက်ကြွစွာ မေးလိုက်သည်။

"သဲလွန်စ....ဟုတ်လား....ဟင်း....ဟင်း...."

နတ်လေပြည် ဟွကိုချင်က မချိတရိ ရယ်လိုက်သည်၊ ပြီးမှ ဆက်၍....

"သဲလွန်စ မဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် မျက်မြင်ဒိဋ္ဌ ကြုံခဲ့ပြီ၊ ကျုပ်ရယ် မြို့စားလေးရယ်၊ ဟောဒီ ဆရာကြီးနှစ်ယောက်ရယ်"

"ဗျာ....ခင်ဗျားတို့ ဒီလူနဲ့တွေ့ခဲ့ကြတယ်၊ မဖမ်းဘူးလားဗျ"

"ဖမ်းဖို့နေနေသာသာ ကျုပ်တို့လေးယောက်စလုံး ဝိုင်းကြီး ပတ်ချာကို လည်နေတာပဲ"

ဟွကိုချင်က သစ်ပုပ်ပင်ဘေးတွင် ဖြစ်ခဲ့ရသောအဖြစ်ကို ရည်ညွှန်း၍ ပြောလိုက်သည်၊ ထိုသည်ကို ဝေသူချိန် နားမလည်။ သူက မျက်လုံးအကြောင်သားဖြင့် ဟွကိုချင်ကို ပြန်ကြည့်လိုက်ပြီး....

"ဟင်....ဘာဖြစ်လို့ ဝိုင်းကြီးပတ်ချာလည်ရတာလဲ"

"တို့ကို အရူးလုပ်သွားလို့ပေါ့ ငါ့ညီရာ"

ဟွကိုချင်က ထိုအကြောင်းကို နောက်တစ်ခါပြန်မစဉ်းစားချင်သော လေသံမျိုးဖြင့် ပြောလိုက်သည်။

ဝေသူချိန် တွေးလိုက်သည်။



ဤသို့ အဓိကရ ပုဂ္ဂိုလ်လေးယောက်ကိုပင်လျှင် အရူးလုပ်နိုင်စွမ်းရှိသည်ဆိုပါက ထိုလူကြီး၏ သိုင်းပညာစွမ်းကား အံ့မခန်းထက်မြက်ပေလိမ့်မည်။ သို့ဆိုလျှင် သူ့အတွက် အမြုတေဓားသိုင်းကျမ်းကိုရ၍ ဘာများအကျိုးထူးမည်နည်း။ သို့ပါလျက် ထိုလူသည် မည်သည့်ရည်ရွယ်ချက်ဖြင့် သိုင်းလောကဆူပွက်အောင် ပြုလုပ်ရသည်ကို ဝေသူချိန် တွေးမရဘဲဖြစ်နေသည်။

သူတို့အားလုံး အတွေးဖြင့် ငိုင်နေကြခိုက်....

မြို့စားလေး ထင်ရှောက်ရီက ဧည့်ခန်းထဲသို့ လေးတိလေးတွဲ ဝင်လာသည်။ သူက ဟွကိုချင်နှင့် ဝေသူချိန်ကို မြင်သောအခါ အလွန်အံ့ဩသွားပုံရသည်။ သို့သော် ပါးစပ်ကမူ ဘာမျှ ထုတ်ဖော်မပြောချေ။

"ဩော်....မြို့စားလေး၊ ကျုပ် ပျောက်နေလို့ သတင်းစနည်းနာ ထွက်တယ်ဆို"

ဟွကိုချင်က ဝမ်းသာအားရ ပြောလိုက်သည်။

ထင်ရှောက်ရီက ပင်ပန်းနွမ်းနယ်သောအသွင်ဖြင့် ထိုင်ခုံတစ်လုံးတွင် ဝင်ထိုင်သည်။ သူ့မျက်နှာမှာ ဖနှောင်းချင်းညှိုးချင်း အိုစာသွားသလို ထင်ရသည်။ သူက ဟွကိုချင် မေးသည်ကို ချက်ချင်း ပြန်မဖြေသေးဘဲ စားပွဲပေါ်ရှိ အရက်အိုးတွင်းမှ အရက်တစ်ခွက် အပြတ်ငှဲ့လိုက်ကာ တစ်ရှိန်ထိုး မော့ချလိုက်သည်။ ပြီးမှ ပါးစပ်တွင်းရှိ လေပူများကို မှုတ်ထုတ်လိုက်ကာ....

"ညက မသင်္ကာစရာ လူတစ်ယောက်နောက်ကို လိုက်သွားတာဗျ၊ ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာဗျာ၊ ကျုပ် လိုက်လာမှန်းလဲသိရော ပြေးလိုက်တာ ချိန်ကူးမြို့နားက တောထဲ

အထိ တစ်ချိုးတည်းပဲ၊ ကျုပ်လဲ အစွမ်းကုန်လိုက်ပါရဲ၊ ဒါပေမယ့် ညကတဲမှောင် တောထဲမှာလဲဖြစ်တော့ လျှိုကြီးတစ်ခု အနားမှာ ဒီသူကိုမျက်ခြည်ပြတ်သွားတာပါပဲ"

"လျှိုကြီးတစ်ခု....ဟုတ်လား"

နုတ်လေပြည်ဟွကိုချင်က တအံ့တသြ မေးလိုက်သည်။

"ဟုတ်ပါ၊ လျှိုကြီးတစ်ခု"

ထင်ရှောက်ရီက အရက်တစ်ခွက် ထပ်ငှဲရင်း ပြောသည်၊

"မြင်းခွာပုံဖြစ်နေတဲ့ လျှိုကြီးလား"

"အင်း....အင်း....အဲဒီလိုပဲထင်တယ်"

ထင်ရှောက်ရီက အရက်တစ်ငုံကို မျိုချလိုက်ပြီး ဖြေသည်။

"လျှိုအလယ်လောက်အနောက်ဘက်ချောက်ထိပ်မှာ အပင်ကြီး တစ်ပင်ရှိတယ်ဗျာ၊ အဲဒီလျှိုလား"

ဟွကိုချင်က သေချာလိုဟန်ဖြင့် ထပ်မေးသည်။ ထင်ရှောက်ရီက ဟွကိုချင်ကို မျက်လုံးမှူးနှင့် မြန်ကြည့်နေပြီးမှ....

"တောထဲပဲဗျ၊ သစ်ပင်တွေ အများကြီးပေါ့"

"ကျုပ်ပြောတဲ့ အပင်ကအကြီးကြီးဗျ၊ အဲဒီအနားပတ်လည် ပေငါးဆယ်လောက်မှာလဲ အခြား ဘာပင်မှ မရှိဘူးလေ၊ နေဦး....နေဦး....ဒီအပင်ကြီးဟာ၊ အဲ....မိုးမခပင်ကြီး၊ ဟုတ်ပြီ၊ အဲဒီမိုးမခပင်ကြီးနားမှာ ပျောက်သွားတာလား"

"ဖြောက်...."

ဟွကိုချင်စကားအဆုံးတွင် ထင်ရှောက်ရီက လက်ဖျောက် တစ်ချက် တီးလိုက်သည်။



"သေချာတယ်၊ မှောင်တော့ ဘာပင်မှန်းတော့ မကြည့်ခဲ့ဘူး၊ အဲဒီနားမှာ ကျုပ် မျက်ခြည်ပြတ်သွားတာ"

သူက ဝမ်းသာအားရခပြောလိုက်ပြီး သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်သည်။

"ကျွန်တော် ဒီနေရာကို တစ်ခါ ရောက်ခဲ့ပြီးပြီ၊ ဒီတုန်းက ကျွန်တော့်မှာ ဒဏ်ရာနဲ့ ကျွန်တော်ရှိနေတာကို ဘယ်သူမှ မသိဘူး၊ မျက်နှာသေသိုင်းသမား ရောက်လာတယ်၊ ကျုပ်တို့ သတင်းတွေကို ပြောတယ်၊ ထူးဆန်းတာက သူနဲ့စကားပြောနေတဲ့လူကို မမြင်ရဘူး၊ အသံကိုပဲကြားရတာ၊ ဒါပေမယ့် အသံ ဘယ်နေရာက ထွက်လာသလဲဆိုတာကိုလဲ မှန်းလို့မရဘူး၊ ခု မြို့စားလေးပြောတော့ သေချာသလောက် ရှိသွားပြီ၊ အဲဒီနေရာဟာ ဒီလူတွေရဲ့ အချိန်းအချက်လုပ်တဲ့နေရာ၊ ဒါမှမဟုတ် အဲဒီနားမှာ လျှို့ဝှက်ဌာနချုပ်တစ်ခုရှိရမယ်၊ ဖြစ်နိုင်တာက လျှိုထဲမှာ ဖြစ်ဖို့များတယ်၊ လျှိုထဲမှာက သစ်ပင်တွေနဲ့ ပြည့်နေတာ"

"အင်း....ကျုပ်တို့ လေ့လာကြည့်ကြရမှာပဲ"

နယ်စားကြီးယူဝန်ပိန်က ပြောသည်။

ထိုစဉ် မြို့စားလေးက ထိုင်ရာမှထလိုက်ပြီး....

"ကျွန်တော်တော့ မထတ်နိုင်တော့ဘူး၊ သိပ်ပင်ပန်းနေပြီ၊ ကိုယ်လက်တွေလဲကိုက်ခဲနေတယ်ဗျာ၊ ခဏလောက်တော့ နားပါရစေ"

ထို့နောက် သူက ဘယ်သူ့အပြောကိုမှ နားထောင်မနေတော့ဘဲ ဧည့်ခန်းထဲမှထွက်သွားသည်။ သူ ဧည့်ခန်းအပြင်ဘက်သို့ ရောက်သွားချိန်တွင် နယ်စားကြီးယူဝန်ပိန်က....

"ခင်ဗျားတို့နှစ်ယောက်လဲ ခရီးအဝေးကြီးက လာခဲ့ရတာ မောပန်းလှရောပေါ့၊ အတွင်းဘက်အခန်းမှာ သွားနားချေကြဦးလေဗျာ"

ပြောလိုက်ရာ ဟွကိုချင်နှင့်ဝေသူချိန်က ထိုင်ရာမှထလိုက်ပြီး အတွင်းဘက်သို့ ဝင်သွားမြန်သည်။

ဧည့်ခန်းထဲတွင် ရှန်စီနယ်စားကြီးယူဝန်ပိန်နှင့် ဆရာကြီးမင့်ကူမား ပူစိန်ဝမ်းတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြတော့သည်။

"အင်း....ဆန်းတော့ ဆန်းတာပဲ"

ခဏအကြာတွင် နယ်စားကြီးယူဝန်ပိန်က မည်သည့်အဓိပ္ပာယ်မှန်းမသိ တီးတိုးပြောလိုက်သည်။

( ၂၉ )

နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။

ချီအန်မြို့ရှိ ယင်တိုင်နတ်ဘုရားကျောင်းကြီးသည် ခံ့ညားထည်ဝါသောအသွင်ဖြင့် ရပ်တည်လျက်ရှိသည်။ ယင်တိုင်နတ်ဘုရားကျောင်း၏သက်တမ်းမှာ ကြာမြင့်လှပြီဖြစ်သလို သူ့အသွင်ကလည်း ရင့်ကျက်တည်ငြိမ်သောဟန်ခြေကို ဆောင်ယူလျက် ရှိသည်။

ဤနတ်ဘုရားကျောင်းကြီးနှင့် ပတ်ဝန်းကျင်သည် အလွန်တင့်တယ်၍ လှမ်းမောဖွယ်ပန်းချီကားတစ်ချပ်နှင့် အလွန်တူသည်။ သာမန်အားဖြင့်ဆိုလျှင် ဤ နတ်ဘုရားကျောင်းနှင့်

ပတ်ဝန်းကျင်၌ အသွားအလာ များပြားစည်ကားနေသင့်ပေသည်။

သို့သော် ဤနတ်ဘုရားကျောင်းကြီး၏ သမိုင်းစဉ်လာ ဒဏ္ဍာရီပုံပြင်၏ ခြောက်လှန့်မှုကြောင့် လူသွားလူလာစည်ကားသင့်သော အချိန်မှာပင် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့လျက် ရှိနေတော့သည်။

ဤအချိန်မှာပင် ချိအန်မြို့စားလေးက ဤ နတ်ဘုရားကျောင်းကြီး၏ ပရိဝုဏ်အတွင်းသို့ ဝင်ရောက်လာသည်။ သူသည် သာမန် လာရိုးလာစဉ် သွားရိုးသွားစဉ် အမူအရာမျိုးကို ဆောင်ယူထားသော်လည်း မျက်လုံးများမှာ မတည်ငြိမ်ချေ။

သူသည် ဘုရားကျောင်းဝင်းအဝင်ဝ၌ ရပ်တန့်လိုက်ကာ သူလျှောက်လာခဲ့သော နောက်ဘက်သို့ အသေအချာပြန်ကြည့်နေသည်။ မည်သူတစ်စုံတစ်ယောက်မျှ လိုက်မလာကြောင်း သေချာသောအခါမှ နတ်ဘုရားကျောင်းဝင်းအတွင်းသို့ လှမ်းဝင်လိုက်၏။

သူသွားမည့်ရှေ့တွင်လည်း လူသူကင်းရှင်းကာ တိတ်ဆိတ်လျက် ရှိသည်။

မြို့စားလေးသည် နတ်ဘုရားကျောင်းကြီးဆီသို့ မသွားချေ။ သူက နတ်ဘုရားကျောင်း၏ လက်ဝဲဘက် ပေတစ်ရာမျှအကွာတွင်ရှိသော ညောင်ကြပ်ပင်ကြီးဆီသို့သာ လျှောက်သွားနေသည်။



မြို့စားလေး ဦးတည်လျှောက်သွားနေသော ညောင်ကြပ်ပင်ကြီးမှာ နှစ်ပေါင်းရာချီ၍ကြာမြင့်စွာက ပေါက်ရောက်ရှင်သန်လာခဲ့သည်ဖြစ်ရာ မုတ်ဆိတ်များမှာ မြေတွင်ဖောက်ကာ လူတစ်ရာမက ခိုဝင်နားနေနိုင်သော အပင်ကြီးအဖြစ် ဟည်းထနေ၏။

မြို့စားလေးမှာ ခဏတွင် ထိုအပင်အောက်သို့ ရောက်ရှိသွားသည်။ ထိုညောင်ကြပ်ပင်အောက်တွင် လူတစ်ဖက်စာမျှရှိသော လေးထောင့်စပ်စပ် ကျောက်ဖြူတုံးတစ်တုံးရှိသည်။

မြို့စားလေးက ထိုကျောက်ဖြူတုံးရှိရာသို့ လျှောက်သွားပြီး ကြည့်လိုက်ရာ ကျောက်ဖြူတုံး၏အလယ်တွင် တင်ထားသော အဖြူရောင်ဆေးလုံးတစ်လုံးကို တွေ့လိုက်ရသည်။

မြို့စားလေးသည် ထိုဆေးဖြူလုံးကလေးကို တွေ့လိုက်ရသည်နှင့် ကျီးလန့်အစာကောက်သလို ရုတ်တရက်ကောက်ယူလိုက်ကာ ပါးစပ်တွင်းသို့ ပစ်သွင်းလိုက်ပြီး မျိုချလိုက်သည်။

ပြီးလျှင် သူသည် အပူလုံးကြီးကျသွားပုံဖြင့် သက်ပြင်းကို ချလိုက်သည်။ ပြီးမှ ခြေစုံရပ်လိုက်ကာ....

"ကျွန်တော်ရောက်လာပါပြီ သခင်ကြီး...."

ပေငါးဆယ်ခန့်အတွင်း ကြားနိုင်သောအသံမျိုးဖြင့် ပြောလိုက်သည်။

ရုတ်တရက်အားဖြင့် ပတ်ဝန်းကျင်တွင် မည်သည့်တုံ့ပြန်မှုမှ ဖြစ်ပေါ်မလာချေ။

"ကျွန်တော် ရောက်လာပါပြီသခင်ကြီး...."

မြို့စားလေးက ထပ်မံ ပြောလိုက်ပြန်သည်။

သို့သော် မည်သည့်အသံမျှ တုံ့ပြန်ထွက်ပေါ်လာခြင်း မရှိဘဲ ဖြစ်နေသည်။ မြို့စားလေးမှာ မစဉ်းစားတတ်အောင် ဖြစ်သွားပုံ ပေါ်သည်။

သို့သော် ဤအခိုက်မှာပင် နတ်ဘုရားကျောင်းဆီမှ အနက်ရောင် လူရိပ်တစ်ရိပ်က သုံးဆင့်မျှဆက်၍ ခုန်လွှားလိုက်ကာ ညောင်ကြပ်ပင်အောက်သို့ ရုတ်တရက် ရောက်ရှိလာသည်။ ထိုသည်မှာ အနက်ရောင်ဝတ်ရုံကြီးကို ခေါင်းမှ ခြေဖျားအထိ ခြုံထားသော သခင်ကြီးဆိုသူပင် ဖြစ်သည်။ သခင်ကြီးဆိုသူသည် မြေထောက်နေသော ညောင်မုတ်ဆိတ် နားတွင် ခေါင့်တောင့်မားမား ရပ်နေသည်။

မြို့စားလေးက မျက်လွှာချလျက် သခင်ကြီးဆိုသူနှင့် ငါးပေမျှအကွာသို့ လျှောက်သွားကာ ခြေစုံရပ်လိုက်သည်။

“မင်းတို့ဆီမှာ ဟွာကိုချင်ဆိုတဲ့ကောင်နဲ့ ဝေသူချိန်ဆိုတဲ့ကောင် နှစ်ကောင် ရောက်နေတယ်ဆို”

သခင်ကြီး ဆိုသူက ခပ်တင်းတင်း မေးလိုက်သည်။

“မှန်ပါတယ် သခင်ကြီး”

မြို့စားလေး မလိမ်ရဲချေ။

“အေး....ဒီနှစ်ယောက်ဟာ ငါတို့အတွက် မီးစတွေပဲ၊ တစ်နည်းနည်းနဲ့ ဒီနှစ်ကောင်ကို ရှင်းရမယ်၊ ဒါနဲ့ ဟိုတစ်နေ့က ငါပြောခိုင်းတဲ့ကိစ္စ ပြောလိုက်ရဲ့လား”

“ပြောပါတယ် သခင်ကြီး၊ နတ်လေပြည် ဟွာကိုချင်ဆိုတဲ့လူက အဲဒီနေရာကို ကိုယ်တိုင်ရောက်ဖူးတယ်လို့ ပြောတယ်၊ ပြီးတော့ မျက်နှာသေ သိုင်းသမားနဲ့ သခင်ကြီးတို့အကြောင်းပြော



တာလဲ ချောင်းနားထောင်ဖူးတယ်လို့ ပြောတယ်၊ ကျွန်တော် ကိုသဲဘာပင်ရှိသလဲမေးလို့ တော်တော်ဒုက္ခရောက်သွားတယ်”

မြို့စားလေးက ရှင်းပြနေသည်။

“မင်းအပေါ် သံသယ ရှိသွားနိုင်သလား”

“မရှိနိုင်ပါဘူး သခင်ကြီး၊ နယ်စားကြီး ယွဲ့ဝန်ပိန်က တော့ အဲဒီနေရာလေးကို လေ့လာရမယ်လို့ ပြောပါတယ်၊ ဟွာကိုချင်ကတော့ လျှိုထဲမှာ လျှို့ဝှက်ဌာနချုပ်ရှိ ယ်လို့ ပြောပါတယ်”

“အေး....ကောင်းတယ်၊ နောက်သုံးရက်ကြာရင် သူတို့ အားလုံးကိုခေါ်ပြီး အဲဒီနေရာကို လာနိုင်အောင် ဖန်တီးပေတော့၊ မင်းက အဲဒီနေရာကို မရောက်ဖူးသေးတော့ ဟွာကိုချင်ဆိုတဲ့ကောင်ကို မသိမသာ ရှေ့တန်းတင်ပေးလိုက်၊ ဟုတ်ရဲ့လား”

“ဟုတ်ကဲ့ပါ....သခင်ကြီး”

“ဒီကြားထဲမှာလဲ ဟွာကိုချင်နဲ့ဝေသူချိန်ဆိုတဲ့ကောင်လေး ကို အခွင့်အရေးရရင် ဆေးခတ်၊ တစ်ကြိမ်တည်းမှာ နှစ်ယောက်စလုံးကို မခတ်မိစေနဲ့၊ သံသယဖြစ်စရာ မျှားများ ရှိနေတဲ့ အချိန်မျိုးမှာ သုံးရင်ပိုကောင်းတယ်၊ ငါပြောတာ မှတ်မိတယ်နော်”

“မှတ်မိပါတယ် သခင်ကြီး”

“နောက် သုံးရက်ကြာရင် ဟိုကျွန်ကိုလာဖို့၊ အဲဒါက သိပ်အရေးကြီး....”

ထိုစဉ် ညောင်ကြပ်ပင်နှင့် ဘေးတိုက် ကိုက်နှစ်ဆယ်မျှ အကွာတွင် လှုပ်ရှားမှု တစ်စုံတစ်ခုလိုလို ဖြစ်သွားသည်။ ထိုသည်ကို သခင်ကြီးဆိုသူ ကောင်းကောင်း မြင်လိုက်ပုံရသည်။

"ဟိတ်....ဘယ်သူလဲဟေ့....ခိုးကြောင်ခိုးဝှက် နားထောင်နေတာ"

သခင်ကြီးဆိုသူက အော်ဟစ်လိုက်ရင်း ညောင်ကြပ်ပင်အောက်မှ ခုန်ထွက်သွားရာ မြို့စားလေးကလည်း သူ့နောက်မှ ထက်ကြပ်မကွာခုန်လိုက်သွားသည်။

လှုပ်ရှားမှုကို ရိပ်ခနဲ မြင်လိုက်ရသည်မှာ ရေမပန်းကန်လုံးကြီးဘစ်ခုကို ကလပ်ပေါ်တွင် တင်ထားသည်နှင့် တူလှသော သင်ပုတ်ပလ္လင်ကြီးပေါ်မှ ဖြစ်သည်။ ထိုသင်ပုတ်ပလ္လင်ကြီးမှာ နတ်ဘုရားကျောင်းမှ စွန့်ပစ်သောပန်းများ၊ သစ်သီးများ စွန့်ပစ်ရန် ပြုလုပ်ထားခြင်း ဖြစ်သည်။ သို့သော် ထိုသင်ပုတ်ပလ္လင်ထဲတွင် ဘာမျှမရှိရာ တစ်ယောက်ယောက် လာအိပ်နေပုံရသည်။

ထိုလူသည် အမှတ်မထင် နိုးနေချိန်တွင် သခင်ကြီးဆိုသူနှင့် မြို့စားလေးတို့ စကားပြောနေသံကို ကြားသဖြင့် ထကြည့်ပုံရသည်။ သခင်ကြီးဆိုသူ၏ လျင်မြန်သော မျက်လုံးများက ထိုလူ၏ဦးခေါင်းကို ရိပ်ခနဲ မြင်လိုက်ရသည်။

ယခုထိုလူသည် သခင်ကြီးဆိုသူ၏ အော်ဟစ်မေးမြန်းသံ ထွက်ပေါ်လာသည်နှင့် ကြောက်အား လန့်အားဖြင့် ထွက်ပြေးရန် ပလ္လင်ပေါ်မှ ခုန်ချလိုက်သည်။



"ဝှန်း...."

"အင့်...."

ရှစ်ပေမျှမြင့်သော သင်ပုတ်ပလ္လင်ပေါ်မှ ခုန်ချလိုက်ခြင်းဖြစ်၍ ထိုလူသည် ခြေသို့ဟပ်ထိုး လဲကျသွားကာ ရုတ်တရက်ပြန်မထနိုင်ဘဲ ဖြစ်နေသည်။ ပြီးမှ ကြောက်အားလန့်အားဖြင့် အောင့်သွားသည်ကို အားတင်း၍ လေးဖက်တောက် ထလိုက်သည်။

ထိုအချိန်မှာပင် အနက်ရောင် ဗီနပ်ထိပ်ဦး ပေါ်ရုံမျှသာပေါ်နေသည့် အနက်ရောင် ဝတ်ရုံရှည်ကြီးကို မြင်လိုက်ရသည်။

ထွက်ပြေးရန် ကြိုးစားသူက အလန့်တကြား မော့ကြည့်လိုက်သည်။

ခြေဆုံးခေါင်းဆုံး ဖုံးလွှမ်းနေသော အနက်ရောင် ဝတ်ရုံရှည်ကြီးမှအပ ဘာကိုမျှ သူမမြင်ရ။ သို့သော် အားကိုးရှာသော ထိုလူ၏မျက်လုံးများက အနက်ရောင် ဝတ်ရုံရှည်ကြီးနှင့် လူကြီးနောက်တွင်ရပ်နေသော မြို့စားလေးကို မြင်လိုက်သည်။

"မြို့စားမင်း....ကျွန်....ကျွန်တော် တမင်....ချောင်း နားထောင်တာ မဟုတ်ပါဘူး...."

ဒူးတုပ်ကာ လက်အုပ်ချီရင်း တောင်းပန်လိုက်သည်။

ထိုသူကား ချီအန်ဈေးထဲတွင် လှည့်လည်၍ တောင်းရမ်း
14 စားသောက်သူ အဘိုးကြီးကူကျွန်ဖြစ်သည်။ သူကား မြို့ဘွင်းအနှံ့ လှည့်လည်သွားလာနေသူဖြစ်သဖြင့် မြို့သူမြို့သားအားလုံး

လိုလိုက သူ့ကိုသိကာ သူကလည်း မြို့သူမြို့သားအားလုံးလိုလို ကို သိနေသူဖြစ်သည်။

"ကျွန်…ကျွန်တော့်…ကို…ချမ်း…ချမ်းသာပေးပါ မြို့စား မင်း…"

အဘိုးကြီးကူကျွန်က အထစ်ထစ်အငေါ့ငေါ့ဖြင့် တောင်းပန် နေသည်။

"ဩော်…မင်းက မြို့စားလေးကို သိနေသကိုး"

သခင်ကြီးဆိုသူက ပြောလိုက်ရာ…

"သိ…သိပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ မြို့စားမင်းက သိပ်သဘောကောင်း…"

ကူကျွန်က ဝမ်းသာသွားပြီး ပြောလိုက်သည်။

"ဩော်…ဩော်…ဩော်…ချမ်းသာပေးရမှာပေါ့ကွာ၊ ဇာတ ရှေ့ မင်းဒုက္ခဖြစ်စရာ မရှိတော့ဘူး၊ ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျာ…ဟုတ်ကဲ့"

အဘိုးကြီးကူကျွန်က ဝမ်းသာအားရပြောရင်း ဒူးတုပ်ရာမှ မတ်တတ်ရပ်ရန် ပြင်လိုက်သည်။

ထိုစဉ် သခင်ကြီးဆိုသူက ညာလက်ကို ရုတ်တရက်မြှောက်၍ အဘိုးကြီးကူကျွန်၏ယယ်ထိပ်ကို ရိုက်ချလိုက်သည်။

"ဖောင်း…"

အလုံပိတ်ထားသော သစ်သားဘူးတစ်လုံး ပေါက်ကွဲသလို မျိုး အသံထွက်ပေါ်လာသည်။

မြို့စားလေးမှာ ယောင်ယမ်း၍ မျက်လုံးကို ပိတ်လိုက်မိ သည်။



အဘိုးကြီးကူကျွန်မှာ ယယ်ထိပ်ကို တင်းပုတ်နှင့် အထုခံ ရသကဲ့သို့ ဖြစ်သွားပြီး ခေါင်းခွံကွဲကြေကာ တစ်ချက်တည်း နှင့် အသက်ပါသွားသည်။ သူ၏ခန္ဓာကိုယ်ကြီးမှာ ချက်ချင်း လဲပြိုမသွားချေ။ သူ့မျက်နှာပေါ်တွင် အံ့အားသင့်သွားသော ဟန်က အပြည့်အဝရှိနေ၏။ မျက်လုံး၊ နှာခေါင်းနှင့် နားပေါက် များထဲမှ သွေးများစီးကျလာပြီးမှ ရှေ့ဘက်သို့ မှောက်လျက် ကျသွားသည်။

"ဝုန်း…"

"သူ့ဒုက္ခတော့ တစ်ခါတည်းငြိမ်းသွားပြီ"

သခင်ကြီးဆိုသူ၏အသံကြောင့် မြို့စားလေးက မျက်လုံး ဖွင့် ကြည့်လိုက်သည်။ ပုံပျက်ပန်းပျက် လဲကျသေဆုံးနေသော အဘိုးကြီးကူကျွန်ကို မြင်ရသည်။

သခင်ကြီး ဆိုသူကား ဤလဲကျသေဆုံးသွားသော အဘိုးကြီး ကူကျွန်မှာ သူနှင့်မသက်ဆိုင်သကဲ့သို့ လုံးဝတည်ငြိမ်နေသည်။ မြို့စားလေးမှာ ဤအခြင်းအရာကိုကြည့်၍ ပြင်းစွာ တုန်လှုပ် နေသည်။ သူ့မျက်နှာတွင် ချွေးပေါက်ကြီးများ ချက်ချင်း စို့ထွက်လာသည်။

သခင်ကြီးဆိုသူက မြို့စားလေးဘက်သို့ ပြန်လှည့်လိုက် သည်။ သူက မြို့စားလေးကို ခဏမျှ အကဲခတ် ကြည့်ရှုနေ ပြီးမှ…

"မင်းက ဘာဖြစ်လို့ ဒီလောက် တုန်လှုပ်နေရတာလဲ၊ သူက ခြင်ပုန်းတစ်ကောင်ပဲကွ၊ အငြိမ်နေမှာမှ မဟုတ်ဘဲ"

မြို့စားလေး မနေရဲတော့။

သူလည်း ထိုနေရာမှ ပြေးထွက်လာခဲ့သည်။

နတ်ဘုရား ကျောင်းဝင်းအပြင်ဘက်တွင် မည်သူ့ကိုမျှ မတွေ့။ သူတို့အဖြစ်အပျက်ကို မည်သူမျှ မမြင်နိုင်ဆိုသော အတွေးက သူ့ကို တဒင်္ဂမျှ သက်သာရာရစေသလို ရှိသည်။

သို့သော် သူ့ရင်မှာ တဒိန်းဒိန်းတုန်လှုပ်လျက်။

( ၃၀ )

အတန်ငယ်ကြာသောအခါ စိုးရိမ်ကြီးစွာ ပြေးလာခဲ့သော မြို့စားလေး ထင်ရှောက်ရီသည် မြို့လယ်ပိုင်းသို့ ရောက်ရှိလာသည်။ ထိုနေရာတွင် လူများသည် ဥဒဟိုသွားလာလျက် ရှိလေရာ တချို့သည် စားသောက်တန်းများကို ငေးမောလျက် တချို့မှာ ရယ်မောပျော်ရွှင်လျက်။

ရယ်မောသံများကို ကြားသောအခါ မြို့စားလေး ထင်ရှောက်ရီမှာ မလုံသလိုဖြစ်လာသည်။ သူသည် ကျိုးကန်းခေါင်းမှောက်အကြည့်များဖြင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ လူများသည် သာမန်ပြောရိုးပြောစဉ်၊ ရယ်ရိုး

ရယ်စဉ် သူတို့ဘာသာ ပြောဆို ရယ်မောသွားကြခြင်းမျှသာ ဖြစ်သည်။

သံသယရှိသော မျက်လုံးဟူ၍ မမြင်ရ။

သို့ပင်လျက် မြို့စားလေး ထင်ရှောက်ရိရင့်မှာ နှုန်နေဆဲသာဖြစ်သည်။

သူသည်တိုက်ပွဲပေါင်းများစွာနွှဲဖူးသောမြို့စားတစ်ယောက် ဖြစ်သည်။ ရင်ဆိုင်တိုက်ပွဲများစွာ ပြိုင်ဖူးသော တိမ်သွေးစားရှင်ဘွဲ့ရ သိုင်းသမားတစ်ယောက် ဖြစ်သည်။ ခေါင်းပြတ်လည်ပြတ်၊ လက်ပြတ်သွေးသံရဲရဲများစွာ မြင်ဖူးသူဖြစ်သည်။ သူကိုယ်တိုင်လည်း သွေးသံရဲရဲအောင်ပွဲများစွာ ရယူထားသူဖြစ်သည်။ သို့သော် သူ့အနေဖြင့် လက်နက်ချသော ရန်သူကို မသတ်ဘူး၊ အရှုံးပေးသော ပြိုင်ဘက်ကို မသတ်စဖူး၊ ယခုကား ဒူးထောက်တောင်းပန်းသူ သာမန်လူတစ်ယောက်အား မိမိ၏အပြစ်ကို ဖုံးကွယ်ရန်အလို့ငှာ ရက်စက်စွာ သတ်ဖြတ်ခဲ့သည်ကို သူမျက်ဝါးထင်ထင် မြင်ခဲ့ရချေသည်။

သူမသတ်ဘူးဟု ဖြေနိုင်သည်ဆိုလင့်ကစား အရင်းခံကားသူဖြစ်နေချေသည်။

မြို့စားလေးထင်ရှောက်ရိသည်တွေးရင်း ဒေါသထွက်မရဖြစ်လာသည်။

ဖြစ်နိုင်လျှင် ဤမြင်ကွင်းကို အနာကိုချေးထုတ်သည့်အလား သူ့ကိုယ်မှ လှီးဖဲ့ထုတ်လိုက်ချင်သည်။

မြို့စားလေး ထင်ရှောက်ရိက နီးရာ ပျော်ပွဲစားရုံ တစ်ခုအတွင်းသို့ ဝင်လိုက်သည်။



လွတ်နေရာစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး....

"ပန်းတစ်ရာအရက်တစ်အိုး ယူခဲ့ဟေ့"

အော်ဟစ်မှာကြားလိုက်သည်။

"အိုးကြီးလား....အိုးလေးလားခင်ဗျာ"

မြို့စားမှန်း သိပုံမရသော စားပွဲထိုးက ပြန်မေးသည်။

"အိုးကြီးကွ....အိုးကြီး"

သူကမျက်လုံးကိုမှိတ်၍ နားထင်ကို လက်နှင့်ထောက်ထားရင်း ပြောလိုက်သည်။

ခဏကြာသောအခါ ပန်းတစ်ရာအရက်အိုး တစ်အိုးနှင့် ခွက်တစ်ခွက်က သူ့ရှေ့စားပွဲပေါ်သို့ ရောက်လာ၏။ ထင်ရှောက်ရိက အရက်အိုးတစ်အိုးကို ကိုက်ဖွင့်လိုက်ပြီးအိုးလိုက်ပင် မော့သောက်လိုက်သည်။

အရက်များသူ့ပါးစောင်မှ လျှံထွက် စီးကျလာသည်အထိ မော့သောက်လိုက်ပြီး အရက်အိုးကြီးကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။ အရက်အိုးလာချပေးသော စားပွဲထိုးလူငယ်သည် ပြန်မသွားသေးချေ။ ချပ်ရည်သနားကမားနှင့် အရက်သောက်ကြမ်းလှသော သူ့ကို တအံ့တသြကြည့်နေသည်။

မြို့စားထင်ရှောက်ရိက စားပွဲထိုးလူငယ်ကို ရန်လိုသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"မင်းက ဘာကိစ္စနဲ့ရပ်ကြည့်နေတာလဲ"

"ဆရာမြည်းစရာ ဘာမှာဦးမလဲလို့ စောင့်နေတာပါ"

စားပွဲထိုးလူငယ်သည် ညင်သာစွာပြောလိုက်သည်။

"မလိုချင်ဘူးကွာ၊ ငါ့အရက်သောက်မလို့လာတာ"

သူက အော်လိုက်ပြီး အရက်အိုးကိုမ၍ နောက်တစ်ကြိမ် မော့လိုက်ပြန်သည်။

စားပွဲထိုး လူငယ်က သူ့စားပွဲမှ လှည့်ထွက်သွားသည်။

မြို့စားလေး ထင်ရှောက်ရီမှာ နွားတော်ကို ရေချသကဲ့သို့ အရက်ကိုအလွန်အကြူး သောက်နေရာ အတန်ကြာသောအခါ ထိန်းမနိုင်သိမ်းမရ မူးယစ်လာသည်။

သူကကျသင့်ငွေကိုရှင်းပေးလိုက်ပြီးနောက် အရက်အိုးကို လက်တစ်ဖက်မှဆွဲ၍ ဆိုင်ထဲမှထွက်လာသည်။ အလွန်မူးနေပြီ ဖြစ်သောကြောင့် သူ့ကိုယ်မှာ ယိုင်ထိုးလျက်ရှိသည်။ သူသည် ဆိုင်ပေါက်ဝတွင် ဆိုင်တွင်းသို့ဝင်လာသော လူနှစ်ယောက်နှင့် တိုက်မိတော့မလို ဖြစ်သွားသည်။

ဝင်လာသူနှစ်ယောက် ရှောင်လိုက်၍သာ မတိုက်မိခြင်း ဖြစ်သည်။

မြို့စားလေးထင်ရှောက်ရီမှာ ဘာကိုမှ သတိမထားမိဘဲ အချိန်မရွေး ယိုင်လဲသွားနိုင်သည့် ခြေလှမ်းများဖြင့် အပြင်ဘက်သို့ ထွက်သွားသည်။

"ဒီလူက တကယ့်အရက်ချိုးပါလား"

သူနှင့်တိုက်မိတော့မလိုဖြစ်သွားသည့် လူတစ်ယောက်က ပြောလိုက်ရာ။

"ဟိုတစ်နေ့ညက ပြည့်ဘန်ဆာတန်းမှာ မူးနေတဲ့လူမဟုတ်လား"



ဟုမပြောသူ၏ညီဖြစ်ဟန်တူသူက ပြောလိုက်၏။

ထိုနှစ်ယောက်ကား ဟူတန်ဂိုဏ်းမှ ရီရှင်ညီနောင်တို့ပေတည်း။

* * *

"အဲဒီနေရာကိုသွားစုံစမ်းဖို့က ကျုပ်တို့တစ်စုလုံး အတူတူ သွားတောင် နှစ်စုခွဲပြီးသွားကြတာက ပိုကောင်းလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရန်သူက ကျုပ်တို့ကို အချိန်ပြည့် စောင့်ကြည့်နေနိုင်လို့ပဲ၊ ပြီးတော့ ကျုပ်တို့က ရန်သူကိုမသိဘူး၊ ရန်သူက ကျုပ်တို့ကိုသိနေတယ်၊ အခြေအနေက ကျုပ်တို့က အလင်းထဲကနေ အမှောင်ထဲကရန်သူကို ရင်ဆိုင်နေရတဲ့ သဘောမျိုးပဲ၊ ရန်သူဟာ အင်အားနည်းတယ်ဆိုနိုင်ပေမယ့် အစွမ်းအစကတော့ ကြောက်ခမန်းလိလိ ရှိတဲ့သူဖြစ်မယ်၊ ဒီတော့ ကျုပ်တို့အနေနဲ့ ရန်သူကိုလှည့်စားနိုင်သမျှ လှည့်စားကြရမှာပဲ"

ရှန်စီနယ်စားကြီးယူဝန်ပိန်က ချိန်ကူးမြို့အနီးရှိ တောအုပ်အတွင်းသို့ သွားရောက်စုံစမ်းကြည့်ရန် ကီစွနှင့်ပတ်သက်၍ ပြောကြားနေခြင်းဖြစ်သည်။

"နှယ်စားကြီးက ဘယ်လိုစီစဉ်ချင်လို့လဲ ပြောပါဦး"

နတ်လေပြည်ဟူကိုချင်က မေးလိုက်သည်။

"ထူးထူးခြားခြားတော့ မဟုတ်ပါဘူး၊ ကျုပ်တို့က အဲဒီ တောအုပ်ထဲကို သွားလေ့လာဖို့ အစုနှစ်စုခွဲလိုက်ချင်တယ်၊ တစ်စုက လူမြင်သူမြင်သွားမယ်၊ တစ်စုက လျှို့ဝှက်ပြီးသွားမယ်၊ အချိန်သတ်မှတ်ပြီးတော့ ကျုပ်တို့စုံစမ်းရမယ့်နေရာမှာ ဆုံကြမယ်၊ ဒါပါပဲ"

"ကောင်းပါတယ်နယ်စားကြီး၊ ဒီအစီအစဉ်ကို ကျုပ်တော့ သဘောကျတယ်"

နတ်လေပြည်ဟူကိုချင်က မဆိုင်းမတွ ထောက်ခံလိုက်သည်။

"ဒီလိုဆိုရင် လူခွဲဖို့ကိစ္စကို ဆက်ပြီးစီစဉ်ပေတော့ဗျာ"

ဆရာကြီးဝူစိန်ဝမ်းက ပြောသည်။

"ဒါလဲမခက်ပါဘူး၊ ကျုပ်နဲ့ ဆရာကြီးဝူစိန်ဝမ်းက တစ်တွဲ၊ ကျုပ်တို့အရှေ့က ဘယ်သူမှမသိအောင် မြို့အနောက် ဘက် လမ်းကထွက်ပြီး အဲဒီကို လျှို့လျှို့ဝှက်ဝှက်ပဲသွားမယ်၊ မြို့စားလေးနဲ့ ဟူကိုချင်ရယ်ကတော့ ထင်ထင်ပေါ်ပေါ် မြို့ထဲမှာနေထွက်ပြီးတော့ သွားရိုးသွားစဉ်လမ်းကပဲ ချိန်ကူးမြို့ ကိုသွား၊ အဲဒီကမှ ကျုပ်တို့ဆုံရမယ့်နေရာကို လာခဲ့ပေါ့"

"ဘယ်အချိန် အဲဒီမှာဆုံကြမှာလဲ"

မြို့စားလေးက မေးသည်။

"သန်းခေါင်လောက်ပေါ့"

ရှန်စီနယ်စားကြီးယူဝန်ပိန်က ပြောသည်။



"ဟာ....ဒါဆိုရင် အစောကြီး ရှိသေးတာပဲ၊ ခရီးက နေ့တစ်ဝက်လောက်ပဲ သွားရမှာဆိုတော့ ဇခုချက်ချင်းသွား စရာ မလိုသေးပါဘူး"

မြို့စားလေးက ပြောသည်။

"ကျုပ်တို့အတွက်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် မြို့စား လေး တို့ကတော့အခုကဲကသွားမှဖြစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြို့စားလေးတို့ သွားရိုးသွားစဉ် သွားကြရမှာကိုး၊ ပြီးတော့ မြို့စားလေးတို့ သုံးယောက်က ချိန်ကူးမြို့ကို ဝင်ကြရဦးမှာ မဟုတ်လား၊ အချိန်စောစော ဆောက်လေ ရန်သူ့သတင်းကို စနည်းနာနိုင်တာပေါ့ မဟုတ်ဘူးလား"

နယ်စားကြီး ယူဝန်ပိန်က ရှင်းပြလိုက်သည်။

"ဘာဖြစ်လို့လဲ၊ မြို့စားလေးမှာတစ်ခြားကိစ္စများ ရှိသေး လို့လား"

"မရှိပါဘူး"

ဟူကိုချင်မေးခွန်းကို မြို့စားလေးက ချက်ချင်းပြန်ဖြေ လိုက်သည်။

"ဒါဆိုရင် သွားဖို့ ပြင်ကြပေတော့"

နယ်စားကြီးက ပြောလိုက်သည်။ ဆက်၍....

"ဘယ်မှာပဲဖြစ်ဖြစ် သတိဝီရိယ မပေါ့စေကြနဲ့၊ ခု မြို့ထဲ မှာ သူတောင်းစားအဘိုးကြီး ကူကျန် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမျိုးမျိုး ပြောနေကြတယ်၊ ဒီအဘိုးကြီးသေတဲ့ ဒဏ်ရာက တင်းပုတ်နဲ့အထုခံရတာလို့ ပြောပေမယ့်၊ ကျုပ်က တော့ အဲဒီလိုမထင်ဘူး၊ သူ့ဒဏ်ရာက ခေါင်းခွံအက်ကွဲသွား

တာ မှန်ပေမယ့် ဦးရေပြားက ဘာမှကိုမဖြစ်ဘူးဗျ၊ တင်းပုတ်နဲ့ အထုခံရတာဆိုရင် ဦးရေပြားပါ ကွဲသွားရမယ်၊ အခုဟာက အင်မတန်အတွင်းအားကောင်းတဲ့ သိုင်းပညာရှင်တစ်ဦးက လက်ဝါးနဲ့ ရိုက်လိုက်တာမျိုး"

"ကျွန်တော်တို့ကတော့ ဒီကိစ္စကို ပေါ့ပေါ့ပဲ ထင်နေကြတာ ခင်ဗျ၊ နယ်စားကြီးလိုကို မတွေးမိကြဘူး၊ ခု နယ်စားကြီး ပြောပုံအောက်တော့ ဒါကို နယ်စားကြီး သွားကြည့်ဖို့ရတယ်"

ဟုကိုချင်ကပြောလိုက်ရာ နယ်စားကြီးယူဝန်ပိန်က ခေါင်းညိတ်လိုက်ပြီး....

ယင်တိုင်ဘုရားကျောင်းမှာဆိုတော့ ကျုပ်လဲ စိတ်ဝင်စားတာနဲ့ သွားကြည့်တာပါ၊ အဖြေထုတ်စရာက များများမရှိပါဘူး၊ ဒီလောက် အတွင်းအားထက်မြက်တဲ့ သိုင်းပညာရှင်တစ်ဦးကအဘိုးကြီးကူကျန်လိုသူတောင်းစားကြီးတစ်ယောက်၊ သိုင်းပညာလဲ လုံးဝမှတတ်၊ ဘယ်သူ့ကိုမှလဲ အန္တရာယ်မပေးနိုင်တဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ ခုလိုသတ်ရတာလဲ၊ ဒါပဲ အဖြေထုတ်စရာရှိတယ် မဟုတ်လား"

"ဟုတ်တာပေါ့၊ သူ့ရဲ့ လူသိမခံနိုင်တဲ့ လျှို့ဝှက်ချက်ကို အဲဘိုးကြီးကူကျန် သိသွားလို့ ဒါပဲဖြစ်မှာပေါ့"

ဟုကိုချင်က အဖြေထုတ်ပြလိုက်သည်။

ဟုကိုချင်၏ စကားအဆုံးတွင် နယ်စားကြီး ယူဝန်ပိန်က ခေါင်းကို ခပ်လေးလေး ညိတ်လိုက်ပြန်၏။



"မှန်ပါတယ်၊ ဒီတော့ ကျုပ်တို့တွက်ထားရမှာက ရန်သူဟာ သူ့လျှို့ဝှက်ချက်နဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမဆို ရက်ရက်စက်စက် သုတ်သင် သတ်ဖြတ်ပစ်မယ့် လက်မနှဲ လူသတ်သမား ဖြစ်တယ်ဆိုတာရယ်၊ သိုင်းပညာ အနေနဲ့ကလဲ အလွန်အမင်း အဆင့်မြင့်တဲ့ အနေအထားမျိုးမှာ ရှိနေတယ်ဆိုတာရယ်၊ ဒါကို ကျုပ်တို့ သဘောပေါက်ထားရလိမ့်မယ်၊ ပြီးတော့ သူ အကျုပ်ကိုင် စေခိုင်းထားတဲ့လူတွေကလဲ နေရာတကာမှာ ရှိနေနိုင်တယ်၊ ဒါကိုမြဲမြဲကြီး သတိချပ်ကြပါ၊ အခု ကျုပ်တို့သွားကြမယ့် ခရီးမှာ အဲဒီအန္တရာယ် အားလုံးနဲ့ပြုံ့တိုးနိုင်တယ်၊ ဘယ်လိုပဲကြုံကြုံ ကျုပ်တို့အားလုံးဟာ အံများအကျိုးအတွက် အမှန်တရားဘက်က ဆောင်ရွက်နေတယ်ဆိုတဲ့ အသိနဲ့ ရဲရဲကြီးရင်ဆိုင်ကြဖို့ပါပဲ"

တည်ကြည်လေးနက်စွာ ပြောလိုက်သည်။

သူ့စကားအဆုံးတွင် နတ်လေပြည် ဟုကိုချင်က သူ့လက်စွဲတော် ကြိုးခွေကို ခါး၌ချိတ်လိုက်ရင်း....

"အင်း....နယ်စားကြီးကတော့ ရဲစိတ် ရဲမာန်တက်လာအောင် ပြောတာပဲ၊ ဒါပေမယ့် ကျုပ်ကတော့ ခုကိစ္စကို သွားရမှာ ခပ်လန့်လန့်ရယ်"

ဟု ပြောလိုက်သည်။ခပ်ပြုံးပြုံးပြောလိုက်သော သူ့မျက်နှာပေါ်တွင်မူ ထိမထင်သော အမူအရာမှာ အထင်းသားပေါ်လွင်နေသည်။ ထို့နောက်သူက သိမ်းငှက်မျက်နှာဖုံးကို တပ်ဆင်လိုက်သည်။

ဆရာကြီး ဝူစိန်ဝမ်းက ခပ်သဲ့သဲ့ ရယ်မောလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ခင်ဗျားက စိုးရိမ်စရာ ရှိပါဘူးဗျာ၊ ခင်ဗျားက ကျုပ်တို့ထဲမှာ အပြေးအကောင်းဆုံးလူ မဟုတ်လားဗျ"

"အင်း....ဟင်းဟင်း ဒါပေမယ် မြင်းကောင်းခွာလိပ်ဆိုတာ ရှိသေးတယ် မဟုတ်လား ဆရာကြီးရဲ့"

သိမ်းငှက်မျက်နှာဖုံး တပ်ပြီးသွားသော သူ့အမူအရာမှာ ရယ်စရာကောင်းနေပြန်သည်။

"ကဲ....ကဲ....သွားကြတော့၊ သွားကြတော့"

နယ်စားကြီး ယူဝန်ပိန်က ပြောလိုက်ရာ မြို့စားလေးက ရှေ့ဆုံးမှ ထွက်သွားသည်။ ဝေသူချိန်က အလယ်မှဖြစ်၍ နတ်လေပြည် ဟူကိုချင်က နောက်ဆုံးမှဖြစ်သည်။

သူက နယ်စားကြီးနှင့် ဆရာကြီးဝူစိန်ဝမ်းတို့ဘက်သို့ လှည့်ကာ မြင်လားဆိုသောအမူအရာမျိုးကို လုပ်ပြလိုက်ပြီး....

"သွားတော့ နောက်ဆုံးက၊ ပြန်တော့ ရှေ့ဆုံးက၊ အဲဒါ နတ်လေပြည်ဗျ"

နောက်ရှဉ်ရှတ် ပြောလိုက်သေးသည်။

နယ်စားကြီးယူဝန်ပိန်က ထွက်သွားသောသူများကိုကြည့်၍ ခေါင်းတညိတ်ညိတ်နှင့်။

"အင်း....ဟူကိုချင်ကတော့ အခက်အခဲရှိလေ သွေးအေးလေဆိုတဲ့ လူမျိုးပါပဲ"

ဟု ပြောလိုက်သည်။ ဆရာကြီးဝူစိန်ဝမ်းက....

"ဟိုကောင်လေးကလဲ ကြာလေအေး လေဆိုတဲ့ အမျိုးအစားထဲကပဲဗျ"

နယ်စားကြီးက ရယ်လိုက်သည်။



"ကျုပ်တို့ကတော့ သူတို့လိုလူကောင်းတွေကို စည်းရုံးနိုင်တဲ့ သူတွေဆိုတော့ ပိုတော်တဲ့လူတွေပေါ့ဗျာ၊ မဟုတ်ဘူးလား"

စကားအဆုံးတွင် လူကြီးနှစ်ယောက်စလုံး ရယ်ကြ၏။

# ( ၃၁ )

မြို့စားလေးတင်ရွှေဘက်ရီ၊ နတ်လေပြည် ဟ္မကိုချင်နှင့် ဝေသူချိန်တို့သုံးယောက်သား ချီအန်မြို့ဈေးထိပ်သို့ ရောက်လာကြသည်။

သူတို့လျှောက်ခဲ့ရာ လမ်းတစ်လျှောက်လုံးတွင် တခြားသူများက သူတို့သုံးယောက်အား သတိထားကြည့်ရှုသွားကြသည်။ သူတို့ထဲတွင် သိမ်းငှက်မျက်နှာဖုံး စွပ်ထားသော နတ်လေပြည်ဟ္မကိုချင်မှာ စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်နေပုံရသည်။ ထို့ပြင် နတ်လေပြည်ဟ္မကိုချင်သည် သို တစ်ယောက်တည်းလိုလို စကားအမျှင်မပြတ် ပြောလာသည်။

ဈေးတန်းထိပ်သို့ရောက်သောအခါ...



"ကျုပ်တို့တစ်ခုခုစားကြရင် ကောင်းမယ်ထင်တယ်"

တစ်လမ်းလုံး တိတ်ဆိတ်စွာလိုက်လာသော မြို့စားလေးက ပြောလိုက်သည်။

"သိပ်ကောင်းတာပေါ့ဗျာ"

နတ်လေပြည်ဟ္မကိုချင်က မဆိုင်းမတွ ထောက်ခံလိုက်သည်။

မြို့စားလေးက စားသုံးသူများအုံနေသော ခေါက်ဆွဲပြုတ်ဆိုင်အတွင်းသို့ ဦးဆောင်ဝင်သွားပြီး ခေါက်ဆွဲပြုတ်နှင့် အသားကင်များ မှာလိုက်သည်။

မှာထားသောအစားအစာများ စောင့်နေစဉ်...

"သိပ်ပြီးလောစရာ မလိုပါဘူးဗျာ၊ ကျုပ်တို့ခြေနဲ့ ချိန်ကူးကို နေ့တစ်ဝက်သွားရင် ရောက်ပါတယ်"

မြို့စားလေးက ပြောလိုက်သည်။ ဆက်၍...

"ဟိုရောက်တော့မှ အရက်ကောင်းကောင်းသောက်ပြီး အေးအေးဆေးဆေး နားကြတာပေါ့၊ ဟိုကတော့ ညနေမှောင်မှ သွားလှဲ့ ရပါတယ်ဗျ"

ထိုစဉ် အစားအသောက်များလာချပေးသူ ရောက်လာရာ ဟ္မကိုချင်က မပြောစေလိုသောအမူအရာပြလိုက်ပြီး...

"ဝက်သားလုံးကြော်တစ်ပွဲလောက် ပေးစမ်းပါဦးကွာ၊ ခုဘစ်လော စားလို့သောက်လို့သိပ်မကောင်းဘူး"

ပြောလိုက်ရင်း ခေါက်ဆွဲပြုတ်ပန်းကန်ကို ဆွဲယူပြီး

15 တရှူးရှူးတရှဲရှဲနှင့် သောက်နေသည်။

"ခုချိန်မှာ စကားတက်အစားက တန်ဖိုးရှိတယ်ဗျ၊ စား နိုင်မှ အားရှိမှာ"

သိမ်းငှက်မျက်နှာဖုံးစွပ်ထားသော ဟူကိုချင်စားသောက် နေပုံမှာ ရယ်စရာကောင်းသည်။ သူက ခေါင်းငုံ့၍စားလိုက် သောအခါ မျက်နှာဖုံးမှနှုတ်သီးနှင့်ပန်းကန် ထိတော့မည့်ဟန် ဖြစ်ဖြစ်သွားသည်။ သူက အသားကြော်များကိုလည်း အားရ ပါးရ စားနေရာ၊

"အစ်ကိုကတော့ အသွားလဲမြန်၊ အစားလဲမြန်ပဲနော်"

ဝေသူချိန်က နောက်ပြောင်လိုက်သည်။

မြို့စားလေးမှာမူ ဟက်ဟက်ပက်ပက်မရှိလှ။ သူက စား သောက်နေရင်း ကျိုးကြည့်ကြောင်ကြည့် လိုက်ကြည့်နေ သည်။

ဝေသူချိန် တစ်စက်မကျမီ ဟူကိုချင် ခေါက်ဆွဲပြုတ် တစ်ပန်းကန်ကုန်သွားသည်။ သူက နောက်ထပ်ရောက်လာ သော စက်သားလုံးကြော်များကိုပါ ပလုတ်ပလောင်းစားပစ် လိုက်သည်။

မြို့စားလေးက သူ့ပန်းကန်ထဲတွင် ကျန်နေသော ခေါက်ဆွဲပြုတ်များကို ဆက်မစားတော့ဘဲ ကျသင့်ငွေကိုရှင်း ပေးလိုက်သည်။ ထို့နောက် သူတို့သုံးယောက်က ဆိုင်ထဲမှ ထွက်ခဲ့ပြီး မြို့ပြင်သို့ ဦးတည်လျှောက်လာခဲ့ကြသည်။

ထိုအချိန်တွင် ဆောင်းနံနက်ခင်းမှာ နေခြည်ဖြင့် ပွင့်လင်း နေပြီဖြစ်သည်။

ဟူကိုချင်က ကောင်းကင်ကို မော့ကြည့်ရင်း...



"အင်း... ဆောင်းနေက ပူပါတိသနဲ့၊ ကျုပ်တို့တော့ နေပူ ထိဦးမှာပဲဗျို့"

ပြောလိုက်သည်။

"ဟုတ်တယ်၊ ခပ်သုတ်သုတ်သွားကြမှ"

ဝေသူချိန်ကလည်း ပြောလိုက်သည်။

ခဏကြာသောအခါ သူတို့မှာ မြို့ပြင်သို့ ရောက်လာကြ သည်။ နေမှာလည်း ကျဲကျဲပူလာပြီဖြစ်ရာ သုံးယောက်စလုံး ခပ်သုတ်သုတ် လျှောက်ကြသည်။ သူတို့မှာ ကိုယ်ဖော့ပညာ ကောင်းသူများဖြစ်ရာ သူတို့ ခပ်သုတ်သုတ် လျှောက်သည်မှာ သာမန်လူတစ်ယောက် ခပ်မှန်မှန်ပြေးသည့်နှုန်းလောက် ဖြစ်သည်။

ခဏမျှကြာသောအချိန်မှာပင် မြို့နှင့်အဝေးဘ်လှမ်းလှမ်းသို့ ရောက်ရှိသွားတော့သည်။

✻ ✻ ✻

ထိုအချိန်တွင် နယ်စားကြီးယွမ်ဂန်ပိန်နှင့်ဆရာကြီး ပင့်ဘူခေး စိန်ဝမ်းတို့မှာ မြို့စားအိမ်တော်အတွင်း ဧည့်ခန်းမှာပင် ရှိနေ ကြသေးသည်။ သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင်ထိုင်ကာ တစ်စုံတစ်ခုကို အလေးအနက် ဆွေးနွေးနေကြသဲဖြစ်သည်။

"ကျုပ်ကတော့ ဒီကိစ္စကို သံသယရှိနေတယ်၊ ရန်သူဟာ ဒီမြို့တွင်းမှာပဲ စခန်းချနေတာ ဖြစ်မယ်လို့ ကျုပ်ထင်တယ်၊ ချိန်ကူးမြို့က ခင်ဗျားရဲ့ မိုးကြိုးနက်အာမခံဌာနကို တိုက်ခိုက်ဖျက်ဆီးသွားတာဟာ သဲလွန်စဖျောက်တဲ့သဘောမျိုး ထင်ရပေမယ့် ကျုပ်တို့ကို လမ်းလွှဲလိုက်တာမျိုးရော မဖြစ်နိုင်ဘူးလား၊ ခင်ဗျား သတိထားမိမှာပါ၊ ပြီးခဲ့တဲ့ ခုနစ်လအတွင်း ချိန်ကူးမြို့မှာ အဲဒီတိုက်ခိုက်ဖျက်ဆီးမှုကလွဲလို့ တခြား ဘာတစ်ခုမှ မဖြစ်ခဲ့ဘူး၊ ဒီတော့ ချိန်ကူးမြို့နားက တောထဲမှာ ရန်သူဌာနချုပ်ရှိတယ်ဆိုတာဟာ မဖြစ်နိုင်ဘူး"

နယ်စားကြီးယူဝန်ပိန်က ပြောနေသည်။

"အခုဟာက မှန်းဆချက်မှ မဟုတ်ဘဲ၊ မြို့စားလေးနဲ့ ဟွကိုချင် ကိုယ်တိုင်တွေ့လာတဲ့ သဲလွန်စပဲ မဟုတ်လား"

ဆရာကြီးဝူစိန်ဝမ်းကထည့်စဉ်းစားရမည့်အချက်ကို ထောက်ပြရာ....

"ဒါကို ကျုပ် မငြင်းပါဘူး၊ ဒါပေမယ့် ဒီအချက်လောက်နဲ့တော့ အဲဒီနေရာမှာ ရန်သူဌာနချုပ်စခန်းရှိမယ်ဆိုတာကိုလဲ ကျုပ် လက်မခံနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လှုပ်ရှားမှုအားလုံးရဲ့ဗဟိုဟာ ဒီချိအန်မြို့မှာဖြစ်နေလို့ပဲ၊ အထူးသဖြင့် ယင်တိုင် နတ်ဘုရားကျောင်းဟာ အဓိကနေရာဖြစ်နေတယ်လို့ ထင်တယ်၊ ဝေသူချိန်ဆိုတဲ့ ကောင်လေးလာတာလဲ ဒီနတ်ဘုရားကျောင်းကိုပဲ၊ အဘိုးကြီးကူကျန် အသတ်ခံရတာလဲ ဒီနတ်ဘုရားကျောင်းမှာ ပြီးတော့ ကျုပ်တို့ကိုယ်တိုင် ဒီတရားခံကို ဒီမြို့မှာပဲ မျက်နှာချင်းဆိုင် တိုက်ကြရတာ မဟုတ်လား၊



ပြီးတော့ ရှင်ပျက်တစ္ဆေသုံးဖော်နဲ့ မရဏပလွေရှင်ဝူဖန်တို့ကလဲ ဒီမြို့မှာပဲ လှုပ်ရှားနေကြတာဆိုတော့ ရန်သူဌာနချုပ်စခန်းဟာ ဒီမြို့ထဲမှာပဲ ရှိနေလိမ့်မယ်၊ ကျုပ် အဲဒီလိုပဲ ယုံတယ်ဗျာ"

နယ်စားကြီးယူဝန်ပိန်က အခိုင်အမာ ပြောလိုက်သည်။

"ကျုပ်ကတော့ ဝေသူချိန်ဆိုတဲ့ ကောင်လေးရဲ့အမေကို လုံးဝမသင်္ကာဘူး"

ဆရာကြီး ဝူစိန်ဝမ်းက ပြောချလိုက်သည်။

"ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ တစ်အချက်အနေနဲ့ ဝေသူချိန်ဟာ ယင်တိုင်နတ်ဘုရားကျောင်းမှာ လူတစ်ယောက်နဲ့တွေ့မယ်ဆိုတာ ဘာကိစ္စလဲ ကျုပ်တို့ မသိရဘူး၊ နှစ်အချက်....သူက သားဖြစ်တဲ့ ဝေသူချိန်ကို သိုင်းလောကထဲ လွှတ်လိုက်ပြီး သူက နောက်ကွယ်မှာ ပျောက်နေတယ်၊ သုံးအချက်....သားဖြစ်တဲ့ ဝေသူချိန်ဟာ သူ့အမေအကြောင်း ဘာမှမသိဘူး၊ စတုတ္ထအချက်ကတော့ ဝေသူချိန်တတ်ထားတဲ့ ဓားသိုင်းပညာဟာ လျှပ်စီးသက်တန့် ဓားသိုင်းလို့ပြောတယ်၊ ဒီပညာကို သူ့အမေက သင်ကြားခဲ့တယ်၊ ခင်ဗျားသိမှာပါ၊ ဒီလျှပ်စီးသက်တန့်ကို သိုင်းသမားကြီးဟာ သူရဲကောင်းလင်ရုံးနင်ရဲ့ ဆရာဖြစ်ခဲ့တယ်ဆိုတာ၊ သူ့အမေဟာ လျှပ်စီးသက်တန့် သိုင်းဆရာကြီးနဲ့ လုံးဝပတ်သက်ရမယ်၊ သူရဲကောင်းလင်ရုံးနင်နဲ့လဲ ဆက်နွယ်နေရမယ်၊ မြကျောက်ရှင်ဟာ သူရဲကောင်းလင်ရုံးနင်ရဲ့ အမြုတေဓားသိုင်းကျမ်းရှိနေတဲ့ မြေပုံပဲ မဟုတ်လား"

"ဟုတ်ပြီ"

နယ်စားကြီး ယူဝန်ပိန်က ပြောသည်။ ဆက်၍....

"ဒါပေမယ့် နောက်ဆုံးတစ်ချက်မှာ ပြန်ပေါ့သွားတယ်၊ ကျွန်တော်ပြောချင်တာက အဲဒီအချက်အတိုင်း ဆက်စဉ်းစားရင် မြကျောက်ရှင်ကို ခင်ဗျားရဲ့အာမခံဌာနမှာ လာအပ်တာ ဘယ်သူလဲ၊ လုယူသွားတဲ့ သူကရော ဘယ်သူလဲ၊ ဒီလူဟာ ခုလောက်အချိန်မှာ အမြုတေဓာတ်သိုင်းကျမ်းကို ရှာတွေ့နိုင်လျက်နဲ့ ဝေသူချိန်ဆိုတဲ့ ကောင်လေးဆီမှာ မြကျောက်ရှင် ရောက်သွားပြီဆိုတဲ့သတင်းကို ဘာကြောင့်လွှင့်ရတာလဲ၊ပြန်ပြီး အစရှာမရတဲ့ ဖြစ်သွားရော မဟုတ်လား"

"ဟုတ်ဘယ် ဒါကိုကျုပ်တို့က တစ်နေရာရာမှာဖြစ်ချရယ်"

"ဘယ်နေရာမှာဖြစ်မလဲ၊ အဲဒါက သိပ်အရေးကြီးတယ်"

နယ်စားကြီး ယူဝန်ပိန်က မေးသည်။ ဆရာကြီးဝူစိန်ဝမ်းက ခေါင်းညိတ်ပြလိုက်ပြီး....

"ကျုပ်တို့ကခုအချိန်ထိ ဘယ်သဲလွန်စနောက်ကိုမှ ရေဆုံးရေဖျား မလိုက်ခဲ့ရသေးဘူး၊ ပစ်မှတ်တစ်ခုကို အသေထားပြီး ဖြတ်ချရမှာပဲ၊ အခုကိစ္စဟာ လှဲကောင်းလှဲမယ်၊ ရန်သူ့ရဲ့ထောင်ချောက်ဖြစ်ချင်လဲဖြစ်မယ်၊ ဒါပေမယ့် အဲသည်နေရာကို သွားရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေရာဟာ ရန်သူ့ဌာနချုပ်စခန်းရှိတဲ့နေရာမဟုတ်မှန်းသိရင် ကျုပ်တို့က ထဲမှာ ပိုက်စိပ်တိုက်ကြရှုံ့ပဲ ရှိတော့တာ မဟုတ်လား"

"အင်း....ဒါဖြင့် ကျုပ်တို့သွားကြရမှာပေါ့ဟုတ်လား"



"ဒါပေါ့၊သွားကြရမှာပေါ့၊အခုဆိုဟိုသုံးယောက်တောင် ခရီးအတော်ရောက်နေရော့မယ်၊ ကျုပ်တို့က ညစာစားပြီး သွားကြတာပေါ့"

ဆရာကြီးဝူစိန်ဝမ်းလေသံက ပြောရင်းဘက်ကြွလာသည်။

"အေးဗျာ၊ ခင်ဗျားပြောသလိုပဲ တစ်ခုချင်း ရေဆုံးရေဖျား လိုက်ကြတာပေါ့၊ ရန်သူက အစွမ်းသိပ်ထက်တယ် ဆိုပေမယ့် မြေလျှိုပြီးတော့ မပုန်းနိုင်ဘူးလို့ ထင်ပါရဲ့"

နယ်စားကြီး ယူဝန်ပိန်က ပြောလိုက်သည်။

"သေချာပါတယ်၊ ရန်သူက မြေမလျှိုးနိုင်ပါဘူး၊ ဒါပေမယ့် ခက်တာက သူကကိုယ်ပျောက်နေတယ်ဗျ၊ပြီးတော့ သူက ကိုယ်ပွားတွေလဲ ဖန်ဆင်းထားနိုင်တယ်ဆိုတော့ ကျုပ်တို့အဖို့ပိုပြီး လုပ်ရကိုင်ရခက်တာပေါ့ဗျာ"

ဆရာကြီးဝူစိန်ဝမ်းကပြောလိုက်ပြီး ထိုင်ရာမှထသွားသည်။

( ၉၂ )

ချိန်ကူးမြို့တွင် ထူးခြားသော ပျော်ပွဲစားရုံတစ်ရုံရှိသည်။ ထိုပျော်ပွဲစားရုံအမည်မှာ သိုးကျောင်းသားဟူ၍ဖြစ်သည်။ ထိုဆိုင်တွင် ရှားပါးသော အရက်ကောင်းမျိုးစုံ ရရှိနိုင်သည်။ သို့သော် အစားအသောက်အနေနှင့်မူ သိုးသားမှလွဲ၍ မည်သည့်အစားအသောက်မှ မရနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ သိုးသားနှင့်ပတ်သက်၍ အမျိုးမျိုးပြင်ဆင်ချက် ပြုတ်ရာတွင်မူတရုတ်ပြည်တစ်ပြည်လုံးတွင်ထိုဆိုင်သည် အစုံလင်ဆုံး ဖြစ်ပေလိမ့်မည်။ သိုးသားနှင့်ပတ်သက်၍ ဟင်းအမည်စုံလင်သလောက် ကောင်းလည်းကောင်းမွန်လှသည်၊

ထိုဆိုင်တွင် ငွေကြေးတတ်နိုင်ပါက သိုးတစ်ကောင်လုံးကင်ပြီး တည်၍စားနိုင်သည်။ သိုးသားကင်၊ သိုးသားကြော်၊



ဦးနှောက်နှင့် အသည်းပေါင်း၊ အူခြောက်ချို၊ အူချိုသုပ်၊ ခြေထောက်ရိုး စွပ်ပြုတ် စသည်ဖြင့် တော်ရုံအစားကြူးသူတစ်ယောက်အတွက်ပင် သိုးသားကို ဤသို့ပြုလုပ်စားသောက်နိုင်ပါကလားဟု တအံ့တသြဖြစ်စေနိုင်မည့် သိုးသား အစားအသောက်များ ရှိသည်။ အထူးသဖြင့် ထိုဆိုင်မှ သိုးသားကို ပျားရည် ထောပတ်တို့နှင့်နှပ်၍ ကြော်ထားသော သိုးသားကြော်မှာ အထူးပင်နာမည်ကြီးသည်။

မြို့စားလေး၊ နတ်လေပြည် ဟွကိုချင်နှင့် ဝေသူချိန်တို့ သုံးယောက်မှာ ညနေစောင်းအချိန်တွင် ထိုပျော်ပွဲစားရုံသို့ ရောက်ရှိနေချေပြီ။ ထင်ရှောက်ရိမှာ ဤ သိုးကျောင်းသား ပျော်ပွဲစားရုံသို့ မကြာခဏ ရောက်ဖူးသူဖြစ်သည်။ သူသည် ခရီးကြုံတိုင်းလည်း ဤပျော်ပွဲစားရုံသို့ လာတတ်၍၊ တကူးတကလည်း လာရောက်စားသောက်လေ့ရှိ၏။ ဟွကိုချင်သည်လည်း ဤပျော်ပွဲစားရုံသို့ သုံးကြိမ်မျှရောက်ဖူး၏။ ယခုမှ ရောက်ဖူးသူကား ဝေသူချိန်ပင်။ သူသည် ခမ်းနားသော စားသောက်ခန်းအဆင်အပြင်များကို တအံ့တသြ ငေးမောနေသလို ငွေကြေးများစွာ အကုန်အကျခံကာ လာရောက်စားသောက်နေကြသော လူရည်မွန် ကြေးရတတ်များကိုလည်း လှည့်ပတ်ကြည့်နေသည်။

ခဏကြာသောအခါ သူသည် ပတ်ဝန်းကျင်တွင် ကြည့်စရာကုန်သွားပုံရသည်။ စားပွဲတည့်တည့်သို့ မျက်နှာလှည့်လိုက်ပြီး၊ ထိုအခါ စားပွဲခင်းကိုကြည့်၍ မျက်လုံးပြူးသွားပြန်၏။

စားပွဲခင်းကား အဝါရောင်ပိုးသားဖြစ်၍ အလယ်တွင် အနီရောင်ပိုးချည်ဖြင့် တိုးနယားရုပ်ကြီး ဖော်ထားသည်။ လက်ရာမှာ အနုစိပ်လက်ရာဖြစ်၍ အနုပညာ မြောက်လှသည်။ သူသည် တခြားစားပွဲများတွင်ပါ ထိုစားပွဲခင်းမျိုး ရှိမရှိ လိုက်ကြည့်လိုက်ပြီး....

"ကျုပ်ကတော့ ဒီလိုပျော်ပွဲစားရုံမျိုးရှိဘယ်လို့ စိတ်ကူးထဲတောင် မတွေးမိပါဘူးဗျာ"

ရိုးရိုးပင် ပြောလိုက်သည်။

နတ်လေပြည် ဟွကိုချင်က စိတ်မကောင်းသည့် မျက်နှာဖြင့် သူ့ကိုကြည့်လိုက်ပြီး....

"နန်ကင်းမှာ ဒီထက်ကောင်းတဲ့ပျော်ပွဲစားရုံတွေ အများကြီးပဲ၊ ကျုပ်ရောက်ဖူးတဲ့ ဆိုင်တစ်ဆိုင်မှာဆိုရင် မျက်နှာကြက်တစ်ပြင်လုံးကို ရေကန်ကြီးတစ်ကန်လို ဆေးရေးထားတယ်၊ အဲဒီမှာ ကြာပန်းပုံစံတွေဟာ တကယ့် ရွှေပြားချည်းပဲဗျ၊ အရွက်တွေကျတော့ ပါးပါးလေး လွှာထားတဲ့ ကျောက်စိမ်းပြားတွေ"

"ဟုတ်လား"

"ဟုတ်ပါဗျာ၊ နံရံလေးဖက်ကိုတော့ တကယ့်ကိုစိမ့်စမ်းရေတံခွန်နဲ့ သစ်တောတစ်ခုကို ပန်းချီကျော်တွေနဲ့ရေးထားတာ အကြည့်ရောက်သွားတဲ့လူဟာ အင်မတန်အသက်ပါတဲ့ သစ်တောကြီးတစ်ခုထဲ ရောက်သွားပြီး ပျော်ပွဲစားထွက်သလို ခံစားရတာ"

"ဟာ... အံ့ဩစရာဗျာ"



ဝေသူချိန်မှာ တဟားဟား တဟင်ဟင် ဖြစ်နေသည်။

"အဲ...ဈေးနှုန်းကျတော့ မဆိုးနဲ့တော့၊ အဲဒီမှာ ထမင်းတစ်ပွဲစားတဲ့ဈေးနှုန်းဟာ အခုခင်ဗျားဝတ်ထားတဲ့ ဝတ်စုံမျိုး ငါးစုံလောက် ဝယ်လို့ရတယ်ဗျ"

ဝေသူချိန်က ပန်ကူးလျှံ ဝယ်ပေးလိုက်တဲ့ အဖြူရောင်ပိုးသားဝတ်စုံကို ပြန်ငုံ့ကြည့်လိုက်ပြီး....

"သောက်ကျိုးနည်း၊ ဈေးကြီးလှချေလားဗျာ"

"ကြီးမယ်လေ၊ ခင်ဗျား စားသောက်နေတုန်းမှာလဲ ရိုးရှုဝတ်စုံဝတ်ထားတဲ့ အပျိုချောလေးတစ်ယောက်က မြ ယပ်တောင်နဲ့ခင်ဗျားကို ယပ်ခတ်ပေးလို့၊ တစ်ယောက်ကတော့ ခင်ဗျားကို ခင်ဗျားဘေးကနေပြီး လိုလေသေးမရှိ ပြုစုနေတာကိုးဗျ၊ အဲဒီလောက်တော့ ကုန်မှာပေါ့"

နတ်လေပြည် ဟွကိုချင်၏စကားများကို ဝေသူချိန်ယုံပုံမရတော့ချေ။ မျက်လုံးပြူးကြီးနှင့်ကြည့်ရင်း....

"ခင်ဗျားဥစ္စာ၊ ဟုတ်ရော ဟုတ်ရဲ့လားဗျာ"

မယုံသင်္ကာမေးလိုက်သည်။

"နတ်လေပြည် ဟွကိုချင်ကရယ်လိုက်ပြီး....

"ခင်ဗျားမယုံရင် မြို့စားမင်း မေးကြည့်ဗျာ"

ပြောလိုက်ရာ ဝေသူချိန်က ထင်ရှောက်ရီဘက်သို့ ကြည့်လိုက်သည်။

ထင်ရှောက်ရီက ခပ်မိန့်မိန့်ပြုံးနေသည်။ ခဏနေမှ....

"နန်ကင်းမှာ သူပြောတဲ့ဆိုင်ထက် သာတာတောင် ရှိသေးတယ်ဗျ၊ ကျုပ်တစ်ခါရောက်ဖူးတဲ့ ဆိုင်တစ်ဆိုင်ဆိုရင်ဆိုင်ထဲကို

ဝင်လိုက်တာနဲ့ အဲဒီလို မိန်းမချောလေးတစ်ယောက်က လက်မောင်းကိုချိတ်ပြီး ခေါ်သွားတာဗျ"

"ဟာဗျာ....ဒါကတော့ ရှက်စရာကောင်းပါတယ်"

ဝေသူချိန်က အလန့်တကြား ပြောလိုက်သည်။

"ဘာရှက်စရာလဲဗျ၊အဲဒါ စည်းစိမ်လို့ခေါ်တယ်၊ပြီးတော့ ခင်ဗျားစားသောက်နေတဲ့အခါ ခင်ဗျားကို ငါးအရိုးနွှင်ပေးမယ်၊ အရက်ငှဲ့ပြီး သူကိုယ်တိုင်တိုက်မယ်"

"ဟာ....ရှက်တယ်ဗျာ၊ ကျုပ် မစားတတ်ဘူး"

ဝေသူချိန်က ကမူးရှူးထိုး ပြောလိုက်ရာ....

"ဟာ...ဟား....သူများ တကယ်ကျေးနေတာကျနေတာပဲ၊ ရှက်တယ်ဗျာ မစားတတ်ဘူးတဲ့၊ လူကတော့ မတွေ့သေးလို့ ဟင်း....ဆိုင်ထဲကထွက်မယ့်မျက်နှာမျိုး မဟုတ်ဘူး"

နတ်လေပြည့်ဟ့ကိုချင်က စလိုက်သည်။ ဝေသူချိန်မျက်နှာကြီး နီလာပြီး....

"တကယ်ကျေးလဲ မစားသေးဘူး"

ရှုံသိုးသိုးမျက်နှာနှင့်ပြောလိုက်ရာ နတ်လေပြည့် ဟ့ကိုချင်ရော ထင်ရှောက်ရီကပါ ရယ်မောကြသည်။

ထိုခဏတွင် စားပွဲထိုးနှစ်ယောက်မှာ အစားအသောက်များ လာချပေးသည်။

သိုးသားဟင်းခုနစ်မျိုး ဖြစ်သည်။

"ဒါက ဘာလဲဗျ"

ဝေသူချိန်က စားပွဲထိုးများ လာချသွားသော ဝါးဆစ်ဘူးကြီးကို ကြည့်၍ မေးလိုက်ခြင်းဖြစ်သည်။ ဝါးဆစ်ဘူးမှာ



ဝါးပိုးဝါးဖြင့် ပြုလုပ်ထားသော ဝါးဆစ်ဘူးဖြစ်၍ ပျားဖယောင်းအုံထားသော ကောက်ရိုးများတို့ဖြင့် ပိတ်ထား၏။

"အရက်ဘူးလေ"

ထင်ရှောက်ရီက ပြောလိုက်သည်။

"အရက်ဘူး ဟုတ်လား"

ဝေသူချိန်မှာ မြင်သမျှ အထူးအဆန်း ဖြစ်နေသည်။ သူက တွေ့ရိုးတွေ့စဉ်မဟုတ်သော ဝါးဆစ်ဘူးကြီးကို အထူးအဆန်း သဖွယ် ကြည့်နေရာ ထင်ရှောက်ရီက ပိတ်ထားသောအဖုံးကို ဖွင့်လိုက်၏။ ထိုအခါ ဟင်းလျာများမှ အနံ့များကိုကျော်၍ အလွန်မွှေးပျံ့သောအရက်နံ့က ထွက်ပေါ်လာသည်။

ထင်ရှောက်ရီက ခွက်သုံးခွက်တွင် အရက်များကို လိုက်ဖြည့်လိုက်ပြီး....

"အင်မတန် အစွမ်းထက်တဲ့ ဆေးအရက်ဗျ၊ ဒီအရက် တစ်ဘူးကို ရွှေဒင်္ဂါးသုံးပြား ပေးရတယ်"

"ဒါ ရွှေဒင်္ဂါးသုံးပြားတောင်"

ဝေသူချိန်က အံ့သြပြီးရင်းအံ့သြနေသည်။ ထင်ရှောက်ရီက လက်ကာပြလိုက်ပြီး....

"နေဦးလေဗျာ၊ ကျုပ်ပြောပါဦးမယ်၊ ပြီးမှ ရွှေဒင်္ဂါး သုံးပြားတန်မတန် ခင်ဗျားဘာသာစဉ်းစားပေါ့၊ ပထမဆုံး ဒီအရက်ကိုဖောက်ဖို့အတွက် ဆတ်နီဆိုတဲ့ပြောင်းဆန်တစ်မျိုးကို စပျစ်ရိုးရယ်၊ သကာရည်ရယ်ရောပြီးချက်ရတယ်၊ထစ်ပိသာကို မီးခွက်ထွန်းလို့ရတဲ့အရက် ငါးအယ်သားပဲ ရအောင်ချက်ရ တယ်၊ အဲဒီအရက်တစ်ပိဿာခွဲကို ဒီဝါးဆစ်ဘူးထဲကိုထည့်ပြီး

တော့ အဲဒီထဲကို ကြွေသွေး၊ မျောက်သွေး၊ ကျောက်သွေး၊ စပါးကြီးသည်းခြေ၊ ငါးကြီးအန်ဖတ်၊ ငှက်သိုက်၊ ပျားရည်၊ မချစ်ဥ၊ ရှောက်ရွက် အဲဒါတွေကိုထည့်ပြီး ကောက်ရိုးနဲ့ပိတ်၊ လေမဝင်နိုင်အောင် ပျားဖယောင်း မံရသေးတယ်၊ ပြီးမှ မြေကျင်းတစ်ကျင်းထဲမှာ ဒီအရက်ဘူးမျိုးတွေ စီပြီးထည့်၊ ပြီးတော့မှ မြေကြီးပြန်ဖုံးပြီး သုံးနှစ်ကြာအောင်ထားရတယ် ဗျ၊ အဲဒီတော့မှ ဒီအရက်ရတာ"

"သောက်ကျိုးနည်း လက်ဝင်လိုက်တာဗျာ၊ ကျုပ်တို့ မိုးခိုတောင်နားက တံငါရွာမှာတော့ ကြံသကာချိုးနဲ့ချက်ကြ တာပါပဲ၊ ကစော်ဖောက်တာပဲ နည်းနည်းကြာပါတယ်"

"အဲဒါကြောင့် တန်ဖိုးချင်းကွာတာပေါ့ဗျ၊ ခင်ဗျား အရက်သောက်လို့ မူးရှုံးအပြင်ဘာရှိမလဲ"

"အင်းလေ....မူးတာပေါ့ အရက်ပဲ၊ ဘာလဲ ဒီအရက်က မမူးဘူးလား"

ဝေသူချိန်က မျက်လုံးပြူးမျက်ဆန်ပြူးမေးသည်။

ထင်ရှောက်ရီက ရယ်ရင်း....

"မီးတောက်တဲ့အရက်နဲ့ ဖော်ထားတာပဲဗျာ၊ မူးတာ ပေါ့၊ ဒါပေမယ့် ဒီအရက်က မူးရုံအပြင် ဟိုဗျာ....အားရှိ တယ်ဗျာ၊ အမူးပြေသွားရင် လန်းဆန်းနေတယ်ဗျာ"

ပြောလိုက်ကာ လက်နှစ်ဖက်ကိုကြွက်သားများညှစ်၍...

"အလွန်ဖြေ့ကို အားတွေရှိတယ်ဗျာ"



နတ်လေပြည်ဟွကိုချင်က ရယ်သည်။ ဝေသူချိန်မှာမူ အလွန် ရိုးသားသူဖြစ်ရာ ရယ်ရမှန်းမသိချေ။ သူက သူ့ရှေ့မှအရက် ခွက်ကို ယူနမ်းကြည့်သည်။

မွှေးမွှေးမြမြ သင်းသင်းလေး။

ဝေသူချိန်က လျှာဖြင့်တို့ကြည့်ပြန်သည်။

ပူရှိမ်းရှိမ်း ချိုမြမြ။

"အင်း....ကောင်းသားပဲ"

ထို့နောက် သူက တစ်ခွက်လုံးကို မော့ချလိုက်သည်။

ထင်ရှောက်ရီနှင့် နတ်လေပြည် ဟွကိုချင်က ရယ်လိုက်ကြ ပြီး....

"ဟော့လူ....သိပ်အားတွေ ရှိကုန်ဦးမယ်နော်"

ဝေသူချိန်ကို စ,နေကြသည်။

ဝေသူချိန်မှာမူ အရသာ တွေ့သွားပြီဖြစ်ရာ နောက်ထပ် အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြီး အရှိန်ရသွားကာ အလွန် အရသာရှိသော သိုးသားဟင်းလျာများကို စားလိုက်၊ အရက် ကို ငှဲ့သောက်လိုက်နှင့် ဟန်ကျပန်ကျ ဖြစ်နေတော့သည်။

ထင်ရှောက်ရီနှင့် ဟွကိုချင်တို့မှာလည်း သူ့ကိုကြည့်၍ သဘောကျရင်း စကားတပြောပြောဖြင့် စားသောက်ကြရာ မှောင်ရီပျိုး စ,အချိန်သို့ ရောက်ရှိလာတော့သည်။

ထိုအချိန်တွင် အရက်မှာကုန်သူပြီ ဖြစ်သည်။ နောက် တစ်ခွက်ချ သောက်ပြီးကြလျှင် ကုန်ပြီဖြစ်ရာ သူတို့ကား အချိန်းအချက် ပြုထားသည့်အတိုင်း သွားကြတော့မည် ဖြစ် သည်။ ထိုအချိန်တွင်....

သိုးကျောင်းသား ပျော်ပွဲစားရုံသို့ ဟူတန်ဂိုဏ်းမှ ရိရှင်ညီနောင်တို့ ဝင်ရောက်လာလေသည်။

သူတို့မှာ တစ်စုံတစ်ယောက်အား လိုက်လံရှာဖွေနေသည့်အလား သိုးကျောင်းသား ပျော်ပွဲစားရုံအတွင်း စားသောက်နေသူများကို လိုက်လံကြည့်ရှုလိုက်ကြသည်။

ခဏအကြာ အတွင်းဘက် စားပွဲတစ်လုံး၌ စားသောက်နေကြသော ထင်ရှောက်ရီတို့သုံးဦးကို မြင်သွားပြီး ထိုနေရာသို့ တိုက်ရိုက် လျှောက်သွားကြသည်။

ထို့နောက် သူတို့က အလွန်ရဲတင်းစွာဖြင့်....

"တိမ်သွေးဓားရှင် မြို့စားလေး ထင်ရှောက်ရီပါလား"

ထင်ရှောက်ရီအား တည့်တည့်ပင် မေးလိုက်သည်။ ထင်ရှောက်ရီက မျက်မှောင်ကြုတ်လိုက်ပြီး....

"ရိရှင်ညီနောင်ပါလား၊ ကျုပ်နဲ့တွေ့စရာ ရှိလို့လား"

တိုက်ရိုက်ပင် ပြန်ပြောလိုက်သည်။

ရိရှင်ညီနောင်က ခုံလွတ်နှစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

ရိရှင်ညီနောင် အကြီးက....

"ကျုပ်တို့ မြို့စားလေးကို တွေ့တာကတော့ ချီအန်မြို့ကိုရောက်ပြီးမှ နှစ်ကြိမ်ရှိပါပြီ၊ ဒါပေမယ့် မြို့စားလေးမှန်း မသိခဲ့ကြပါဘူး၊ မနက်ကမှ မြို့စားလေးတို့သုံးယောက် ချီအန်မြို့ကနေ ထွက်သွားကြတော့ စုံစမ်းရင်းကနေ မြို့စားလေးမှန်း သိတာပါ"

"ကျုပ်နဲ့ တွေ့စရာကိစ္စရှိတယ် ဆိုပါတော့"



မြို့စားလေးက သူ့အား ရိရှင်ညီနောင်တို့ မည်သည့်နေရာတွင် တွေ့ခဲ့သည်ကို သိလိုသဖြင့် မျက်နှာနီနီနှင့် ပြောလိုက်သည်။

"မြို့စားလေးနဲ့ တိုက်ရိုက်မဆိုင်ပါဘူး"

ရိရှင်ညီနောင်အကြီးက ဆက်ပြောသည်။

"ကျွန်တော်တို့ညီအစ်ကို ချီအန်ကိုရောက်လာတဲ့အကြောင်းက မြကျောက်ရှင်ကိစ္စပါ၊ဖုံးကွယ်စရာမရှိပါဘူး၊ကျွန်တော်တို့ ဟူတန်ဂိုဏ်းအနေနဲ့လဲ မြကျောက်ရှင်ကို မသမာတဲ့လူတွေလက်ထဲ ရောက်သွားမှာ စိုးရိမ်ပါတယ်၊ မြကျောက်ရှင်ဟာ ကျွန်တော်တို့ ဟူတန်ဂိုဏ်းနဲ့တိုက်ရိုက်ပတ်သက်မှုလဲ မရှိပါဘူး၊ ဒါပေမယ့် သူ့ရဲကောင်းကြီးလင်ရှုံးနင်ဟာ ထက်မြက်တဲ့ သိုင်းပညာရှာဖွေဖို့အတွက် အိမ်က ထွက်လာခဲ့စဉ်အချိန်မှာ ကျွန်တော်တို့ ဟူတန်ဂိုဏ်းက ဝါစဉ်ကြီးသိုင်းသမားကြီး ရိကျိန်းထံမှာ တစ်နှစ်ခန့်နေထိုင်ပြီး သိုင်းပညာများ သင်ကြားသွားခဲ့ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ဟူတန်ဂိုဏ်းအနေနဲ့ သူ့ရဲကောင်းကြီးလင်ရှုံးနင်နဲ့ အမြဲတသိုင်းကျမ်းမြေပုံပါရှိတဲ့ မြကျောက်ရှင်ကို မသမာသူလူတွေလက်ထဲ မရောက်အောင် ထိန်းသိမ်းဖို့တာဝန်ရှိတယ်လို့ ဆုံးဖြတ်ပြီး ကျွန်တော်တို့ကို လွှတ်လိုက်တာပါ။

"ကျွန်တော်တို့ ချီအန်ကိုရောက်တော့ မြကျောက်ရှင်ဟာ ဝေသူချိန်ဆိုတဲ့ မျက်နှာစိမ်းသိုင်းသမားတစ်ယောက် ရသွားပြီဆိုတဲ့ သတင်းကို ကြားရပါတယ်၊ ဒါပေမယ့် ဝေသူချိန်ဆိုတဲ့ သိုင်းသမားလေးကို ရှာလို့မရခဲ့ပါဘူး၊ မနက်ကမှပဲ

မြို့စားလေး၊ နောင်ကြီးဟွကိုချင်တို့နဲ့အတူ ထွက်သွားတဲ့လူငယ်ဟာ ဝေသူချိန်ဆိုတာ သိရပါတယ်၊ ကျွန်တော်တို့အနေနဲ့ ခင်ဗျားတို့လို လူတွေနဲ့အတူ တွဲနေတဲ့လူဟာ လူကောင်းတစ်ယောက်ဆိုတာ ယုံမှားကင်းပါတယ်၊ ဒါပေမယ့် မြကျောက်ရှင်ကို သူတကယ်ရမရ ရှင်းချင်လို့ ခုလိုလိုက်လာတာပါ”

ရှည်လျားစွာ ရှင်းပြလိုက်သည်။

ရိရှင်ညီနောင်သဘောထားမှာရှင်း၍ လေးစားစရာလည်းကောင်းသည်။

ဝေသူချိန်က ကိုယ်ဟန်ပြင်ထိုင်သည်။ သူက ရိရှင်ညီနောင်တို့အား လေးလေးစားစား ရှင်းပြရန်ဖြစ်သည်။ သို့သော် ဝေသူချိန် ဘာမှမပြောရမီ နတ်လေပြည်ဟွကိုချင်က ဝင်ရှင်းပြလိုက်သည်။

“မင်းတို့ငါ့ရှင်းပြရင်ကော ယုံကြမှာလား”

သူကမေးလိုက်ရာ....

“ဟာ....နောင်ကြီးဟွကိုချင် ပြောရင် မယုံစရာမရှိပါဘူးဗျာ”

ရိရှင်ညီနောင်က ပြိုင်တူဖြေလိုက်ကြသည်။

ဟွကိုချင်က ခေါင်းညိတ်လိုက်ပြီး....

“ကောင်းပြီ၊ ဒီလိုကွ....ဒီမြကျောက်ရှင်နဲ့ ပတ်သက်လို့ သတင်းအမျိုးမျိုးဖြစ်ခဲ့တာ မိုးကြိုးနက်အာမခံဌာနတစ်ခုလုံး စတေးခံခဲ့ရတာတွေကို မင်းတို့လဲသိမှာပဲ၊ ဒါပေမယ့် ဒါတွေက အမြဲအမြစ်လုံးဝ မဟုတ်ဘူး ထင်ယောင်ထင်မှားဖန်တီးကိစ္စတွေ၊ လူတစ်ယောက်က အကြံအစည်တစ်ခုနဲ့



ထားတာ၊ အဲဒီလိုအချိန်မျိုးမှာ ငါနဲ့မြို့စားလေးနဲ့ဝေသူချိန်တွေ့ခဲ့ကြတာကွ၊ ငါကတော့သူ့ကိုမြင်မြင်ချင်းကို ယုံကြည်ခဲ့တယ်၊ သူနဲ့ပတ်သက်လို့မင်းတို့စဉ်းစားချင်ရင် တစ်ခုတည်းကိုပဲ စဉ်းစားကြည့်လိုက်၊ ဝေသူချိန်ဆိုတဲ့ ကောင်လေးဟာ မြကြောက်ရှင်ဆိုတာ ရသွားရင် ဒီမှာပဲ ရှိနေဦးတော့မလား၊ အဖြေကအဲဒါပဲ၊ ငါ့အနေနဲ့ပြောရရင် ဒီကောင်ဟာမြကျောက်ရှင် ဆိုတာ ဘာမှန်းကိုမသိခဲ့ဘူး၊ အခုလဲရေးတေးတေးပဲ”

ရှင်းပြလိုက်သည်။ ရိရှင်ညီနောင်ကဟွကိုချင်၏ စကားအဆုံးတွင် ဝေသူချိန်ကို လှမ်းကြည့်လိုက်ကြသည်။ ဝေသူချိန်ကသူတို့နှစ်ယောက်ကို တည်ငြိမ်စွာ ပြန်ကြည့်သည်။ သူ့အနေဖြင့် ထပ်မံရှင်းမပြသင့်တော့ဟု ယူဆသဖြင့် အသာငြိမ်နေလိုက်သည်။

ရိရှင်ညီနောင်အနေဖြင့် ဝေသူချိန်ကိုကြည့်ရင်း သံသယကင်းသွားပုံရသည်။ သူတို့အနေဖြင့် ဤမျှငယ်ရွယ်သော သိုင်းသမားတစ်ယောက်အနေဖြင့် သမ္မာရင့်ဝါရင့် သိုင်းသမားကြီးများကြားမှနေ၍ မြကျောက်ရှင် ရစရာအကြောင်းမရှိဟုယူဆလိုက်ကြပုံလည်း ရသည်။

“အခုလိုရှင်းရှင်းလင်းလင်းသိရတော့ ကောင်းတာပေါ့ဗျာ၊ ကျွန်တော်တို့ ဟူတန်ဂိုဏ်းကတော့ သိုင်းလောက အရှုပ်အထွေးအတွင်းမှာ ဝင်ပါခဲ့ပါတယ်၊ အခုဟာက မြကျောက်ရှင်ဟာ အင်မတန်ထက်မြက်တဲ့ အမြူတော ဓားသိုင်းကျမ်းနဲ့ ပတ်သက်နေလို့သာ ဝင်ပါရတာပါ၊ မကောင်းသူတွေ

လက်ထဲကို ဗိုလ်သိုင်းကျမ်းရောက်သွားရင် ဘယ်လိုဖြစ်ကုန်မှာ ဆိုတာ ခင်ဗျားတို့လဲသိမှာပါ”

“အင်မတန်ကောင်းတဲ့စကားပါ၊ ဟုတ်တန်ဂိုဏ်းဟာ သိုင်းလောကမှာ ရှောင်လင်ဂိုဏ်းနဲ့ ထန်းတူလေးစားခြင်း ခံရတာပါ၊ ဟုတ်ပါတယ်၊ တို့အားလုံး ဗိုလ်အန္တရာယ်ဆိုးကြီးကို ဝိုင်းဝန်းကာကွယ်ကြရမှာပါ”

နတ်လေပြည်ဟူကိုချင်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်သည်။

မြို့စားလေးက....

“ကဲ....တစ်ယောက်နဲ့တစ်ယောက် သံသယတွေလဲကင်းသွားကြပြီ၊ ကျုပ်က ဒါကို ဝမ်းသာတဲ့အထိမ်းအမှတ်၊ မိတ်ဆွေသစ်တိုးပွားတဲ့အထိမ်းအမှတ်အနေနဲ့ ဂုဏ်ပြုညစာခံပါမယ်၊ ဒါပေမယ့် ကျုပ်တို့သုံးယောက်မှာ သွားစရာကိစ္စတစ်ခုက ရှိနေတော့၊ သုတ်သုတ်စား သုတ်သုတ်သွားဆိုတာလို ဒီ ဂုဏ်ပြုညစာခံပွဲကို အချိန်တိုတိုနဲ့ ခဏတာပြုတ်ပဲ လုပ်နိုင်ပါလိမ့်မယ်၊ ကဲ...ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက် ကြိုက်ရာမှာကြပါ”

ပြောလိုက်ပြီး ဆေးအရက်တစ်ဘူး ထပ်မှာလိုက်သည်။ ရီရှင်ညီနောင်တို့က ဟင်းသုံးမျိုးမှာရာတွင်....

“ဟာ....ဟင်းသုံးမျိုး ဘာလုပ်ရအောင်လဲ၊ ဟော့....ငါးပွဲဖြစ်သွားအောင် ဦးနှောက်နဲ့အသည်းပေါင်းရယ်၊ အူချိုသုပ်ရယ် ယူခဲ့ကွာ”

စားပွဲထိုးများကို ထပ်၍ မှာလိုက်သည်။

အရက်ဘူးက အရင်ဆုံးရောက်လာသည်။



ထင်ရှောက်ရီက အရက်ခွက်အားလုံးကို လိုက်ဖြည့်ပေးသည်။

ထိုအခိုက်တွင် သူသည် အရက်ကိုငွဲထည့်ရင်းနှင့် နတ်လေပြည် ဟူကိုချင်၏ အရက်ခွက်တွင်းသို့ တစ်စုံတစ်ခုထည့်လိုက်သည်ကို ရီရှင်ညီနောင်အကြီးဖြစ်သူက မြင်လိုက်သည်။

သူ အလွန်အံ့ဩသွားသည်။ ဤကိစ္စမှာ ရိုးရိုးသားသား မဖြစ်နိုင်သည်ကို နားလည်လိုက်သည်။ သူတို့ညီအစ်ကို မြကျောက်ရှင်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းရန် တာဝန်အပေးမခံရမီက ဤ မြို့စားလေးနှင့်ပတ်သက်၍ ကြားခဲ့ဖူးသည်။ ငယ်ရွယ်သော်လည်း ဖြောင့်မတ်တည်ကြည်သူ၊ ရဲရင့်သည်နှင့်အမျှ မတရားမှုလည်း စက်ဆုပ်သူ ဘုံ။

သို့သော် သူတို့ညီအစ်ကို ချီအန်မြို့သို့ရောက်လာခဲ့ပြီးနောက် ထင်ရှောက်ရီကိုတွေ့ရသည်မှာ သေသောက်ကြူးသူ၊ ကိုယ့်ကိုကိုယ် မထိန်းနိုင်အောင်မူးနေရင်း မိန်းမရှင်တန်းသို့သွားသူ အဖြစ်သာ တွေ့ခဲ့ရသည်။ ယခု ထိုသူသည် သူနှင့်တစ်ဝိုင်းတည်း စားသောက်နေသော၊ သိုင်းလောကတွင် ဒုက္ခရောက်သူကို အလွန်ကူညီချင်သူအဖြစ် ထင်ရှားသော နတ်လေပြည်ဟူကိုချင်၏ အရက်ခွက်တွင်းသို့ တစ်စုံတစ်ခုထည့်ခဲ့ချေပြီ။ ဤသည်မှာ မည်သည့်နည်းနှင့်မျှ ကောင်းသောရည်ရွယ်ချက်နှင့် မဖြစ်နိုင်ချေ။

ရီရှင်အစ်ကိုသည် ဤကိစ္စအား ဟန်မပျက် မည်သို့တားဆီးရမည်ကို စဉ်းစားလိုက်သည်။ သူက ဟူကိုချင်၏ညာဘက်တွင် ထိုင်နေသည်ဖြစ်ရာ အရက်ခွက်ချင်းငဲ့မည်ဆိုလျှင် ဖြစ်

သည်။ သို့သော် သူ့အနေဖြင့် ထိုအရက်ခွက်ကိုမသောက်ဘဲ သွန်ပစ်ရန် ခက်လှသည်။

ထိုစဉ် ထင်ရှောက်ရိက....

"ကဲ...မိတ်ဆွေ သစ်မျှား တိုးပွားဟဲ့အထိမ်းအမှတ်"

ပြောလိုက်ပြီး သူ့အရက်ခွက်ကို သောက်လိုက်သည်။

နတ်လေပြည် ဟွာကိုချင်ကလည်း သူ့ အရက်ခွက်ကိုယူ၍ သောက်မည်ပြုလိုက်သည်။ ထိုအခိုက်....

"သိပ်ဝမ်းသာ...."

"ခွမ်း...."

ရိရှင်အစ်ကိုက အလွန် ဝမ်းသာရွှင်မြူးသောအသွင်ဖြင့် ပြောပြောဆိုဆို သူ့အရက်ခွက်ကိုမြှောက်သလိုဖြင့် အရက်ခွက်ကိုင်ထားသော ဟွာကိုချင်၏ ညာဘက်တံတောင်ဆစ်ကို ပင့်လိုက်သည်။ ဟွာကိုချင်မှာ အမှတ်တမဲ့ဖြင့် လက်ထဲမှအရက်ခွက် လွတ်ကျသွားပြီး ပေါင်ပေါ်တွင် အရက်များစိုသွားသည်။

ရိရှင်အစ်ကိုက ကွက်ခနဲ မျက်နှာပျက်သွားသော ထင်ရှောက်ရိကို မသိမသာကြည့်လိုက်ရင်း....

"ဟာ....နောင်ကြီး ဟွာကိုချင်၊ ကျွန်....ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်က သိပ် ဝမ်းသာပြီး မဆင်မခြင်ပြုလိုက်မိတာ နောင်ကြီး ကျွန်တော့်ကိုခွင့်လွှတ်ပါဗျာ"

ပြောလိုက်သည်။ သူ့ဟန်မှာ တကယ်ပင် ရိုးရိုးသားသား ဖြစ်သွားသည့်အသွင်မျိုးဖြစ်နေရာ ထင်ရှောက်ရိပင် သံသယမဖြစ်ဘဲ လိပ်ပြာလုံသွားသည်။



ဟွာကိုချင်မှာ စိတ်ထားကောင်းသူဖြစ်ရာ....

"ငါ့ရဲ့အကောင်းဆုံးဝတ်စုံတော့ မင်းကြောင့် ပျက်စီးပါပြီကွာ၊ အဲဒါထက်အရေးကြီးတာက ငါက ဒီအရက်စိုနေတဲ့ ဝတ်စုံကြီးနဲ့လျှောက်သွားရင် ငါ့ကိုလူတွေက အရက်သမားလို့ထင်မှာပေါ့၊ အဲဒါကို ဘယ်လိုလုပ်ပြီး ရှင်းပြမလဲ"

ပျော့ခွေနွမ်းနယ်သွားသောဟန်မျိုးဖြင့် ပြောလိုက်သည်။

"ဒါဆိုရင် ကျွန်တော်အကြံပေးပါရစေ"

ရိရှင်အငယ်က သူ့အစ်ကိုအတွက် အလွန်အားနာသော မျက်နှာဖြင့် ဝင်ပြောလိုက်သည်။

"ဘာလဲ"

ဟွာကိုချင်က အားတက်မျှော်လင့်သောမျက်နှာဖြင့် ရိရှင်အငယ်ကို လှမ်းကြည့်ရင်း မေးလိုက်သည်။

"နောင်ကြီးဟွာကိုချင်ရဲ့ ရင်ဘတ်မှာ ကျုပ်အရက်သမား မဟုတ်ဘူး၊ အရက်ဆိုင်ထဲမှာ ချော်လဲလာတာလို့ စာဆွဲသွားရင် ဘယ်သူကမှ နောင်ကြီးဟွာကိုချင်ကို အရက်သမားလို့ ထင်တော့မှာ မဟုတ်ဘူး"

ရိရှင်အငယ်၏ စကားအဆုံးတွင် အားလုံးက ရယ်လိုက်ကြ၍ ဟွာကိုချင်ကမူ မရယ်ဘဲ သူ့နဖူးသူလက်ဝါးနှင့် ရိုက်လိုက်ပြီး....

"တော်ပြီ....တော်ပြီ၊ အရက်သမားပဲထင်ထင်၊ အရက်ချိုးပဲ ထင်ထင် ငါဂရုမစိုက်တော့ဘူး၊ ဟေ့....စားပွဲထိုး၊ ငါ့ အရက်ထည့်သောက်ဖို့ နောက်ထပ်ခွက်တစ်လုံး ယူခဲ့ဟေ့...."

ရိရှင်အကြီးကမူ ပျော်ရွှင်ရယ်မောနေသလိုနှင့် ထင်ရှောက်ရိ၏ အရိပ်အကဲကို မသိမသာ စောင့်ကြည့်နေသည်။ ထင်ရှောက်ရိမှာ သူ၏ကြိုးပမ်းမှု ပျက်ပြားသွားသည်နှင့် နောက်တစ်ကြိမ်ကြိုးစားရန် လက်လျှော့လိုက်ပုံရသည်။ အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်နေသည်။

"ကျွန်တော်တို့ သွားကြမှနဲ့တူတယ်"

ညဥ့်ဦးပိုင်းအချိန်သို့ ရောက်လာပြီဖြစ်၍ နောက်ကျမည်စိုးသဖြင့် ဝေသူချိန်က သတိပေးလိုက်သည်။

"နည်းနည်းလောက်တော့ အချိန်ရပါသေးတယ် ငါ့ညီရယ်"

ဟွကိုချင်က ပြောလိုက်သည်။ သူသည် အမှန်ပင် ဝမ်းသာပျော်ရွှင်နေသူဖြစ်ရာ စားပွဲထိုး ယူလာပေးသော ခွက်တွင် အရက်ငွဲ့ထည့်ပြီး သောက်ပြန်သည်။

ထို့နောက်သူက ဦးနှောက်နှင့် အသည်းပေါင်းကို စားရင်း....

မိတ်ဆွေကောင်းတွေလဲ တွေ့ရ၊ အစားကောင်းအသောက်ကောင်းတွေလဲ စားရတာလောက် ပျော်စရာရှိမယ် မထင်ဘူးဗျာ"

ပြောလိုက်သည်။ ဝေသူချိန်က....

"ဒါနဲ့ စောစောက ခင်ဗျားပြောတော့ ခင်ဗျားတောမှာ မိန်းကလေးချောချောရှိမှ ဇိမ်ရှိတယ်ဆို"

"ဟား....ဟား....ဟား ဒါက ပျော်စေပြက်စေပါ ငါ့ညီရာ...."



ထို့နောက် သူတို့က ပျော်ပျော်ပါးပါးပင် ဆက်လက်စားသောက်နေကြသည်။ အတန်ကြာသောအခါ အချိန်က ညဥ့်နက်ပိုင်းသို့ ရောက်လာပြီဖြစ်သဖြင့်....

"ပျော်စရာကောင်းတဲ့ ပွဲပါပဲဗျာ၊ နောက်တစ်ခါဆုံကြရင်တော့ စိတ်အေးလက်အေးနဲ့ ဒီထက်ပိုပြီး ပျော်စရာကောင်းပါလိမ့်မယ်၊ အခုတော့ ကျုပ်တို့ သုံးယောက်မှာ သွားစရာက ရှိနေသေးတော့ သွားဦးမှ ဖြစ်မယ်ဗျို့၊ ခင်ဗျားတို့ ညီအစ်ကိုတော့ နေရစ်ကြပေတော့၊ ဒါနဲ့ လိုချင်တာများရှိရင်လဲ မှာကြပါဦး၊ ကျွန်တော် ရှင်းခဲ့ချင်လို့ပါ"

မှို့စားလေးကပြောရင်း ထိုင်ရာမှထလိုက်သည်။

ရိရှင်ညီနောင်က....

"အားလုံးပြည့်စုံပါတယ် မှို့စားမင်း၊ စိတ်ဖြောင့်လက်ဖြောင့်သာ သွားကြပါ၊ ကျွန်တော်တို့အတွက် ဘာမှမလိုပါဘူး"

ပြောလိုက်၏။ မှို့စားလေးက ကျသင့်ငွေကိုသွားရှင်းနေသည်။

ဟွကိုချင်နှင့်ဝေသူချိန်ကလည်း ရိရှင်ညီနောင်ကိုနှုတ်ဆက်ပြီး ပျော်ပွဲစားရုံအတွင်းမှ ထွက်ခဲ့ကြသည်။ ရိရှင်ညီနောင်က ကျန်သောအရက်များနှင့် အစားအသောက်များကို ဆက်လက်စားသောက်နေကြသည်။

သို့သော် ထင်ရှောက်ရီတို့ထွက်သွားပြီးခဏမှာပင် ရှီရှင်အကြီးက သူ့ညီကို တီးတိုးပြောလိုက်သည်။

ရှီရှင်အငယ်ထ ခေါင်းညိတ်၏။

ထို့နောက် ညီအစ်ကိုနှစ်ယော က် ဆိုင်ထဲမှထွက်သွားတော့သည်။

## ( ၉၉ )

မှောင်မိုက်သောညအချိန်များ၌ တောအုပ်တစ်ခုအတွင်း အမှတ်အသားတစ်စုံတစ်ရာကို ရှာဖွေရသည်မှာ အလွန်ခက်ခဲလှသည်။ အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်မှာ ဘယ်နေရာမှာမဆို အတူတူလိုဖြစ်နေသောကြောင့် ဖြစ်သည်။

မြို့စားလေးမှာ ယောင်ဝါးဝါးဖြစ်နေသည်။

သူသည် သူရောက်ခဲ့သည်ဆိုသော လျှိုကြီးရှိသည့်နေရာကို မမှတ်မိနိုင်ဘဲ ဖြစ်နေသည်။

"ဗျို...မြို့စားလေး၊ ကျုပ်တို့တော့ မျက်စိလည်ပြီနဲ့တူတယ်"

သူ့နောက်မှ နတ်လေပြည်ဟ္မကိုချင်က ခပ်တိုးတိုးပြော လိုက်သည်။

မြို့စားလေးက ဟိုဟိုသည်သည်ကြည့်ရင်း....

"ဟုတ်ပါဗျာ၊ ကျုပ်တို့ ခပ်စောစောက မလာမိတာ မှားတာပဲ၊ အခု မှောင်တော့ မှတ်ထားတာတွေက ရှာလို့ မရဘူးဗျ"

"နေစမ်းပါဦး....မြို့စားလေးကဲ ဘာတွေများ မှတ်ထား လို့လဲ"

"ဟို....မိုးမခပင်ကြီးဆိုတာဗျာ"

မြို့စားလေးက မရေမရာ ပြောသည်။ ဟ္မကိုချင်က....

"ကျုပ်ရောက်ဖူးတဲ့ နေရာဆိုရင်တော့ ကျုပ်သွားလို့ ရမယ်ထင်တယ်ဗျ၊ ဒါပေမယ့် အဲ့ဒီနေရာက မြို့စားလေး ပြောတဲ့နေရာ ဟုတ်ချင်မှဟုတ်မှာ"

"ဟုတ်မှာပါဗျာ၊ ခင်ဗျားပြောတဲ့ အမှတ်အသားတွေ အတိုင်းဆိုရင် ကျုပ်ရောက်တဲ့နေရာပါပဲ၊ ခင်ဗျားသွားကြည့် စမ်းပါ၊ ကျုပ်တော့ မျက်စိလည်နေပြီဗျ"

"ကဲ....ဒီလိုဆိုလဲ ကျုပ်ရှေ့က သွားကြည့်မယ်၊ ကျုပ်က တစ်ခါရောက်ဖူးရင်တော့ မှတ်မိပါတယ်၊ အင်း....ကံကောင်း ထောက်မလို့ သန်းခေါင်မရောက်ခင် ဒီနေရာကို တွေ့ပါ စေဗျာ"

နတ်လေပြည်ဟ္မကိုချင်က ပြောလိုက်ပြီး ရှေ့သို့တက် လိုက်သည်။ သူသည် မြေပြင်အနေအထားကို သေချာကြည့်



လိုက်ပြီး အရှေ့ဘက်ကုန်းတန်းပေါ်သို့တက်ပြီးမြောက်ဘက်သို့ လျှောဆင်းသွားသည်။

ခဏမျှကြာသောအခါ သူတို့က ချုံယံများသော ပေါက် ရောက်နေသော အနိမ့်ပိုင်းနေရာသို့ ရောက်ရှိသွားသည်။ ထိုမှ အရှေ့ဖက်သို့ လှမ်းကြည့်လိုက်သောအခါ ရုတ်တရက်မြင့် မောက်သွားသော ကုန်းတန်းထိပ်တွင်ဝါးရုံကြီးများကို လှမ်း မြင်ရသည်။

"ရောက်ပြီဗျို့"

နတ်လေပြည်ဟ္မကိုချင်ကပြောလိုက်ရာ မြို့စားလေး ထင် ရှောက်ရီက ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီး....

"ဟုတ်ရဲ့လားဗျာ"

ဇဝေဇဝါအသံနှင့် ပြောလိုက်သည်။

"ဟိုမှာလေဗျာ"

နတ်လေပြည်ဟ္မကိုချင်က ကုန်းတန်းထိပ်မှ ဝါးရုံကြီး များကို လှမ်းပြလိုက်ပြီး....

"အဲဒီဝါးရုံတောကို ကျော်ပြီးရင် မြေကပြေဆင်းသွား တယ်ဗျ၊ အဲဒီမှာခင်ဗျားပြောတဲ့ ရေမမိုးမခပင်ကြီးရှိတယ်၊ ကျွိုက္ကအဲဒီမိုးမခပင်ကြီးရဲ့ အရှေ့ဘက်က ကိုက်ခြောက်ဆယ် လောက်မှာ"

"မပြောတတ်ပါဘူးဗျာ၊ ကျုပ်ကမြို့ပေါ်မှာပဲ အနေ များတော့ တောထဲရောက်တဲ့အခါ ကြက်မျက်သင့်သလိုပဲ၊ ဘာကိုမှမသိတော့ဘူး ထင်ပါရဲ့"

မြို့စားလေးထင်ရှောက်ရိကပြောနေစဉ် ဟွကိုချင်က ကုန်းထိပ်သို့တက်သွားသည်။ ဝေသူချိန်ကဟွကိုချင်နောက်သို့ ကပ်လိုက်သွားရာ မြို့စားလေးထင်ရှောက်ရိက စကားပြောရင်း နောက်မှလိုက်လာသည်။

ကုန်းထိပ်သို့ရောက်လျှင်....

"ကဲ....ခုချိန်ကစပြီး စကားမပြောကြနဲ့တော့၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ရန်သူနယ်မြေထဲကို ဝင်လာပြီလို့ မှတ်ပေတော့၊ ဝါးရွက်အသံက နှင်းစိုနေတော့ခြေသံမထွက်နိုင်ပါဘူး"

ဟွကိုချင်က ပြောလိုက်ပြီး ဝါးရုံပင်များကြားမှ သွက်လက်စွာ ငုံလျှောက်သွားသည်။

ခဏတွင် ဝါးတောအစပ်သို့ ရောက်ရှိလာသည်။

"ဟိုမှာ....မိုးမခပင်ကြီး တွေ့လား"

ဟွကိုချင်က ဝါးရိပ်တစ်ခုတွင် ကွယ်ရပ်ရင်းကွင်းပြင်ကဲ့သို့ ဖြစ်နေသော ကုက်လပ်အလယ်တွင် ထီးဘည်းကြီး ဖြစ်နေသော မိုးမခပင်ကြီးကို လက်ညှိုးထိုး၍ ပြလိုက်သည်။

"အင်း....ဟုတ်တယ်....ဟုတ်တယ်၊ အဲဒီနေရာပဲ"

မြို့စားလေးက ဝမ်းသာအားရ ပုံစံမျိုးဖြင့် ပြောသည်။ ထိုအချိန်တွင် ခုနစ်စဉ်ကြယ်မှာ အမြီးထောင်လျက် ရှိပြီဖြစ်ရာ သန်းခေါင်အချိန်ရောက်ပြီကို သိလိုက်ကြရသည်။

"ဟုတ်တာတော့ ဟုတ်ပြီ၊ နယ်စားကြီးနဲ့ဆရာကြီးတို့ရော ရောက်ပြီလား မသိဘူး"

ဟွကိုချင်က ထပ်ပြောလိုက်သည်။



"ဆုံရပ်ကို အတိအကျ သတ်မှတ်မထားခဲ့တာ မှားတာပဲ ဗျာ၊ အမှန်က အားလုံးတစ်စုတည်းလာကြရင် ကောင်းမှာ"

မြို့စားလေးက သူ့ဘာသာပြောသလို ပြောသည်။

ထို့နောက် ဘယ်သူမှ စကားမပြောဘဲ ငြိမ်သက်စွာဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်နေကြသည်။

ကောင်းကင်တွင် ဆန်းစ, လခကူးလေး ရှိသည်မှန်၏။ သို့သော် နှင်းများထူထပ်စွာ ကျဆင်းနေသော တောတွင်း၌ အလင်းရောင် အားနည်းလှသည်။ ဘာကိုမှ သဲသဲကွဲကွဲမြင်နိုင်သည်လည်း မရှိချေ။

ဝေသူချိန်က သက်ပြင်းကိုချမိသည်။ ထိုစဉ်....

"ရှူး....တောင်ဘက်တောစပ်ကို ကြည့်စမ်း"

အလွန် မျက်စိလျင်လှသော နတ်လေပြည် ဟွကိုချင်က ကြားသာရုံ လေသံဖြင့် ပြောလိုက်သည်။

ဝေသူချိန်က ထိုဘက်သို့ သေချာကြည့်လိုက်ရာ ထိုဘက် တောစပ်တွင် အနက်ရောင် လူရိပ်လိုလို မြင်လိုက်ရသည်။

"နယ်စားကြီးတို့များလား"

ဝေသူချိန်က ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး၊ အခု လူရိပ်က တစ်ယောက်တည်းရယ်၊ ပြီးတော့ နယ်စားကြီးနဲ့ ဆရာကြီးဝူစိန်ဝမ်းဟာ မသေချာတဲ့ နေရာမှာ ခုလို လူလုံးပြနေမှာလဲ မဟုတ်ဘူး"

ဟွကိုချင်က ပြောလိုက်သည်။ သူပြောသည်မှာ အမှန်ပင် ဖြစ်သည်။ ယခု သူတို့မြင်ရသည်မှာ နယ်စားကြီး ယွဝန်ပိန်နှင့် ဆရာကြီး ဝူစိန်ဝမ်းတို့ မဖြစ်နိုင်ချေ။ ယခု မြင်ရသောလူရိပ်မှာ

သူနေရာ သူ့ဒေသတွင် တစ်စုံတစ်ယောက်ကိုစောင့်ရင်း ပျင်းလာသဖြင့် ထိုင်ရာမှထ၍ လမ်းလျှောက်နေသည့်ပုံစံမျိုး ဖြစ်သည်။

"အင်း....ရွှေကကွက်လပ်ကိုဖြတ်ပြီး ဇီလူဆီ ချဉ်းကပ်ဖို့ဆိုတာကတော့ မလွယ်ဘူး၊ ဟောဟိုဘက် ချုံပုတ်တွေဘက်က ကပ်ပြီးသွားရင်တော့ ဖြစ်နိုင်တယ်"

ဝေသူချိန်က ပြောလိုက်ပြီး....

"ကျွန်တော် သွားမယ်ဗျာ"

"ဟာ....မင်းက အပြာရောင်ဝတ်စုံကြီးနဲ့ မဖြစ်ပါဘူး"

ဟကိုချင်က စိတ်မချသည့်အလား ပြောသည်။

"ကိစ္စမရှိပါဘူးဗျ၊ ဟိုလူကလဲ အနက်ရောင်ဝတ်ထားတာ ကျွန်တော်တို့ လှမ်းမြင်ရတာပဲ၊ နှင်းကဲကျနေတော့ အပြာရောင်နဲ့ ပိုတောင်ကောင်းပါသေးတယ်"

ဝေသူချိန်ကပြောလိုက်ပြီး ဟကိုချင်က မတားဆီးနိုင်မီ ဝါးရုံပင်ကိုပတ်၍ ညာဘက်သို့ထွက်သွားသည်။ ထိုဘက်တွင် မြေမှာ ဆင်ခြေလျှောဖြစ်နေကာ ချုံပင်နှယ်ပင်များ ပေါက်ရောက်နေသည်။

ဟကိုချင်နှင့် တင်ရွှေကရီတို့က အနက်ရောင်လူရိပ်ရှိရာသို့ စောင့်ကြည့်နေသည်။ လူရိပ်က ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေဟန်ဖြင့် ပုံမှန်လှုပ်ရှားမနေသည်။

ဝေသူချိန်ထွက်သွားရာဘက်ဆီမှလည်း မည်သည့်အသံမျှ မကြားရ။ ဟကိုချင်က ငြိုးရိမ်စိတ်ဖြင့် လှမ်းကြည့်လိုက်သော်လည်း ဝေသူချိန်၏လှုပ်ရှားမှုကို တစ်စွန်းတစ်စပင် မတွေ့ရ။





ဝေသူချိန်သည် ခြေသံလုံလုံဖြင့် သိုသိပ်လျှို့ဝှက်စွာ ချဉ်းကပ်သွားနေသည့်မှာ ယုံမှားစရာမရှိချေ။

ခဏအကြာတွင်....

"ဟောဟိုမှာ ဝေသူချိန်ရောက်သွားပြီ"

ဟကိုချင်က ပြောလိုက်သည်။ မှန်သည်။ တိတ်ဆိတ်စွာ ချဉ်းကပ်သွားသော ဝေသူချိန်သည် အနက်ရောင်လူရိပ်နှင့် ပေတစ်ရာမျှအကွာရှိ သစ်ပင်ကြီးတစ်ပင်သို့ ချဉ်းကပ်လိုက်သည်ကို ရိပ်ခနဲမြင်လိုက်ရသည်။

ထိုစဉ်တစ်ဖက်သို့ လျှောက်သွားနေသော အနက်ရောင်လူရိပ်က တုံ့ခနဲရပ်လိုက်ပြီး ဝေသူချိန် ပုန်းကွယ်နေရာဘက်သို့ ပြန်လျှောက်သွားသည်။

ခဏတွင် အနက်ရောင်လူရိပ်ကဝေသူချိန်ပုန်းကွယ်နေရာနှင့် ပေနှစ်ဆယ်မျှ အကွာသို့ ရောက်ရှိသွားသည်။

"အင်း....နောက်ထပ်နည်းနည်းလောက်သာ ထပ်တိုးနိုင်ရင်တော့ သူ့ကို ဝေသူချိန် ဖမ်းလိုက်နိုင်မှာပဲ"

ဟကိုချင်က မချင့်မရဲ ပြောလိုက်သည်။

သို့သော်အနက်ရောင်လူရိပ်က ထိုနေရာတွင် ရပ်တန့်နေသည်။

* * *

ဝေသူချိန်ကအသက်ကို မျှင်းမျှင်းရှူ၍ အောင့်ထားလိုက်သည်။

ရန်သူချဉ်းကပ်လာလျှင် အသင့်ဖမ်းဆီးနိုင်ရန် ဖြစ်သည်။ သို့သော် ရန်သူသည် သူ့ဘက်သို့ ဆက်လက်ချဉ်းကပ်မလာတော့ချေ။

ထိုအခိုက် ဝေသူချိန်၏စိတ်ထဲတွင် နယ်စားယူဇန်ပိန်နှင့် ဆရာကြီး ဝူစိန်ဝမ်းတို့ကို သတိရလိုက်မိသည်။ ဤအချိန်တွင် နယ်စားကြီးနှင့်ဆရာကြီးတို့သည် မည်သည့်နေရာတွင် ရှိနေသနည်း။ သူတို့အဖြစ်ကိုပင် တစ်နေရာမှ စောင့်ဆိုင်းကြည့်ရှုနေလေသလော။

ရန်သူကား သူ့ဘက်သို့ဆက်လျှောက်မလာဘဲ ထိုနေရာတွင်ပင် အကြာကြီး ရပ်တန့်နေသည်။

ထို့နောက် တစ်ဖက်သို့ ဖြည်းညင်းစွာ ပြန်လျှောက်သွားကာ သုံးလေးလှမ်းမျှအကွာတွင် ရပ်လိုက်ပြန်ပြီး ဟိုဟိုသည်သည် ကြည့်နေပြန်သည်။

ဝေသူချိန်မှာ ထိုလူပြန်လှည့်လျှောက်တွင် တခြားသစ်ပင်တစ်ပင်သို့ ပြေးကပ်မည်ပြုလိုက်ရာမှ ထိုလူရပ်လိုက်သဖြင့် အသာငြိမ်ကပ်နေရပြန်သည်။



ထိုနောက်ခဏအကြာမှထိုလူကတစ်ဖက်သို့လှည့်လိုက်သည်။ ဝေသူချိန်က ထိုအခိုက် ထိုလူနှင့် ပိုမိုနီးကပ်သောသစ်ပင်သို့ ခုန်၍ ကပ်လိုက်သည်။

ဤသည်မှာ ဝေသူချိန်အမှားပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ရန်သူသည် စောစောကပင် သံသယဝင်ခဲ့ပုံရသည်။

သူက တစ်ဖက်သို့လှည့်လိုက်သည်မှာ ပရိယာယ်မျှသာဖြစ်ပြီး၊ သူက တစ်ဖက်သို့လှည့်လိုက်သလိုနှင့် ဖျတ်ခနဲပြန်ကြည့်လိုက်ရာ အခြား သစ်ပင်တစ်ပင်ဆီသို့ လွှားခနဲ ခုန်ကပ်လိုက်သော ဝေသူချိန်ကို ပက်ပင်းကြီးမြင်သွားသည်။

ရန်သူသည် အသံတစ်ချက်မျှမထွက်ဘဲ လျှို့ဘက်ဆီသို့ အားကုန်ပြေးလေတော့ရာ မသူးတော့ပြီဖြစ်သဖြင့် ဝေသူချိန်ကလည်း အားကုန်လိုက်တော့သည်။

ထိုအခိုက် ဝေသူချိန်သည် တစ်စုံတစ်ခုကို ခြေထောက်နှင့်တိုက်မိလိုက်သည်။

"အား...."

ရင်ထဲတွင် အေးခနဲဖြစ်သွားသဖြင့် ဝေသူချိန်၏ပါးစပ်မှ လွှတ်ခနဲ အော်ဟစ်လိုက်မိသည်။ သူ့ကိုယ်မှာ ခေါက်ထိုးကြီးဖြစ်လျက် လေထဲတွင် နိမ့်ချည်၊ မြင့်ချည် ဖြစ်နေသည်။ သူ့ညာဘက်ခြေထောက်တွင်ကား ကြိုးတစ်ချောင်းက တင်းကျပ်စွာ ချည်နှောင်မိနေကာ၊ ထိုကြိုးသည် သစ်ကိုင်းတစ်ကိုင်းတွင် ခိုင်မြဲစွာ ချည်နှောင်ထားဟန်တူပေ၏။

ဝေသူချိန်က ဖျတ်ခနဲသတိဝင်လိုက်သည်နှင့် ကြိုးကိုဖြတ်ရန် ကျောတွင်သိုင်းလွယ်ထားသည့် ဓားကိုစမ်းလိုက်သည်။ ဓားရှည်သည် သုတ်ကိုင်းမှ သူ့ကို ဆွဲသုတ်လိုက်စဉ်တွင်ပင် ဓားအိမ်မှထွက်ကျခဲ့ပုံရသည်။ သူ့အောက်ဘက် မလှမ်းမကမ်းတွင် ကျနေသည်ကိုမြင်ရသည်။

ထိုစဉ် သူရှိရာသို့ ပြေးဝင်လာကြသော ဟွကိုချင်နှင့် မြို့စားလေးတို့ကို ရိပ်ခနဲမြင်လိုက်ရသောကြောင့် သူက လှမ်းအော် သတိပေးလိုက်သည်။

"အနားမကပ်နဲ့ သတိထား၊ ရန်သူ့ထောင်ချောက်ရှိတယ်"

ဝေသူချိန်၏သတိပေးသံကြောင့် ဟွကိုချင်နှင့်ထင်ရှောက်ရိတို့မှာ တောစပ်နှင့် ပေနှစ်ဆယ်မျှအကွာတွင်ရပ်လျက် ဆယ့်ငါးပေမျှအမြင့်တွင် စောက်ထိုးတန်းလန်းကြီး ဖြစ်နေသော ဝေသူချိန်ကို မော့ကြည့်နေကြသည်။

ထိုအခိုက်တွင် ထောင်ချောက်တပ်ထားသည့် သစ်ပင်ညာဘက်တောစပ်အတွင်းမှ မီးများလင်းလာသည်။ မီးတုတ်ငါးခု တစ်ပြိုင်နက် လင်းလာခြင်းပင်ဖြစ်သည်။

ထို့နောက် မီးတုတ်ကိုင်ထားသူငါးယောက်က တောအုပ်တွင်းမှထွက်လာကာ မြေပြင်တွင် မီးတုတ်များကို စိုက်ထူလိုက်ကြရာ ထိုအနားတစ်ဝိုက်တွင် ထင်သာမြင်သာ ဖြစ်သွားသည်။

မီးတုတ်ကိုင်ထားသူများက ဟွကိုချင်နှင့် ထင်ရှောက်ရိတို့ဘက်သို့ မျက်နှာချင်းဆိုင် တန်းစီရပ်လိုက်ကြသည်။



"ဩ....ခင်ဗျားတို့ကိုး၊ ကျုပ် ထင်တော့ထင်သားပဲ"

နတ်လေပြည်ဟွကိုချင်က မထူးဆန်းလှသော လေသံဖြင့် ပြောလိုက်သည်။ သူတို့ကား ရှင်ပျက်တစ္ဆေသုံးဖော်၊ မရဏပလွေရှင်ဝူဖန်နှင့် မျက်နှာသေသိုင်းသမားတို့ပင် ဖြစ်သည်။

သူတို့က စကားတစ်လုံးမျှလည်းမပြောကြ၊ သူတို့နောက်အပေါ်ဘက်တွင် ကြိုးတန်းလန်းနှင့် စောက်ထိုးဖြစ်နေသော ဝေသူချိန်ကိုလည်း ဂရုမစိုက်ကြ။

ဝေသူချိန်က သူ့ခြေထောက်မှကြိုးကို ဖြတ်နိုင်ရန်ကြိုးစားသည်။ သို့သော် တင်းကျပ်စွာ ချည်ပတ်မိနေသောကြိုးက ခိုင်ခံ့လှသည်။ လက်နက်တစ်စုံဘစ်ရာမပါဘဲနှင့် ဖြတ်မည့်ပုံမရှိ။

"ခင်ဗျားတို့က ကြီးလေယုတ်မာလေ၊ ကြီးယုတ်ကြီးတွေပဲ"

နတ်လေပြည် ဟွကိုချင်ကမူ ဝေသူချိန်ကို ကယ်နိုင်ရန် ကြိုးစားရင်း စကားလုံးများဖြင့် ထိုးနှက်နေသည်။ သို့သော် ယခင်ကဆတ်ဆတ်ထိမခံတတ်ကြသော ရှက်ပျက်တစ္ဆေသုံးဖော်နှင့် မရဏပလွေရှင်ဝူဖန်တို့သည် ယခုအခါ နားမပါသည့်အလား ဘာကိုမှမကြားဟန်ဖြင့် မလှုပ်မယှက် ရပ်နေကြသည်။

သူတို့ပုံမှာ ကြီးမြတ်သောပုဂ္ဂိုလ်တစ်ပါး ကြွချီလာမည်ကို စောင့်ကြိုနေသည့် ဂုဏ်ပြုတပ်သားကျော်များ အလားပင်ဖြစ်သည်။

"ဟော့ကောင်....မျက်နှာသေ၊ မင်းနဲ့ငါနဲ့လဲ စာရင်းရှင်းရဦးမယ်၊ မင်း ဟူဘန်တောင်ပေါ်မှာ ယုတ်မာဖို့ကြံစည်ခဲ့တာကို သတိရသေးရဲ့လား"

နတ်လေပြည်ဟွာကိုချင်က အရုပ်ကြီးများနှင့် စကားများရန်ဖြစ်နေသည့်အလား တစ်ယောက်တည်း စကားပြောလျက်ရှိသည်။ သူသည် သူက ဤမျှပြောနေလျက်နှင့် တစ်ဖက်မှ တစ်ခွန်းမျှ ပြန်မပြောသောအခါ ကြိတ်မနိုင်ခဲမရဖြင့် ဒေါသပွလာသည်။

ခဏတွင် နတ်လေပြည်ဟွာကိုချင်က ခါးမှကြိုးကိုဖြုတ်လိုက်ရင်း....

"ကဲ....ဒီလောက်တောင် နားမင်းတဲ့ လူယုတ်မာတွေ၊ တွေ့ကြသေးတာပေါ့ကွာ"

သူက တိုက်ခိုက်ရန်ပြင်ဆင်လိုက်သည်။

သို့သော် သူသည် တိုက်ခိုက်ခြင်း မပြုလိုက်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုအခိုက်မှာပင်ကျေ ဝိုက်လျက်ရှိသော လျှိုဘက်မှ လူသုံးယောက်ထွက်လာသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထွက်လာသော လူသုံးယောက်တွင် ရှေ့ဆုံးမှလူမှာ ဝတ်ရုံနက်ကြီးကို ခြေဆုံးခေါင်းဖျား ခြုံထားသော သခင်ကြီးဆိုသူ ဖြစ်၍ သူ့နောက်ဘက်မှ လူနှစ်ယောက်မှာ မြောင်ဒေသမှ လူရိုင်းတစ်မျိုးတို့ ကိုင်ဆောင် အသုံးပြုလေ့ရှိသော လူ၏ ခြေထောက်ရိုးများကို ကိုင်ဆောင်ထားကြသည်။ သို့သော် ယခုလူများ ကိုင်ဆောင်ထားကြသည်မှာမူ လူ၏ ခြေထောက်



ရိုး အစစ်ဟုတ်ပုံမရဘဲ သံမဏိဖြင့်ပြုလုပ်ထားပုံ ရပေသည်။ ထိုလူနှစ်ယောက်မှာ သေးသွယ်ကျစ်လျစ်သော ခန္ဓာကိုယ်နှင့် အရပ်အမောင်းအနေတော်ဖြစ်ကာ အနီရောင် ကိုယ်ကျပ်ဝတ်စုံ ဆင်တူဝတ်ဆင်ထားကြသည်။ ဆံပင်ကို ကျစ်ဆံမြီးရှည် ကျစ်ထားသော ထိုလူများ၏ မျက်နှာပေါ်က မြောင်လူရိုင်းမျိုး အစစ်ဖြစ်ကြောင်း ကောင်းကောင်းဖော်ပြနေသည်။

ထိုလူနှစ်ယောက်မှာ သခင်ကြီးဆိုသူ၏ လူယုံလက်ရင်း ကိုယ်ရံတော် အစစ်များဖြစ်ပုံရပေသည်။

သခင်ကြီးဆိုသူသည် တည်ငြိမ်ခန့်ညားသော ခြေလှမ်းများဖြင့် လှမ်းလာပြီးလျှင် မလှုပ်မယှက် ရပ်နေကြသော သူ့လူငါးယောက်၏ရှေ့ ငါးဆယ့်အကွာတွင် ဟွာကိုချင်နှင့် ထင်ရှောက်ရီဘက်သို့ လှည့်လိုက်၍ ရပ်လိုက်သည်။

ထို့နောက်သူက တည်ငြိမ်စူးရှသော လေသံဖြင့်....

"နောက်ဆုံးတော့ စာရင်းရှင်းရမယ့်အချိန်ကို ရောက်လာကြပြီ"

ပြောလိုက်သည်။

ဟွာကိုချင်သည် သခင်ကြီးဆိုသူ ရောက်လာသည့် အချိန်မှစ၍ အလွန်တည်ငြိမ်သွားသည်။ သူသည် ကြိုးခွေကိုအသင့်ကိုင်ရင်း သခင်ကြီးဆိုသူကို စူးစိုက်ကြည့်ရှုနေသည်။ ပြီးမှ သူက....

"ကျုပ်တို့ကတော့ ဒီစာရင်းကိုရှင်းဖို့ ကြိုးစားခဲ့ကြတာကြာပြီဗျ၊ ခင်ဗျားကတော့ စာရင်းရှင်းမယ်လို့ပြောပြီး ခင်ဗျား ဘယ်သူဆိုတာ တောင် လူမြင်မခံရဲခဲ့ဘူး မဟုတ်လား"

တည်ငြိမ်စွာပင် ပြောလိုက်သည်။

"ဒါက မင်းတို့ ငါးယောက်အတွက် အကြောင်းမဟုတ်တော့ပါဘူး၊ ငါ့ဘယ်သူပဲဖြစ်ဖြစ် မင်းတို့ငါးယောက်အတွက် အသက်ရှင်ခွင့်ဟာ ဒီနေ့ညမှာပဲ ကုန်ဆုံးသွားပါပြီ"

သခင်ကြီးဆိုသူက တည်ငြိမ်စွာ ဆက်လက်ပြောဆိုလိုက်သည်။

"ငါးယောက်...."

နတ်လေပြည် ဟွကိုချင်က ပဲ့တင်ထပ်သလို ရွတ်ဆိုလိုက်သည်။

"အင်း....မင်းတို့သုံးယောက် ရောက်မလာခင် ကတည်းက ရှန်စိနယ်စားကြီး ယူဝန့်ပိန်နဲ့ ပင့်ကူမားဝူစိန်ဝမ်းတို့က ကြိုပြီး ရောက်နေကြတယ်လေ"

သခင်ကြီးဆိုသူ၏ စကားအဆုံးတွင် ပုန်းကွယ်နေ၍ မထူးတော့ပြီ ဖြစ်သဖြင့် မိုးမခပင်ကြီးပေါ်တွင် ပုန်းကွယ်စောင့်ဆိုင်းနေကြသော နယ်စားကြီး ယူဝန့်ပိန်နှင့် ပင့်ကူမားဝူစိန်ဝမ်းတို့က လွှားခနဲ ခုန်ဆင်းလိုက်ကြကာ ဟွကိုချင်နှင့် ထင်ရှောက်ရိတ္တိတေးသို့ ရောက်လာသည်။

သခင်ကြီးဆိုသူက သူတို့လေးယောက်ကို ကြည့်နေသည်။

"မင်းတို့ငါးယောက်ရဲ့ နောက်ဆုံးအချိန်ကို ရောက်ကြပြီ၊ ဒါကလဲ မြို့ထဲမှာဆိုရင် မြို့သူမြို့သားတွေ လှုပ်လှုပ်ရွှားရွှားဖြစ်ကုန်မှာစိုးလို့ မင်းတို့ဒီလောက် အသက်ရှည်နေတာပါ၊ ငါ့အနေနဲ့ မသတ်နိုင်လို့မဟုတ်ပါဘူး၊ အခု ငါပြောချင်တာက မင်းတို့အနေနဲ့ အကျိုးမဲ့အသေခံကြမလား၊ ဒါမှမဟုတ် ငါ့



သစ္စာကိုခံပြီး ဒီထက်မနိမ့်တဲ့ အကျိုးခံစားခွင့်နဲ့ အသက်ရှင်မလားဆိုတဲ့ မေးခွန်းကို ဖြေကြဖို့ပဲ၊ ငါ့သြဇာကိုနာခံမယ်ဆိုရင်တော့ ငါ့ဘက်ကို ပြောင်းလာနိုင်တယ်"

သခင်ကြီးဆိုသူက တည်ငြိမ်စွာ ပြောလိုက်သည်။

ထိုစကားအဆုံးတွင် မြို့စားလေးမှာ လှုပ်လှုပ်ရွှားရွှားဖြစ်သွားသည်။ သို့သော်သူသည် သူလေးစားသော နယ်စားကြီး၏ အားမှာပင် အံခဲ၍ရပ်မြဲရပ်နေသည်၊ ထို့စဉ်....

"မြို့စားလေး....မင်းကငါ့ကို အာခံမှာလား"

သခင်ကြီးဆိုသူက မေးလိုက်ရာ နယ်စားကြီး ယူဝန့်ပိန်နှင့် ပင့်ကူမားယူစိန်ဝမ်းတို့က အလွန်အမင်း အံ့သြသွားဟန်ဖြင့် မြို့စားလေးကို လှမ်းကြည့်လိုက်ကြသည်။

မြို့စားလေးက အံကိုတင်းတင်းကြိတ်ရင်း မျက်ရည်ပေါက်ကြီးများ စီးကျနေသည်။

သူသည် စကားပြောလိုပုံရသည်။ သို့သော် ဆို့နင့်နေသော ခံစားချက်ကြောင့် စကားပြော၍ ရနိုင်ပုံမပေါ်၊ ကျိတ်၍ ရှိုက်နေသကဲ့သို့ သူ့တစ်ကိုယ်လုံး တုန်ယင်လာသည်။

"ငါ့ကိုအာခံရင် မင်းဘယ်လို ခံစားရမယ်ဆိုတာကို ပြန်စဉ်းစားနော်"

သခင်ကြီးဆိုသူက လေသံပျော့ဖြင့် ခြိမ်းခြောက်လိုက်သည်။

"ကျွန်တော့်ကို သတ်လိုက်ကြပါ"

မြို့စားလေးထံမှ အက်ကွဲသောအသံ ထွက်ပေါ်လာသည်။ ယူသည် အလွန်ထူးဆန်းသော ခံစားချက်များ၏ လွန်ဆွဲမှုများကြောင့် ယိမ်းထိုးလှုပ်ရှားနေသည်။

"ကျွန်တော်တို့ ခင်ဗျားကိုခွင့်လွှတ်ကြပါတယ် မြို့စားလေး၊ လူဟာ ဘယ်သူမှ ကိုယ့်ကိုကိုယ်ထက် ပိုမချစ်နိုင်ကြပါဘူး၊ သေတာထက်ဆိုးတဲ့ ဝေဒနာတွေရှိသေးတယ်ဆိုတာကို ကျွန်တော်တို့ နားလည်ကြပါတယ်"

မည်သူမျှမမျှော်လင့်ဘဲ နတ်လေပြည်ဟွာကိုချင်၏ တည်ငြိမ်သောအသံ ထွက်ပေါ်လာသည်။ သူသည် သိုးကျောင်းသားပျော်ပွဲစားရုံအတွင်း၊ သူ့အား ထင်ရှောက်ရီက အဆိပ်ခတ်ရန် ကြံစည်ခဲ့စဉ်ကပင် သိခဲ့သူဖြစ်သည်။ သို့သော် အခြေအနေကို သေချာသိချင်သဖြင့် စောင့်ကြည့်ခဲ့သူသာ ဖြစ်သည်။ သူသည် လူသားဘဝကို နားလည်သူဖြစ်ရာ အကျပ်ကိုင်ခြင်းခံနေရသော မြို့စားလေးကို ဗွေမယူခဲ့ချေ။

နတ်လေပြည် ဟွာကိုချင်၏လေသံကို ကြားရသောအခါ ထင်ရှောက်ရီ၏ကိုယ်မှာ ပိုမို၍ ယိမ်းထိုး လှုပ်ရှားသွားသည်။ သူသည် မျက်ရည်များပြည့်နေသော မျက်လုံးများဖြင့် နတ်လေပြည် ဟွာကိုချင်ကို လှမ်းကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကိုခွင့်လွှတ်တယ် ဟုတ်လား၊ ကျုပ်က ကျုပ်ကိုကျုပ် ခွင့်မလွှတ်ဘူးဗျ၊ ကျုပ် အလကားကောင်…နှစ်ခါသေချင်တဲ့ကောင်"

ထို့နောက် သူ့မျက်လုံးများက တူးခြားစွာ တောက်ပလာသည်။ သူက သူ၏ တိမ်သွေးဓားကို ထုတ်လိုက်သည်။



"ကျုပ်ဘဝတစ်ခုလုံးကို ဖျက်ဆီးခဲ့တဲ့ ခင်ဗျားကို သတ်မယ်"

သူသည် အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ကာ သခင်ကြီးဆိုသူထံသို့ ပြေးဝင်သွားသည်။

ထိုသို့ပြေးဝင်သွားရင်း သူက ဓားကို ဝှေ့ယမ်းသွားရာ မီးတုတ်များမှ အလင်းရောင်နှင့် အပင်းစက်ဝိုင်းများ ဖြစ်သွားသည်။

"ယား…"

ထင်ရှောက်ရီက သခင်ကြီးဆိုသူ၏ရင်ဝကို တိမ်သွေးဓားဖြင့် အားကုန်ထိုးချလိုက်သည်။ သခင်ကြီးဆိုသူက တိမ်းသည်ဆိုရုံမျှ တိမ်းလိုက်သည်။ တိမ်သွေးဓားက သခင်ကြီးဆိုသူ၏ ညာဘက်ရင်ပုံဆီသို့ တစ်ဝက်ခန့် တိုးဝင်သွား၏။ သခင်ကြီးဆိုသူကား လဲကျမသွားဘဲရှိသည်။

ထင်ရှောက်ရီက သူ့ဓားကို အားကုန် ဆွဲထုတ်လိုက်သည်။ သူက ပက်လက်လန်ကျသွားတတ် ပြန်ဆွဲနုတ်သော်လည်း ဓားက ပြန်ပါမလာဘဲ ရှိနေသည်။ ထိုစဉ် သခင်ကြီးဆိုသူ၏ဘယ်ခြေက ရုတ်တရက် မြောက်တက်လာကာ ထင်ရှောက်ရီ၏ခြေထောက်ကို သိမ်းကန်လိုက်ရာ…

"ဝုန်း…"

ထင်ရှောက်ရီမှာ ပက်လက်လန်၍ လဲကျသွားသည်။

တစ်ပြိုင်တည်းမှာပင် သခင်ကြီးဆိုသူက သူ့ညာဘက် ချိုင်းကြားတွင် ညှပ်ထားသော ထင်းရှောက်ရိုး၏ တိမ်သွေးဓားကို ဘယ်လက်ဖြင့်ကိုင်လိုက်ကာ သဲကျနေသော ထင်းရှောက်ရိုး၏ ရင်ဝသို့ အားကုန်ထိုးစိုက်ချလိုက်သည်။

"ဝုမ်း...."

"ဒေါက်..."

သခင်ကြီးဆိုသူ မျှော်လင့်ဘားပုံမရသောအဖြစ်၊ သူက တိမ်သွေးဓားဖြင့် ထင်းရှောက်ရိုး၏ရင်ဝသို့ ထိုးစိုက်အချလိုက်တွင် နတ်လေပြည်ဟ္မကိုချင်၏ လက်ထဲမှကြိုးက လျှပ်တစ်ပြက်ရှေ့သို့ဆန့်ထွက်လာကာ ဓားကိုရစ်ပတ်၍ ဆွဲယူ သွားသည်။ ထင်မှတ်မထားသောအဖြစ်မို့ သခင်ကြီးဆိုသူ၏ လက်ထဲမှဓား လွတ်ပါသွားသည်။

ထိုအခိုက် လူ၏ခြေထောက်ရိုးသဏ္ဌာန် သံမဏိတုတ်များကို ကိုင်ဆောင်ထားကြသော သခင်ကြီး၏ ကိုယ်ရံတော်နှစ်ယောက်က ဆတ်ခနဲ ရှေ့သို့ ခုန်လိုက်ကာ ခြေထောက်ပိုင်းပိုင်းကျိုးကျေ ရှုတ်တရက် ထနိုင်ပုံမရသော ထင်းရှောက်ရိုး ခေါင်းကို ပြိုင်တူထုချလိုက်ကြသည်။

ရိပ်ခနဲ လှုပ်ရှားမှုများနှင့်အတူ....

"ထန်း...."

မီးပွင့်ကာ ပြင်းထန်သောထိခိုက်သံ ထွက်ပေါ်လာသည်။



နယ်စားကြီးယူဝန်ပိန်နှင့် ပင့်ကူမား ဝူစိန်ဝမ်းတို့က ခုန်လွှား စင်ရောက်ကာ သူတို့လက်နက်များဖြင့် ခံဆောင်လိုက်ခြင်းကြောင့် ဖြစ်သည်။

ထို့နောက် မြွောင်လူမျိုး ကိုယ်ရံတော် နှစ်ယောက်နှင့် နယ်စားကြီးယူဝန်ပိန်၊ ပင့်ကူမား ဝူစိန်ဝမ်းနှင့် နတ်လေပြည်ဟ္မကိုချင်တို့၏ တိုက်ပွဲက လျင်မြန်စွာ ဆက်လက်ဖြစ်ပွားသည်။

ပင့်ကူမား၏လှုပ်ရှားမြည်ဟည်းသံ၊ ကြိုးလက်နက်၏အသံ၊ အတွင်းအား လေခွင်းသံများ၊ လက်နက်ချင်းထိခိုက်သံများ လှုပ်ရှားဆူညံသွားသည်။

နယ်စားကြီးယူဝန်ပိန်တို့မှာ သုံးယောက်နှင့် နှစ်ယောက် တိုက်ခိုက်ရခြင်းဖြစ်သော်လည်း ခဏချင်းမှာပင် နောက်ဘက်သို့ ဆုတ်ခွာလာရသည်။

သခင်ကြီးဆိုသူ၏ မြွောင်လူမျိုး ကိုယ်ရံတော်နှစ်ယောက်၏ တိုက်ခိုက်မှုမှာ ထူးဆန်းသည်နှင့်အမျှကြောက်မက်ချောက်ချားဖွယ် ရှိလှသည်။

တစ်ယောက်က အောက်ခြေပိုင်းကို တိုက်ခိုက်နေခိုက်စဉ် တစ်ယောက်က ထိုလူ့အပေါ်မှ ကျော်တက်လာကာ အပေါ်ဘက် တိုက်ခိုက်သည်။ တစ်ခါတစ်ရံတွင် လက်လေးဖက်နှင့် လူတစ်ယောက်တည်း တိုက်ခိုက်သကဲ့သို့ ဖြစ်နေရာမှ ရုတ်ခြည်းပင် လူရိပ်များဖြစ်သွားကာ ပြင်းထန်စွာ လှည့်ပတ်တိုက်ခိုက်ပြန်သည်။

သူတို့၏လှုပ်ရှားမှုမှာ အလွန်ပင် လျင်မြန်လှသည်ဖြစ်ရာ ဆရာကြီးဇူစိန်ဝမ်း၏ ပင့်ကူဓားနှင့် ဟွာကိုချင်၏ကြိုးလက်နက်တို့မှာ အသုံးမဝင်လှဘဲ ဖြစ်နေသည်။

နယ်စားကြီး ယွဝန်ပိန်မှာ ထိုကိုယ်ရံတော်နှစ်ယောက်၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရရာ ခဏအတွင်းမှာပင်....

"ထန်း...."

"ချလွမ်...."

ကိုယ်ရံတော်တစ်ယောက်၏ သံမဏိအရှိုးလက်နက်နှင့် ဓားသွား ပြင်းထန်စွာထိခိုက်မိသံနှင့်အတူ နယ်စားကြီး၏လက်ထဲမှ ဓားလွင့်စဉ်သွားသည်။ နယ်စားကြီးမှာလည်း ယိုင်တီးယိုင်ထိုးဖြင့် နောက်ဘက်သို့ အတင်သာဆုတ်ခွာလိုက်ရသည်။

ထိုအခိုက် ဟွာကိုချင်နှင့် ဇူစိန်ဝမ်းတို့က နယ်စားကြီးအတွက် အကာအကွယ်ပေးရန် ကြားဝင်၍တိုက်ခိုက်လိုက်ကြပြန်သည်။

သို့သော် သူတို့နှစ်ယောက်စလုံးလည်းကြာကြာမခံနိုင်ချေ။

"ချလွမ်း....လွမ်း"

ဆရာကြီးဇူစိန်ဝမ်း၏ ပင့်ကူဓားသွား ခြောက်ခုစလုံး ကျိုးထွက်သွားပြန်၏။ နောက်ထပ်ခဏမျှကြာသောအခါတွင် နတ်လေပြည်ဟွာကိုချင်မှာ ထိုလူနှစ်ယောက်၏ တိုက်ခိုက်မှုကို အလူးအလဲခံနေရတော့ရာ ခဏအတွင်းမှာပင် ရှုံးနိမ့်တော့မည့် အနေအထားသို့ ရောက်ရှိသွားသည်။ ကျန်သည့်လူများမှာလည်း မည်သို့မျှ ကူညီနိုင်သော အခြေအနေတွင် မရှိတော့ချေ။ ထိုအခိုက်မှာပင်....

"ရပ်လိုက်စမ်းဟေ့...."



ကြည်လင်စူးရှသောအသံနှင့်အတူ လူငယ်တစ်ဦး ပြေးဝင်လာသည်။

"ပန်ကူးလျန်"

ကြိုးတန်းလန်းနှင့် စောက်ထိုးကြီးဖြစ်နေသောဝေသူချိန်က ဝမ်းသာအားရ ခေါ်လိုက်သည်။

## ( ၃၄ )

ယောကျ်ားလေးတစ်ဦးနှယ် ရှပ်ဖျက်ဝတ်ဆင်ထားသော ပန်ကူးလျှန်က စေသူချိန်ကို ဂရုမစိုက်ချေ။ အသေအလဲ ခုခံနေရရင်းမှ နောက်သို့ဆုတ်၍ ရပ်နေရသော ဟူကိုချင်ကိုသာ မီးဝင်းဝင်းတောက်မတတ် မျက်လုံးများဖြင့် စူးစိုက်ကြည့်၍ နေရင်း....

"ဒီလူယုတ်မာကို မင်းတို့ သတ်စရာမလိုဘူး၊ ငါ့လက်နဲ့ သတ်မယ်"

တင်းမာစွာ ပြောလိုက်သည်။

နတ်လေပြည်ဟူကိုချင် အလွန်အံ့ဩနေသည်။



"ဟော....မင်းက ငါ့ကို ဘာဖြစ်လို့ လူယုတ်မာလို့ ခေါ်ရတာလဲ၊ မင်း ငါ့ကို ဒီလိုခေါ်ပြီး စော်ကားတာ နှစ်ကြိမ်ရှိပြီ"

ဟူကိုချင်က ဘာမသိဘာမသိလေသံမျိုးဖြင့် ပြောလိုက်သည်။

"မင်းဟာ လူယုတ်မာမို့ လူယုတ်မာလို့ခေါ်တာပေါ့"

"ဟာ...ငါက ဘာကိုယုတ်မာလို့လဲကွ"

နတ်လေပြည် ဟူကိုချင်က မခံချိမခံသာ ပြန်မေးလိုက်ပြန်သည်။ ပန်ကူးလျှန်က ခြေဖစ်ချက်ဆောင့်လိုက်ပြီး....

"ဟင်....ခင်ဗျားက ကိုယ့်ယုတ်မာမှုကိုတောင် ကိုယ်မမှတ်မိရအောင် ဘယ်လောက်တောင် ယုတ်မာမှုတွေကို ကျူးလွန်ခဲ့သလဲဗျ....ဟင်"

အံကြိတ်သံနှင့် ပြောလိုက်ပြန်၏။

"ငါတစ်ခါမှ မယုတ်မာခဲ့ဘူးကွ"

နတ်လေပြည်ဟူကိုချင်ကလည်း ပြန်အော်သည်။

ပန်ကူးလျှန်မှာ ဟူကိုချင်၏ယုတ်မာမှုကို ထုတ်ဖော်ပြောဆိုရန် ခက်နေပုံရသည်။ မျက်နှာပေါ်တွင် ကြိတ်မှိန်ခဲ့မရ အမုန်းအရှုံမျိုး ပေါ်လာသည်။

"ခင်ဗျားယုတ်မာတာကို ကျုပ်က ပြောရမလားဗျ၊ ခင်ဗျားကိုယ်ခင်ဗျား သိမှာပေါ့၊ ဒီမှာ ကျုပ်ဘယ်သူလဲဆိုတာ ကြည့်စမ်း"

18 ပန်ကူးလျှန်က ဆောင်းထားသော ခမောက်ဝိုင်းနှင့် မျက်နှာဖုံးကို ချွတ်ပြလိုက်သည်။ ထိုအခါ နုနယ်ပျိုမျစ်၍

ချစ်ဖွယ်ဘော မိန်းမလှကလေးတစ်ယောက်၏ မျက်နှာကလေး ပေါ်လာသည်။

"ဟာ..."

နတ်လေပြည်ဟွကိုချင် ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

"လူယုတ်မာကြီး၊ ခင်ဗျား ကျုပ်ကို မှတ်မိပြီမဟုတ်လား၊ ဒီမှာကြည့်စမ်း၊ ခင်ဗျား ကျုပ်ခြေသလုံးကိုဖက်ပြီး တောင်းပန်ရင်လဲ ကျုပ်မကျေဘူး၊ ခင်ဗျားကိုသတ်ရမှ ကျုပ်ကျေမှာ"

ပန်ကူးလျှန်က ပြောလိုက်ပြီး သူ့ဓားကို ဓားအိမ်မှနုတ်လိုက်သည်။

"မင်းကို ငါဘာဖြစ်လို့ တောင်းပန်ရမှာလဲ၊ ငါမှ လူယုတ်မာ မဟုတ်ဘဲ၊ တောင်းပန်ချင်း တောင်းပန်ရင် မင်းကသာ ငါ့ကိုတောင်းပန်ရမှာ"

"ဘာ...ခင်ဗျားကို တောင်းပန်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

ဟွကိုချင်က အောင့်အောင့် အောင့်အောင့် ပြောလိုက်သည်။

"ဘာဖြစ်လို့..."

ပန်ကူးလျှန်၏ လေသံတွင် အံ့ဩသံစွက်လာသည်။

"ဟာ...ငါက မင်းကို မယုတ်မာဘဲ မင်းကငါ့ကို စော်ကားခဲ့တာကိုးကွ၊ တစ်ခါက ငါ့ကိုသင်္ချိုင်းဟောင်းထဲမှာ ဆံထိုးနဲ့



ပစ်သွားတယ်၊ လူယုတ်မာလို့ခေါ်တာကတော့ များပြီ၊ အဲဒီအတွက် တောင်းပန်ရမှာ"

"ခင်ဗျား သေရမှာကြောက်လို့ လျှောက်ပြောနေတာလား"

"လုံးဝမဟုတ်ဘူး၊ ဒီမှာဟေ့ သူငယ်မ....ငါက မင်းဘဝကို ကယ်တင်ခဲ့ရတာ၊ အဲဒါကြောင့် မင်း အစော်ကားမခံခဲ့ရတာ၊ မင်းငါ့ကို လူယုတ်မာလို့ ပြောနေတာက မင်းဟူတန်တောင်ပေါ်မှာ ဖြစ်ခဲ့တဲ့ကိစ္စကို ရည်ရွယ်ပြီး ပြောနေတာ မဟုတ်လား၊ ဒီမှာကွ...ငါက တရုတ်ပြည် တစ်ပြည်လုံး လျှောက်သွားနေပေမယ့် မိန်းမနဲ့တော့ တစ်ခါမှ မပတ်သက်ဘူး"

"ဒါဖြင့် ကျုပ်သတိရတော့ ခင်ဗျားဘာဖြစ်လို့ ထွက်ပြေးလဲ"

ပန်ကူးလျှန်က မျက်နှာနီရဲလာရင်း မေးသည်။

"ဟာ...အဲဒါက မင်းနဲ့ မပတ်သက်ချင်လို့ပေါ့ကွ"

"ခင်ဗျား ခွေးကျင့်ခွေးကြံ ကြံတာကို ကျုပ်သိသွားလို့ မဟုတ်လား"

"မဟုတ်ဘူး၊ ဒီမှာသူငယ်မ....တကယ် ယုတ်မာမယ့်သူက မင်းကိုထောင်ချောက်ဆင်၊ မင်းက အဲဒီထောင်ချောက်မှာမိ၊ ထောင်ချောက်ထဲကအဆိပ်ဆူးတွေမင်းကိုယ်မှာစူးမိ၊ ဟုတ်တယ် မဟုတ်လား၊ မင်းသတိမေ့တော့မှ အဲဒီကောင်က ထောင်ချောက်ထဲကထုတ်ပြီး ချောက်ဂူထဲကို ပွေ့ချီသွား၊ မရှက်နဲ့လေ...မင်း ဘာမှဖြစ်ပာမှ မဟုတ်ဘဲ၊ ဒီလူယုတ်မာကို တစ်ခါ

တည်း သတ်ပစ်ဖို့ဟာ သတိလစ်နေတဲ့မင်းကို ကြည့်တော့ အဆိပ်မိနေတာ မြင်တာနဲ့ အဲဒီလူယုတ်မာကောင်ဆီက ဖြေဆေးတောင်းတယ်၊ သူက သူ့ကိုလွှတ်ပေးပါမယ် ဆိုတဲ့ကတိပေးမှ အဆိပ်ဖြေဆေးပေးမယ်လို့ ပြောတယ်ကွ။

"ငါကလဲ ဘယ်ရမလဲ၊ ဖမ်းမိထားတဲ့ဒီကောင့်ကို သေအောင်ပိတ်ပြီး တစ်ကိုယ်လုံးအနှံ့လိုက်ရှာတာ ဆေးနဲ့တူတာဆိုလို့ ဘာမှမတွေ့ဘူး၊ ဒါနဲ့ အဆိပ်မိနေတဲ့မင်းအတွက် စိုးရိမ်ပြီး သူတောင်းတဲ့ကတိကို ပေးလိုက်ရတယ်။

"အဲဒီတော့မှ ဒီကောင်က အဆိပ်ဖြေဆေးကိုပေးပြီး ထွက်သွားရော၊ သူပေးတဲ့ အဆိပ်ဖြေဆေးက လွယ်လွန်းလို့ ငါ့မှာ ကိုယ့်နဖူးကိုယ်တောင် ပြန်ရိုက်မိသေးတယ်။

"ဒီ လူယုတ်မာကောင်က ပြောသွားတယ်၊ မင်းမိထားတဲ့အဆိပ်က သာမန်အဆိပ်ပါတဲ့၊ ရင်ဘတ်က ရှုန့်ဖုန့်နဲ့ ထိန်ချိုသွေးကြောကွက်တွေကို ခဏပိတ်ပြီး သွေးပြန်ကြောကနေ အတွင်းအား သွင်းပေးလိုက်လို့ ချွေးထွက်လာတာနဲ့ ပျောက်သွားမှာပါတဲ့"

"ငါ မင်းကို အဲသလို လုပ်ပေးခဲ့တယ်"

"ဟင်....တကယ်လား"

ပန်ကူးလျှန်အသံက ဝမ်းသာအားရ ဖြစ်သွားသောအသံ။

"ဟကယ့်ပေါ့၊ ငါဘာဖြစ်လို့ လိမ်ရမှာလဲ၊ ငါ့အသက်လေးဆယ်ရှိပြီ၊ တစ်ခါမှ ငါမလိမ်ဖူးဘူး"

"ဒါဖြင့် ကျွန်တော်သတိရလာတော့ ဦးလေးအား ဘာဖြစ်လို့ ထွက်သွားရတာလဲ"



"ငါပြောပြီးသားပဲ၊ ငါက မိန်းကလေးတွေနဲ့ မပတ်သက်ချင်ဘူး၊ ပြီးတော့ ကျေးဇူးတင်မခံချင်ဘူး"

နတ်လေပြည်ဟွာကိုချင်က သူ့သဘောထားကို ပြောလိုက်သည်။ ပန်ကူးလျှန်က ခဏမျှငြိမ်နေပြီး....

"ဒီလိုဆိုရင် ယုတ်မာကြံစည်ခဲ့တဲ့ လူယုတ်မာက ဘယ်သူလဲ"

"ဘောဟိုကောင်"

နတ်လေပြည် ဟွာကိုချင်က လက်ညှိုးထိုး၍ ပြောလိုက်ရာ သခင်ကြီးဆိုသူ၏ နောက်ဘက်တွင် ငြိမ်သက်စွာရပ်နေသော မျက်နှာသေသိုင်းသမား ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်သွားသည်။

"သေပေတော့ လူယုတ်မာကြီး"

ပန်ကူးလျှန်က ဓားကိုမြှောက်၍ ပြေးဝင်သွားသည်။ သို့သော် သူမ ရှေ့ဘက်တွင်ရှိနေသည့် မြောင်လူမျိုး ကိုယ်ရံတော်နှစ်ယောက်က သံမဏိချိုးတုတ်များ ယှက်၍တားဆီးလိုက်ကြသည်။

ပန်ကူးလျှန်မှာ တုံ့ခနဲ ရပ်သွားရသည်။

သူမက တားဆီးလိုက်သောမြောင်လူမျိုး ကိုယ်ရံတော်နှစ်ဦးအား စူးစူးရဲရဲကြည့်လိုက်ရင်း....

"ကိုယ်နဲ့မဆိုင်တဲ့ အလုပ်ကို ဝင်မရှုပ်နဲ့၊ ကျုပ်က ကျုပ်အလုပ်ကို ဝင်ရှုပ်ရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် တိုက်ခိုက်မှာပဲ"

ပြတ်ပြတ်သားသားပြောလိုက်သည်။

"မိန်းကလေး...."

သခင်ကြီးဆိုသူက ခေါ်လိုက်သည်။ ပြီးမှဆက်၍....

"နတ်လေပြည်ဆိုတဲ့ကောင် ပြောတဲ့အတိုင်းဆိုရင် မင်းမှာ ဘာမှ မထိခိုက်ဘူး မဟုတ်လား၊ မင်းဘာရန်ငြိုးထားစရာ ရှိလဲ၊ မျက်နှာသေသိုင်းသမားဟာ ငါ့ဩဇာခံတစ်ယောက်ပဲ၊ သူ့အသက်ကို ငါက အာမခံပေးထားတာ၊ မင်းသတ်ချင်လို့ မရဘူး"

"သူ့အသက်ကို အာမခံရအောင် ရှင်ကဘယ်သူမို့လဲ"

ပန်ကူးလျှန်ကမေးလိုက်သည်။ သူမမှာ ဒေါသကြောင့် ဗျာတစ်ခွန်း၊ ရှင်တစ်ခွန်း ဖြစ်နေသည်။

"ငါ့ကို သခင်ကြီးလို့ပဲ သူတို့ကခေါ်ကြတယ်"

"ရှင့်ဘာသာရှင်....သခင်ကြီးပဲဖြစ်ဖြစ်၊ ကျွန်ကြီးပဲဖြစ်ဖြစ် ကျွန်မက ဂရုမစိုက်ဘူး၊ ကျွန်မကိစ္စကို ဝင်ရှုပ်ရင်တော့ ကျွန်မက တိုက်ခိုက်ရမှာပဲ"

"အင်း....တယ်ပြီးအပြောအဆိုအမူအရာမိုက်ရိုင်းတာကိုး"

သခင်ကြီးဆိုသူက လက်လျှော့သည့်လေသံနှင့် ပြောလိုက်သည်။

ပန်ကူးလျှန်က ရှေ့သို့တိုးဝင်လိုက်ပြန်သည်။

မြောင်လူမျိုးကိုယ်ရံတော်နှစ်ဦးက တားဆီးမြဲ တားဆီးထားသည်။

ပန်ကူးလျှန်က တုံ့ဆိုင်းခြင်းမရှိ၊ လက်ထဲမှဓားဖြင့် တိုက်ခိုက်တော့သည်။



ပန်ကူးလျှန်၏ တိုက်ခိုက်မှုကို မြင်သောအခါ နယ်စားကြီး ယွဝန်ပိန်နှင့် ဆရာကြီးဝူစိန်ဝမ်းတို့ပင် မျက်လုံး ပြူးသွားကြသည်။ ပန်ကူလျှန်၏ဓားရေးကား မသေးလှ။

သူမ၏ ဓားချက်များမှာ နှဲ၍ ပရိယာယ်များလှသည်။ မထင်မှတ်သော အလှည့်အပြောင်းများဖြင့် မထင်မှတ်သော နေရာများကို တိုက်ခိုက်နေရာ၊ ခဏတွင် မြောင်လူမျိုး ကိုယ်ရံတော်နှစ်ဦးမှာ နောက်ဘက်သို့ တစ်လှမ်းစီဆုတ်ခွာ ပေးလိုက်ကြရသည်။

ထိုအခိုက်တွင် ပန်ကူးလျှန်က ခုန်လွှားလိုက်သည်။ သူမက သူနှင့်တိုက်ခိုက်နေသူနှစ်ဦးကိုကျော်၍ မျက်နှာသေသိုင်းသမား ဆီသို့ တိုက်ခိုက်ရန် ခုန်ကျော်ဝင်ရောက်လိုက်ခြင်း ဖြစ်သည်။

ထိုသို့ သူမခုန်လွှားလိုက်သည်နှင့် မြောင်လူမျိုးကိုယ်ရံတော် နှစ်ယောက်ကလည်း လေထဲသို့ တစ်ပြိုင်နက် ခုန်တက်လိုက်သည်။

"ထန်း...."

"ထန်း...."

လေထဲမှာပင် ထိခိုက်သံနှစ်ချက် ထွက်ပေါ်လာကာ ပန်ကူးလျှန်၏လက်ထဲမှ ဓားလွှတ်ကျသွားပြီး၊ လေထဲမှ တစ်ပတ်လည်၍ ပြန်ကျလာသည်။ သူမက လေထဲမှာပင် ညာလက်ကို ထပ်မံလှုပ်ရှားလိုက်ပြန်သည်။

"ဝှစ်...."

သေးမျှင်သော ငွေဆံထိုးတစ်ချောင်းက ယခုတိုင် ငြိမ်သက်စွာ ရပ်နေဆဲဖြစ်သော မျက်နှာသေသိုင်းသမားထံသို့ ပြေးဝင်

သွားသည်။ သို့ရာတွင် အရှိန်ပြင်းစွာ ပြေးဝင်သွားသော ငွေဆံထိုးကလေးက မျက်နှာခသာသိုင်းသမားထံသို့ ရောက်မသွားချေ။ ကြားတွင်ရပ်နေသော သခင်ကြီးဆိုသူက ညာလက်ကို ဝှေ့ယမ်းယိုက်ရာ အင်္ကျီလက်ဖျားမှ ထွက်ပေါ်လာသော အတွင်းအားအရှိန်ဖြင့် ငွေဆံထိုးကလေးမှာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

ပန်ကူးလျှန်မှာ အံ့ထကြိတ်ကြိတ်နှင့် နောက်ဆုတ်လာခဲ့ရသည်။

"ငါ အာမခံထားတဲ့လူရဲ့အသက်ကို ဘယ်သူမှ ရန်မရှာနိုင်ဘူး"

သခင်ကြီးဆိုသူက တည်ငြိမ်အေးစက်စွာ ပြောလိုက်သည်။ ပြီးမှ ဆက်၍....

"မင်းတို့အားလုံးဟာ မြုံးထဲဝင်ကြတဲ့ ငါးတွေလိုပဲ၊ ငါ့ လက်ထဲကို ရောက်နေကြပြီ၊ ငါ မင်းတို့ကို အသက်ရှင်လျက်နဲ့ ထားလို့မဖြစ်တော့ဘူး၊ သတ်ရလိမ့်မယ်"

ပြောလိုက်သည်။ သခင်ကြီးဆိုသူ၏လေသံက အလွန်အမင်း တည်ငြိမ်လှရာ ထိုအသံအရပင်ပြောသည့်အတိုင်း ပြုလုပ်မည်မှာ ယုံမှားစရာမလိုချေ။

"ဒါက ခင်ဗျားအလုပ်ပဲ၊ ကျုပ်တို့ကတော့ ကိုယ်စွမ်းရှိသမျှ ခင်ဗျားကို တိုက်ခိုက်ရမှာပဲ"

နယ်စားကြီးယူဝန်ပိန်က အလံမလှဲသော စိတ်ဓာတ်ဖြင့် ပြောလိုက်၏။

ထိုစဉ် ယွန်ကိုချင်က....



"ခင်ဗျားက ကျုပ်တို့ကိုမသတ်ခင် ဘာကြောင့်ခင်ဗျားက လူတွေကိုသတ်ချင်နေရတယ်ဆိုတာ ပြောမပြနိုင်ဘူးလား"

မေးလိုက်သည်။

"ကျုပ်ကလူတွေကို မသတ်ချင်ဘူး၊ သိုင်းသမားတွေကိုပဲ သတ်ချင်တာပါ"

သခင်ကြီးဆိုသူက ဖြေမည်မထင်ဘဲ ပြန်ဖြေသည်။

"ဗျာ....ခင်ဗျားအဖြေက တော်တော် ဆန်းပါလား၊ ကျုပ်တော့ နားမလည်နိုင်ဘူးဗျာ၊ ကျုပ်တို့ အသေဖြောင့်အောင် ရှင်းပြနိုင်ရင် ရှင်းပြစမ်းပါ"

"ကောင်းပြီလေ၊ ငါကလဲ ဒီအကြောင်းတွေကို မင်းထဲမှာ ရှင်းသွားအောင် ပြောချင်နေတာပါ၊ ငါ ဘာကြောင့် သိုင်းသမားဆိုတဲ့လူတွေကို သတ်ချင်နေတာလဲဆိုတော့...."

သခင်ကြီးဆိုသူ၏ အာရုံရိပ်က အတိတ်ဆီသို့ ပြန်သွားပုံရသည်။ ခေတ္တမျှ တိတ်နေသည်။ ပြီးမှ သူက တစ်လုံးချင်း ပြန်ပြောပြလိုက်သည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်ကာလက တရုတ်ပြည် မြောက်ပိုင်းတွင် သိုင်းသမားကြီးတစ်ယောက် ပေါ်ထွန်းခဲ့ဖူးသည်။

လျှပ်စီးသက်တန့် သိုင်းသမားကြီး ကျူးရန်ဘာဆိုသော အမည်က တရုတ်ပြည်တစ်ပြည်လုံးကို လွှမ်းမိုးပတ်ခြုံ ကျော်ကြားခဲ့ဖူးသည်။

ထိုသိုင်းသမားကြီးသည်ကား ကျော်ကြားမှုကို မခံယူ၊ တောကြိုအုံကြား ရွာသိမ်ရွာဖျားများသို့ လှည့်လည်သွားလာကာ ဒုက္ခနှင့်ရင်ဆိုင်ရသူများကို တတ်နိုင်သမျှ ကူပင့်ထောက်မရင်း သူ့ဘဝသူ ကျေနပ်နေသူဖြစ်သည်။

တစ်နေ့တွင် ထိုသိုင်းသမားကြီးသည် ရွာတစ်ရွာတွင် ဓားပြများ လက်ချက်ဖြင့် မိဘနှစ်ပါးစလုံး အသက်ဆုံးရှုံးခဲ့ရသည့် မေလီယုဆိုသော မိန်းကလေးငယ်တစ်ဦးကို တွေ့ခဲ့ရာ ကြင်နာသနားသဖြင့် မွေးစားသမီးအဖြစ်စောင့်ရှောက်မွေးမြူခဲ့သည်။ ထို့ပြင် ထက်မြက်လှသော သူ၏ဓားသိုင်းပညာကို မကောင်းသူ လူမသမာများလက်သို့ ပြန့်ပွားသွားမည်ကို အလွန်စိုးရိမ်သော ကျူးရန်ဘာက ထိုမွေးစားသမီး မေလီယုကိုပင် သူ၏



လျှပ်စီးသက်တန့် ဓားသိုင်းပညာကို သင်ကြားပေးတော့ရန် ဆုံးဖြတ်လိုက်သည်။

ထိုဆုံးဖြတ်ချက်ဖြင့် မေလီယုကို ကျွေးမွေးပြုစုလာခဲ့ရာ အပျိုဖော်ဝင်စအရွယ်မှာပင် မေလီယုကို သိုင်းပညာ စတင်သင်ကြားပေးခဲ့သည်။ မေလီယုကား ရုပ်ရည်လှပသော်လည်း ဉာဏ်ရည်က ထက်မြက်မှုမရှိလှ။ ဆရာကြီးကျူးရန်ဘာမှာ ဤအချက်ကို ရိပ်မိပြီး သူ၏ဓားသိုင်းပညာ တိမ်ကောသွားမည်ကို စိုးရိမ်နေမိသည်။

ထိုအချိန်မှာပင် လင်ရှုံးနင်ဆိုသော သိုင်းသမားလူငယ် တစ်ယောက်က လျှပ်စီးသက်တန့်သိုင်းသမားကြီး ကျူးရန်ဘာ ထံသို့ ရောက်ရှိလာခဲ့သည်။

လင်ရှုံးနင်ဆိုသောလူငယ်ကား သိုင်းပညာကို အလွန် လိုလားသူ၊ ထို့ပြင် ဉာဏ်ရည်အလွန်ထက်မြက်၍ သိုင်းပညာတွင် တစ်ဖက်ကမ်းခတ်နိုင်သူ ဆိုသည်ကို ကျူးရန်ဘာ အကဲခတ်မိသည်။

သို့သော် ဆရာကြီးကျူးရန်ဘာမှာ သူ့ ဓားသိုင်းပညာ ပြန့်ပွားသွားမည်ကိုလည်း အလွန်စိုးရိမ်သူဖြစ်ရာ ပညာသင်ပေးရန် တောင်းပန်သော လင်ရှုံးနင်ကို ငြင်းပယ်လိုက်သည်။

လင်ရှုံးနင်က ပညာကိုလိုလားသည့်အပြင် အလွန်ဇွဲကောင်းသူဖြစ်ရာ ဆရာကြီးကျူးရန်ဘာက ငြင်းပယ်သော်လည်း မပြန်ချေ။ ပေကပ်၍နေရင်း အခွင့်သာလျှင် သိုင်းပညာသင်ပေးရန် ထပ်တလဲလဲ တောင်းပန်ခဲ့သည်။

ဆရာကြီးကျူးရန်ဘမှာ လင်ရှုံးနင်၏ လူရိပ်သူကဲကိုခတ်မိခဲ့ရာ စိတ်ကောင်းစိတ်မြက်ရှိ၍ ဖြောင့်မတ်သူမှန်း သိသဖြင့် တစ်ချက်ခုတ်နှစ်ချက်ပြက်အခနဖြင့် သူ့သမီး မေလီယုကို လက်ထပ်မည်ဆိုပါက သူ၏ လျှပ်စီးသက်တန့် သိုင်းပညာကို ပေးမည်ဟု လိုက်လျောလိုက်သည်။

လင်ရှုံးနင်က သုံးရက်မျှစဉ်းစားပြီးမှ သိုင်းပညာထက်မြက်မှသာ လက်ထပ်ပါရစေဟု ခွင့်ပန်သည်။ သူ့အကြောင်းပြချက်မှာ သိုင်းပညာသင်နေစဉ် အနှောင့်အယှက်မဖြစ်ချင်၍ဟု ဆိုသည်။

ကျူးရန်ဘက လက်ခံပြီးသင်ကြားပေးသည်။

လင်ရှုံးနင်ဆိုသောလူငယ်ကား တစ်ထွာပြလျှင်တစ်လံမြင်သော ဉာဏ်ရည်ရှိသူမျိုးဖြစ်ရာ အလွန်တိုတောင်းသောအချိန်အတွင်းမှာပင် ဆရာကြီးကျူးရန်ဘ၏ လျှပ်စီးသက်တန့်ဓားသိုင်းပညာကို မှန်မှန်ညက်ညက်ကြေအောင် တတ်မြောက်သွားခဲ့လေ၏။

လင်ရှုံးနင်ဆိုသောလူငယ်ကား ထိုမျှနှင့် တင်းတိမ်နိုင်ခြင်းမရှိချေ။ လျှပ်စီးသက်တန့်ဓားသိုင်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးသည်နှင့် သူ့မျိုးရိုးသိုင်းပညာ၊ လမ်းတွင် သူသင်ကြားခဲ့သော ဟွာတန်ဂိုဏ်းမှ သိုင်းပညာနှင့် ပေါင်းစပ်လျက် အမြုတေဓားသိုင်းဆိုသော သိုင်းပညာသစ်တစ်ရပ်ကို ယောက္ခမဆရာဖြစ်သူ ကျူးရန်ဘနှင့်တိုင်ပင်၍ တီထွင်ပြန်သည်။



သူ၏ မလျော့သောဇွဲလုံ့လနှင့် ဉာဏ်ရည်ထူးချွန်မှုကြောင့် သုံးနှစ်မျှကြာသောအခါ ပေါင်းစပ်ခဲ့ပြီးသမျှ ဓားသိုင်းပညာကိုတွင် တစ်မူထူးခြား၍ အလွန်ကြည်း အစွမ်းထက်မြက်သော အမြုတေဓားသိုင်းပညာကို လင်ရှုံးနင်တီထွင် တတ်မြောက်သွားပြန်သည်။

သူသည် ထိုဓားသိုင်းပညာဖြင့် မကောင်းသူပယ်၊ ကောင်းသူကယ်လျက် လက်တွေ့အသုံးချပြီးနောက် မေလီယုကို တရားဝင်လက်ထပ်ခဲ့သည်။ ထိုအချိန်တွင် ဆရာကြီးကျူးရန်ဘမှာ သိုင်းပညာထက် အသက်ကယ်နိုင်သော ဆေးပညာကို စိတ်ဝင်စားနေပြီဖြစ်ရာ တောတောင်များတွင် လှည့်လည်သွားလာရင်း ဆေးမြစ်၊ ဆေးဥ၊ ဆေးပင်များစုဆောင်းနေခဲ့ပြီ ဖြစ်သည်။

တစ်နေ့တွင် ဆရာကြီးကျူးရန်ဘသည် မြောင်လူရိုင်းမျိုးနွယ်စုတစ်စုနေထိုင်သော ဒေသတစ်ခုသို့ ရောက်သွားခဲ့သည်။ ထိုအခါ သူသည် ဓားပြတစ်စု၏ အဓမ္မကျင့်ကြံမှုကြောင့် သေလုမျောပါးဖြင့် မေ့မျောနေသော မြောင်လူရိုင်းအမျိုးသမီးငယ်တစ်ယောက်ကို တွေ့ခဲ့ရသည်။

ကြင်နာတတ်သော ဆရာကြီးကျူးရန်ဘသည် ထို မြောင်အမျိုးသမီးငယ်ကို ကယ်တင်စောင့်ရှောက် ခေါ်ယူလာခဲ့သည်။ ထို မြောင်အမျိုးသမီးငယ်မှာ သိုင်းပညာဖြင့် အနိုင်ကျင့် ဖျက်ဆီးခြင်းခံလိုက်ရသည်ကို အလွန် နာကြည်းခဲ့သည်ဖြစ်ရာ ဆရာကြီးကျူးရန်ဘအိမ်သို့ ရောက်သည်နှင့် သိုင်းပညာသင်ကြားပေးရန် ပူဆာတော့သည်။

ဆရာကြီးကျူးရှန်ဘာက မြောင်အမျိုးသမီးငယ်၏စိတ်ကို ရိပ်မိသဖြင့် သိုင်းပညာသင်ကြားပေးခြင်းမပြု။ သို့သော် မြောင်အမျိုးသမီးငယ်မှာ ညာဏ်အလွန်သွားသူဖြစ်ရာ ဆရာကြီး ခရီးထွက်သွားသောအချိန်များ၌ မွေးစားသမီးဖြစ်သူ မေလီယုကို ချဉ်းကပ်၍ တတ်သမျှကို သင်ကြား ပေးပါရန် တောင်းပန်ခဲ့ရာ ရိုးအေးသောမေလီယုက သနားပြီး ပြန်လည် သင်ကြားပေးခဲ့သည်။

သို့သော် စိတ်ဓာတ်ပြင်းထန်သော မြောင်အမျိုးသမီးငယ် သည် ထိုမျှနှင့် မကျေနပ်နိုင်ချေ။ သူက ဆရာကြီးကျူးရှန်ဘာ၏ လျှပ်စီးသက်တန့်သိုင်းကျမ်းကို ခိုးယူခဲ့ပြန်သည်။ ဤတွင် ဆရာကြီးနှင့် ပက်ပင်းတွေ့ခဲ့ရာ မြောင်အမျိုးသမီးငယ်က တောင်းပန်ဝန်ချသည့်ဟန်ဖြင့် ဆရာကြီးအား ဓားဖြင့် အနီးကပ်ထိုးသတ်ပစ်လိုက်သည်။ ပြီးမှ သူမက သိုင်းကျမ်းကို ဝှက်ကာ ဟန်မပျက်နေလိုက်သည်။ သို့ဖြင့် ဆရာကြီးကျူးရှန်ဘာ မှာ သိုင်းကျမ်းကိုလာခိုးသော သူများ၏လက်ချက်ဖြင့် အသက် သေဆုံးခဲ့ရဟန်ဖြင့် ဇာတ်သိမ်းခဲ့ရရှာသည်။

မြောင်အမျိုးသမီးငယ်၏ လောဘရမ္မက်မှာ ထိုမျှနှင့် အဆုံးမသတ်သေးချေ။ သူက လင်ရှုံးနှင်ကို တပ်မက်စွဲလမ်းခဲ့ ပြန်သည်။ မေလီယုမရှိလျှင် သူမအပေါ် တိမ်းညွတ်လာနိုင် သည်ဆိုသော မျှော်လင့်ချက်ဖြင့် တရိရိသေစေသောအဆိပ်ဖြင့် မေလီယုကို သတ်ပစ်လိုက်သည်။

မေလီယုသေဆုံးချိန်တွင် လင်ကိုချိန်ဆိုသော တစ်နှစ်ခွဲ အရွယ် ကလေးငယ်ကျန်ရစ်ခဲ့ရာ လင်ရှုံးနှင် တိမ်းညွတ်မှုကို



မျှော်လင့်လျက်ရှိသော မြောင်အမျိုးငယ်က မိခင်ရင်းနှယ် ကြင်နာယုယပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ သူရဲကောင်းလင်ရှုံးနှင်ကား သူမအပေါ် တိမ်းညွတ်မှုမရှိခဲ့။ သူမ မြူဆွယ်သည်ကိုလည်း မသိကျိုးကျွန် ပင်။ သူမက လင်ရှုံးနှင်၏အမြုတေသိုင်းကျမ်းကို ခိုးယူရန် ကြံစည်သည်။ လင်ရှုံးနှင်က ကိုယ်နှင့်မကွာထားသဖြင့် ခိုးယူရန် မလွယ်ကူဘဲ ရှိနေသည်။

မြောင်အမျိုးသမီးငယ်မှာ စိတ်မရှည်တော့။

မေလီယုကို လုပ်ကြံသော အဆိပ်ဖြင့်ပင် လင်ရှုံးနှင်ကို လုပ်ကြံပြန်သည်။

သူမ၏ရက်စက်သောအကြံကိုလင်ရှုံးနှင်သိချိန်တွင်အဆိပ်၏ အာဏ်ဖြင့် လင်ရှုံးနှင်မှာ အတွင်းအားဟူ၍ မရှိတော့။ လျှပ်စီး သက်တန့်သိုင်းကျမ်းကို ခိုးဝှက်ခဲ့လေ့ကျင့်ကာ တတ်မြောက်နေ သည်သာမက၊ အတွင်းအားပါ အတော်ရှိနေပြီ ဖြစ်သော မြောင်အမျိုးသမီးကို ယှဉ်ပြိုင် တိုက်ခိုက်နိုင်စွမ်းလည်း မရှိ တော့။ သို့သော် လင်ရှုံးနှင်က မှင်မောင်း ကောင်းလှသည် ဖြစ်ရာ ဟန်မပျက်နေရင်း သူ၏အမြုတေသိုင်းကျမ်းကို လုံခြုံ သော နေရာတွင် ဝှက်လိုက်သည်။ ပြီးမှ အမှတ်အသားအဖြစ် မြကျောက်ဖားရုပ်တွင် သိုင်းကျမ်းမြေပုံကို လျှို့ဝှက် မှတ် သားပြီး ထားလိုက်သည်။

လင်ရှုံးနှင်မှာ မည်သို့ပင် ဟန်ဆောင်၍ တင်းထားသည် ဖြစ်စေ၊ တစ်နေ့တွင်မြစ်ဆိပ်တွင် ရေချိုးရင်း သွေးအန်သည်။ သူက အခြေအနေ မဟန်တော့ပြီကို သိသဖြင့် သားငယ်ကို

တိတ်တဆိတ်ခေါ်ကာ မိုးခိုကောင်အနီးရှိ မျှောက်ငိုမချောက် ကမ်းပါးသို့ ထွက်ပြေးသည်။

မြောင်အမျိုးသမီး သိသွားပြီး ထက်ကြပ်မကျာလိုက်သည်။ သူက လင်ရှုံးနှင်၏ အခြေအနေမှန်ကို သိသွားပြီဖြစ်၍ အဆိပ်ဖြေဆေး ပေးမည်ဟုပြောကာ အမြဲတေ စားသိုင်းကျမ်းကို တောင်းသည်။

သူရဲကောင်း လင်ရှုံးနှင်က လုံးဝပါးစပ်မဟ။

မြောင်အမျိုးသမီးငယ်ကနှိပ်စက်မေးမြန်းရင်း သူရဲကောင်း လင်ရှုံးနှင် သေဆုံးသွားရသည်။

ထိုအချိန်တွင် လင်ကိုချိန်ဆိုသော ကလေးငယ်မှာ နှစ်နှစ်သားအရွယ်မျှ။

သူမက ထိုကလေးငယ်ကိုပါ လက်စတုံး သတ်ဖြတ်ရန် ရည်ရွယ်သော်လည်း သားအဖြစ် ရုပ်ပြထားလျှင် သူမအတွက် ပို၍အနေကောင်းမည်ကို စဉ်းစားမိခဲ့သည်။

( ၃၅ )

"ကျုပ်သိပြီ....ကျုပ်သိပြီ"

နတ်လေပြည် ဟွာကိုချင်က ထအော်လိုက်သည်။

ထိုအော်သံကြောင့် အတိတ်ကိုဆောင်လျက် ဇာတ်ကြောင်းကာ ပြောပြနေသော သခင်ကြီးဆိုသူ၏ အသံမှာ တွဲခနဲရပ်သွားသည်။

"ခင်ဗျားဟာ အဲဒီ မြောင်လူရိုင်းအမျိုးသမီးပဲ"

နတ်လေပြည်ဟွာကိုချင်ကဆက်၍ အော်ပြန်သည်။

"အင်း...မင်းကသုံးတုံးကုန်မှပဲ မစင်မှန်းသိဆိုသလို ငါ့စကားဆုံးတော့မှ လူတွင်ကျယ်လုပ်ပြီး ထအော်တာကိုး၊

 အဲဒီအကျင့်ကြောင့်ပဲ မင်း....အခုသေရတော့မယ်နတ်လေပြည်"

သခင်ကြီးဆိုသူက ပြောလိုက်သည်။

"ကဲဗျာ...ကျုပ်နောက်ထပ် လူထူင်ကျယ် လုပ်နိုင်တော့မှာမဟုတ်တဲ့၊ ခင်ဗျားဇာတ်လမ်းကိုသာ ဆက်ပြောစမ်းပါဗျာ"

နတ်လေပြည့်ဟူကိုချင်က မကြောက်မရွံ့ပင်ဆက်၍ ပြောလိုက်ပြန်သည်။

"ကောင်းပြီ သေခါနီး မင်းရဲ့ဆန္ဒကို ငါလိုက်လျောလိုက်မယ်"

ထို့နောက် သခင်ကြီးဆိုသူက စောစောက ဇာတ်လမ်းကို ပြန်ဆက်သည်။

"အဲဒီလို လင်ရှိုးနှင်သေသွားတော့ ငါ့အနေနဲ့ မြကျောက်ရှင်ကို ရလိုက်ပေမယ့် အမြုတေသိုင်းကျမ်းကိုတော့ ရှာမရခဲ့ဘူး၊ ဖားရုပ်ကိုထုလုပ်ထားတဲ့ မြကျောက်ရှင်ရဲ့ ဝမ်းဗိုက်မှာ မြေပုံအညွှန်းပါတာက မှန်တယ်၊ အဲဒီ အညွှန်းအရ အမြုတေသိုင်းကျမ်းဟာ မိုးခိုတောင်ထိပ်မှာ ရှိနေတယ်ဆိုတာ ညွှန်ပြတာလည်းမှန်တယ်၊ ဒါပေမယ့် ဖွင့်ဖို့သော့မရှိဘူး၊ လင်ရှိုးနှင်ဟာ သူ့သိုင်းကျမ်းရှိတဲ့သိုက်ကိုဖွင့်ဖို့သော့ကို သေရာယူသွားခဲ့ပုံရတယ်။

"ဒါပေမယ့် အဲဒီအချိန်မှာ ငါဟာ လျှပ်စီးသက်တန့်သိုင်းကျမ်းကို ဒိုးလိုမွှေရေလိုနှောက်နိုင်နေပြီ၊ ဒီသိုင်းကျမ်းတစ်ခုတတ်မြောက်ရင်ပဲ သိုင်းလောကမှာ ငါ့အနေနဲ့လူတစ်လုံးသူတစ်လုံး လုပ်လို့ရနေပြီ၊ ဒါပေမယ့် ငါကမသေချာတဲ့ အလုပ်ကို မလုပ်ချင်တော့ဘူး၊ ငါဟာအနှစ် (၂၀) နီးပါး



မိုးခိုတောင်နားမှာ အတွင်းအားနဲ့ သိုင်းပညာကို စဉ်ဆက်မပြတ် လေ့ကျင့်ခဲ့တယ်၊ တစ်ချိန်တည်းမှာပဲ ငါ့ရဲ့တောကိုပြန်ပြီး ငါ့အစမ့်ကျင့်ကြံခံရတုန်းက ခါးပြတွေရဲ့ လက်ချက်နဲ့ သေသွားခဲ့ရတဲ့ အုပ်စုခေါင်းဆောင်ရဲ့ မြေးကလေးနှစ်ယောက်ကိုခေါ်လာပြီး၊ ချောက်ပိုချောက်ကမ်းပါးကြီးအတွင်းမှာ ငါ့ရဲ့ ကိုယ်ပွားတွေအဖြစ် သိုင်းပညာအချုပ်ချုပ်ကို အစွမ်းကုန် သင်ကြားပေးခဲ့တယ်"

"နေဦး...ကျုပ်မေးဦးမယ်၊ ဝေသူချိန်ဆိုတာ လင်ကိုချိန်ဆိုတဲ့ ကလေးမဟုတ်လား"

"မှန်တယ်၊ သူကလင်ရှိုးနှင်နဲ့မေလီယာရဲ့သား၊ သူ့ကိုတော့ ငါကအတွင်းအားတို့ ကိုယ်ဖော့ပညာတို့ အာမှသင်မပေးဘဲ လျှပ်စီးသက်တန့်ဓားသိုင်း (၁၁) ကွက်ပဲ သင်ပေးခဲ့တယ်၊ သူ အသက်နှစ်ဆယ်ပြည့်တဲ့အချိန်မှာ မြကျောက်ရှင်ကိုရှာတွေ့ရင် မင်းအဖေဘယ်သူဆိုတာ ပြောပြမယ်ဆိုပြီး သိုင်းလောကထဲ လွှတ်လိုက်တယ်၊ သဘောက သူ့ကို ငါ့လက်နဲ့ မသတ်ချင်လို့ သိုင်းပညာမဖြစ်စလောက်၊ လူရည်ကလည် မလည်မဝယ်နဲ့ သိုင်းလောကထဲမှာ သေအောင် လွှတ်လိုက်တာပဲပေါ့၊ ပြီးတော့မှ သိုင်းလောကကို မြကျောက်ရှင်နဲ့ ငါက စနှောင့်ပေးလိုက်တယ်။

"ဒီမှာ မိုးကြိုးနက်အာမခံဌာနက လူတွေကိုသတ်ပြီး ဘာဖြစ်လို့ စနှောင့်ရသလဲလို့မေးစရာရှိတယ်၊ ဟောဟို ဝူစိန်ဝမ်းဆိုတဲ့ လူရဲ့မိန်းမက ငါ့ကိုကျင့်ကြံဖော်ကားသွားကြတဲ့ ဓားပြခေါင်းဆောင် ပေါက်တုကျိရဲ့ညီမ၊ ပေါက်ရှန်ကျူဖြစ်လို့ပဲ

ဗီတစ်မျိုးလုံးကို ငါပဲ လိုက်ပြီးသတ်ခဲ့တာ၊ ပေါက်ရန်ကျေဟာ ငါလက်ချက်နဲ့ နောက်ဆုံးသေရတဲ့ ပေါက်တုက၏ရဲ့ မျိုးဆက်ပဲ။

"အဲဒီ နောက်ကိုစွဲတော့တော့ အားလုံး ငါ့လက်ချက် တွေချည်းပဲ၊ ဒီမှာ ငါထင်တိုင်း မဖြစ်ခဲ့တာဆိုလို့ ဟိုကောင်လေး မသေတဲ့ကိစ္စပဲ ရှိတယ်၊ ခုတော့ မင်းတို့အားလုံး သေရတော့မှာပါ"

သခင်ကြီးဆိုသူက သူ့စကားကို အဆုံးသတ်လိုက်သည်။

"ခင်ဗျား ပြောစရာရှိတာ ဒါပဲလား၊ ကံဆိုးမိုးမှောင်ကျတဲ့ ခင်ဗျားအဖြစ်ကြောင့် သိုင်းသမားတွေကို သေစေချင်တာဟာ သိပ်ပြီး အဓိပ္ပာယ်မဲ့ရာမကျဘူးလား"

နတ်လေပြည်ဟူကိုချင်က သေမင်းကို မြင်နေရသည့်တိုင် တုန်လှုပ်ပုံမပြဘဲ မေးလိုက်ပြန်သည်။

"ဒါက ငါ့ခံစားချက်သက်သက်ပဲ၊ ငါ့ခံစားချက်အရ ငါ မှန်တယ်ထင်တာ ငါလုပ်မှာပေါ့၊ ငါဟာ သူများထင်ရာလုပ်တာကို ခံရတဲ့ငါ့အတွက် မှန်ကန်ပါတယ်"

"သိပ်ပြီးမှားတဲ့ အယူအဆပေါ့ဗျာ"

ထိုစကားမှာ နတ်လေပြည်ဟူကိုချင်က ပြောလိုက်ခြင်း မဟုတ်ပေ။ ဝါးရုံတောစပ်ဆီမှ ထွက်ပေါ်လာသော ဟူတန်ဂိုဏ်းဝင် ရီရှင်ညီနောင်တို့က ပြောလိုက်ခြင်းသာ ဖြစ်တော့သည်။

"သိုင်းလောကငြိမ်းချမ်းသာယာရေးနဲ့လူလူချင်းစေတနာ မေတ္တာနဲ့ ပေါင်းသင်းဆက်ဆံခြင်းကိုသာ အစဉ်လိုလားတဲ့



ကျုပ်တို့ဟူတန်ဂိုဏ်းအနေနဲ့ အဲဒီအယူအဆကို ကန့်ကွက်ပါတယ်"

ရီရှင်ညီနောင်က တည်ငြိမ်စွာလျှောက်လာရင်း ပြောလိုက်ပြန်သည်။

ထိုစဉ် အလွန်သေးငယ်သော်လည်း ကြည်လင် ပြတ်သားသော အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"ကျုပ်ကလဲ ဟူတန်ဂိုဏ်းရဲ့သဘောထားကို အကြွင်းမဲ့ ထောက်ခံပါတယ်"

ထိုအသံကြောင့် ယခုအချိန်ထိ တည်ငြိမ်လျက်ရှိခဲ့သော သခင်ကြီးဆိုသူပင် လှုပ်လှုပ်ရှားရှားဖြင့် ကြည့်လိုက်သည်ကို မြင်ရသည်။

ခဏမှာပင် လေချွန်သံကဲ့သို့ အသံမျိုး ထွက်ပေါ်လာကာ အသံ၏နောက်တွင် အဖြူရောင်လူရိပ်တစ်ရိပ်က မြားတစ်စင်း ပစ်လွှတ်လိုက်သည့် အရှိန်အဟုန်မျိုးဖြင့် ဝဲပျံဝင်ရောက်လာသည်။

အဖြူရောင်လူရိပ်သည် လေထဲတွင် ဝဲပျံရောက်လာရင်း ဝေသူချိန်အား ချောက်ထိုးဆွဲထားသည့်ပမာဖြစ်နေသောကြိုးကို ဖြတ်ချလိုက်သည်။

ဝေသူချိန်က မြေပြင်ပေါ်သို့ တစ်ပတ်လည်၍ကျသွားကာ လိမ့်၍ သူ့ဓားကို ပြန်ကောက်လိုက်သည်။

"ပန်ကူးလျှန်"

ထို့နောက် သူက အော်ဟစ်လိုက်ရင်း ဓားကိုပန်ကူးလျှန် ရှိရာသို့ ပစ်ပေးလိုက်သည်။

သို့သော် ဝေသူချိန်က ဓားကို ပန်ကူးလျှန်ရှိရာသို့ပစ်ပေးလိုက်စဉ်မှာပင် သခင်ကြီးဆိုသူက ရိပ်ခနဲလှုပ်ရှားလိုက်ကာ ဓားကိုဖမ်းယူလိုက်ပြီး ပန်ကူးလျှန်ကိုချုပ်ကိုင်ထားလိုက်သည်။ အလွန်လျင်မြန်လှသော လှုပ်ရှားမှုကြောင့် ပန်ကူးလျှန်သည် သခင်ကြီး၏လက်ထဲတွင် မလှုပ်နိုင်ဘဲဖြစ်နေသည်။ သခင်ကြီးဆိုသူက ဓားရှည်နှင့် ပန်ကူးလျှန်၏လည်တိုင်ကို လှီးချလိုက်တော့မည့်ပမာ ဓားသွားတင်ထားသည်။

ထိုအခိုက် ပန်ကူးကျန်နှင့် ရိရှုံရှန်ညီအစ်မတို့ အပြေးအလွှား ရောက်လာကြပြန်၏။ သို့သော် သူတို့မှာလည်း သခင်ကြီး ဆိုသူ၏ လက်ထဲမှ ပန်ကူးလျှန်၏ အဖြစ်ကိုကြည့်ရင်းကြက်သေ သေသွားကြတော့သည်။

"မင်း ငါ့သမီးကိုလွှတ်လိုက်ပါ ကျင်ဖြူ"

ဝေသူချိန်၏ကြိုးကို ဖြတ်ချပေးလိုက်သော အမျိုးသမီးကြီးက ပြောလိုက်သည်။ သူကား ပန်ကူးကျန်တို့ညီအစ်မ၏ မွေးမိခင်သဖွယ်ဖြစ်သော ဝင်စုခြုံဆိုသည့် အမျိုးသမီးကြီးပေတည်း။

နာမည်ရင်းကိုအခေါ်ခံလိုက်ရသော သခင်ကြီးက ဝင်စုခြုံကို ကြည့်လိုက်သည်။

"မင်းက ငါ့နာမည်ကိုသိရအောင် ဘယ်သူလဲ"

"ကျုပ်နာမည် ဝင်စုခြုံလို့ခေါ်တယ်၊ လင်ရှုံးနှင်းနဲ့ခွဲစပ်ပြီး လက်မထပ်ရတဲ့သူ"

"ဩော် ဩော်...ဩော်...ငယ်ချစ်ဦးဆိုပါတော့"



သခင်ကြီးခေါ် ကျင်ဖြူက ခပ်ငေါ့ငေါ့ ပြောသည်။ ဆက်၍...

"ကျုပ်လက်က သွေးတွေနဲ့ ရွှဲနစ်နေပြီ၊ လူတစ်ယောက်ကို သတ်လို့ ဘာမှမထူးတော့ဘူး၊ မင်းတို့အားလုံး နောက်ဆုတ်လိုက်ကြ"

"အမေ၊ ပန်ကူးလျှန်ကို မသတ်ပါနဲ့၊ ကျွန်မတော်တော်တောင်းပန်ပါတယ်"

ဝေသူချိန်က ကြေကွဲစွာ အော်ဟစ်လိုက်သည်။

"ငါ့ကို အမေလို့မခေါ်နဲ့၊ မင်း ငါ့သား မဟုတ်ဘူးဟေ့၊ ခုလိုဖြစ်ရတာ မင်း ကြိုဟ်မွှေလို့ကွ"

သခင်ကြီးခေါ် ကျင်ဖြူက ပြန်အော်သည်။ သူက လျှို့ရှိရာသို့ တရှေ့ရှေ့ဆုတ်ခွာနေရင်းမှ အော်ဟစ်လိုက်ခြင်းဖြစ်သည်။

မြောင်လူမျိုးကိုယ်ရံတော်နှစ်ယောက်က သူ့အားနှစ်ဖက်မှ ရံ၍ ဆုတ်သွားသည်။ ရှင်ပျက်တစ္ဆေသုံးဖော်၊ မဒုဏာပလွေရှင် ဝူဖန်နှင့် မျက်နှာသေသိုင်းသမားတို့က မှင်ပေါင်ဘန်း၍ သခင်ကြီး ဆုတ်ရာသို့ ပါသွားသည်။

"ဗိုလ်ပြေးလို့ ရကြေးလားဟေ့...."

နတ်လေပြည်ဟွကိုချင်က ကြုံးဝါးရင်း လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ ဝင်စုခြုံဆိုသော အမျိုးသမီးကြီးကလည်း ဟွကိုချင်နှင့်ထပ်တူပင် လှုပ်ရှားလိုက်သည်။

"ဝှစ်...."

"ဝှစ်...."

"အင့်...."

"အို ...."

အဖြစ်အပျက်မှာ ယုံနိုင်စရာမရှိ၊ ပန်ကူးလျှန်၏လည်မျိုတွင် တင်ထားခဲ့သောဓားရှည်မှာ နတ်လေပြည်ဟွကိုချင်၏ရင်ဝတွင် စိုက်ဝင်လျက်ရှိသည်။ နတ်လေပြည်ဟွကိုချင်သည် ထိုဓားချက်ဖြင့် ပက်လက်လဲကျနေသည်။ သို့သော် သူသည် မညည်းညူချေ။ အလွန်မတန် အရှုံးအပြက်ပြောခဲ့သော သူ့မျက်နှာမှာလည်း ပြုံးလျက်သာ ရှိသည်။

သခင်ကြီးခေါ် ကျင်ဖြူမှာ ဟွကိုချင်၏လက်ထဲမှ ကြိုးခွေကို လှမ်းကြည့်နေခြင်း ဖြစ်နိုင်သည်။ ဘာကိုမျှ မမြင်ရဘဲနှင့် ရပ်နေခြင်းလည်း ဖြစ်နိုင်သည်။ သူ့ရှေ့တွင် ပန်ကူးလျှန်က ပုံလျက်သား လဲကျနေသည်။ ခဏကြာမှ ပြန်၍ဟူပ်ရှားလာလေသည်။

အားလုံး ရင်တထိတ်ထိတ်နှင့်။

သခင်ကြီးဆိုသူမှာ အတန်ကြာရပ်နေရာမှ တအိအိ လဲပြိုသွားသည်။ အလွန်သေးမျှင်သော ငွေဆံထိုးလေးတစ်ချောင်းက သူ၏ညာဘက်နားထင်စောင့် အရင်းပေါ်သည်ဆိုရုံမျှ စိုက်ဝင်နေခဲ့ချေသည်ကော။

"ကျား...."

သစ္စာခံ ကိုယ်ရံတော်များဖြစ်ကြပုံရသော မြောင်လူမျိုးကိုယ်ရံတော်နှစ်ယောက်က သူတို့သခင်ကြီး လဲကျသေဆုံးသွားသည်နှင့် ဝင်စုခြုံတို့ထံ ပြေးဝင်တိုက်ခိုက်သည်။

ချက်ချင်းလိုပင် အုပ်စုနှစ်စု၏ ပြင်းထန်လွန်းသော တိုက်ပွဲက လျင်မြန်စွာ ဖြစ်ပွားသွားတော့သည်။



နယ်စားကြီးယှူဝန်ပိန်ကလည်း သူ့ဓားကို ပြန်ကောက်၍ တိုက်ပွဲဝင်သည်။ ပင့်ကူဓားဝူစိန်ဝမ်ကလည်း မ ရွက်များ မကျန်တော့သော သံကြိုးကြီးဖြင့် ဆက်လက် တိုက်ခိုက်၏။ ရိရှင်ညီနောင်ကလည်း ကက်ညီလက်ညီပင်။ မြက်လေးလုံးမျှရှိသော သူတို့၏ဓားရောင်မှာ တလက်လက်တောက်ပနေသည်။

ပန်ကူးကျန်က ညီမဖြစ်သူထံ ခုန်ဝင်သွားပြီးနောက် ညီအစ်မ ရင်ပေါင်တန်း၍ မျက်နှာသေသိုင်းသမားထံ တိုးဝင်သွားသည်။ ရိရှုံရှန်ညီအစ်မက သူတို့အေးမှ ရုံလိုက်သွားရင်း သခင်မနှစ်ယောက်၏အေးကို အကာအကွယ်ပေးထားသည်။

ဝေသူချိန်က မြောင်လူမျိုး ကိုယ်ရံတော်နှစ်ယောက်နှင့် အပြင်းအထန် တိုက်ခိုက်နေသည်။ သူက အဘိုး ဟွာဘယ်ဖုန် သင်ကြားပေးလိုက်သော လျှပ်စီးသက်တန့် မှုကွဲသိုင်းကွက် (၁၁)ကွက်ကို အသုံးပြုနေခြင်းဖြစ်၍ ကိုယ်ရံတော်နှစ်ယောက်မှာ အသာမရနိုင်ဘဲ ဖြစ်နေသည်။

ဝင်စုခြုံမှာ တိုက်ပွဲတစ်ခုလုံး တရိပ်ရိပ် လှုပ်ရှားကာ ဟာကွက်များကို လိုက်ဖြည့်ပေးနေ၏။

ဝေသူချိန်တို့ဘက်တွင် တိုက်ပွဲမဝင်နိုင်သူဟူ၍ နှစ်ယောက်သာ ရှိသည်။ ခြေထောက်နှစ်ချောင်းစလုံးတွင် သွင်သွင်ကျိုးသွားခဲ့သော မြို့စားလေးထင်ရှောက်ရိနှင့် သူရဲကောင်းပီပီ ကျဆုံးသွားခဲ့လေသည့် နတ်လေပြည် ဟွကိုချင်တို့ပင် ဖြစ်သည်။

တိုက်ပွဲ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ခုတ်သံ၊ ထစ်သံ၊ လက်နက်ချင်းထိခိုက်သံ၊ မာန်သွင်းအော်ဟစ်သံတို့ဖြင့် ပွက်ပွက်

ညံနေသည်။ သို့သော် အနိုင်အရှုံးအဘွက် စိတ်ခေ၍ ရင်မောစရာ မရှိတော့ပါ။

စိတ်ဓာတ်အား၊ လူအင်အား အသာဖြင့် တိုက်ခိုက်နေသော ဝေသူချိန်တို့ဘက်မှ ခဏချင်းမှာပင် အောင်ပွဲများ ရရှိလာသည်။ တစ်ဘက်လုံးလည်းဆိုးခဲ့၍ နောက်ဆုံးအချိန်အထိလည်း မကောင်းခဲ့သော ရှင်ပျက်ဘဏ္ဍာသုံးဖော်၊ မရဏပလေ့ရှင်ဝူဖန်နှင့် မျက်နှာသေသိုင်းသမားတို့မှာ ဒဏ်ရာများ တစ်ခုပြီးတစ်ခု ရရှိရာ တစ်ယောက်ပြီးတစ်ယောက် လဲကျသေဆုံးကုန်သည်။

နောက်ဆုံးအချိန်အထိ မမှန်ဘူးဆိုစေ သခင်ကြီးဆိုသူအပေါ် သစ္စာရှိစွာဖြင့် ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်သွားသူများကား မြောင်လူမျိုး ကိုယ်ရံတော်နှစ်ယောက်ပင်။

သူတို့နှစ်ယောက်၏ သိုင်းပညာစွမ်းမှာ သခင်ကြီးခေါင်ဖြူနီးပါးမျှ မြင့်မားကြသည်ဖြစ်ရာ ဝေသူချိန်က အစွမ်းကုန် တိုက်ခိုက်ယူရသည်။ ကိုယ်ရံတော်နှစ်ယောက် ဗုန်းဗုန်းလဲကျ သေဆုံးသွားသည်အထိ ခြေကုန်လက်ပန်းကျ တိုက်ခိုက်ရသည်။

ကိုယ်ရံတော်နှစ်ယောက်သေဆုံးသွားသည်နှင့် ဝေသူချိန်က လက်ထဲမှဓားရှည်ကို ပစ်ချလိုက်ကာ နတ်လေပြည်ဟွာကိုချင် လဲကျနေရာသို့ လျှောက်သွားသည်။ ပက်လက် ဖြစ်နေသော ဟွာကိုချင်၏ ရင်ဝတွင် ပန်ကူးကျန့်က သူ့အား လက်ဆောင်ပေးခဲ့သောဓားမှာ ကျောရိုးပေါက်မျှ စိုက်ဝင်နေသည်။ သို့သော် ဟွာကိုချင်၏ မျက်လုံးများမှာ ပွင့်လျက်သား၊ သိမ်း



ငှက်မျက်နှာဖုံးကလည်း ဆောက်ရှင်စဉ်အတိုင်း နှုတ်ခမ်းများတွင် အပြုံးရိပ်သင် ရေးရေးတင်နေသေးသည်။

"ဖြစ်ရလေ အစ်ကိုရယ်"

ဝေသူချိန်က ဒူးထောက်ရပ်ရင်း ညည်းလိုက်သည်။

"ကျွန်တော့်ကို ရယ်စရာတွေ ပြောဦးလေ"

ထိုအခိုက် ဝေသူချိန်၏အဘားမှ ငိုရှိုက်သံ ထွက်ပေါ်လာသည်။

ပန်ကူးလျှန်သည် သူမ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်၍ငိုရှိုက်နေသည်။

"ဦးလေးရယ်၊ ကျွန်မအဖြစ်တွေကိုကောင်းမှမကောင်းပန် လိုက်ရဘူး၊ ခွင့်လွှတ်တယ်ဆိုတဲ့ စကားကို ကျွန်မ ဘယ်လို ကြားနိုင်တော့မလဲ"

သူမက တတွတ်တွတ် ပြောနေသည်။

"သူက ဘယ်တော့မှ လူကောင်း သူကောင်းတွေကို စိတ် မဆိုးပါဘူးကွယ်"

နယ်စားကြီးယွှဝန်ပိန်က အသံကိုထိန်းရင်း ပြောလိုက်သည်။

"မဟုတ်ဘူးရှင့်၊ သူကျွန်မကို စိတ်ဆိုးသွားမှာ၊ သူ ကျွန်မ အသက်ကို နောက်ဆုံးကယ်သွားတာက သူ့ကို ကျွန်မ ပစ်ခဲ့ဖူးတဲ့ ငွေဆံထိုးကလေးနဲ့ ပစ်လိုက်ပြီး ကယ်ခဲ့တာရှင့်၊ ကျွန်မ ဘယ်လိုဖြေရမှန်း မသိဘူး"

ပြောရင်း သူမက ရှိုက်ငိုနေသည်။

"ကြည့်စမ်းပါဦးဗျာ၊ သူ့အိပ်ချင်ယောင် ဆောင်နေသလား မသိဘူး၊ ကြည့်စမ်း…ကျွန်တော်တို့ကို ထပြီးရယ်ပြတော့မယ့်အတိုင်းပဲ"

ရိုရှင်အကြီးက ပြောနေသည်။

ထိုစဉ် ကျိုးသွားသော ခြေထောက်ကို တရွတ်ဆွဲ၍ မြို့စားလေးထင်ရှောက်ရိက အနားသို့ ရောက်လာပြန်သည်။ သူက….

"ကျုပ်ကိုခွင့်လွှတ်ပါတယ်လို့ သူက ပြောသွားသေးတယ်ဗျ၊ သူက ဘယ်သူ့ကိုမဆို ခွင့်လွှတ်မှာပါ၊ ဒါပေမယ့် သေသင့်သူက သူမဟုတ်ပါဘူးဗျာ….ကျုပ်ပါ၊ ကျုပ်က သူ့ရဲ့ခွင့်လွှတ်ခြင်းနဲ့ ထိုက်တန်ထဲ့လူ မဟုတ်ပါဘူး"

ဟွကိုချင်၏ မျက်နှာကိုကြည့်ရင်း ပြောလိုက်သည်။

"ကဲ….တော်ကြတော့၊ ဝမ်းနည်းနေလို့ မပြီးသေးဘူး၊ တို့ လုပ်စရာရှိတာတွေ လုပ်ကြဦးစို့"

နယ်စားကြီး ယွဝန်ပိန်က ပြောလိုက်သည်။

( ၃၆ )

ဝင်စုခြုံက မြကျောက်ရှင်အား ဝေသူချိန်ကို လှမ်းပေးလိုက်သည်။

"ဒီပစ္စည်းဟာ မင်းရထိုက်တဲ့ ပစ္စည်းပါ၊ ဒါ သူ့ရဲ့ကောင်းကြီး လင်ရှုံးနှင်ရဲ့ မြကျောက်ရှင် အစစ်ပါ"

ဝေသူချိန်က မြကျောက်ရှင်အစစ်ဖြင့် ထုလုပ်ထားသော ဖားရုပ်ကို လက်မခံချေ။

"ကျွန်တော် မလိုချင်ပါဘူး၊ ဒီပစ္စည်းကို ဟူတန်ဂိုဏ်းက ဆရာကြီး ရိုကျိန်းဆီမှာ ထိန်းသိမ်းပေးဖို့ ဒေါ်ဒေါ်ကပဲ အပ်နှံပေးပါ၊ ကျွန်တော် မလိုချင်ပါဘူး"

ဝေသူချိန်က ထပ်၍ပြောလိုက်သည်။

"ခင်ဗျား ဒီပစ္စည်းကို ဘယ်ကရလာတာလဲ"

နယ်စားကြီး ယွဝန်ပိန်က မေးလိုက်သည်။

"ကျွန်မတို့ဆီက ဒေသူချိန်ပြန်သွားတော့ နောက်တစ်ရက်မှာ သမီးကလေးလဲ လိုက်သွားတယ်၊ ကျွန်မလဲ စိတ်မချတာနဲ့ လိုက်လာခဲ့တာ၊ ချီအန်မြို့ကိုရောက်တော့ သမီးကြီးပန်ကူးကျွန်နဲ့ တွေ့တယ်၊ သူတို့က မြို့အနောက်ဘက်က သချိုင်းဟောင်းထဲမှာ ကျောင်ဖြူရဲ့ဂူနချုပ် ရှိတယ်ဆိုပြီး ချောင်းနေကြတာ၊ အဲဒီမှာ ကျောင်ဖြူက ဂူဟောင်းတစ်ခုရဲ့ အောက်မှာ မြေအောက် ဌာနချုပ်စခန်း လုပ်ထားတယ်လေ၊ ကျွန်မတို့က အဲဒီထဲမှာဝင်ရှာပြီး မြကျောက်ရှင်နဲ့ သူ့ကိုယ်ရေး မှတ်တမ်းတွေ အဆိပ်ဖြေဆေးတွေကိုယူပြီး စခန်းကိုတော့ ဖျက်ဆီးပစ်ခဲ့တယ်၊ ပြီးမှ ဒီကိုလိုက်လာကြတာ"

"အင်း…သိုင်းလောက အရှုပ်အထွေးကြီး တစ်ခုကတော့ ပြီးသွားပြန်ပြီပေါ့၊ အခေသအပျောက် ဒီလောက်နဲ့ ရပ်သွားတာကိုပဲ တော်လှပြီလို့ ပြောရတော့မှာပဲ၊ ဒါနဲ့ အခုခင်ဗျားတို့က ဘယ်ကိုသွားကြမှာလဲ"

နယ်စားကြီး ယူဝန်ပိန်က မေးသည်။

"ကျွန်မ ဒီမြကျောက်ရှင်ကို ဟွာတန်ဂိုဏ်းဆရာကြီးရှိကျွန်းဆီမှာ သွားအပ်မယ်၊ ပြီးရင် ရှင်မားရဲ့က အိမ်ကိုပြန်ပြီး စီမံစရာရှိတာစီမံပြီးဝတ်ကြောင်ကို စွန့်တော့မယ်"

ဝင်ရှုခိုင်းပြောလိုက်ရာ နယ်စားကြီး ယူဝန်ပိန်နှင့်ဆရာကြီးဝူစိန်ဝမ်းတို့က သဘောကျသည်။

"အင်း…မိုးတောင်စင်စင်လင်းလာပြီ၊ ပြန်ကြဦးမှ"

ဆရာကြီးဝူစိန်ဝမ်းနှင့်ရှိန့်ညီနေပြင်တာ ပြောလိုက်သည်။



ဝေသူချိန်မှာ နတ်လေပြည်ဟူကိုချင်၏ မြေပုံအားတွင် ထိုင်ငိုနေသည်။

"အစ်ကိုက ဘယ်ကိုပြန်မှာလဲရှင်"

ဝေသူချိန်က ခေါင်းငိုက်စိုက်နှင့်…

"အို…ဘယ်ကိုပြန်ရမှန်း မသိပါဘူးဆို၊ မမလေးတို့က အစ်ကို့ကို အိမ်ခေါ်သွားမလို့တဲ့ရှင့်"

"ပေါက်တီးပေါက်ရှာဗျာ၊ စိတ်ညစ်ရတဲ့အထဲ"

"တကယ်ပြောတာရှင့်၊ ဟောဟိုမှာ မေးကြည့်"

ဝေသူချိန်က မော့ကြည့်လိုက်သည်။

သူ့အားပြုံး၍ကြည့်နေသော ပန်ကူးကျွန်နှင့်ပန်ကူးလျှန်တို့ကို သူမြင်ရသည်။ ဝေသူချိန်အာပြောရမှန်းမသိ။

"ကျွန်မတို့က ရှင့်ကို ထမင်းကောင်းဟင်းကောင်း ချက်ကျွေးမှာပါရှင့်"

"ဗျာ…"

"ဘာလဲ…မလိုက်ဘူးလား"

ညီအစ်မနှစ်ယောက်စလုံး ပြိုင်တူမေးလိုက်သည်။

ဝေသူချိန်က ဖြည်းညင်းစွာ ထရပ်ရင်း…

"တစ်သက်လုံးမငြိုငြင်ဘူးဆိုရင်တော့ လိုက်မှာပေါ့ဗျာ"

"အံမယ်…သူကလဲအလောချည်းပါလား"

ရှိရှုံမှန်က မကြားတကြားပြောလိုက်သည်။ ပန်ကူးလျှန်နှင့်ပန်ကူးကျွန်တို့က ရှိရှုံမှန်ကို မျက်စောင်းလှည့်ထိုးလိုက်ပြီးမှ…

"ရှိရှုံမှန် နှင်…အစ်ကို့ကို အဲလိုမပြောနဲ့၊ သိလား"

ထို့နောက်သူတို့က ဝေသူချိန်ရှိရာသို့ လျှောက်သွားကာ လက်မောင်းတစ်ဖက်စီကို ဆွဲလိုက်သည်။

ဝေသူချိန်က ရှက်ရှက်နှင့်ကြည့်လိုက်ရာ ရှေ့အကျ် ခပ်လှမ်းလှမ်းတွင် ရိရွှင်ညီအစ်ကိုနှင့်အတူ လျှောက်သွားနေသော ဝင်စုခြုံကို မြင်ရသည်။

"အဒေါ်တဘာဘာပြောမလဲမသိဘူး"

သူက တိုးတိုးပြောလိုက်သည်။

"အံ့မယ်လေး....ဒေါ်လေးအခုလာတာကိုက ရှင့်ကို ခေါ်ဖို့လိုက်လာတာရှင့်"

ညီအစ်မနှစ်ယောက်စလုံးက သွက်လက်စွာ ပြောလိုက်သည်။

"ဗျို...ဝေသူချိန်၊ ကျုပ်ခြေလာက်တွေ ကောင်းရင် ခင်ဗျားတို့ဆီ လာလည်ဦးမယ်"

နယ်စားကြီး ယွှဝန်ပိန်၏ ပခုံးပေါ်တွင်ပါသွားသော မြို့စားလေး ထင်ရှောက်ဒီဘ လှမ်းအော်၍ နှုတ်ဆက်သွားသည်။

ဝေသူချိန်ကပြုံးလိုက်သည်။

အရှေ့ဆီတွင် ထွန်းတောက်နေပြီဖြစ်သော နေခြည်သစ်နှင့်အတူ အပြုံးက ရွှန်းမြတောက်ပလျက်။

ပြီးပါပြီ။

ရဲမာန်အောင်